www.burmeseclassic.com

# မြေမှုန်လွင့်

ကျောက်စာကိုခဲဖျက်နှင့်ဖျက်၍မရ




www.burmeseclassic.com

www.burmeseclassic.com

စာမူ မူပိုင်မြေမှုန်လွင်

ငါတို့စာပေမှ ဒုတိယအကြိမ်အဖြစ် ၂၀၁၃ဇန်နဝါရီလတွင်
အုပ်ရေ ၂၀၀၀ ပုံနှိပ်ထုတ်ဝေသည်။ ပုံနှိပ်တိုက်မှာ
ရန်ကုန်မြို့ရှိ ဝင်းပပပုံနှိပ်တိုက်ဖြစ်သည်။

မျက်နှာဖုံးဒီဇိုင်းကို ရဲထွဋ်က သရုပ်ဖော်သည်။

'ကျောက်စာကို ခဲဖျက်နှင့်ဖျက်၍မရ' စာအုပ်တွင်
ဖော်ပြထားသည်များမှ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း
အခန်းလိုက်သော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊
သွယ်ဝိုက်၍ဖြစ်စေ တစ်ဆင့်ပြန်လည်ကူးယူဖော်ပြခြင်းကို ခွင့်မပြု။
စာရေးသူ၏ ခွင့်ပြုချက်ရမှသာ တစ်ဆင့်ဖော်ပြရန် အသိပေးအပ်သည်။

တန်ဖိုး ၂၀၀၀ကျပ်

ISBN -978-99971-0-019-1
Printed in Myanmar

၈၉၅.၈၃
မြေမှုန်လွင်
ကျောက်စာကို ခဲဖျက်နှင့်ဖျက်၍ မရ/မြေမှုန်လွင် ။ ရန်ကုန် ။
ငါတို့စာပေ၊ ၂၀၁၂။
(၂၇၄) စာ၊ ၁၂ စင်တီမီတာ X ၁၈.၅ စင်တီမီတာ
(၁) ကျောက်စာကို ခဲဖျက်နှင့်ဖျက်၍ မရ

၂၀၁၃အစောပိုင်းတွင် ငါတို့စာပေမှထွက်ရှိလာမည့်စာအုပ်များ

၁။ ကင်မ်ဂျုံအီ(သို့မဟုတ်)မြောက်ကိုရီးယား၏
ချစ်လှစွာသောခေါင်းဆောင်ကြီး — ဟိန်းလတ်
၂။ အမြန်နှုတ်လိုက်ပါ — ဥက္ကာသုမင်္ဂလ
၃။ ညီလေးရေ — နေဘုန်းလတ်
၄။ ဆရာတော်ဘုရားကြီးများနှင့်တွေ့ဆုံမေးမြန်းခြင်း(အမှတ် ၂) — BBC ဦးနေဝင်း
၅။ တပည့်သံဃာတော်များအကြောင်း — ဦးနု
၆။ မိန့်ခွန်းပေါင်းချုပ် — ဦးနု
၇။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှဖုံးတစ်ကောင်လွတ်နေ — မြေမှုန်လွင်

www.burmeseclassic.com

မြမှုန်လွင်၏ ထွက်ရှိပြီးစာအုပ်များ

* ဝီမလား(ကဗျာတွေ)
* နှစ်ပိုင်းတစ်ပိုင်း
* ဒူး
* အရိပ်တကြည့်ကြည့်
* ကျောက်စာကိုခဲဖျက်နှင့်ဖျက်၍မရ

ဆက်လက်ထွက်ရှိလာမည့် စာအုပ်

* ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှ ဖျံတစ်ကောင်လွတ်နေ(ဝတ္ထုတိုပေါင်းချုပ်)

မြမှုန်လွင်

# ကျောက်စာကို ခဲဖျက်နှင့်ဖျက်၍ မရ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

လမ်းမကြီးတစ်လျှောက် ကြည့်၍မဆုံးနိုင်လောက်အောင် ရှည်လျား ပြည့်ကျပ်နေသော လူစုလူဝေးကြီး။

ခွပ်ဒေါင်းတံဆိပ်ပါ ရဲရဲတောက်အလံတော်၊ ဖောက်ထိုးချိတ်ခံထား ရသော အလံတချို့၊ နီရင့်ရင့်နဖူးစည်းများ၊ ကြယ်ငါးပွင့်အားမာန်တို့နှင့်အတူ တက်ကြွချီတက်လျက်ရှိနေသည့် လူအုပ်ကြီး။

ပုပုဝိုင်းဝိုင်းမျက်နှာများ၊ ပိန်ပိန်ရှည်ရှည်ခန္ဓာများ၊ ညိုမည်းဖြူဝါ အသားအရောင်ပိုင်ရှင်များ၊ အတိုအရှည်မတူသော ဆံကေသာများ၊ ရင့်ရင့် မာမာယောက်ျားကြီးများ၊ နုနုငယ်ငယ် မိန်းမပျိုလေးများ အစရှိသဖြင့် ပုံသဏ္ဍာန်အမျိုးမျိုးကွဲပြားနေသော ထုပုတိလူများ။

ခန္ဓာကိုယ်ပုံပန်းသဏ္ဍာန်များ ကွာခြားသော်ငြား ဝိညာဉ်များမှာတော့ ထပ်တူ။ အသားအရောင်များ မတူညီပါသော်ငြား ဦးတည်ရာပန်းတိုင် သည် ထပ်မျှ။ စည်းလုံးမှုများက ပင်မသွေးကြောကြီးတစ်ခုထဲ၌ တက်ညီ လက်ညီ စီးဆင်းနေကြ။ ၎င်းလူအုပ်ကြီး၏ ယုံကြည်မှုများ အရောင်ဟပ် သော ထိုနေ့ ကောင်းကင်တခွင်၌ မကြုံစဖူး ထိန်ထိန်ညီးလျက်။

'ဒို့အရေး… ဒို့အရေး… ဒို့အရေး'

www.burmeseclassic.com

www.burmeseclassic.com

ပြုတ်သားမာထန်သော ဟစ်ကြွေးသံများ၊ အရုပ်ရှစ်မျက်နှာတခွင်
လုံး တုန်ဟည်းသွားအောင် ကြွေးကြော်နေကြ။ ထိုမျှလောက် အဆက်မပြတ်
အော်ဟစ်ကြွေးကြော်နေသော်ငြား တစ်စုံတစ်ဦးမျှ အသံတိမ် တိုးဝင်သွားခြင်း
မျိုး မရှိ။ နှလုံးသားများသာ ပွင့်ပေါက်သွားပါစေ၊ အသံများ မတိတ်စေ
ရ။ ကောင်းကင်ပေါ်သို့ လက်သီးများ ညီညီညာညာဆန့်ထုတ်လိုက်ကြ။

'ဒို့အရေး… ဒို့အရေး… ဒို့အရေး'

စို့နေသောချွေးများကို သုတ်ပစ်ရန် သတိမရကြ။ ညောင်းညာ
သောခြေလှမ်းများအတွက် အနားယူလဲလျောင်းရန် စိတ်ကူးမရှိကြ။ ခြောက်
လှန့်ပစ်ခတ်မှုများအတွက် နောက်ပြန်လှည့်ရန် မည်သူမျှ သွေးမနည်းကြ
လွတ်မြောက်မှုတစ်ခုအတွက် တက်ညီလက်ညီ ကြွေးကြော်လျက်။

'ဒို့အရေး… ဒို့အရေး… ဒို့အရေး'

ဘဝဂ်ညည် ကြွေးကြော်သံများထဲ၌ သက်လယ်ပိုင်းအမျိုးသားကြီး
တစ်ဦး၏ အသံမှာလည်း စူးရှူးရှရှ။ လမ်းတစ်လျှောက် လက်ခုပ်တီးအားပေး
နေကြသော မိဘပြည်သူများသည် ထိုအမျိုးသားကြီးကို စိတ်ဝင်တစား
ကြည့်ရှုနေကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းပုဂ္ဂိုလ်၏ ပခုံးထက်၌
နှစ်နှစ်၊ သုံးနှစ်အရွယ် ကလေးတစ်ယောက်ကို ကုန်းပိုးထားသည်။

ထိုကလေးငယ်မှာလည်း ထူးထူးခြားခြားပင်။ ပင်နီတိုက်ပုံလေး
ဝတ်ထားသည့်အပြင် ခွပ်ဒေါင်းတံဆိပ်ခေါင်းစည်းကိုပါ စည်းထားသေး၏
စိတ်ဝင်စားဖွယ်အကောင်းဆုံးအချက်မှာတော့ ၎င်းကလေးလေးကိုယ်တိုင်
ပင် လူကြီးများနည်းတူ လက်ကို ဆန့်တန်းလျက် ပါးစပ်မှ မပီတပီ
ကြွေးကြော်နေ၏။

'ဒို့အရေး… ဒို့အရေး… ဒို့အရေး'

သို့…

ဘီလူး၊ ထန်အုပ်၊ ဂေါ်ပြား၊ အာပုပ်

www.burmeseclassic.com

www.burmeseclassic.com

# တစ်ခန်း

www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးဖွင့်ဖွင့်ချင်း ပထမဆုံးမြင်လိုက်ရတာက ခြင်ထောင်အမိုးကြီးကိုပါ။ (ပက်လက်အိပ်နေတာကိုး။) ပထမဆုံးကြားလိုက်ရတာက အော်တစ်ကြိမ်းမောင်းသံများ။ ဖေကြီးနဲ့ မေကြီးတို့ ရန်ဖြစ်နေပြန်ပြီကွာ။ မနက်တိုင်း ကျက်သရေရှိရှိ အေးအေးချမ်းချမ်းထရတယ်လို့ကို မရှိဘူး။

ငါ့ဘေးက မွေ့ရာပါးပါးလေးပေါ်မှာ အိပ်နေတဲ့ ညီမလေးကို ခေါင်းကြည့်လိုက်တယ်။ တော်ပါသေးရဲ့။ ဖြူဖြူနုနုခန္ဓာလေးက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလို့။ သွေးကြောရဲရဲလေးတွေ ယှက်ဖြာနေတဲ့ ပါးမို့မို့လေးကို နမ်းချင်လာတာနဲ့ ခြင်ထောင်ကို အသာမလိုက်တယ်။ မျက်နှာဖူးလေးကို ကြည့်ရုံပဲ ကြည့်ပြီး ခြင်ထောင်ကို ပြန်ချလိုက်တယ်။ နမ်းလိုက်ရို နိုးသွားမှဖြင့် အိပ်ရေးမဝလို့ဆိုပြီး မျက်ကွင်းဖွေးဖွေးလေးတစ်ပိုက်ညှိုမည်းသွားမှဖြင့် ဒုက္ခ။

အိမ်ရှေ့က တိုက်ပွဲခေါ်သံများ မစဲသေး။ မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီးတော့ ကြောင်အိမ်ထဲက ထမင်းကြော်ကို ထုတ်စားလိုက်တယ်။ ထမင်းပန်းကန်ကို ဆေးပြီး နေရာတကျ ပြန်ထားလိုက်တဲ့အချိန်မှပဲ အသံတွေ ပြန်တိတ်သွားတယ်။

ငါသိပါတယ်လေ။ ငါ့အဖေပဲ အလံဖြူပြပြီး ထွက်သွားပြီဆိုတာ။ တကယ်တော့ ရန်ဖြစ်တယ်လို့သာ ပြောရတာပါ။ ငါ့အမေကသာ

www.burmeseclassic.com

www.burmeseclassic.com



ငါ့အဖေကို လွှတ်ကောနေတာ။ ငါ့အဖေကတော့ အခံသက်သက်။ သည်း မခံနိုင်တဲ့အဆုံးကျမှသာ အခုလို အိမ်ထဲကနေ ထွက်သွားရတာ။

ငါက အလိုက်တသိနဲ့ အိမ်ဆိုင်လေးကို ပိုင်းခင်းပေးလိုက်တယ်။ ငါတို့အိမ်ရှေ့မှာ စုံစီနဖာရောင်းတဲ့ အိမ်ဆိုင်သေးသေးလေး ဖွင့်ထားတယ်။ သေးသေးလေးဆိုပေမယ့် အဲဒီဆိုင်ဝင်ငွေနဲ့ပဲ ငါတို့တစ်မိသားစုလုံး ရပ်တည် နေရတာ။ သိပ်တော့ ချောင်လည်လှတယ် မဟုတ်ဘူး။ တစ်ခါတလေ ငါ့အမေရဲ့ အစွမ်းအစနဲ့ ရပ်ကွက်ထဲက တိုက်ခန်းလေးတွေ အရောင်းအဝယ် ဖြစ်လို့ ပွဲခရတဲ့အခါမှာတော့ စိုစိုပြည်ပြည်ရှိတာပေါ့။ ပြောလို့ပြောတာ မဟုတ်ဘူး။ ငါ့အမေက အဲဒီဘက်မှာတော့ အတော်အစွမ်းအစရှိတယ် တိုက်ခန်းတွေတင် မကဘူး။ ကား၊ လက်ဝတ်ရတနာတွေက အစ ဆိုက်ကား တို့၊ စက်ဘီးတို့အလယ် မီးပူတို့၊ ခတ်ဘူးတို့အဆုံး အရောင်းအဝယ်ဖြ အောင် အကျိုးဆောင်ပေးနိုင်တယ်။ အဆက်အသွယ်ကောင်းတာလည်း ပါမှာပေါ့လေ။

ဒီနေ့လည်း ငါက အိမ်ရှေ့ဆိုင်လေးကို အလိုက်တသိ ခင်းပေး ရတာက အကြောင်းရှိတယ်။ ငါ့ဖိနပ်က အတော်ဟောင်းနေပြီ။ ဖနော နေရာဆို ချိုင့်တောင်ဝင်နေတယ်။ ကျောင်းကို အဲဒီဖိနပ်ကြီး စီးသွားရ တော်တော်ငုပ်တယ်။ ကျောင်းကဟာတွေက ဘာအထာတွေလဲ မသိဘူ လူကိုကြည့်ရင် ခြေဆုံးခေါင်းဖျားကြည့်ကြတာ။ တက္ကသိုလ်ကျောင်းသူ ရဲ့ အထာပဲလား မသိ။

'ဘာ'

ငါ့အမေရဲ့ ဘာဆိုတဲ့အသံက ငါ့နားစည်ကို တဟောက်ဟောက် ခေါက်သွားပြီး ခေါင်းအနှံ့ပြေးလွှားလိုက်တာ ဆံပင်တွေတောင် ဂျယ်မလို ထောင်ထကုန်တယ်။



'လာပြန်ပြီလားတစ်ယောက်၊ မနက်ခင်း စောစောစီးစီး ငါ့အသံ ကျယ်တော့ ငါ့အပြစ်ပဲ ဖြစ်ဦးမယ်ဟင်၊ ကြားလို့မှ ကောင်းကြသေးရဲ့လား၊ အဖေလုပ်တဲ့သူကလည်း အားအားယားယား နားထောင်တဲ့ သူ့ရေဒီယို ဓာတ်ခဲကုန်သွားလို့ ပိုက်ဆံပေးပါဦးတဲ့၊ သားလုပ်တဲ့သူကလည်း ဖိနပ် အသစ်လိုချင်လို့ ပိုက်ဆံပေးပါဦးတဲ့၊ ပြောမပြောလိုက်ချင်ဘူး၊ ငါ့မှာ ပိုက်ဆံ သီးတဲ့အပင်များ ရှိနေတယ်လို့ ထင်နေကြတာလားဟင်၊ အလုပ်တော့ တစ်ယောက်မှ လက်ကြောတင်းတင်းမလုပ်ချင်ကြဘူး'

ငါလည်း ကျောပိုးအိတ်ကို အမြန်ဆွဲပြီး လှစ်ခနဲ ပြေးထွက်လိုက် တာ ကားဂိတ်ကို ဘယ်လိုကနေ ဘယ်လို ရောက်လာမှန်း' စဉ်းစားလို့ တောင် မရဘူး။

အဲဒီလိုမှ လစ်မပြေးရင်လည်း ငါ့အမေဓာတ်ပြားဟောင်းကြီးရဲ့ ဘိ (Beat) တွေကြားမှာ တစ်နေ့လုံး မလှုပ်နိုင်အောင် ကွဲနေလိမ့်မယ်။ ကျောင်းကို ရောက်မယ့်ကားကို စောင့်ရင်း ကျောပိုးအိတ်ထဲက လောလီပေါ့ လေးကို ထုတ်ပြီး အပျင်းပြေစုပ်လိုက်တယ်။

ကွက်တိပဲ။ ကျောင်းလည်းအရောက်။ လောလီပေါ့တ်လေးလည်း ကုန်။ စုပ်စရာမကျန်တော့တဲ့ ပလတ်စတစ်ကော်ချောင်းလေးကို လွှင့်ပစ် လိုက်တယ်။ ကားပေါ်ကနေ ကျောင်းတော်ကြီးရဲ့ မြေပြင်ပေါ် သက်ဆင်းမိ တယ်ဆိုတာနဲ့တစ်ပြိုင်နက် အိမ်က 'စိတ်ညစ်စရာတွေ၊ စိတ်ရှုပ်စရာတွေ အားလုံးဟာ ငါလွှင့်ပစ်လိုက်တဲ့ ကော်ချောင်းလေးနဲ့အတူ ကျန်ရစ်ခဲ့ပါပြီ။

လွတ်လပ်ပေါ့ပါးတဲ့ ခြေလှမ်းများနဲ့ တက်ကြွလန်းဆန်းဖွယ် ပညာ င်နှစ်တွေကို ဖြတ်သန်းဖို့ ငါ့ဝိညာဉ်က အဆင်သင့်ဖြစ်နေခဲ့ပြီ။

အို… ဒဂုံတက္ကသိုလ်ရေ…

မင်းဟာ လွင်တီးခေါင်ပြင်ကြီးမှာ ရှိတာမှန်သော်ငြား၊ [illegible]

www.burmeseclassic.com

www.burmeseclassic.com



လေပူကြီးတွေ တိုက်ခတ်နေတာမှန်သော်ငြား၊ မြို့စွန်မြို့ဖျားလယ်တောထဲမှာ သွေ့ခြောက်နေရတာမှန်သော်ငြား၊ ဘီလူးယက္ခတစ်သိန်းစောင့်တဲ့ ဥယျာဉ်ကြီးလို စည်းကမ်းတွေတင်းကျပ်တာ မှန်သော်ငြား…

တက္ကသိုလ်ဟာ တက္ကသိုလ်ပါပဲ။ လတ်ဆတ်တဲ့ အနာဂတ်ပိုင်ရှင်တွေ ရှိတယ်။ နွေးထွေးယုယပေးမယ့် နှလုံးသားပိုင်ရှင်တွေ ရှိတယ်။ စာဖွဲ့မမီ အချစ်ရေးရာတွေ ရှိတယ်။

နေရောင်ရူးရူးအောက်မှာ အရိပ်ရှည်ရှည်လူငယ်တွေ တက္ကသိုလ်ဆိုတဲ့ ရင်ခွင်ထဲ ရိုးရာမပျက်ခိုနားဖို့ ရောက်လာကြပါပြီ။

❐ ❐ ❐

သဘာဝရိပ်မဟုတ်တဲ့ ရောင်စုံထီးကြီးတွေရဲ့ အရိပ်များနဲ့ ခင်းကျင်းထားတဲ့ ကန်တင်းထဲမှာ တစ်ယောက်တည်းထိုင်ရင်း ကျောင်းသားဆိုတဲ့ ခပ်ကျဲကျဲအရည်ကို ခွက်ထဲငှဲ့ပြီး သောက်လိုက်တယ်။

ဘော်ဒါတွေ တစ်ကောင်မှရောက်မလာကြသေး။ ငါ့အမေရဲ့ အဆဲဆားက ထွက်ပြေးလာရလို့ အစောကြီးရောက်နေရတာကြောင့်လည်း ပါတာပေါ့လေ။ ဒါပေမဲ့ ပြဿနာမရှိပါဘူး။ ကျောင်းသားတစ်ယောက်အတွက် တက္ကသိုလ်မြေဟာ အထီးကျန်တယ်လို့ ရှိမှ မရှိဘဲ။ ကျောင်းသားတွေအကုန်လုံးက ကိုယ့်ရဲ့ ကျောင်းတက်ဖော် ကျောင်းတက်ဖက်တွေပဲ မဟုတ်လား။

သိပ်မကြာဘူး။ ဘောင်းဘီကြီးကားယားကားယားနဲ့ ဘီလူးတစ်ကောင် ရောက်လာတယ်။ ပါးစပ်ကတော့ ပွစိပွစိနဲ့။

'ဘာကိစ္စနဲ့ အစောကြီးထွက်သွားတာလဲ၊ မင်းအိမ်ကိုဝင်ခေါ်တော့ မင်းဘွားတော်က ထွက်သွားပြီဆိုတာနဲ့ တစ်ယောက်တည်းလိုက်လာရတာ'

ဘီလူးက သူ့ထုံးစံအတိုင်းခြေကားယား လက်ကားယားနဲ့ ပြောနေတယ်။ ဘီလူးဆိုလို့လည်း လန့်မသွားနဲ့ဦး။ ငါ့သူငယ်ချင်း လူစစ်စစ်ပါ။ ဘီလူးဆိုတာ နာမည်ပြောင်။ နာမည်ရင်းက ဝင်းသူရလွင်။ ဒါပေမဲ့ ဘော်ဒါတိုင်းက ဘီလူးလို့ပဲ ခေါ်ကြတယ်။ ဒီကောင် ဘီလူးဆိုတဲ့ နာမည် တွင်သွားပုံကလည်း ရင်နင့်စရာ။

www.burmeseclassic.com



ငါတို့တွေ ဆယ်တန်းလောက်မှာ အက်ဆစ်တို့၊ သီအိုရီတို့အရှိန်နဲ့ ဟစ်ပေါ့ဂီတက မြန်မာနိုင်ငံမှာ အရှိန်ပြင်းပြင်း ပေါက်ကွဲနေတဲ့ကာလ။ လူငယ်ဆယ်ယောက်မှာ ကိုးယောက်နဲ့ တစ်ပိုင်းက ရက်ပါရူး ရူးနေကြတဲ့အချိန်။ (ကျန်တဲ့တစ်ပိုင်းက အောက်ပိုင်းသေနေလို့။ မဟုတ်ရင် ဆယ်လောက်စလုံး ရက်ပါရူးတွေ။)

အဲဒီထဲမှာ ဝင်းသူရလွင်က သူများထက် ထူးတယ်။ ပိုက်ဆံလည်း တတ်နိုင်တော့ စတူဒီယိုတွေ ဘာတွေသွားပြီး အသံတွေ ဘာတွေသွင်းလိုက်သေးတယ်။ သူ့ရဲ့ ရက်ပါနာမည်ကိုလည်း ဘိုဆန်ဆန်အဖျားဆွတ်ပြီး W လို့ ပေးလိုက်တယ်။

အဲဒီ ဒဘယ်လျူဆိုတဲ့နာမည်နဲ့ပဲ အခွေကြမ်းတွေ ဘာတွေကူးပြီး သူငယ်ချင်းတွေကို ဝေပါသေးတယ်။ ဒီကောင့်သီချင်းတွေကတော့ ဘယ်လိုနေမှန်း မသိဘူး။ ဒီကောင့်ကို ဒဘယ်လျူ၊ ဒဘယ်လျူလို့ ခေါ်ရတာ ထောက်နေလို့ ဘယ်လူ ဘယ်လူလို့ခေါ်ရင်းကနေ နောက်ဆုံးတော့ ဘီလူး ဆိုတဲ့နာမည် တွင်သွားရတော့တာပဲ။

'နောက်တစ်ခါ အဲဒီလို စောစောစီးစီးသွားမယ်ဆိုရင် ဖုန်းလေး ဘာလေး ဆက်ကွာ၊ အလကားနေရင်း မင်းအိမ်ဘက်ကို ကွေ့ပတ်ဝင်နေရတာ အလုပ်ရှုပ်တယ်ကွ'

ဘီလူးက ကျောင်းကို ကိုယ်ပိုင်ကားနဲ့ လာတဲ့ကောင်။ ဘောင်းဘီ ပွပွ၊ အင်္ကျီပွပွ၊ ခြေကားယား လက်ကားယားနဲ့ ဒီကောင့်ပုံစံက ထောင့်မကျိုးဘူး။ လူမပြောနဲ့ ခွေးတောင် မြင်တာနဲ့ နားရင်းတက်ကိုက်ချင်စရာကောင်းလောက်အောင်ကို အချိုးမပြေတာ။ စိတ်ရင်းလေးကတော့ ကောင်းရှာပါတယ်။

'ရယ်မနေနဲ့ ဟေ့ကောင်၊ ငါ တကယ်ပြောတာ၊ ဒီလောက်အဝေး



ကြီး တစ်ယောက်တည်း ကားမောင်းလာရတာ ပျင်းဖို့ ဘယ်လောက်ကောင်းလဲ သိလား၊ နောက်တစ်ခါ ဖုန်းဆက်ဖြစ်အောင် ဆက်'

ဘီလူးက သူ့ကိုမစောင့်ဘဲ ထွက်သွားတာနဲ့ပတ်သက်ပြီး မကြေညီမလင်ဖြစ်နေပုံရတယ်။ ဗျစ်တောက်ဗျစ်တောက်နဲ့ ပြောလို့မပြီးတော့ဘူး။

'ဟ… ငါလည်း မသိဘူးလေကွာ၊ မင်းက လာချင်တဲ့ရက်မှ လာပြီးတော့ မင်း လာမယ်မှန်း အကြားအမြင်ရနေတဲ့ကောင်မှ မဟုတ်တာ၊ ဘယ်လိုလုပ် ဖုန်းဆက်ရမှာလဲ'

နည်းနည်းလေးပြန်ကောတော့မှ ဘီလူး အသံတိတ်သွားတော့တယ်။ ငါ့ကို ဘာမှပြန်မပြောတော့ဘူး။ ဟိုဘက်အိတ်ထဲ နှိုက်၊ ဒီဘက်အိတ်ထဲ နှိုက်နဲ့ အလုပ်ရှုပ်နေတယ်။ နောက်ဆုံး ဖင်အောက်ကနေမှ ထုတ်လိုက်တယ်။ ဆေးလိပ်တစ်ဘူး။

'ဒါနဲ့ မင်းက ဘယ်လိုလုပ်ပြီး တစ်ယောက်တည်းဖြစ်လာတာလဲ၊ မင်းဟာလေး ပါမလာဘူးလား'

ဆေးလိပ်ကို မီးညှိရင်း ဘီလူးက ခေါင်းရော လက်ပါ ခါပြတယ်။ ပါးစပ်က မီးခိုးတစ်ချက်မှုတ်ထုတ်လိုက်ပြီး…

'တော်ပြီလေ သားကြီး၊ ခြောက်လတောင် ကျော်သွားပြီ၊ မနေ့ကပဲ မီးပူတိုက်ခေါက်ပြီး ဗီရိုထဲထည့်သိမ်းလိုက်ပြီ'

'ကောင်းပါ့ကွာ'

ဘီလူးက ရေလျှံတယ်။ ရေလျှံတော့ စော်ကြည်တယ်။ စော်ကြည်တော့ ဟောတစ်ယောက် ဟောတစ်ယောက်။

'ဟေ့ကောင်… နာရီပြစမ်း'

ငါ့လက်က နာရီကို ဆွဲကြည့်တယ်။ ပြီးတော့ ပြုံးပြုံးပျော်ပျော်

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး လက်ထဲမှာ လိပ်ယူလာတဲ့ ပုဆိုးကို ဘောင်းဘီပေါ်ကနေ ထပ်ဝတ်လိုက်တယ်။

'ဒီနေ့ အတန်းလွတ်လို့ မဖြစ်ဘူး သားကြီးရ၊ အခန်းထဲမှာ ငါ့အတွက် ယန်းတစ်ပွင့် ပွင့်နေပြီ၊ ရေဒါထောက်ထားရသလောက်တော့ အကုန်လုံး အိုကေပဲ၊ ငါလစ်လိုက်ဦးမယ်'

လက်ထဲက ဆေးလိပ်ကို တောက်လွှတ်လိုက်ပြီး ပုဆိုးကြီး ဖိုသီဖတ်သီနဲ့ ကန်တင်းထဲကနေ ပြေးထွက်သွားတယ်။ အပေါက်ဝရောက်မှ ငါ့ဘက်ကို လှည့်ပြီး…

'ဟေ့ကောင်… ငါနဲ့ အတူတူပြန်မယ်နော်၊ စောင့်ဦး'

အတန်းထဲမှာ တစ်ချိန် နှစ်ချိန်လောက် ဟေးလားဝါးလားဝင်လုပ်ပြီး Physics ကန်တင်းမှာ ဘီလူးပြန်အလာကို စောင့်နေလိုက်တယ်။ ဒီကောင် တကယ်ပဲ ကျောင်းသွားတက်နေတာပါလား။ နောက်ဆုံးအချိန်ပြီးတဲ့ထိတောင် ထွက်မလာသေးဘူး။

ဒါပေမဲ့ သိပ်မကြာဘူး။ ကက်ဆက်သံတဒုန်းဒုန်း တဒိုင်းဒိုင်းကြားလိုက်ရတယ်။ ဒါဆို ဘီလူးရဲ့ကားပဲ။ ဒီကောင့်ကားကို တွေ့ဖူးရင် အသံက အရုပ်ထက်ပိုမြန်တယ်ဆိုတဲ့ သဘောတရားကို လွယ်လွယ်နဲ့ သဘောပေါက်သွားလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကောင့်ကားက ဘယ်ဆီနေမှန်း မသိသေးဘူး။ ကားကက်ဆက်သံက ကြားနေရပြီ။ ကန်တင်းရှေ့မှာ ကားကို ကျွီခနဲထိုးရပ်လိုက်ပြီး…

'ဇခါး မြန်မြန်၊ လာ မြန်မြန်တက်'

ကားပေါ်ကနေ ငါ့ကို ပျာတီးပျာယာခေါ်နေတယ်။ ရန်တွေဘာတွေများ ဖြစ်လာလို့လားဆိုပြီး ငါလည်း သူ့ကားပေါ် အမြန်တက်လိုက်တယ်။ ဘယ်ဟုတ်ပါ့မလဲ။ ဆရာသမားက သူ့အတန်းထဲက ကောင်မလေး



နောက်ကို လိုက်ဖို့ပြင်နေတာကိုး။ ကောင်မလေး တက်သွားတဲ့ ဘတ်(စ်)ကားကြီးနောက်ကနေပဲ အိပဲ့အိပဲ့လိုက်နေရတယ်။

ကားပေါ်မှာတော့ ဘိ (Beat) တွေက မြူးကြွစူးရှဆဲ။ ငါတို့နှစ်ယောက်တောင် လိုက်အော်မိသေးတယ်။

'မင်းမကြိုက်တဲ့ ဟစ်ဟော့ အေး… ငါကြိုက်တယ်၊
ဘာလို့လဲ လူတွေမှာ အကြိုက်နဲ့ စရိုက်ကွာလို့ပဲ၊
မင်းမကြိုက်တဲ့ ဟစ်ဟော့'

အခုလို ဖွန်လက်ာဖွဲ့ဖို့ဆိုရင် ဘီလူးဆိုတဲ့ကောင်က တော်တော်စိတ်ရှည်တယ်။ ကြည့်ဦးလေ။ ဘတ်စ်ကားက မှတ်တိုင်ရပ်ရင် ငါတို့ကလည်း ရပ်။ လူတင်တာစောင့်ရင် ငါတို့လည်း စောင့်။ တစ်ခါတစ်ခါ မှတ်တိုင်မှာ တမေ့တမောကြီး ကြာချင်ကြာနေသေး။ ကက်ဆက်အကျယ်ကြီးဖွင့်ပြီး ဘတ်စ်ကားဂိတ်မှာရပ်နေတဲ့ ငါတို့ကို မှတ်တိုင်က လူတွေကလည်း အထူးအဆန်းပုံစံမျိုးနဲ့ ဝိုင်းကြည့်ကြ။ စိတ်ပျက်စရာပဲ။ ဒီကောင်ကတော့ ဘာမှမဖြစ်သလိုပဲ။ သီချင်းသံတွေကြားမှာတောင် စည်းချက်ညီညီ ခေါင်းလှုပ်နေသေးတယ်။

တာမွေအဝိုင်းရောက်တော့ ဘီလူးလိုက်နေတဲ့ ကောင်မလေးက ဘတ်စ်ကားပေါ်က ဆင်းသွားတယ်။ ငါ့ကောင်ကြီးကတော့ ကားပေါ်ကနေ မဆင်းဘဲ ကောင်မလေးကို စိုက်ကြည့်နေတယ်။ ကောင်မလေးနဲ့ သူ့သူငယ်ချင်းတွေကလည်း အချင်းချင်း လက်ကုတ်ပြီး ငါတို့ကားဘက်ကို ကွက်ကြည့် ကွက်ကြည့်လုပ်နေတယ်။ ပြီးတော့မှ မခိုးမခန့်လေးပြုံးပြီး လှည့်ထွက်သွားတယ်။

'အခြေအနေကောင်းပါတယ်ကွ၊ ဟုတ်တယ်မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းနေတဲ့ ဘီလူးပခုံးကို တစ်ချက်ပုတ်ရင်း ငါက ပြောလိုက်တယ်။

'မကောင်းလို့လည်း မရဘူးလေ၊ နာမည်ကိုက ဘီလူးပါဆိုနေမှ၊ မပိုင်ဘဲ အစွယ်ထုတ်ပါ့မလား၊ ဟား… ဟား… ဟား…'ကနေ အစချီကာ သူလိုက်ရင် မရဖူးသေးတဲ့ ကောင်မလေးတစ်ယောက်မှ မရှိဘူးဘာဘူးနဲ့ သူ ဘယ်လောက်စွံကြောင်းတွေ ပြောပါလေတော့တယ်။ ဒီကောင့်ကို အမြင်ကတ်တာ အဲဒါပဲ။ နည်းနည်းမှ မြှောက်ပေးလို့ကို မရဘူး။

'ဒါနဲ့ မင့် နောက်ဆုံးဟာလေးနဲ့ကရော ဘယ်လိုပြတ်သွားတာလဲ'

ဒီကောင့်ရဲ့ စော်ကြည်ရှိကာဒဏ်ကများ သက်သာရာရမလားဆိုပြီး စကားလမ်းလွှဲလိုက်တော့မှ ပိုဆိုးပါတော့တယ်။ ကားကက်ဆက်ကို ပိတ်ပြီး လေသံတိုးတိုးလေးနဲ့ သူတို့ ချစ်သူဘဝအတွင်းရေးတွေကို တစ်တစ်ခွခွ ပြောပြပါတော့တယ်။ ငါ့လမ်းထိပ်ရောက်တဲ့အထိတောင် မပြီးနိုင်သေးလို့ ကားကိုရပ်ပြီး ဆက်ပြောနေသေးတယ်။

'မင်းပဲ စဉ်းစားကြည့် ခါးရာ။ သူနဲ့ ငါနဲ့ နှစ်ဦးသဘောတူအိပ်ကြတယ်ကွာ၊ ကိစ္စဝိစ္စတွေ ပြီးသွားတဲ့အခါကျတော့ တရှုပ်ရှုပ်နဲ့ ထိုင်ငိုပါလေရော၊ တစ်ခါလည်း မဟုတ်၊ နှစ်ခါလည်း မဟုတ်၊ မသိရင် ငါကပဲ သူ့ကို မဟားတရားလုပ်နေသလိုလို တကယ့်ကျွတ်စကီးပဲ၊ ဒါနဲ့ ငါလည်း စိဟ်တိုတိုနဲ့ ဖြတ်ပစ်လိုက်ရော'

'ဟား… ဟား… ဟုတ်တယ်နော်၊ တော်တော်ဆိုးတာပဲ၊ ဖြတ်ပစ်ရမှာပေါ့'ဆိုပြီး ငါလည်း ဒီကောင့်စကားကို အမြန်ဖြတ်ရတယ်။ မဟုတ်ရင် ကားပေါ်မှာပါ မိုးလင်းသွားမယ့်အပေါက်။



'ညကျရင် လူစုထားကြနော်၊ ငါ မင်းတို့ကို လာခေါ်မယ်'ဆိုပြီး ကားပေါ်ကနေ လှမ်းအော်သွားသေးတယ်။ ငါလည်း နောက်လှည့်မကြည့်ဘဲ လက်မထောင်ပြလိုက်တယ်။ ဒီကောင်က မိန်းမကိစ္စဆို အင်မတန်ဝါသနာကြီးတဲ့အကောင်၊ ငါကလည်း အဲဒါမျိုးတွေ မကြိုက်ဘူး။

ငါဖြစ်ချင်တာက အရင်ခေတ်ကလို အဆောင်ရှေ့သွား၊ ဂစ်တာလေးတီး၊ သီချင်းလေးဆို စသဖြင့် ကိုယ်ချစ်ရသူလေးကို ဖျော်ဖြေပေး၊ အဲဒီအချိန်မှာပဲ ကိုယ့်ချစ်သူလေးက ပြတင်းပေါက်ကနေ မရဲတရဲချောင်းကြည့်၊ ကိုယ်စားဖို့ လက်ဖက်တွေ ဘာတွေချပေး၊ ကဲ… ဘယ်လောက်ကြည်နူးဖို့ကောင်းသလဲ၊ နူးညံ့မှုတွေကို ဦးထိပ်တင်တဲ့အချစ်မျိုးတွေပဲ ဆုံချင်တယ်ကွာ။

အခုခေတ်ကောင်တွေကတော့ မနက်တွေ့၊ နေ့လယ်ကြိုက်၊ ညဟိုတယ်သွား။ နောက်တစ်နေ့ ပြတ်။ အဲဒီလို ခန္ဓာဗေဒအချစ်မျိုးတွေကို မလိုချင်ဘူး။ ပြောလို့သာ ပြောရတာ။ ဘီလူးဆိုတဲ့ကောင်ဂ. မိန်းမကိစ္စ ရှုပ်တာမှန်ပေမယ့် သူငယ်ချင်းတွေအပေါ်မှာ တော်တော်ကောင်းပါတယ်။ အနံ့အတာလည်း ခံတယ်။ ဘာလုပ်လုပ် သူချည်းပဲ ဒိုင်ခံငွေထုတ်တာ။ ပိုက်ဆံပြည့်စုံတာလည်း ပါတာပေါ့လေ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

အိမ်ရောက်တော့ ရေမိုးချိုးပြီး ညစာကို ခပ်သုတ်သုတ်စားလိုက်တယ်။ ဟိုကောင် ဖွန်ကြောင်တဲ့နောက်လိုက်နေရတာနဲ့ နေလုံးကြီးတောင် ကမ္ဘာတစ်ဖက်ကိုဒိုးသွားပြီ။ အိမ်ထဲကနေ အသာလစ်ထွက်မယ် ကြံကာ ရှိသေးတယ်။

'ဟဲ့… ဒါက ဘယ်လဲ၊ အိမ်မှာ ဖင်လေးဘာလေး ပူအောင်နေပါဦးလား'

သွားပြီ။ ဒါ ငါ့အမေတော်ပြားဟောင်းကြီးရဲ့ အင်ထရိုပတ်ဖျိုး။ မနက်က ပိုက်ဆံတောင်းလို့ တက်ခဲ့တဲ့ ရှော့ခ်က အခုအချိန်ထိ မပြေသေးဘူးထင်တယ်။

'အိမ်မှာ သားတစ်ယောက်ရှိလို့များ အားကိုးရမယ်မှတ်ပါတယ်၊ မိုးလင်းက မိုးချုပ် အလေလိုက်ဖို့ပဲ ကြံနေတယ်၊ ဒီနေ့ည ဘယ်မှမသွားနဲ့၊ ဆိုင်စောင့်၊ ငါ တရားပွဲသွားစရာရှိတယ်၊ ကြားလား'

'ဟာ… အမေကြီးကလည်း၊ ညီမလေးရှိတာပဲဟာ၊ သူစောင့်နိုင်းလိုက်ပါလား'

'ရမလားဟဲ့၊ နင့်ညီမက ဒီနှစ်ဆယ်တန်းလေ၊ တစ်ညလုံး စောကျွတ်ရမှာ'

''ဒါဆို ဖေကြီးကရော'

www.burmeseclassic.com

www.burmeseclassic.com



'အောင်မလေး... နင့်အဖေက ပိုဆိုးသေး၊ မျက်စိက မှုန်၊ လက်က တုန်နဲ့ ရေဒီယိုနားထောင်ဖို့ကလွဲရင် ဘာများသုံးစားလို့ရသလဲ၊ ဟင်'

ဘေးမှာထိုင်နေတဲ့ ငါ့အဖေကို ကြည့်လိုက်တယ်။ ငါ့အဖေကတော့ သူ့ရေဒီယိုနဲ့ပဲ အလုပ်ရှုပ်နေတယ်။ ငါ့အမေ ဘာပြောပြော စိတ်မဝင်စားဘူး။ စိတ်မဝင်စားချင်ယောင်ဆောင်နေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။

'တော်... တော်... နင် ငါ့ကို ဘာမှဆင်ခြေဆင်လက်တွေ တက်မနေနဲ့၊ ငါစောင့်ဆို စောင့်၊ ဒါပဲ'

ငါကလည်း မိဘစကားကို မြေဝယ်မကျနားထောင်တဲ့ သားလိမ္မာလေးပဲလေ သိတယ်မဟုတ်လား။ လိမ္မာယဉ်ကျေးစွာ ပြန်ဖြေလိုက်ပါတယ်။

'မရဘူး၊ ဟိုမှာ သားသူငယ်ချင်းတွေနဲ့ ချိန်းထားတာ၊ အခုတောင်...'

'နောက်ကျနေပြီ' ဆိုတဲ့စကားကိုတောင် ဆုံးအောင်မပြောလိုက်ဘဲ အိမ်ထဲကနေ လှစ်ခနဲထွက်ပြေးလိုက်တယ်။ မဟုတ်ရင် တကယ်ဆိုင်စောင့်ရမှာလေ။ မလွယ်ကြောဘဲ။

❖ ❖ ❖

ဒီနေ့ခေတ်လူငယ်တွေရဲ့ သမိုင်းစာမျက်နှာများကို လှန်လှောဖတ်ရှုချင်စိတ်တွေ ခင်ဗျားတို့ဆီမှာ ပြင်းပြနေပြီလား။ ဒီလိုဆိုရင်တော့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို ကြွခဲ့ဖို့ ဖိတ်ခေါ်ချင်ပါတယ်။

ဟောဒီမှာ လူငယ်တွေရဲ့ ပွင့်လင်းသံစဉ်များဟာ စပီကာတွေက ထွက်နေတဲ့ ဂီတအပြင်းစားအသံတွေကိုတောင် လွှမ်းခြုံနေရောမယ်။

'လက်ဖက်ရည်ဆိုင်ဆိုတာ လူငယ်တို့ဖူးပွင့်ရာ ပန်းဥယျာဉ်'

နံရံမှာ အဲဒီလို ထူးထူးဆန်းဆန်းစာကြောင်းကို ရေးထွင်းထားတဲ့



ပန်းဥယျာဉ်အမည်ရှိ လက်ဖက်ရည်ဆိုင်မှာ ငါတို့တစ်တွေ ညစဉ်ဆုံတွေ့ကြတယ်။ ငါရောက်သွားတော့ တွဲဘောတွေ အကုန်စုံနေကြပြီ။

'နိုင်ငံ့သားကောင်းရတနာတွေ၊ ဘာလို့ တစ်ကောင်မှ ကျောင်းမလာကြတာလဲ'

ဒဂုံတက္ကသိုလ်ကို တစ်ကောင်မှ ရောက်မလာလို့ ငါက ထိုင်ထိုင်ချင်း ကောလိုက်တယ်။

'... ... ...'

တစ်ယောက်မှ ငါ့စကားကို ပြန်မဖြေ။ ငါ့ကိုပဲ စူးစူးစိုက်စိုက်ကြည့်နေကြတယ်။

'ဟေ့ကောင်တွေ'

နောက်တစ်ခေါက်ထပ်မေးတော့လည်း ဘာမှမထူး။ ငါ့မျက်လုံးကိုပဲ အကုန်လုံးဝိုင်းပြီး မမှိတ်မသုန် စိုက်ကြည့်နေကြဆဲ။

'မင်းတို့ လင်တော်မလို့ ငါ့ကို ဝိုင်းကြည့်နေကြတာလား'

အဲဒီလို ထပ်အော်လိုက်တော့မှပဲ ဒီကောင်တွေအားလုံးရဲ့ အကြည့်တွေ ပြန်လွှဲသွားတော့တယ်။

'ကဲ... ပြောစမ်းပါဦး၊ ငါ့ကို ဘာလို့ဝိုင်းကြည့်နေရတာတုန်း'

'ဒီလိုကွ ခေါ်းရ၊ မင်း မနေ့က အစောကြီးပြန်သွားတယ် မဟုတ်လား၊ ငါတို့လည်း လက်ဖက်ရည်ဆိုင်မှာ ဒီအတိုင်းထိုင်နေရတာ ကြာလာတော့ ပျင်းပျင်းရှိတာနဲ့ အများအကျိုးစီးပွားဖြစ်ဖို့ရာ တစ်ခုခုလုပ်ကြဖို့ ဝိုင်းဝန်းစဉ်းစားကြတယ်ကွ'

ထန်အုပ်ဆိုတဲ့ကောင်က ဆရာကြီးလေသံနဲ့ စကားစတယ်။ ငါကလည်း သိချင်နေတဲ့ကောင်ဆိုတော့ အောင့်အည်းပြီး နားထောင်ပေးရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



'ငါတို့တစ်တွေအားလုံးက စိတ်ပညာအဓိကကျောင်းသားတွေ မဟုတ်လား'

'အင်း… ဟုတ်တယ်လေ'

ငါအပါအဝင် တစ်ဖွဲ့လုံးမှာ ဘီလူးတစ်ကောင်က လွဲလို့ အကုန်လုံးက စိတ်ပညာကျောင်းသားတွေ။ ဝါသနာပါလွန်းလို့ ယူထားကြတာတော့ မဟုတ်ပါဘူး၊ ဆယ်တန်းအောင်မှတ်တွေ နည်းလွန်းလို့ မရရတာ ယူထားကြတာ။ တက္ကသိုလ်ကို သူငယ်ချင်းတွေအကုန်လုံး မခွဲခွာ အတူတူ တက်ချင်လို့လည်း ပါတာပေါ့လေ။

'အေး… အဲဒါ ကျောင်းကို လူကိုယ်တိုင်သွားတက်စရာမလိုဘဲ အလိုလိုစာတတ်မယ့်နည်းကို ငါတို့တစ်တွေ ရှာဖွေတွေ့ရှိခဲ့တယ်လေ'

'ဘာ'

'ဘယ်လို၊ ဘယ်လို၊ ကျောင်းမတက်ဘဲ စာအလိုလိုတတ်မယ့်နည်း ဟုတ်လား'

ဒီကောင်တွေပြောတာနဲ့တင် ငါကတော့ တော်တော်လေး စိတ်ဝင်စားသွားပြီ။ အဲဒီနည်းသာ အမှန်တကယ်အကောင်အထည်ဖော်နိုင်ခဲ့မယ်ဆိုရင် ကျောင်းသားထုတစ်ရပ်လုံးအတွက် တော်တော်အကျိုးရှိမယ့်ကိစ္စကြီးပဲ။

'အေး… ဟုတ်တယ်၊ အဲဒါကြောင့် ငါတို့အားလုံး အဲဒီကိစ္စကြီးကို စမ်းသပ်မလို့ မင်းကိုစောင့်နေတာ'

'ငါ့ကိုစောင့်နေတာ'

'တော်… တော်… ထန်အုပ်၊ မင်းက လိပ်ပတ်လည်အောင်လည်း ရှင်းမပြတတ်ဘဲနဲ့၊ ငါပဲ ပြောပြတော့မယ်၊ ဒီလိုကွာ ခါး'



'ငါတို့စိတ်ပညာမှာ တစ်ယောက်ကို တစ်ယောက် စိတ်ညှို့တယ်ဆိုတာ ရှိတယ်မဟုတ်လား'

ငါ ခေါင်းညိတ်ထောက်ခံလိုက်တယ်။ အဲဒီတော့မှ အာပုပ်က တိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရသွားတဲ့ပုံစံမျိုးနဲ့ ငါ့ကို ဆက်ပြီးရှင်းပြတယ်။

'ဆိုတော့ကွာ၊ ဒီနေ့ မင်းက ကျောင်းသွားတက်တယ်၊ မင်းကျောင်းမှာ ဘာတွေသင်လာခဲ့သလဲဆိုတာကို ဒီလက်ဖက်ရည်ဆိုင်ကနေ သိရအောင် မင်းကို စိတ်ညှို့ပြီး မင်းစိတ်ထဲက ကျောင်းစာတွေကို ကူးယူမလို့'

'အဲဒါကြောင့် ငါတို့တစ်တွေက မင်းမျက်လုံးကို စိုင်းကြည့်နေကြတာ'

ဂေါ်ပြားကပါ ဝင်ပြောတယ်။

'အမလေးလေး… နိဘယ်ဆုတောင် ချီးမြှင့်သင့်တဲ့ တွေးခေါ်ပညာရှင်ကြီးများပါလားနော်၊ တော်တော်အဖိုးထိုက်တန်တဲ့ စိတ်ကူးတွေပဲ'

'ဒါပေါ့ကွ၊ ဒီလိုအတွေးအခေါ်မျိုးရဖို့ဆိုတာ လွယ်တာမှတ်လို့၊ ငါတို့တစ်တွေ မနေ့က တစ်ညလုံး ခိုင်းစဉ်းစားပြီးမှ ထွက်လာတာ'

ငါရွဲ့ပြီးပြောနေတာကို အကောင်းအောက်မေ့ပြီး ဂေါ်ပြားက ခေါင်းတညိတ်ညိတ်နဲ့ ထပ်ပြောနေသေးတယ်။

'ဩော်… ဩော်… တော်ရာပါပေရဲ့ ဉာဏ်ကြီးရှင်အဖွဲ့ရယ်၊ ဆဲ… အခု ငါ့မျက်လုံးထဲကို ကြည့်တော့ ဘာများမြင်တော်မူကြပါသတုံး'

အဲဒီလို ငါကမေးလိုက်တော့ သုံးကောင်စလုံး တစ်ယောက်ကိုတစ်ယောက် ဟိုကြည့် ဒီကြည့်ဖြစ်သွားကြတယ်။ ထန်အုပ်က ရေနွေးအိုးထဲမလိုလို၊ ဆေးလိပ်မီးညှိမလိုလိုနဲ့ မယောင်မလည်ထွက်သွားတယ်။ ကျန်

www.burmeseclassic.com



တဲ့နှစ်ကောင်ကလည်း ခွေးအကြီး ထော်လာဂျီနှင်းခံထားရသလို တအင်း အင်းဖြစ်နေကြတယ်။

'ဟုတ်လည်း ဟုတ်တဲ့ကောင်ကွ၊ ငါ့မျက်လုံးကို ကြည့်လို့ မြင် နေပါဦးမယ် အားကြီးကြီး၊ ငါက အခန်းထဲမှာ ဟေးလားဝါးလားက လွဲ ပြီး ဘာမှလုပ်တဲ့ကောင်မှ မဟုတ်ဘဲ'

'ထင်တော့ ထင်သားပဲကွ၊ အဲဒါကြောင့် ဒီကောင့်မျက်လုံးထဲ မှာ ဘာမှမတွေ့ပါဘူးလို့'

ခုချိန်ထိတောင် ဂေါ်ပြားက အလျှော့မပေးသေး။ အထွန့်ထပ်တက် ချင်ပြန်တယ်။

'တော်စမ်းပါကွာ ပေါက်တတ်ကရတွေ၊ မင်းတို့တစ်တွေ အဲဒီလို တခြားလူတစ်ယောက်ယောက်ကို စိတ်ညို့ပြီး စာတွေကူးယူလို့ရတယ် ထားပါဦး၊ ကျောင်းခေါ်ချိန်တို့ ဘာတို့ကျတော့ရော ဘယ်လိုလုပ်မလဲ'

'အေး... ဟုတ်တယ်ကွ၊ ငါတို့တစ်တွေ ကျောင်းမတက်ဘဲ ကျောင်းခေါ်ချိန်အပြည့်ရအောင်လုပ်တဲ့နည်းကိုပါ ဆက်စဉ်းစားကြရအောင်

မယောင်မလည်လုပ်ပြီး ထထွက်သွားတဲ့ ထန်းအုပ်က သူ့နေရာ သူ ပြန်ထိုင်ရင်း ဝမ်းသာအားရ ပြောတယ်။

'အေး... စဉ်းစားချင်ရင်လည်း ငါမရှိမှ စဉ်းစားကြ၊ ငါ့ရှေ့မှာ တော့ မစဉ်းစားကြနဲ့ဟေ့'

ဟိုသုံးကောင်က ငါ့စကားကို ဂရုတောင်မစိုက်တော့။ ခေါင်းချင်း ဆိုင်ပြီး အဲဒီကိစ္စကို တကျွတ်ကျွတ်ဆွေးနွေးနေကြတယ်။ အံ့ရော။

'ဟေ့ကောင်တွေ ထိုင်နေတာ ကြာပြီလား'

ဘီလူးရောက်လာလို့ တော်သေးတယ်။ စကားဝိုင်းက ဦးတည် ပြောင်းသွားတယ်။ သိတယ်မဟုတ်လား။ ဘီလူးပါးစပ်က ထုံးစံအတိုင်း



မိန်းမအတွင်းရေးတွေကို ကွက်ကွက်ကွင်းကွင်းပြောပြနေတယ်။ ဟိုသုံးကောင်တလည်း ထုံးစံအတိုင်း သားရေတများများနဲ့ မစားရညှော်ခံနေကြတယ်။

ဘီလူးက အားရအောင် ပြောပြီးတော့မှ...

'ဒါနဲ့ ငါ့ကောင်တွေ ဒီည အိမ်ပြန်မအိပ်ကြပါနဲ့လား'

'ဘယ်သွားမလို့လဲ'

'ညလုံးပေါက် ဒိုတာသွားခုတ်ကြမယ်လေ၊ ဘယ်လိုလဲ'

ငါတို့အားလုံးကလည်း မိဘအိမ်ကို သိပ်ချစ်ကြတဲ့ကောင်တွေဆိုတော့ တက်ညီလက်ညီပဲ။

"Let's go"

❒ ❒ ❒

www.burmeseclassic.com

ဆဲတာပေါ့။ တစ်ညလုံး အိမ်ကိုပြန်မလာဘဲ မနက်ကျမှ ပြန်လာ ငါ့ကို မားသားကြီးက ကောင်းကောင်းဆဲတာပေါ့။ ငါ့အမေရဲ့ ရေဒီယို အပြင်းစားသံစဉ်တွေချည်းပဲ နာရီဝက်လောက် အဆက်မပြတ်လွှင့် တ်လိုက်တယ်။ ကြားထဲမှာ ကြော်ငြာထိုးချိန်တောင် မရဘူး။

ကျောင်းမသွားမယ့်အတူတူ ညက အိမ်ပြန်မအိပ်တဲ့ ပြစ်ဒဏ်အနေ နေ့လယ်ကျရင် မင်္ဂလာဈေးမှာ ဆိုင်အတွက် လိုအပ်တဲ့ပစ္စည်းတွေ သွား ယ်ပေးရမယ်။ ညနေရောက်ရင် ညီမလေးကို ကျူရှင်အကြိုအပို့ လုပ်ပေး ယ်။ ငါလည်း ဒီတစ်ခါတော့ ဈေးမဆစ်တော့ပါဘူး။ မြန်မြန်နှားအေး ရောဆိုပြီး ခေါင်းညိတ်လက်ခံလိုက်တယ်။

ဆိုင်ခန်းကျဉ်းကျဉ်းလေးတွေကြားထဲက လမ်းကျဉ်းကျဉ်းလေးတွေ မှာ လူတွေ တစ်ယောက်ကို တစ်ယောက် ပွတ်တိုက်တိုးဝှေ့နေကြတယ်။ ဒါ မင်္ဂလာဈေးပေါ့။ ဆယ်မိနစ်လောက် လမ်းလျှောက်လိုက်ရုံနဲ့ ပုံခေါင်းမနောက်ဘူးဆိုရင် ငါ့ကို ကြိုက်သလိုပြော။

ငါ့မှာတော့ ငါ့အမေမှာလိုက်တဲ့ ပစ္စည်းစာရင်းစာရွက်ကို ကိုင်ပြီး ချာလည်နေတော့တာပဲ။ ပစ္စည်းအမယ်တွေကများတော့ တစ်ဆိုင်ဝင် စ်ဆိုင်ထွက် လိုက်ဝယ်ရတာ လျှာတောင်ထွက်နေပြီ။ ကြာလေလေ လက်

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ အထုပ်တွေ တိုးလာလေလေ။ အိတ်တွေအများကြီး ဆွဲထားရတ ငါ့လက်ချောင်းတွေတောင် နီရဲတွတ်ကုန်ပြီ။

အလှူပေးနေသလိုမျိုး တစ်ဈေးလုံး အုန်းအုန်းထအောင် ရောင် ဝယ်နေတဲ့ လူတွေကိုကြည့်ပြီး တဖြည်းဖြည်း စိတ်ပျက်လာတယ်။ တန တပိုး အထုပ်တွေကို ဆွဲနေရတဲ့ ငါ့ကိုယ်ငါလည်း စိတ်ပျက်မိတယ် အခုလို အရောင်းအဝယ်အလုပ်ကြီးဆိုတာ စဉ်းစာလေလေ အဓိပ္ပာယ်မ လေလေ။

ငါက ဒီဈေးကြီးထဲကနေ ပစ္စည်းတွေ ဝယ်တယ်။ အဲဒီပစ္စည်း ကို ရပ်ကွက်ထဲက လူတွေက ငါတို့ဆီကနေ တစ်ဆင့်ထပ်ဝယ်တယ် အမြတ်တွေကို ဖယ်ပြီး အရင်းတွေကို ဒီဈေးထဲက ဆိုင်တွေမှာ ထပ်လ ဝယ်ရပြန်တယ်။ အမြတ်တွေကတော့ ဝတ်ဖို့၊ စားဖို့၊ ကျောင်းတက် ဆေးကုဖို့၊ ထွေလီထွေလာကိစ္စတွေနဲ့ပဲ ကုန်သွားပြန်တယ်။

နောက်ထပ် နောက်ထပ် ဝယ်။ ပြီးရင် ရောင်း။ ကုန်ရင် ပြန်ဝယ ဒီလိုနဲ့ပဲ လုံးချာပတ်လည်ရင်း ဈေးထဲက လူတွေရော ရပ်ကွက်ထဲ လူတွေရော ငါတို့တစ်တွေရော အသက်တွေကြီးလာကြ။ နောက်ဆုံး အရင်းအမြတ်တွေ အကုန်လုံးကိုထားခဲ့ပြီး တစ်ယောက်တည်း ထွက်သ ရ။ ဒီလို ရောင်းရင်းဝယ်ရင်းနဲ့ပဲ တစ်ဘဝလုံးစာအချိန်တွေ ကုန်ရတော လား။

တကယ့်ကို အဓိပ္ပာယ်မရှိလွန်းမက မရှိအောင် လုံးဝမရှိတဲ့ က ကြီးပဲ။ စိတ်တိုတိုနဲ့ လက်ထဲကအထုပ်တွေကို တဝီဝီမြည်အောင်လှည့် အဝေးကြီးကို လွှင့်ပစ်လိုက်ချင်တယ်။ တကယ်တော့ ဘယ်လုပ်ရဲပါ့မ ဒီအထုပ်တွေကပဲ ငါတို့ကို ထမင်းကျွေးနေတာ မဟုတ်လား။

'ဟာ… Shit'



အရည်မရ အဖတ်မရတွေ လျှောက်စဉ်းစားနေမိတာနဲ့ ဝယ်ရမယ့် ဆိုင်ကိုတောင် ကျော်သွားပြီ။ ဆိုင်ဝမှာ ပြုံခဲနေတဲ့ လူအုပ်ကြီးထဲ တိုးဝေ့ ိုက်ပြီး…

'အာကြီးရေ… စူပါသုံးထုပ်၊ ဘက်ဒီငါးထုပ်၊ မီကိုနဲ့ ဂိုးလ်ရှိ့စ် ်ထုပ်စီ'

ဆိုင်ပေါ်က တရုတ်မကြီးသာမက တစ်ဈေးလုံးကြားလောက်အောင် ်စ်အော်လိုက်တယ်။ ဟုတ်တယ်လေ။ အဲဒီတော့မှ မြန်မြန်ရမှာ မဟုတ် ား။ မြန်မြန်ရမှ ဒီဈေးထဲက မြန်မြန်ထွက်ပြီး အပြင်က လေကောင်း လသန့်ကို မြန်မြန်ရှူချင်နေပြီ။

ဒီဈေးကြီးထဲမှာ ပိုက်ဆံပုပ်နံ့တွေ လှိုင်လှိုင်ထနေတာ ကြာလာ ာ့ အော်ဂလီဆန်တယ်ကွာ။

ညရောက်တော့ ထုံးစံအတိုင်း ပန်းဥယျာဉ်မှာ ရှိုးရာမပျက် ပျိုးကြ ကြတယ်။ တစ်ယောက်တစ်ပေါက် လုပြောနေလိုက်ကြတာ အချိန်တွေ ုန်လို့ကုန်သွားမှန်း မသိလိုက်ရ။ ဆိုင်ပိတ်တဲ့အထိတောင် ငြင်းခုံနေကြ ာန်း။ ဆိုင်ရှင်က ခုံတွေသိမ်းပြီး ကြမ်းပြင်ကို ရေတွေနဲ့ လောင်းချတော့ သာ လူစုခွဲပြီး ထွက်ခဲ့ကြတယ်။

ဒီနေ့ ဘီလူးတစ်ကောင် ပျောက်နေတယ်။ ဒါဆိုရင်တော့ သေချာ ပြီ။ တာမွှေက ဟိုကောင်မလေးကို သွားကြောင်နေလို့ပဲ ဖြစ်ရမယ်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့တော့ ကန်တင်းမှာ လူစုံတက်စုံပဲ။ ငါဝင်ထိုင်လိုက်တာနဲ့ တစ်ပြိုင်တည်း အာပုဝ်က ဝမ်းသာအားရနဲ့...

'မင်းကိုစောင့်နေတာ အတော်ပဲကွ၊ လာကွာ၊ ငါတို့ရဲ့ ဆိတ်ပညာဆရာ ဦးကျော်မြင့်ကို သွားရှာမလို့'

'ဘာလုပ်မလို့လဲ ဆရာ့ကို ရှာပြီး၊ တော်ကြာ လက်ချာရှိက်နေဦးမယ်'

ဆရာဦးကျော်မြင့်ဆိုတာ ငါတို့ရဲ့ စိတ်ပညာဆရာပါ။ ဒါပေမဲ့ ငါတို့တစ်ဖွဲ့လုံးက သူ့ရဲ့ ကျိုးတိုးကျဲတဲ မုတ်ဆိတ်မွေးတွေကို အစွဲပြုပြီး ဆိတ်ပညာဆရာလို့ပဲ ခေါ်တယ်။ သူ့ရှေ့မှာလည်း အဲဒီလိုပဲ ခေါ်တာပါ။ ဒါပေမယ့် ဆရာ့ခမျာ ငါတို့ကိုပဲ စကားမပီဘူးလို့ ထင်နေရှာတယ်လေ။

'ဟိုတစ်နေ့က ငါတို့တစ်တွေ ပြောထားတဲ့ကိစ္စလေကွာ၊ ကျောင်း မတက်ဘဲ စိတ်ညို့ပြီး စာသင်မယ့်နည်းလေ၊ အဲဒါ ဆရာ့ရဲ့ အတည်ပြု ချက်ယူပြီး စာတမ်းတစ်စောင်တင်ရင် ကောင်းမလားလို့'

'ဟာကွာ... မင်းတို့ကလည်း'

ဒီကောင်တွေက အဲဒီကိစ္စကို အခုထက်ထိ လက်မလျှော့သေး။ ဒီလို ကြီးမားတဲ့တွေ့ရှိချက်ကြီးဆိုတာ စာတန်းအဆင့်လောက်နဲ့ မသင့် တော်ကြောင်း၊ တစ်ခါတည်း အင်တာနက်ပေါ်တင်ပြီး တစ်ကမ္ဘာလုံးကို

www.burmeseclassic.com



ကြေငြာသင့်ကြောင်း ပါးစပ်ထဲ တွေ့ကရာလျှောက်ပြောပြီး ပြန်ထိုင်ခိုင်းထားရတယ်။ တော်ကြာ ငါတို့ရဲ့ စိတ်ပညာဆရာကြီးက စိတ်ရှည်တာမဟုတ်ဘူး။ ပေါက်တတ်ကရတွေ လာပြောရမလားဆိုပြီး နှီးရာနဲ့ကောက်ထုနေလို့ ငါပါရောယောင်ပြေးနေရဦးမယ်။

တဒုန်းဒုန်း တီးလုံးသံများနဲ့အတူ ဟိုကောင် ဘီလူးရောက်လာတယ်။ ငါထင်တဲ့အတိုင်းပဲ။ သူ့ဘေးမှာ တာမွေအဝိုင်းက ကောင်မလေး။ နှစ်လုံးထီးပေါက်ထားတဲ့ ဆိုက်ကားသမား မျက်နှာပေးမျိုးနဲ့ ငါတို့ဝိုင်းမှာဝင်ထိုင်ရင်း သူ့ကောင်မလေးနဲ့ မိတ်ဆက်ပေးတယ်။

'နီ… ဒါကိုယ့်သူငယ်ချင်းတွေလေ၊ ဒီကောင်က ဂေါ်ပြား၊ ဟိုကောင်က အာပုပ်၊ ထန်အုပ်၊ ဒါက ငေါ်းတဲ့၊ သားကြီးတို့ ဒါကတော့ ကိုယ့်ရဲ့ အသစ်စက်စက် ပူပူနွေးနွေး ချစ်သူလေး နီနီတဲ့၊ အခုလေးတင် ကားပေါ်မှာ အဖြေရခဲ့တာ'

နီနီဆိုတဲ့ ကောင်မလေးက ငါတို့နာမည်တွေကိုကြားတော့ တခစ်ခစ်နဲ့ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်အောင် ရယ်ပါတယ်။ သူ့စိမ်းယောက်ျားလေးတွေကြားမှာမို့လို့ ရှိုးတိုးရှန့်တန့်ဖြစ်နေတာမျိုး မရှိပါဘူး။

'ဒါပေမဲ့ ဒီကောင်တွေ ဘာပြောပြော မယုံနဲ့နော်၊ အကုန်လုံးကဆိုက်ကိုကျောင်းသားတွေ နို့ကိုပါ ဆိုက်ကိုဖောက်သွားလိမ့်မယ်'

ကောင်မလေးက ထပ်ရယ်ပြန်တယ်။ အပိုပြောတာ မဟုတ်ဘူး။ တကယ်ပြောတာ။ ဒီကောင်မလေးရယ်တာ တော်တော်ထူးဆန်းတယ်။ ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်ပြီးတော့ကို ရယ်နေတာ။ မသိရင် ဓာတ်လိုက်နေသလိုပဲ။

'ကိုသူငယ်ချင်းနာမည်တွေကလည်း တော်တော်ထူးဆန်းတာ



နော်၊ နို့ဘဝမှာ အဲဒီလိုနာမည်မျိုးတွေ မကြားဖူးပါဘူး၊ ဘယ်လိုလုပ်ပြီး အဲဒီနာမည်တွေ တွင်သွားတာလဲ'

ကောင်မလေးက တခစ်ခစ်ရယ်ရင်း ဘီလူးဘက်ကို လှည့်မေးတယ်။ ဟိုကောင်ကလည်း ပြောချင်ရက် လက်တို့ဆိုတော့ အကုန်လုံး ဝိုင်းတားတာတောင် မရဘူး။ ဖော်ကောင်လုပ်တော့တာပဲ။

'အင်း… ပြောရမှာတော့ စိတ်မကောင်းစရာပဲ။ ဒါပေမဲ့ ငါ့ချစ်သူလေးက မေးလာပြန်တော့လည်း ပြောရမှာပေါ့လေ၊ ကျွတ်… ကျွတ်… ကျွတ်…'

ငါတို့ကိုကြည့်ပြီး ဘီလူးက သနားစဖွယ်သတ္တဝါလေးတွေကို ကရုဏာသက်သလိုမျိုး တကျွတ်ကျွတ်လုပ်ပြီး ခေါင်းယမ်းနေသေးတယ်။ ခွက်နဲ့ကောက်ထုချင်စရာကြီး။

'ဒီကောင် အာပုပ်က စပြောရမယ်၊ ကိုယ်တို့ ဆယ်တန်းအောင်တော့ကွာ ချောင်းသာကို သွားကြရော၊ ဒီကောင်က အိပ်ရင် အာပုပ်ရည်တွေ အမြဲတမ်းထွက်တတ်တယ်။ ဟိုမှာကလည်း ကိုယ်တို့က နှစ်ညလောက်အိပ်မှာဆိုတော့ ဒီကောင့်မှာ အခက်တွေ့နေတာပေါ့။ အာပုပ်ရည်တွေ ကျတတ်တယ်ဆိုတာလည်း သူငယ်ချင်းတွေကို ဘယ်ပေးသိချင်ပါ့မလဲ။ အဲဒီတော့ ညအိပ်ရင် ဒီကောင်တစ်ကောင်တည်း အလုပ်တွေရှုပ်နေတာပေါ့။ မှောက်လျက်ကြီး အိပ်ရတာနဲ့။ အစောကြီးထပြီး အာပုပ်ရည်တွေစွဲနေတဲ့ ခေါင်းအုံးကို ဝှက်ထားရတာနဲ့။ မျက်နှာခိုးသစ်ရတာနဲ့ တစ်ယောက်တည်း ဗျာများနေတာပေါ့လေ။ တကယ်တော့ ကိုယ်တို့ကလည်း ဒီကောင့်ကို လိုက်ကြည့်နေတာ မဟုတ်ပါဘူး။ ကိုယ့်ဘာသာကိုယ် တစ်နေကုန် ကစားကြောထပြီးရင် ပင်ပန်းလို့ တစ်ချိုးတည်းအိပ်ပျော်သွားကြတာချည်းပဲ။ ဟော့ကောင်… ဟော့ကောင်… မထနဲ့လေ၊ အဲဒီလို ဘယ်ရမလဲ'

www.burmeseclassic.com



ခံရတော့မယ့်နေရာကို ရောက်တော့မှာမို့လို့ အာပုပ်က ထပြေးဖို့ ကြံတယ်။ အကုန်လုံးက ဝိုင်းဆွဲပြီး အတင်းပြန်ထိုင်ခိုင်းထားရတယ်။

'ဒီလိုနဲ့ ကိုယ်တို့အားလုံး ချောင်းသာကပြန်လာတော့ အာပုပ်တစ်ယောက်တည်း ကျိတ်ပြီး ဝမ်းသာနေတာပေါ့လေ၊ လူမသိစေချင်တဲ့ သူ့အားနည်းချက်ကို အောင်အောင်မြင်မြင် ဖုံးဖိနိုင်ပြီပေါ့၊ ဒါနဲ့ စိတ်ကို ဒုံးဒုံးချလိုက်တာ ကားပေါ်ရောက်တော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတယ်။ ကံဆိုးချင်တော့ ကိုယ်တို့က ငါးယောက်ဆိုတော့ ဒီကောင်တစ်ကောင်တည်း ဘက်ပဲ့ပြီး အပြင်လူနဲ့ သွားထိုင်ရတယ်၊ ပိုပြီးကံဆိုးချင်တော့ သူ့ဘေးမှာ ထိုင်နေတာက အသက်ငါးဆယ် ခြောက်ဆယ်လောက်ရှိမယ့် ဘွားတော်ကြီး၊ အဲဒီဘွားတော်ကြီးကလည်း ဘာစိတ်ကူးပေါက်လာသလဲတော့ မသိဘူး။ ကမ်းခြေက ပြန်လာတာ မိတ်ကပ်တွေ လူး၊ ရွှေတွေ တံတောင်လောက်ထိဝတ်နဲ့ အသားကုန် အလှတွေပြင်ထားတာ'

နီနီကတော့ မျက်တောင်တောင်မခတ်ဘူး။ ဘီလူးရဲ့စကားကို စိတ်ဝင်တစား နားထောင်နေတယ်။ အာပုပ်ကတော့ သူ့အကြောင်းတွေကို အခုမှတွေ့တဲ့ ကောင်မလေးတစ်ယောက်ရှေ့မှာ အဖွခံနေရတဲ့အတွက် တော်တော်မအီမသာဖြစ်နေပုံရတယ်။

'အဲဒီမှာပဲ ကိုယ့်ဆရာသမားက ဘွားတော်ကြီးရဲ့ ပုခုံးကို မှီပြီး အိပ်ပျော်သွားလေရဲ့၊ ဘွားတော်ကြီးကတော့ သူ့ပုခုံးပေါ်မှာ ကောင်ငယ်ငယ် ချောချောလေးတစ်ယောက် မှီအိပ်နေတယ်ဆိုပြီး အစပိုင်းမှာတော့ ကျေနပ်နေမှာပေါ့၊ ခဏကြာတော့ ဘွားတော်ကြီးက ထအော်ပါလေတော့တယ်၊ ဒီကောင့်ကိုလည်း ဆဲပါလေရော၊ ကိုယ်တို့တောင် ဒီကောင် ဘာများ သွားလုပ်လိုက်တာပါလိမ့်ဆိုပြီး မျက်နှာပူလိုက်ရတာ၊ ကားကလည်း အဘွားကြီးအော်တော့ ရပ်လိုက်တာပေါ့၊ တစ်ကားလုံးကလည်း ဝိုင်းကြည့်ကြ၊



...ိုယ်တို့ကလည်း ဘာဖြစ်တာလဲ ဘာဖြစ်တာလဲလို့ ဝိုင်းမေးကြနဲ့ ပွက်လော...တ်သွားတယ်။ အဲဒီတော့မှ ဘွားတော်ကြီးဟာ သူ့ရဲ့ အကောင်းစား...ကျီပေါ်က ဟိုကောင်ရဲ့ အာပုပ်ရည်တွေကို ရှုံ့မဲ့မဲ့နဲ့ ပြတော့တာပဲ။ ...ယ်လိုက်ကြတာလေ။ အဲဒီတုန်းက တစ်ကားလုံး အုန်းအုန်းကိုထလို့။ ...ဒါနဲ့ ဒီကောင်လည်း အာပုပ်လို့ အမည်တွင်သွားတော့တာပဲ'

'မအေပေး'

အာပုပ်က မကြားတကြား ဆဲတယ်။ နီနီကတော့ တဆတ်ဆတ်...ုန်ပြီး တခစ်ခစ်ရယ်နေပါတော့တယ်။ ထန်အုပ်နဲ့ ဂေါ်ပြားကတော့ မရယ်...ဘူး။ ပြီးရင် သူတို့အလှည့်မဟုတ်လား။

'ကဲ… ကဲ… ကျန်တဲ့လူတွေအကြောင်းကိုတော့ နောက်ကြုံ... ဆက်ပြောတာပေါ့ကွာ၊ ငါတို့လည်း အတန်းတက်ရဦးမှာ မဟုတ်လား'

ဒီကောင်နှစ်ကောင်က လစ်ပြေးဖို့ ကြံတယ်။

'အောင်မယ်… မရပါဘူး၊ ဘယ်အတန်းသွားတက်မှာလဲ၊ ...တိတ်ပေးပြီး တစ်နှစ်တစ်တန်းအောင်နေတဲ့ ကောင်တွေကများ၊ မရဘူး ...င်'

ဘီလူးက ပေးမသွားတော့ ဒီကောင်နှစ်ကောင်လည်း စိတ်ညစ်...နဲ့ ပြန်ထိုင်ရရှာပါတယ်။

'အင်း… နောက်တစ်ယောက်က ဘယ်သူ့ကို အရင်ပြောရင်...ာင်းမလဲ၊ ဟုတ်ပြီ ထန်အုပ်၊ ဒီကောင့်အကြောင်းကိုတော့ နားနဲ့မနာ...ါးနဲ့နာလို့ပဲ ပြောရမယ်။ ကိုယ်တို့ ဆယ်တန်းတုန်းက ဘိုင်အိုမှာ ယုန်...ကြောင်းသင်ရတယ် မဟုတ်လား'

နီနီက ထောက်ခံတဲ့သဘောနဲ့ ခေါင်းတဆတ်ဆတ်ညိတ်ပြတယ်။ ...တို့ဘာသာ သူတို့တော့ အပေးအယူမျှနေကြတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်တို့ကျူရှင်မှာ ဘိုင်အိုဆရာက တစ်ခန်းပြီးရင် တစ်ခန်း စာမေးပွဲစစ်တယ်လေ၊ ဒီကောင်ကတော့ ဘယ်အခန်းဖြေဖြေ တစ်ခါမှ မအောင်ဘူး၊ ဆရာက လိုမှ်ဆူတာပေါ့၊ ဒါပေမဲ့ ယုန်အခန်းလည်းရောက် ရော ကျူရှင်တစ်ဝိုင်းလုံးမှာ ဒီကောင်က အမှတ်အများဆုံးရသွားပါလေရော အဲဒီနေ့ကစပြီး ဘိုင်အိုဆရာက သူ့ကို ထန်အုပ်လို့ပဲ ခေါ်တော့တယ်၊ ဒီလ နဲ့ ကျူရှင်ဝိုင်းမှာ ဒီကောင့်နာမည်က ထန်အုပ်လို့ တွင်သွားတော့တာပဲ'

'မဟုတ်ပါဘူးကွာ၊ ယုန်အခန်းက တခြားအခန်းတွေထက် ပိုလွယ လို့ပါ'

ငါတို့တစ်တွေ သူ့အကြောင်းကို ပြောတိုင်း ထန်အုပ်က အဲဒီ အမြဲငြင်းနေကျ။ ဒါပေမဲ့ သူပြောတာကို ဘယ်သူမှ မယုံကြပါဘူး။ ယ ကောင်မလေးကတော့ ကြာလာရင် အူတက်တော့မယ်ထင်တယ်။ ရယ် လွန်းလို့ ဗိုက်ကိုတောင် နှိပ်နေရတယ်။

'ဂေါ်ပြားကျတော့ရော၊ သူက သွားလည်းမခေါ်ဘဲနဲ့'

နိုနိုက ရယ်ရင်းတန်းလန်းနဲ့ မေးတယ်။

'နေပါဦး၊ လောမကြီးပါနဲ့၊ ဖြည်းဖြည်းပေါ့၊ ပြောပြပါ့မယ်'

ဘီလူးကတောင် ပြန်တားယူနေရတယ်။

'ဒီကောင့်အဖြစ်ကတော့ ကြေကွဲစရာ အချစ်ဇာတ်လမ်းလေး တစ်ပုဒ်ပါ'

'ဟယ်··· တကယ်'

နိုနိုကတော့ ရယ်ဖို့ဟန်တပြင်ပြင်နဲ့ ဘီလူး ဘာဆက်ပြောမ ဆိုတာကို နားစွင့်နေတယ်။

'ဒီကောင် ဆယ်တန်းတုန်းက ကောင်မလေးတစ်ယောက်နဲ့ ချိ တိတ်တိတ်ဖြစ်ခဲ့တယ်၊ ကောင်မလေးက သွားလေးနည်းနည်းခေါ



ကျောင်းမှာ သူ့ကို ဂေါ်ပြားလို့ပဲ ခေါ်ကြတယ်၊ ဒါပေမဲ့ ကောင်မလေးက သူ့ကို ဂေါ်ပြားလို့ခေါ်ရင် အားကြီးစိတ်ဆိုးတာ၊ အဲဒီတော့ ဒီကောင်က လည်း ကိုယ်တို့ကို ကြိုမှာထားတာပေါ့၊ သူ့ကောင်မလေးရှေ့ရောက်ရင် ဂေါ်ပြားလို့ မခေါ်မိစေဖို့ ဘာညာကွိကွပေါ့၊ ကိုယ်တို့ကလည်း သူငယ်ချင်း ကောင်းတွေပဲဆိုတော့ သိတယ်မဟုတ်လား၊ လုံးဝမခေါ်ပါဘူး၊ အဟီး'

ဂေါ်ပြားက ဘီလူးကို အသံမထွက်ဘဲ မျက်နှာအမူအရာနဲ့ပဲ ဆဲနေ တယ်။

'တစ်နေ့ သူ့ကောင်မလေး မွေးနေ့လုပ်တော့ ကိုယ်တို့အကုန်လုံး ကို ဖိတ်တယ်၊ ဒီကောင်ကလည်း သူ့ရည်းစားဦးလေးရဲ့ မွေးနေ့ဆိုပြီး မွေးနေ့လက်ဆောင်ကို ရှယ်ပြင်တာပေါ့၊ ပြင်တာမှ သုံး၊ လေးရက်လောက် ကို ကြိုပြီးပက်ကင်ထုပ်ထားတာ၊ အဲဒီမှာ ဒီကောင် ကံဆိုးတော့တာပဲ၊ ကိုယ်တို့ရှေ့မှာ ပက်ကင်ထုပ်လေးကို ဖင်ပြန်ခေါင်းပြန် တစိမ့်စိမ့်ကြည့်နေ တာ ကြာတော့ အမြင်ကတ်လာတယ်၊ အဲဒါနဲ့ ဒီကောင်မွေးနေ့လက်ဆောင် နဲ့ ပုံစံတူလုပ်ပြီး တိတ်တိတ်လေး လဲထားလိုက်တယ်'

ဇာတ်လမ်းတောင် မဆုံးသေးဘူး။ နိုနိုကတော့ နားထောင်ရင်း နဲ့ တခစ်ခစ်ရယ်နေပါပြီ။ ဘီလူးကတော့ အာပေါင်အာရင်းသန်သန်နဲ့ ဆက် ပြောဆဲ။

'တကယ့်မွေးနေ့လည်း ရောက်ရော ဆရာသမားက မြောက်ကြွ မြောက်ကြွနဲ့ ကိုယ်တို့လဲထားတဲ့ လက်ဆောင်ဘူးကြီးကို ယူပြီး သူ့ကောင်မ လေးကို ဂုဏ်ယူဝင့်ကြွားစွာ ပေးလိုက်တာပေါ့၊ သူ့ကောင်မလေးကလည်း ချစ်သူလက်ဆောင်လေးဆိုပြီး ကြည်ကြည်နူးနူးနဲ့ ကိုယ်တို့ရှေ့မှာပဲ ဖောက် ကြည့်တယ်၊ ပွင့်လည်း ပွင့်သွားရော ချက်ချင်း မျက်နှာကြီးနီရဲ မျက်လုံး ကြီးပြူးပြီး နင်··· နင် ဒါ ဘာလုပ်တာလဲဆိုပြီး လက်ညှိုးငေါက်ငေါက်

www.burmeseclassic.com



ထိုးပြီး အော်တော့တာပဲ၊ ကိုယ့်ကောင်ကလည်း ဘာလဲပေါ့၊ သူပေးတာ အကောင်းပါ၊ ဘာအမှားပါလို့လဲဆိုပြီး အဲဒီကောင်မလေးလက်ထဲက ဘူးကို ငုံ့ကြည့်လိုက်ရော ဒီကောင်လည်း နောက်ကျတဲ့ခြေထောက် သစ္စာဖောက် ဆိုပြီး ထွက်ပြေးရတော့တာပဲ'

'လက်ဆောင်ဘူးထဲက ဘာမို့လို့လဲဟင်'

နိုနိုက တအံ့တဩမေးတယ်။ ဘီလူး ဖြေမလို့ဟန်ပြင်နေတုန်း…

'ဂေါ်ပြားပေ့ ဂေါ်ပြား၊ ကလေးတွေဆော့တဲ့ ပလတ်စတစ် ဂေါ်ပြား'

ဂေါ်ပြားက မစ်မရပ်နိုင် ဝင်အော်ပါတယ်။ နိုနိုကတော့ တဆတ် ဆတ်တုန်ပြီး တခစ်ခစ်ရယ်မြဲ။

'အစ်ကိုတို့လက်ချက်မှန်းသိတော့ ဂေါ်ပြားက စိတ်မဆိုးဘူးလား ဟင်'

'ဘယ်နေလိမ့်မလဲ၊ ဆိုးတာပေါ့၊ ဒါပေမဲ့လည်း တစ်ပတ်လောက် နေတော့ ထုံးစံအတိုင်း စိတ်ဆိုးပြေရတာပါပဲ၊ ကိုယ်တို့နဲ့မှ မပေါင်းရင် ဒီကောင် ဘယ်သူနဲ့သွားပေါင်းမလဲ၊ ဟုတ်တယ်မဟုတ်လား'

ဘီလူးက ဂေါ်ပြားကို မေးတယ်။ ဂေါ်ပြားကတော့ လုပ်ထားဦး ပေါ့ကွာဆိုတဲ့ မျက်နှာပေးနဲ့ ဘီလူးကို မကျေမနပ်ကြည့်နေတယ်။

'ဖြစ်မှဖြစ်ရလေ၊ ကိုယ်တို့ကလည်း ပေါက်ပေါက်ရှာရှာသိပ်လုပ် တာပဲ၊ ဒါနဲ့ အဲကောင်မလေးရော'

'အောင်မလေး… ဒီကောင်က ကိုယ်တို့ကို ကျေးဇူးတင်ရမှာ သူနဲ့ပြတ်ပြီး မကြာဘူး။ နောက်ဘဲတစ်ယောက်နဲ့ လိုက်ပြေးတာ၊ အခု ကလေးတွေ ဘာတွေတောင် ရနေပေါ့၊ မဟုတ်ရင် ဒီကောင်လည်း အခုချိန်မှာ ကလေး အဖေဖြစ်ပြီး လွှတ်လွှတ်လပ်လပ်နေရတော့မှာ မဟုတ်ဘူး'



'ဟုတ်ပါတယ်၊ ဟုတ်ပါတယ် ကျေးဇူးရှင်ကြီးများရယ်'

ဂေါ်ပြားက ရှုံ့မဲ့ပြီး ပြန်ပြောတယ်။

'ဒါပေမဲ့ ယောကောင်တွေ ခေါ်းကျတော့ ဘာဇာတ်လမ်းမှမရှိ ဘူးနော်'

'အေး… ဟုတ်တယ်ကွ၊ ဒီကောင်တစ်ကောင်တည်း လွတ်နေ တာ၊ နေနှင့်ဦး၊ ချက်ကောင်းတွေမှ ဆိုးဆိုးရွားရွားနာမည်တစ်ခု ရွေးပြီး ပေးရမယ်'

'အေး… ဟုတ်တယ်၊ ယောကောင် ငေါ်၊ မင်း သတိထားနေ'

အကုန်လုံးက ငေါ့ကို ဝိုင်းကြိမ်းနေကြတယ်။ ဒါတော့ ငေါလည်း တတ်နိုင်။ ကိုယ့်ကုသိုလ်နဲ့ ကိုယ်ပေါ့။ ဘီလူးကတော့ နိုနိုကို ငေါ်ဆို တာ ငေါ့နာမည်ရင်းဖြစ်တဲ့ နှင်းခေါ်ကို အဖျားဆွတ်ပြီး ခေါ်တာမို့လို့ ဘာ ဇာတ်လမ်းမှ မရှိဘူးလို့ ရှင်းပြနေတယ်။

ဘီလူးလည်း သူ့ကောင်မလေးကို ရှင်းအပြီး ငါတို့လေးယောက် လုံး မတိုင်ပင်ဘဲ ပြိုင်တူအော်မိလိုက်တယ်။

'ကဲ… ဒီတစ်ခါတော့ မင်းအလှည့်'

ဘီလူးက လက်တခါခါ ခေါင်းတခါခါနဲ့ သူ့အကြောင်းကို မပြော တားနေတယ်။ ဘယ်ရလိမ့်မတုန်း။ သိတယ်မဟုတ်လား။ ငါတို့က ပြောနဲ့ဆိုရင် ပိုလို့တောင် ပြောချင်သေး။

'ဒီလိုဗျ နိုနိုရ'

ဂေါ်ပြားရဲ့ အင်ထရို။

'ယောကောင် နေဦး၊ တစ်ယောက်တစ်လှည့်စီ ပြောမယ်နော်၊ မင်း ည်းပဲ ပြောမနေနဲ့'

ငါတို့ကောင်တွေက အဲဒီလို။ သူများမကောင်းကြောင်း ပြောရဖို့ ရေး ဝိုင်းလုနေကြသေး။

www.burmeseclassic.com

www.burmeseclassic.com



'ဒီကောင်ကြီးက ဆယ်တန်းအောင်ပြီးရော ရက်ပါရှူး ရူးပါလေ ရော၊ ရူးတာမှ ရိုးရိုးမဟုတ်ဘူး၊ အခွေတွေသွင်း၊ ရှိုးတွေလိုက်ဆို'

အစချီပြီး ရက်ပါနာမည် ဒယ်ဘလူ (W) ကနေ ဘီလူးဘ၀ ရောက်ရှိသွားပုံတွေကို ကွက်ကွက်ကွင်းကွင်း ပိုပိုသာသာလေး ရှင်းပြလိုက် တယ်။ အဲဒီလို သူ့ကောင်မလေးရှေ့မှာ သူ့နောက်ကြောင်းတွေ ပြောနေလို့ ဆိုပြီးတော့လည်း ဘီလူးက ရှက်မနေပါဘူး။ တဟဲဟဲနဲ့ ပြုံးဖြီးဖြီးလုပ်နေ တယ်။ သိတဲ့အတိုင်းပဲ။ ငါတို့က အရှက်ခပ်နည်းနည်းရယ်။

'အောင်မလေး… နို့ကိုကိုက ဘီလူးဆိုပေမယ့် အစွယ်တွေ ဘာတွေနဲ့ ရုပ်ဆိုးဘီလူးကြီး မဟုတ်ပါဘူးနော်၊ ကိုရီးယားဘီလူးမင်းသာ လေးပါ၊ ဟုတ်တယ်မဟုတ်လား'

ဘာပြောကောင်းမလဲ။ ဘီလူးဆိုတဲ့ကောင်က ပါးစပ်ကြီးမေးချိတ် ပြီး သဘောတွေအကျကြီး ကျနေတာပေါ့။ တတ်လည်း တတ်နိုင်တဲ့ဟာ တွေ။

ကျောင်းကနေ အိမ်ကိုတန်းမပြန်ဘူး။ ဘီလူးက သူ့ကောင်မလေ ကို ရန်ကင်းစင်တာလိုက်ပို့ပေးတယ်။ ငါကတော့ အဆစ်အနေနဲ့ သူ့ နှစ်ယောက်ကြားထဲ ကန့်လန့်ကန့်လန့်ပါသွားတယ်။

ရန်ကင်းစင်တာက မင်္ဂလာဈေးလိုတော့ မဟုတ်ဘူး။ သပ်သ ရပ်ရပ် သန့်သန့်ရှင်းရှင်းရှိပါတယ်။ ပိုက်ဆံပုပ်နံ့တွေ လှိုင်လှိုင်မထပေမ ရေမွှေးနံ့ပြင်းပြင်းတွေကြားမှာ နည်းနည်းတော့ ခေါင်းနောက်စရာပဲ။

ယန္တရားဆန်ဆန်အပြုံးနဲ့ ခြောက်ကပ်ကပ်အရယ်တွေကိုလည်း ဖောသီသီတွေ့နိုင်တယ်။ ဝေးဝေးသွားမကြည့်နဲ့။ နို့နို့ရယ်သံတွေကိုပဲ ထောင်ကြည့်။ ခြောက်ကပ်ကပ်နဲ့ အသက်မပါဘူး။ သူ့အသက်က သူ့



ချင်နေတဲ့ နောက်ဆုံးပေါ်ဝတ်စုံတွေဆီမှာ။ ငါ့ကောင်ကြီးကလည်း ကောင်မ လေး လက်ညှိုးထိုးသမျှ ဝယ်ပေးနေလိုက်တာ ငါတောင် ကြားထဲက နေမြောနေမိတယ်။ သူတို့နှစ်ယောက် တစ်ညနေတည်းသုံးလိုက်တဲ့ငွေက ငါတို့ဆိုင် တစ်နေ့လုံးရောင်းရတဲ့ငွေထက်တောင် ပိုများနေသေးတယ်။

ကောင်မလေးကတော့ အထုပ်တစ်ထုပ် လက်ထဲမှာ တိုးလာလေ လေ ရယ်သံတွေ ပိုပြီးကျယ်လာလေလေ။

'မင်းကွာ၊ ဝယ်ပေးလိုက်ရတာတွေ မနည်းမနောပါလား'

နို့နို့ကို တာမွေအဝိုင်းမှာ ချပေးပြီးတဲ့အခါ ငါက ဘီလူးကို မချင့် မရဲဖြစ်ပြီး မေးလိုက်တယ်။ ဘီလူးက ဘာမှပြန်မဖြေဘူး။ ကားကက်ဆက် ကထွက်လာတဲ့ ကာရန်တွေ လိုက်ရွတ်နေတယ်။ သီချင်းဆုံးသွားတော့မှ…

'ဒါထုံးစံပဲလေ သားကြီးရ၊ ဘာထူးဆန်းလို့လဲ၊ ဒါတောင် နို့နို့က တော်တော်သေးတယ်လို့ ပြောရမယ်၊ တချို့စော်တွေဆို LV ပိုက်ဆံအိတ် မှ လိုချင်ရတာနဲ့၊ ဗစ်တိုးရီးယားစီးခရက်လိုးရှင်းလေး လူးချင်ရတာနဲ့ ရှိသေးတယ်၊ နို့နို့က သူတို့ထက်စာရင် အများကြီးတော်သေးတယ်'

ငါ ဘာမှပြန်မပြောတော့ဘူး။ ပြောစရာစကားလည်း မရှိဘူးလေ။ သူတို့အချင်းချင်း အဆင်ပြေနေရင် ပြီးတာပဲမဟုတ်လား။ ရောင်းသူ ဝယ်သူ သံတူပေါ့။

ဘီလူးတို့စုံတွဲ ခြေရှည်နေတာနဲ့ အိမ်ရောက်တော့ မိုးချုပ်နေပြီ။ ကောင်းချင်တော့ ငါ့အမေနဲ့ ညီမလေးတို့ ကိုရီးယားကားထဲ ရှာန်ဝင် နေတယ်။ မဟုတ်ရင် ဒီအချိန်မှ ဘာဖြစ်လို့ အိမ်ပြန်လာရတာလဲတို့၊ ဘယ် သချိုင်းကို အလေလိုက်နေတာလဲတို့၊ ငါ့အမေရဲ့ ဓာတ်ပြားဟောင်းကြီးကို ဆင်နေရဦးမှာ။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ဆူဖို့နေနေသာသာ ကိုရီးယားကားထဲ မျောပါနေလိုက် တာ မျက်ရည်တွေတောင်ဝဲလို့။ ဒါနဲ့ အသာလေး အဝတ်အစားလဲလိုက် ပြီး အိမ်ရှေ့က ဆိုင်လေးမှာ ငါ့အဖေနဲ့အတူသွားထိုင်လိုက်တယ်။ ငါ့အဖေ ကတော့ ထုံးစံအတိုင်း ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်ပြီး ရေဒီယိုတစ်လုံး နဲ့ အစိုးရကို မကျေမနပ်ပေါက်ကွဲနေလေရဲ့။

ညဘက်အိပ်ရာဝင်တော့ ချက်ချင်းကြီးအိပ်မပျော်ဘူး။ နားထဲမှာ အသံတွေကြားနေရတယ်။ သေသေချာချာနားစိုက်ထောင်လိုက်တော့မှ ရယ် သံတွေ။ နိုနိုရဲ့ ခြောက်ကပ်ကပ်ရယ်သံတွေ။ အထုပ်တစ်ထုပ်လက်ထဲရောက် တိုင်း ပိုပိုကျယ်လာတဲ့ ရယ်သံတွေ။ ကြားဖူးပါတယ်လို့ ဆန်းစစ်ကြည့် လိုက်တော့ မင်္ဂလာဈေးထဲက ဈေးသည်တွေရဲ့ ရယ်သံတွေနဲ့တူနေတာ သတိပြုမိတယ်။

နောက်ပြီး ဘီလူးက နိုနိုကို ကြည့်တဲ့အကြည့်။ ဈေးဝယ်တ ယောက်က ကုန်ပစ္စည်းတစ်ခုကို တန်၊ မတန် အကဲဖြတ်နေတဲ့ အကြည့်မျိုး ငြိမ်သက်နေတဲ့ ခြင်ထောင်အမိုးကြီးကို ကြည့်ရင်း တစ်ခုခုကို သဘောပေါ လိုက်မိသလိုပဲ။

နိုနိုရဲ့ ရယ်သံ။ ဘီလူးရဲ့အကြည့်။

'ဪ'

သက်ပြင်းရှည်ကြီးမှုတ်ထုတ်လိုက်ပြီး တစ်ယောက်တည်း ခေါ ယမ်းမိလိုက်တယ်။ သူတို့တစ်တွေရဲ့ အချစ်က နည်းနည်းများ အရော အဝယ်ဆန်နေသလားလို့။ အရောင်းအဝယ်ဆန်လည်း ငါ့အနေနဲ့ ဘာမှပြော စရာမရှိပါဘူး။ တစ်ခုပဲ ဆုတောင်းပေးလိုက်ချင်တယ်။

'ရောင်းမှားဝယ်မှား မဖြစ်ကြပါစေနဲ့'

❐ ❐ ❐

# တစ်လ........ နှစ်လ........ သုံးလ

www.burmeseclassic.com

ငါ့ဘဝက ဝတ္ထုစာအုပ်တစ်အုပ်ဆိုရင် စာမျက်နှာတွေ ထပ်နေတယ်လို့ပဲ ပြောရမယ်။ တစ်နေ့နဲ့ တစ်နေ့ အပြောင်းအလဲသိပ်မရှိ။

ငါ့အမေနဲ့ ငါ့အဖေတို့ရဲ့ နံနက်ချိန်ခါတေးသံသာနဲ့အတူ ထ။ မြို့စွန်က တက္ကသိုလ်ကြီးနဲ့အတူ တစ်နေ့တာရဲ့ အပူဆုံးအချိန်တွေကို ဖြတ်သန်း။ ညကျတော့ ပန်းဥယျာဉ်မှာ ဘော်ဒါတွေနဲ့အတူ ပျိုးကြဲ။ တစ်ခါတလေ ညလုံးပေါက် ဒိုတာခုတ်။ ငါ့အဖေက ရေဒီယိုတဂျစ်ဂျစ်နဲ့ နားထောင်။ ငါ့အမေနဲ့ ညီမလေးတို့က ကိုရီးယားကားတွေနဲ့အတူ ဒေါသထွက်၊ မျက်ရည်ဝိုင်း၊ တဝါးဝါး တဟားဟားနဲ့ သဘောတွေကျလို့။

တက္ကသိုလ်မှာ စာမေးပွဲကြီးပြီးတဲ့ထိအောင်ပေါ့။

ကျောင်းပိတ်ထားတာ တော်တော်သီသာတယ်။ နေ့လယ်ဘက်ဆိုဟာတာတာကြီး။ ငါ့အမေကတော့ မင်္ဂလာဈေးကို အတင်းလွှတ်တာပေါ့။ ဒါပေမဲ့ ငါကလည်း ဖင်းရွှေ့ခေါင်းရွှေ့နဲ့ ရသလောက်ရှောင်နေလိုက်တယ်။ သိတော်မူကြတဲ့အတိုင်းပဲ။ မင်္ဂလာဈေးသွားရတာ ပြဲတ္တာဘုံခဏရောက်သွားသလိုပဲ။ ကျပ်ကျပ်တည်းတည်း။ ပူပူလောင်လောင်။ ဆူဆူညံညံ။ အသက်ရှူလို့လည်း မဝဘူး။ တစ်ခါတလေ ရေငုပ်သမားတွေလို အောက်ဆီဂျင်ဘူးကြီးလွယ်ပြီး ဈေးထဲမှာ ပစ္စည်းတွေလျှောက်ဝယ်လို့ရရင်လည်း ကောင်းသားလို့ အတွေးပေါက်မိသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပိတ်ကာစ တစ်ပတ်လောက်က ဘီလူးနဲ့အတူ တစ်နေကုန် လျှောက်သွားကြတယ်။ ထုံးစံအတိုင်း ဒီကောင့်ရဲ့ ဖွန်အင်ပါယာကြီးတိုးချဲ့ဖို့အရေးကိစ္စအတွက်ပေါ့။ ဟိုကောင်မလေးနောက်လိုက်၊ ဒီကောင်မလေးနဲ့ ရုပ်ရှင်ကြည့်၊ နောက်ကောင်မလေးနဲ့ ကော်ဖီဆိုင်ထိုင်၊ တခြားကောင်မလေးနဲ့ ပန်းခြံသွားနဲ့ တစ်နေ့ တစ်နေ့ အချိန်တွေကုန်လို့ ကုန်သွားမှန်းတောင် မသိလိုက်ရဘူး။

အခုလို တစ်နေ့လုံး အိမ်ရှေ့က ဆိုင်လေးမှာ ငေါင်တိငေါင်တောင် ထိုင်နေရတာထက်စာရင် ဘီလူးနောက် တကောက်ကောက်လိုက်နေရတာမှ အဓိပ္ပာယ်ရှိသလိုပဲ။ အခုနောက်ပိုင်းမှာ ဒီကောင်လည်း ဘယ်တိုင်းနေပြည်တော်မှာ ခြေစကြာဖြန့်နေသလဲ မသိ။ ငါ့ဆီကိုတောင် ရောက်မလာတော့။ ဖုန်းဆက်တိုင်းလည်း စက်ပိတ်ထားတယ်ဆိုတာချည်းပဲ ဖြေနေတယ်။

'ငခါး မင်း ဘီလူးအကြောင်း သိပြီးပြီလား'

ပန်းဥယျာဉ်မှာ ငါထိုင်ထိုင်ချင်း အာပုပ်က မေးတယ်။ ငါက ဘာလဲဆိုတဲ့သဘောမျိုးနဲ့ မေးဆတ်ပြလိုက်တယ်။

'ဒီကောင် ဟိုထိန်လင်းတို့သူဌေးသား အန်ကြီးကွင်းကျယ်အုပ်စုနဲ့ တွဲနေတယ်လို့ သတင်းကြားတယ်၊ ဒါကြောင့် ငါတို့ဆီရောက်မလာဘဲ ပျောက်နေတာနေမှာ'

'တွဲပေါ့ကွာ၊ သူ့ဘာသာသူတွဲတာ ဘာဖြစ်လဲ၊ ဒီကောင်တွေ လျှံသလောက်တော့ ဘီလူးမှာလည်း ရှိပါတယ်'

'ဟ… ငါက အဲဒါကို ပြောတာမဟုတ်ဘူး၊ ဒီကောင်တွေက အသီးအရမ်းကျူးတဲ့ကောင်တွေ၊ တော်ကြာ ဘီလူးပါ ဒီကောင်တွေနဲ့ လိုင်းပူးသွားဦးမယ်'



'သြော်…'

ထိန်လင်းတို့အုပ်စုက ရေလျှံတယ်။ ပြိုင်ကားတစီစီနဲ့ ကျောင်းထဲ ာ မျက်စိရှုပ်၊ နားရှုပ်အုပ်စု။ တစ်ကျောင်းလုံးက ကောင်တွေက ကြည့်မရ မယ့် စော်တော့တော်တော်ကြည်ကြတဲ့ ကောင်တွေ။ အဲဒါကြောင့်လည်း သာကျားလေးတွေက ကြည့်မရတာနေမှာ။ အရက်၊ မိန်းမ၊ ဆေး တစ်ခုမှ လွတ်ဘူး။

'ဟေ့ကောင်… မင်းကို ဘယ်နှခါပြောရမလဲ၊ သူများတွေ စား သာက်နေတဲ့ဟာကို'

ပြောလက်စ စကားပြတ်သွားပြီး အာပုပ်ကို ထန်းအုပ် ထအော် ယ်။

အာပုပ်မှာ အကျင့်ဆိုးတစ်ခုရှိတယ်။ လူရှေ့သူရှေ့မရှောင် နှပ်ချေး တ်ခြင်းပဲ။ နိုက်ရင်လည်း ရိုးရိုးမဟုတ်။ လက်ထဲပါလာတဲ့ နှပ်ချေးကို ်ပြေနပြေ နယ်ဖတ်လုံးချေပြီးမှ မကောင်းသူထိပ် ကောင်းသူထိပ်ဆိုပြီး ာက်လွှတ်တတ်တယ်။ စဉ်းစားကြည့်လေ။ ဒီကောင် တောက်လွှတ်လိုက် နှပ်ချေးဖတ်က ငါတို့ လက်ဖက်ရည်ခွက်ထဲများ ကျသွားရင်…။

'မင်းတို့ကလည်း အပိုတွေ၊ နှပ်ချေးဆိုတာ ရွံစရာမဟုတ်ဘူးကွ၊ နှပ်ချေးဘယ်ကစဖြစ်လာသလဲဆိုတာရော ဂဃနဏသိရဲ့လား'

အာပုပ်က သူ့နှာခေါင်းထဲက တော်ဝင်နှပ်ချေးကို စော်ကားလို့ တ်ဆတ်ထိမခံ ပြန်ရန်တွေ့တယ်။

'သိသားပဲ၊ မင်းတို့ကောင်တွေ သိမှာမဟုတ်ဘူးဆိုတာကို၊ ကြောင့် စာများများဖတ်ပါလို့ မင်းတို့ကို ပြောရတာပေါ့၊ စာမဖတ်ရင် ကြင်သူအား၊ စကားချေတင်၊ သဘင်မပြု့၊ ခံတွင်းမဲ့သို့၊ ဆိုတဲ့ပညာ။

www.burmeseclassic.com



ညှိုးမျက်နှာနှင့်၊ ရွှံရှာလန့်ထိတ်၊ အသံဆိတ်၍လို့ ဝိဇ္ဇာသိပ္ပ လှုကိစ္စကဗျာက်
ဆယ်တန်းတုန်းက သင်ခဲ့ရတယ် မဟုတ်လား၊ အခုလည်း ကြည့်လေ
ငါမေးတော့ မင်းတို့ တစ်ယောက်မှ မဖြေနိုင်တော့ဘူး၊ ပွဲမတိုးဘူ
ပေါ့ကွာ'

'ဟော့ကောင်··· တော်··· တော်၊ ကြီးကြီးကျယ်ကျယ်တွေ
လျှောက်ပြောမနေနဲ့၊ မင်းကိုလည်း နှပ်ချေးသမိုင်းကြောင်း ဘယ်သူမှမေ
နေတာ မဟုတ်ဘူး၊ ဟိုကောင် ထန်အုပ်က သူများစားသောက်နေတဲ့အချိ
မှာ ညစ်ညစ်ပတ်ပတ်မလုပ်ဖို့ပဲ ပြောတာ'

ဂေါ်ပြားကပါ စိတ်မရှည်တဲ့လေသံနဲ့ ဝင်ပြောတယ်။ အဲဒီတော့
ပဲ ဝိုင်းဆိုးတော့တယ်။ အာပုပ်က ငါတို့အားလုံးကို အဆင့်နိမ့်သတ္တဝါလေးတွေ
လိုပုံစံမျိုးနဲ့ ခပ်နှိမ်နှိမ်ကြည့်ပြီး ခေါင်းကို သွင်သွင်ယမ်းနေပါတော့တယ်

'မဟုတ်ဘူး သူငယ်ချင်းတို့ မဟုတ်ဘူး၊ မင်းတို့က ပြောလေ
ဆိုးလေပါပဲလား၊ အဲဒီညစ်ညစ်ပတ်ပတ်ဆိုတာကြီးကိုက မဟုတ်တာ၊ မင်း
အားလုံး အယူလွဲနေကြတာ၊ အေးပေါ့လေ··· ငါတစ်ယောက်လုံးရှိနေ
တော့ မပူကြပါနဲ့၊ ကြုံရင် ကြုံသလို ပြင်ပေးသွားပါ့မယ်'

'အောင်မယ်··· ကြီးကြီးကျယ်ကျယ်နဲ့'

ငါဖြတ်ပြောတဲ့စကားကိုတောင် အာပုပ်က အရေးမလုပ်။ သူ့အ
နဲ့ သူ ဆက်လီမ့်နေတယ်။

'မှတ်ထားကြ၊ နှပ်ချေးရဲ့ မူလဇာစ်မြစ်က ဖုန်ကွ၊ ဖုန်၊ ဖုန်ဆိုတ
မျိုးကလည်း လေထုထဲမှာ အချိန်ပြည့်ရှိနေတတ်တယ်၊ မင်းတို့ အသက်
လိုက်တိုင်း လေနဲ့အတူ ဖုန်တွေက နှာခေါင်းထဲကို ရောယောင်ပါသွားရေ
အဲဒီမှာ နှာခေါင်းထဲက အမွေးနုလေးတွေက ဖုန်တွေကို အဆုတ်ထဲရော



သွားအောင် စစ်ယူထားပေးတယ်၊ အဲဒီလို ကျန်ခဲ့တဲ့ဖုန်တွေကနေ နှပ်ချေး
ဖြစ်လာရတာပဲ'

'အေးလေ၊ အဲဒါ ဘာဖြစ်လဲ၊ ညစ်ပတ်တာကတော့ ညစ်ပတ်
တာပဲ မဟုတ်လား'

'ဟောဗျာ၊ ပြောလေဝေးလေပါပဲလား၊ မင်းတို့တွေ ပါးစပ်ဟလိုက်
ိုင်းလည်း ဖုန်တွေက မင်းတို့ပါးစပ်ထဲ ဝင်မှာပဲကွာ၊ အဲဒီဖုန်တွေဟာ
ခေါင်းထဲရောက်သွားရင် နှပ်ဖြစ်သွားမယ့်ဟာတွေလေ၊ အတူတူပဲ၊ ပါးစပ်
ထဲရောက်သွားလို့သာ နှပ်မဖြစ်တာ၊ တကယ်တော့ နှပ်ချေးဆိုတာ ဖုန်
ခဲတစ်မျိုးပဲ၊ မင်းတို့တွေ ပါးစပ်ထဲတောင် ရောက်သေးတာပဲ၊ ငါ့လက်
ကိုင်တာ ဘာရွံစရာရှိလို့လဲ၊ ကဲ···'

'ထွီ···'

'အာပုပ် မင်းကလေ နာမည်နဲ့လိုက်အောင် တော်တော်ညစ်ပတ်
ကောင်'

'မဟုတ်က ဟုတ်ကတွေဆိုရင်တော့ တော်တော်ဗဟုသုတနုံတယ်
ကျောင်းစာသာ အဲဒီလောက်လှေလာခဲ့ရင် အခုချိန်ဆို အထူးကုဆရာဝန်
ဖြစ်နေလောက်ပြီ'

အဲဒီလို ငါတို့တစ်တွေ ဝိုင်းပြီး တစ်ယောက်တစ်ပေါက် ထောမနာ
လိုက်တော့မှပဲ အာပုပ်က ဇက်ကလေးပုပြီး ရယ်ကျဲကျဲလုပ်နေတယ်။
မှတော့ ပြန်မပြောရှာဘူး။

'ဟော့ကောင်တွေ၊ ဘယ်ဇော်အကြောင်း ပြောနေကြတာလဲ'

ခွေးအကြောင်းပြော ခွေးလာလို့ပဲ ပြောရမလား။ ရှေ့ပြောနောက်
ည့်လို့ပဲ ဆိုရမလားမသိ။ ဘီလူး ရောက်လာတယ်။

'မင်းတော့ အသက်ရှည်ဦးမယ်၊ အခုပဲ မင်းအကြောင်းပြောနေ
ရော··· ထိုင်'

www.burmeseclassic.com

www.burmeseclassic.com



သေးဝိုင်းက နံ့တစ်လုံးကို ဆွဲယူပေးရင်း ငါက ပြောလိုက်တယ်။

'ဟုတ်လား၊ ဘာလဲ ငါရုပ်ချောစော်ကြည်တဲ့အကြောင်းတွေ လား'

'မဟုတ်ဘူး၊ မင်း ဂန်ဒူးဖြစ်နေတဲ့အကြောင်းတွေ'

'ဟာ…'

ခေါ်ပြားစကားကြောင့် တစ်ဝိုင်းလုံး ရယ်မိကြတယ်။

'ဒါနဲ့ မင်း ဘယ်ပျောက်နေတာလဲ၊ ငါ ဖုန်းဆက်တာလည် လုံးဝဆက်လို့မရဘူး'

'အေး… ဟုတ်တယ်၊ ငါ့ဖုန်း ကျပျောက်သွားလို့ ကတ်အသေ ပျှောက်ထားတာ မနေ့ကမှ ပြန်ရတယ်'

'ဖြစ်ရမယ်။ မင်းကတော့ ဒါနဲ့ ဖုန်းက ဘယ်နေရာမှာ ကျပျောက် သွားတာလဲ'

'ပျောက်ပါတယ်ဆိုမှ ဘယ်နေရာမှန်း သိပါ့မလားကွ၊ သိမှတော အဲဒီနေရာမှာ ပြန်သွားရှာမှာပေါ့'

'အေးလေ ဟုတ်သားပဲ ထန်အုပ်ရယ်၊ တုံးလို့ တုံးတယ်ပြောရ လည်း မကြိုက်ဘူး၊ ဒါကြောင့် စာများများဖတ်ပါလို့ ပြောနေရတာ'

အာပုပ်က အခါအခွင့်ရတုန်း ဝင်တွယ်တယ်။ ထန်အုပ်က ပြန်ပြ အံကြိတ်ပြတယ်။

'ဒါနဲ့ မင်း ဟိုထိန်လင်းတို့အုပ်စုနဲ့ တွဲနေတယ်ဆို၊ သတိထားဦ နော်။ ဒီကောင်တွေက ဟိုငြိဒီငြိနဲ့၊ ငါတို့ကတော့ ဒီကောင်တွေနဲ့ တွဲတာက သိပ်သဘောမကျဘူး'

ငါတို့သူငယ်ချင်းတွေက အဲလိုပဲ။ ပြောစရာရှိရင် မညှာဘူး ဒဲ့လွှတ်တာပဲ။



'မဟုတ်ပါဘူးကွာ၊ ဒီကောင်တွေဂရုထဲက ဇယားလေးတစ်ပွဲနဲ့ ဒီကလီထုရင်း ဒီကောင်တွေနဲ့ တွဲမိသွားတာပါ'

'မင်းကလည်း ချိတ်ချိတ်နိုင်လွန်းတယ်၊ တာမွေအဝိုင်းက ဟို ကောင်မလေးနဲ့ရော ဘယ်လိုလဲ၊ ပြတ်သွားပြီလား'

တာမွေအဝိုင်းက ကောင်မလေးဆိုတဲ့စကားကို ကြားတာနဲ့ ဘီလူး ကျက်နှာ ရှုံ့မဲ့သွားတယ်။

'ဘာလဲ… နီနီကို ပြောတာလား၊ ကြာပေါ့ ပြတ်သွားတာ၊ ကောင်မလေးက သပွတ်အူပါကွာ၊ ငါ့ကိုများ သူတို့ရပ်ကွက်ထဲက ချာတိတ် တွေလိုများ မှတ်နေလားမသိဘူး၊ အပိုင်ချည်ချင်နေတာ၊ အဟင်း… ရယ် တယ်'ဆိုပြီး အစချီကာ ဘီလူးက နီနီနဲ့ သူနဲ့တွဲပုံတွေကို ခရေစေ့တွင်း ကျ ပြောပြတယ်။ ရုပ်ရှင်ရုံတွေထဲမှာ စလို့၊ ကားပေါ်မှာ အလယ်၊ ပန်းဟယ် ခဲထိ အဆုံး သူတို့နှစ်ယောက် သောင်းကျန်းပုံများကို အာပေါင်အာရင်း သန်သန်နဲ့ အတွင်းကျကျပြောပြတယ်။ ဟိုကောင်တွေကတော့ သိတယ် ဟုတ်လား။ ထုံးစံအတိုင်း သွားရည်တများများနဲ့ မစားရသော့်ခံနေကြ တာပေါ့။

'ထန်အုပ်ရေ… မင်းနာမည်ကိုတော့ နီနီကို လွှဲပေးရမလိုဖြစ်နေ အောက်ကျနောက်ကျမခံဘူးဆိုတာ သူနဲ့ကျမှပဲ လက်တွေ့ကြုံဖူးတော့ တယ်၊ ဘယ်တော့မဆို အပေါ်ကမခံဘူး၊ စိတ်ကြီးတာလည်း ပြောမနေနဲ့ င်းလောက်ရှိတယ်၊ တော်တော်မလွယ်တဲ့ ဟာလေး၊ ငါလည်း သူနဲ့ စ်လလောက် ကဲလိုက်တာ ကားကလပ်ကိုတောင် မနင်းနိုင်တော့ဘူး တွေလည်း တဖွပ်ဖွပ်နဲ့ အတော်အားပြန်မွေးယူရတယ်'

'ဒါနဲ့ မင်းက ဖြတ်လိုက်ရောလား'

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ရပါဘူးကွာ၊ သူ့ဘာသာသူ ဘီးကျဲကြီးတစ်ပွေနဲ့ တွေ့ပြီ ပါသွားတာပါ၊ ငါနဲ့ ဘားတစ်ခုမှာတောင် ပြန်တွေ့လို့ သူ့ဘီးကျဲကြီးက အရက်တိုက်သွားသေးတယ်'

အဲဒါတော့ ငါယုံတယ်။ ဘီလူးဆိုတဲ့ကောင်က တစ်မျိုး။ သူ တွဲပြီး ပြတ်သွားသမျှ ကောင်မလေးတွေနဲ့ ရန်ဖြစ်တာတို့၊ စကားများတာ တို့ဆိုတာ လုံးဝမရှိဘူး။ အပြင်မှာပြန်တွေ့လည်း အေးအေးဆေးဆေးပဲ ဘာရှေ့ခံမှ မရှိ။ သူငယ်ချင်းတွေလို ရယ်ရယ်မောမောနဲ့ပဲ တစ်ခါတလေ တစ်ဝိုင်းတည်းမှာတောင် အတူတူထိုင်လိုက်ကြသေးတယ်။

နာမည်ကြီး ဟစ်ဟော့သီချင်းတစ်ပုဒ်ကို ဖုန်းသံလုပ်ထားတဲ့ ဘီလူး ရဲ့ ဖုန်းက ထမြည်တယ်။

'ဩော်... အေး... ရောက်နေပြီလား၊ အေး... စောင့်နေ၊ ကိုယ် အခုချက်ချင်းလာခဲ့မယ်'

'ဟော့ကောင်တွေ... ငါဒိုးလိုက်ဦးမယ်၊ ဟိုမှာ ငါ့စိုက်ခင်းထဲက နှင်းဆီပန်းလေးတစ်ပွင့် ပွင့်ချင်နေပြီဆိုလို့၊ ဟီး'

ဘီလူးက ပြုံးစိစိပြောပြီး ထုံးစံအတိုင်း ကားယားကားယား ထွက်သွားတယ်။ ထုံးစံအတိုင်း ကားလီဗာကို တဝူးဝူးနှင်းပြီး ကျိုး ဆောင့်ထွက်သွားတယ်။ ရပ်ကွက်ထဲက ကောင်တွေကလည်း ထုံးစံအတိုင်း ပေစောင်းစောင်းနဲ့ ကြည့်ကြတာပေါ့။

'ဒီကောင် ဘယ်သူလဲကွ၊ ငါ့ညီတို့သူငယ်ချင်းပဲလား'

ငါတို့ဝိုင်းထဲမှာ နောက်ပိုင်း မကြာမကြာ လာထိုင်တတ်တဲ့ ကိုကြီး မောင်က ရှုံ့ရှုံ့မဲ့မဲ့နဲ့ မေးတယ်။

'ဘီလူးကို ပြောတာလား၊ ကျွန်တော်တို့နဲ့ ကိုးတန်းလောက်က တည်းက တွဲလာခဲ့တဲ့ ငယ်သူငယ်ချင်းပဲလေ၊ ကြည့်စမ်း... ကိုကြီးမောင် နဲ့တောင် မိတ်ဆက်မပေးလိုက်ရဘူး'



ကိုကြီးမောင်ဆိုတာ အာပုပ်ရဲ့ ဝမ်းကွဲအစ်ကို။ နယ်ကပြောင်းလာ တာ မကြာသေးဘူး။ အသက်တော့ ငါတို့နဲ့ သိပ်မကွာဘူး။ သုံး၊ လေးနှစ် ပိုကြီးမယ်။ ဒါပေမဲ့ သူ့နာမည် ကြီးမောင်ဆိုတာကြီးက ခေါ်ရတာ လိုးကန့်လန့်နိုင်တာနဲ့ ငါတို့အားလုံးက ကိုကြီးမောင်လို့ ယာယီပြောင်း ခေါ်ထားရတယ်။

ယာယီလို့ဆိုရတာက ဒီလိုလေ။ သူ့ရဲ့ ကြောင်ကွက်၊ ဟာကွက် ကွက်ကို မတွေ့သေးလို့။ တွေ့တာနဲ့ နာမည်ပြောင်ပေးပစ်မှာ။ ဒါပေမဲ့ က်တော်နဲ့ ပေးဖြစ်ဦးမယ်မထင်သေးဘူး။ ကိုကြီးမောင်က ငါတို့လို က်ခွက်မပြောင်ဘူး။ ပြောလိုက်ရင် အတည်အတံ့တွေနဲ့ အကြီးကြီးတွေ။ ည်မှန်းချက်ကလည်း အမြင့်ကြီးတွေ။

'မိတ်ဆက်ပေးမနေပါနဲ့ကွာ၊ ဒီလိုကောင်မျိုးနဲ့ မခင်ချင်ပါဘူး၊ ကြည့်ပါဦး၊ နှမသားချင်း မစာမနာပြောသွားလိုက်တာ ရစရာကိုမရှိဘူး'

ကိုကြီးမောင်က ကုန်နေတဲ့ သူ့ဖန်ခွက်ထဲကို ရေနွေးထပ်ဖြည့် တယ်။

'သူနဲ့ ဘယ်လိုဖြစ်ခဲ့ဖြစ်ခဲ့လေ၊ ဒါမျိုးကိစ္စဆိုတာ ဖုံးဖုံးဖိဖိ လျှို့ဝှက် ားရမှာ မဟုတ်လား၊ တစ်ဖက်က မိန်းမသားဆိုတာကို သဘောပေါက် ယ်လေ၊ အခုတော့ မဟုတ်သေးပါဘူး၊ ကျွတ်'

'အဲဒီလိုသဘော မဟုတ်ပါဘူး ကိုကြီးမောင်ရာ၊ ဒီကောင်က န်တော်တို့နဲ့ ငယ်သူငယ်ချင်းဆိုတော့ ပွင့်ပွင့်လင်းလင်းရှိတဲ့သဘောပါ'

ထန်အုပ်ရဲ့စကားကို လက်မခံ။ ကိုကြီးမောင်က ခွတ်ငြင်းတယ်။

'ဟာ... ဘယ်ရမလဲ၊ မရဘူးလေ၊ သူငယ်ချင်းအချင်းချင်း ပွင့် င်းတယ်ဆိုတာ လက်ခံပါတယ်၊ ဒါပေမဲ့ အတိုင်းအတာတော့ ရှိရမယ်၊ စ်ဖက်သား မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို အခုလို နောက်

www.burmeseclassic.com

www.burmeseclassic.com



ကွယ်မှာ မညှာမတာပြောတာမျိုးကတော့ ပွင့်လင်းတာမဟုတ်တော့ဘူး ဒါ စိတ်ခါတ်အောက်တန်းကျတာပဲ၊ ယောကျ်ားကောင်းမပီသတာပဲ'

ကိုကြီးမောင်က အငွေ့တထောင်းထောင်းထနေတဲ့ ရေနွေးခွက် သုံး၊ လေးချက်မှုတ်ပြီး တစ်ကျိုက်တည်း မော့သောက်လိုက်တယ်။ ကုန်သွ တဲ့ခွက်ကို ပြန်ဖြည့်တယ်။ ရပ်သွားတဲ့စကားကို ပြန်ဆက်တယ်။

'တကယ်တော့ မင်းတို့သူငယ်ချင်း ဘီလူးဆိုတဲ့ကောင်လိုမျိုး မိ ပိုက်ဆံရှိတိုင်း ရမ်းချင်တိုင်း ရမ်း၊ ဆိုးချင်တိုင်း ဆိုးနေတဲ့ လူငယ်တွေရှိ ငါတို့တိုင်းပြည်အတွက် အရမ်းနစ်နာတယ်၊ သူတို့ဖြုန်းလိုက်တဲ့ ပိုက်ဆံ က ပြန်ရှာလို့ရနိုင်ပေမယ့် သူတို့ဖြုန်းလိုက်တဲ့ အချိန်တွေ၊ ပညာတွေ တော့ ပြန်ရှာလို့ရတော့မှာ မဟုတ်ဘူး၊ သူတို့နေရာမှာ တကယ်ကြိုး ချင်စိတ်ရှိပြီး ပညာလိုချင်ပေမယ့် မိဘတွေ ငွေကြေးမပြည့်စုံလို့ တက္ကသို နဲ့ဝေးနေရရှာတဲ့ လူငယ်တစ်ယောက်ကိုသာ အစားထိုးလိုက်ရင် ငါ တိုင်းပြည်အတွက် ဘယ်လောက်များ အကျိုးရှိလိုက်မလဲ၊ ကဲ··· စဉ်း ကြည့်စမ်း'

အဲဒီကနေ အစပြုပြီး ကိုကြီးမောင်က သူ့ရဲ့ နိုင်ငံရေး ခံယူချ တွေ၊ ဒဿနတွေ လွှတ်တော့တာပဲ။

ကမ္ဘာကြီးဖြစ်တည်လာပုံတို့၊ စကြဝဠာရဲ့ မဟာပေါက်ကွဲမှုဖြစ် တို့၊ ထေရဝါဒနဲ့ မဟာယနကွာခြားပုံတို့ အဲဒီလို ငါမသိသေးတဲ့ကိစ္စ ကို နားထောင်ရတဲ့အခါ ကိုကြီးမောင်ရဲ့စကားကို တစ်နာရီလည်း နားထော နိုင်တယ်။ နှစ်နာရီလည်း နားထောင်နိုင်တယ်။ ပြဿနာမရှိဘူး။

ဒါပေမဲ့ ကိုကြီးမောင်ရဲ့ နိုင်ငံရေးဒဿနတွေကိုတော့ နားမထော ချင်ဘူး။ သူပြောသမျှဟာတွေက ငါ့အဖေ နေ့တိုင်းနားထောင်တဲ့ ရေဒီ ကနေတစ်ဆင့် နားမထောင်ဘဲ အမြဲကြားနေရလို့ ရိုးအီနေပြီ။



စစ်အာဏာရှင်တို့၊ ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့ဆိုတဲ့ စကား တွေကို ငါ့နားထဲကနေ ရိုက်ထုတ်ပြီး ရေဒီယိုကနေ ပြန်လွှင့်မယ်ဆိုရင်တောင် တစ်နှစ်ပတ်လုံး လွှင့်လို့ရအောင် ပြည့်လျှံနေပေါ့။ ထပ်မကြားပါရစေနဲ့တော့။

လေးခွက်မြောက်ရေနွေးကို ကိုကြီးမောင် သောက်ပြီးတဲ့အခါ နောက်တစ်ခွက်ကို ဘယ်တော့ထပ်ဖြည့်မလဲလို့ သတိထားစောင့်ကြည့်လိုက် တယ်။

'ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားခဲ့သလိုပေါ့၊ သူများခြေတစ်လှမ်း လှမ်းရင် ငါတို့က ဆယ်လှမ်းလှမ်းမှ လိုက်မီမှာ၊ အခုခေတ်လူငယ်တွေ ပုံစံမျိုးနဲ့ဆိုရင်တော့ သူများခြေတစ်လှမ်းကို ငါတို့က ဒုံးပျံစီးလိုက်ရင်တောင် မီနိုင်ပါတော့မလား မသေချာဘူး'

ထည့်ပြီ။ ထည့်ပြီ။ ငါးခွက်မြောက်ရေနွေးကို ဓာတ်ဘူးထဲကနေ ငှဲ့ထည့်ပြီ။ ခွက်ကိုမ,ပြီး တဖူးဖူးမှုတ်တော့မယ်။ ပြောလက်စ စကား ခဏရပ်သွားပြီ။ ငါလည်း အခွင့်အရေးရတာနဲ့တစ်ပြိုင်နက်···

'ဟော့ကောင်တွေ··· ငါပြန်လိုက်ဦးမယ်ကွာ၊ ငါ့ညီမ ဆယ်တန်း စာမေးပွဲနီးနေပြီလေ၊ နောက်နေ့ညတွေလည်း ငါ ပုံမှန်လာနိုင်မှာ မဟုတ် ဘူး၊ ညဘက်တွေ ဆိုင်စောင့်ပေးရလိမ့်မယ်'

'ဘာလဲ··· ခေါ်းရဲ့ ညီမလေးက အခုနှစ် ဆယ်တန်းလား'

မှုတ်ခါနီးဆဲဆဲ ခွက်ကို ပြန်ချလိုက်ပြီး ကိုကြီးမောင်က မေးတယ်။ ဆိုင်အပြင်ကို လှမ်းကာနီးဆဲဆဲ ခြေလှမ်းတွေကို ရပ်ပြီး ကိုကြီးမောင်ကို ပြန်ဖြေရသေးတယ်။

'ဟုတ်'

'အေး··· အေး··· ဂရုစိုက်လိုက်ပါကွာ၊ ဆယ်တန်းဆိုတာ ဘဝ မှာ အရေးကြီးဆုံးအချိန်ပဲ'

www.burmeseclassic.com



'ဟုတ်'

'ဒါနဲ့ ကိုကြီးမောင် ဒီကောင့်အိမ်ကိုတော့ တစ်ရက်လောက် လိုက်သွားသင့်တယ်၊ ဒီကောင့်ဖားသားကြီးကလည်း နိုင်ငံရေးဂုရုကြီးပဲ၊ စာအုပ်တွေလည်း အများကြီးရှိတယ်'

ဆိုတဲ့ ဂေါ်ပြားရဲ့စကားလည်း ကြားရော ကိုကြီးမောင် ဝမ်းသာ အားရဖြစ်သွားတယ်။

'ဟာ… ဟုတ်လား ခေါ်း၊ အေးကွာ ငါ့မှာ နိုင်ငံရေးကိစ္စတွေ ဆွေးနွေးချင်နေတာ အဖော်မရှိဘူးဖြစ်နေတာနဲ့ အတော်ပဲ၊ ငါလာမယ်နော် ခေါ်း'

'ဟုတ်… ဟုတ်… ဟုတ်'

'ကဲ… အားလုံးပဲ ဒိုးပြီ'

ကိုကြီးမောင်ဆိုတာ အဲဒီလိုလူမျိုး။ လေကြောကို တော်ရုံနဲ့ ဖြတ် လို့မရဘူး။ သူ့စကားကို ဆုံးအောင်နားထောင်နေရင် နောက်ဘုရားပွဲ တာကိုတောင် မဖူးလိုက်ရဘဲ ဖြစ်နေဦးမယ်။

မြန်မြန်ပြန်မှ။ ညီမလေး စာကျက်ရင်း မငိုက်အောင် ချဉ်စပ် ခေါက်ဆွဲ ပြုတ်ပေးမယ်လို့ ကတိပေးထားတာ။ အိပ်တောင်ပျော်နေပြီ လားမသိ။

ငါ့ခြေလှမ်းတွေကို အရှိန်ထပ်မြှင့်လိုက်တယ်။

❒ ❒ ❒

# နောက်တစ်ခန်း

www.burmeseclassic.com

www.burmeseclassic.com

ငါ့တစ်ကိုယ်လုံး ရှဲရှဲစိုသွားတယ်။ အိမ်ထဲမှာ ထိုင်နေပေမယ့်လည်း
ရှဲစိုသွားတယ်။

'ဒါ.. ဒါ နှင်းချို့တို့အိမ်လားဟင်၊ ကျွန်မက မိုးပါ၊ နှင်းချို့ရဲ့
ဘော်ပါရှင်'

မိုးတဲ့လား။ ဒါကြောင့် ငါ့ရင်ထဲမှာ လျှပ်စီးတွေ တဖျတ်ဖျတ်
လက်သွားတာကိုး၊ ဒါကြောင့် ငါ့ရင်ထဲမှာ မိုးခြိမ်းသံတွေ တဂျိန်းဂျိန်းဆူည
တာကိုး၊ သဲသဲမဲမဲသာ ရွာချလိုက်ပါ မိုးရယ်၊ ဒီကောင်ကြီးက မိုးရေ
ထဲမှာ ခုန်ပေါက်ပြေးလွှားရတာ ခုံမင်လွန်းလို့ပါ။

'ဒီမယ်၊ ဒီမယ် ဒါက နှင်းချို့တို့အိမ်လား'

အကြောင်သားငေးနေတဲ့ ငါ့ကို မိုးက စိတ်မရှည်သလို ထပ်မေး
တယ်။ ဒီတော့မှ ငါလည်း သတိပြန်ဝင်လာပြီး ပျာပျာသလဲ ဆီးကြိုလိုက်
တယ်။

'ဟာ... ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ဒါ နှင်းချို့တို့အိမ်ပါ၊
ကျွန်တော်က သူ့အစ်ကို နှင်းခါးပါ ခင်ဗျာ'

ငါကတော့ မမေးလည်း အတင်းမိတ်ဆက်လိုက်တာပဲ။ နည်း
နည်းများ ကူနွေ့မဲ့သွားသလား မသိဘူး။ မဲ့သွားလည်း မတတ်နိုင်ဘူး။
ဘာယ်မဟုတ်လား။ နပိုလီယံကအစ ကျွန်စစ်သားအလယ် ဂျူလီယက်

www.burmeseclassic.com



ဆီဇာအဆုံး သူ့ရဲ့ကောင်းကြီးတွေတောင်မှ အချစ်နဲ့ပတ်သက်လာရင် ကျ
ဆယ်နိုင်ခဲ့ကြတာမှ မဟုတ်ဘဲ။ ငါလိုကောင်က ဘာအရေးလဲ။

ကံကြမ္မာက ဖန်ချင်လာတော့ ဂိုက်ဆရာမလေးကို ညီမလေ
အတူ ညတိုင်း အိမ်ပြန်လိုက်ပို့ပေးဖို့ ငါ့အမေက ငါ့ကို တာဝန်ပေးတယ်
ဘဝတစ်လျှောက်လုံး ငါ့အမေခိုင်းခဲ့သမျှ အလုပ်တွေထဲမှာ ဒီတစ်ခေါက်
တော့ အကောင်းဆုံးပဲ။ စိတ်ချ၊ တစ်ညမှ မလစ်ဟင်းစေရပါဘူး။

ဒါပေမဲ့ ဆရာမလေးကို အိမ်ပြန်ပို့တဲ့ ခရီးတိုလေးမှာ ငါ
အစောင့်တပ်သားသက်သက်ပါ။ ငါ့ကို ငါ့ညီမလေးရော ဆရာမလေးက
ရှိတယ်လို့များ မှတ်ရဲ့လား မသိဘူး။ မေးထူးခေါ်ပြောလုပ်ဖော်တော
မရကြ။ သူတို့ဘာသာသူတို့ ကျောင်းသင်ခန်းစာတွေကို ပြောရင်း ဆိုရင်း
မိုးတို့အိမ်ကို ရောက်ရောက်သွားတယ်။

ဘာဖြစ်လို့များ ငါတို့အိမ်နဲ့ နှစ်လမ်းကျော်မှာပဲ နေရတာလ
နည်းနည်းဝေးဝေးမှာ နေပါတော့လား မိုးရယ်။ ဒါမှ ကြာကြာလေးလိုက်
ရမှာ။ အခုတော့ လမ်းသွားရင်း သင်ခန်းစာတွေရှင်းပြနေတဲ့ ဆရာ
အသံချိုချိုလေးကို သောတဆင်ရင်းနဲ့သာ ငါ့မှာ ကျေနပ်နှစ်သိမ့်နေရ
တယ်။

လေသံချိုချိုလေး။

လေသံချိုချိုလေးနဲ့ပတ်သက်လို့ မမေ့နိုင်စရာအဖြစ်အပျက်တ
ရခဲ့တယ်။ တစ်ည။ လေတွေအရမ်းတိုက်ခတ်တဲ့ တစ်ညမှာပေါ့။ ထုံ
အတိုင်း ညီမလေးရယ်၊ ငါရယ်က ဆရာမရဲ့ အိမ်အပြန်လမ်းမှာ အ
အဖြစ် လိုက်ပါပေးနေချိန်မှာပေါ့။ ညီမလေးနဲ့ ဆရာမရဲ့နောက်က လ
ကလေးပိုက်ပြီး ငြိမ်သက်တိတ်ဆိတ်စွာ လိုက်ခဲ့တဲ့အချိန်မှာပေါ့။ (ရင်ဘ
ထဲမှာတော့ ဆူညံနေပါတယ်။)



ပုံမှန်တိုက်နေတဲ့ လေက အရှိန်နည်းနည်းပါလာတယ်။ အရှိန်နည်း
ည်းပါလာတဲ့လေက တဖြည်းဖြည်း ပြင်းလာတယ်။ တဖြည်းဖြည်း ပြင်း
တဲ့လေက အားကောင်းလာပြီး ဝေါခနဲတိုက်လိုက်တဲ့အခါမှာ…

မိုးရဲ့ဦးခေါင်းပေါ်က ပန်းရောင်ဖဲကြိုးလေးဟာ လေဒဏ်ကြောင့်
ွင့်ထွက်သွားတယ်။ ဒါပေမဲ့ ဖဲကြိုးလေးဟာ အောက်ကိုမကျပါဘူး။
လက်က အလျင်အမြန်ပဲ ဖမ်းယူထားလိုက်နိုင်တယ်။

ဖဲကြိုးလေးမရှိတော့တဲ့ ဆံနွယ်စတွေဟာ ပြေလျော့သွားပြီး လေထဲ
စ်ချက်ဝဲပျံ့သွားတယ်။ ချိုအီသင်းပျံ့နေတဲ့ ဆံကေသာရနံ့လေးက လိုက်
တက်လာပြီး ငါ့သွေးကြောတစ်လျှောက် အေးခဲတောင့်တင်းသွားပါ
တာတယ်။

'အို…'

မိုးက လေမှာလွင့်နေတဲ့ သူ့ဆံပင်လေးကို ပိုက်ပြီး ငါ့ကို လှည့်
ည့်တယ်။ ဒီအကြည့်၊ ဒီရနံ့၊ ဒီအဖြစ်အပျက်တွေက တကယ်တမ်း
တာ့ ဘာမှသိပ်မကြာလိုက်ပါဘူး။ ဒါပေမဲ့ အိပ်ရာဝင်တိုင်း တစ်ကွက်မှ
ာ့ရအောင် အသေးစိတ်မှတ်မိနေတာ ဘာဖြစ်လို့လဲ။

'ကျွန်မရဲ့ဖဲကြိုးလေး'

ငါ့နားထဲမှာ ဘာသံမှမကြားရဘူး။ ရင်ခုန်သံတွေ ကျယ်နေလွန်း
အပြင်က အသံတွေကို ကြားနိုင်စွမ်းမရှိတာလည်း ဖြစ်နိုင်တာပဲ။

'ကျွန်မ ဖဲကြိုး'

ကျောက်ရုပ်ကြီးလို မလှုပ်မရှားရပ်နေတဲ့ ငါ့ကိုကြည့်ပြီး မိုးအ
ံ့တသြဖြစ်နေတယ်။

'ကိုကြီး ပြန်ပေးလိုက်လေ၊ ဆရာမရဲ့ ဖဲကြိုးကို'

www.burmeseclassic.com

www.burmeseclassic.com



ညီမလေးက ငါ့လက်ထဲက ဖဲကြိုးကို အတင်းပြန်လုတော့မှ
သတိပြန်ဝင်လာတယ်။

'ဟုတ်… ဟုတ်၊ ကျေးဇူးပါ'

ငါ့ပါးစပ်က အယောင်ယောင်အမှားမှားနဲ့ ကျေးဇူးတင်စကား ပြေ
မိသွားတယ်။ ညီမလေးက မျက်မှောင်ကြုတ်ပြီး တခစ်ခစ်ရယ်ရင်း…

'ဟင်… ကိုကြီးက ဘာကိုကျေးဇူးတွေတင်နေတာလဲ၊ ဘာ
လည်းမဆိုင်ဘူး'

'အဲ… ဟို… အဟဲ…'

မိုးကပါ ညီမလေးနဲ့ အတူတူရယ်နေတော့ ငါလည်း သူတို့နဲ့အ
ချော်လဲရောထိုင် လိုက်ရယ်လိုက်ရတာပေါ့။ သိတယ်မဟုတ်လား။ လူ
ရှက်တော့ ရယ်တယ်တဲ့။

ဘာပဲဖြစ်ဖြစ် အခုလို အမှတ်တရချမ်းလေးဖြစ်သွားအောင် ဖန်
ပေးတဲ့ လေနတ်သားလေးကိုတော့ ကျေးဇူးတင်ပါတယ်။ ကိုယ်မြတ်နိုး
သူလေးရဲ့ ဆံနွယ်လေးကို အမှတ်မထင် နမ်းရှိုက်ခွင့်ရခဲ့တဲ့အတွ
ကျေးဇူးအထူးတင်ပါတယ်။ ညစဉ်ညတိုင်း အိပ်မက်လှလှလေးတွေ မက်
ရတော့မှာမို့လို့ ကျေးဇူးကဘောကမ္ဘာပါ။

□ □ □

ရန်ကုန်မြို့ရဲ့ ဆောင်းရာသီညနေခင်းများဟာ ခိုက်ခိုက်တုန်အောင်
ချမ်းပေမယ့် ညို့ညို့မှိုင်းမှိုင်းနဲ့ အအေးဖျော့ဖျော့တို့ကြောင့် စိတ်ကူးယဉ်
လို့ကတော့ အတော်ကောင်းပါတယ်။ ဒီကြားထဲ စိတ်ကူးယဉ်စရာအကြောင်း
လေးတွေကလည်း ရှိနေပြန်ဆိုတော့ ခြင်ထောင်ထဲမှာပဲ ငါ့ရဲ့ သီးခြား
ကမ္ဘာလေးတစ်ခုကို ရှာဖွေတွေ့ရှိခဲ့တယ်။

နန်းဆန်ဆန်ကိုယ်နေဟန်ပန်နဲ့ လမ်းလျှောက်လိုက်တိုင်း သိမ့်သိမ့်
မွေ့ လှုပ်ယမ်းသွားတဲ့ ဖဲကြိုးလေးကို နောက်ကနေ မမှိတ်မသုန်ကြည့်
ရင်း မိုးရဲ့အိမ်ပြန်ခရီးလေးကို မြတ်နိုးနေမိတယ်။ ဒီလိုမျိုး ဖဲကြိုးလေးကို
ဝရမြင်တွေ့ခွင့်ရဖို့ရာလည်း တစ်ဆက်တည်း ဆုတောင်းလိုက်မိတယ်။

ဆုပဲ တောင်းရဲတာပါ။ ဘာစကားမှတော့ အခုချိန်ထိ မပြောရဲ
သေးဘူး။ အဲဒီလို သာမန်မေးထူးခေါ်ပြောစကားလေးတွေကိုတောင် မပြော
ရဲခဲ့တာ ဘယ်လိုလုပ်ပြီး ချစ်တယ်ဆိုတဲ့ မီးအလင်္ကာကို ရွတ်ဆိုရဲမှာလဲ။
ါ ငါ သူ့ကို အရမ်းတန်ဖိုးထားလို့လည်း ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ်
ရွယ်နဲ့မလိုက်အောင် ထိန်းသိမ်းထားတဲ့ မိုးရဲ့ ဣန္ဒြေသိက္ခာကြောင့်လည်း
ဖြစ်နိုင်တယ်။ ဒီလိုမှမဟုတ်ရင် အာပုပ် အမြဲတမ်းရွတ်ပြတတ်တဲ့ ရှင်မဟာ
ဋ္ဌသာရထဲကလိုပဲ ဖြစ်နေပြီလား။

'ချို့တဲ့ပညာ၊ ညိုးမျက်နှာနှင့်
ရှုံ့ရှာလန့်ထိတ်၊ အသံဆိတ်၏'

www.burmeseclassic.com



မိုးက ငါ့ထက် ပညာအဆင့်အတန်း အများကြီးမြင့်တယ်လေ ဒါ့အပြင် ငါ့ညီမလေးရဲ့ ဆရာမဆိုတဲ့ ဂုဏ်ပုဒ်ကလည်း ရှိနေစရာကောင် တယ်လေ။ အခုလိုအခြေအနေမျိုးမှာတော့ ဖွင့်ပြောဖို့ရာ ဘယ်လိုမှမဖြစ်နိုင် သေးဘူး။ ဟုတ်တယ်။ လုံးဝကိုမဖြစ်နိုင်သေးတာ။

ဒါပေါ့လေ။ စစ်ပွဲတစ်ပွဲခင်းဖို့ရာတောင်မှ လေးတွေ မြားတွေ သေနင်္ဂဗျူဟာတွေနဲ့ အချိန်ယူပြင်ဆင်ရသေးတာပဲ။ အချစ်ဆိုတာ စစ်ပွဲပေါင် များစွာထက် ကြီးကျယ်မြင့်မြတ်တဲ့အရာ မဟုတ်လား။ အချိန်ယူအားမွေ ရမှာပေါ့။

ဒါမှမဟုတ် ငါဟာ နွေခေါင်ခေါင်မှာနေပြီး မိုးကို မတန်မရာ မှန်းမိနေပြီလား။

'ကျွတ်' .

မစဉ်းစားတတ်တော့ဘူး။ စိတ်ညစ်တယ်။ ဒါနဲ့ ဆိုင်စောင့်ရင် ပုံဆွဲစာအုပ်လေးဖွင့်ပြီး ပုံတစ်ပုံဆွဲလိုက်တယ်။ မိုးရဲ့ ဖဲကြိုးပုံလေးဆိုတာကို တော့ အထူးပြောဖို့လိုမယ် မထင်ပါဘူးနော်။ တကယ်ပါ။ ပန်းချီနဲ့ပတ် သက်လာရင် ဝလုံးကိုတောင် စကေးကိုက်အောင် ဆွဲတတ်တဲ့ကောင်မဟုတ် ဘူး။ ဒါပေမဲ့ မိုးရဲ့ဖဲကြိုးပုံကိုတော့ တစ်ထပ်တည်းတူအောင် ဆွဲနိုင်တာ ထူးဆန်းတယ်။ အချစ်ရဲ့စွမ်းအင်လို့ပဲ ခေါ်ရမလား။

မိုးကိုသတိရတိုင်း ဖဲကြိုးပုံလေးတွေဆွဲထားတာ အခုဆိုရင် ပုံဆွဲ စာအုပ်သုံးအုပ်စာလောက် ရှိသွားပြီ။ နောင်တစ်ချိန်ကျရင် ငါတို့တွေဆီကနေ တစ်ဆင့် ဖြစ်ထွန်းလာမယ့် သားသမီးတွေရှေ့မှာ မိုးနဲ့ ငါတို့က ဒီစာအုပ် လေးကို လှန်ပြရင်း သူတို့လေးတွေရဲ့ မိဘနှစ်ပါးအချစ်ဇာတ်လမ်းကို ပြန် ပြောင်းပြောပြရင် ဘယ်လောက်များ ကြည်နူးဖို့ကောင်းလိုက်မလဲ။ စာအုပ်



လေးကို ရှေ့နောက်လှန်ပြီး အရသာခံနေတုန်းမှာပဲ ဒူဒူချပ်ချပ်အသံတွေနဲ့ အားတစ်စီး လာရပ်တယ်။

'ဘီလူး'

စာအုပ်တွေကို နီးစပ်ရာတစ်နေရာမှာ ဝှက်လိုက်တယ်။ ဒီအချိန်မှာ ငါ့ရဲ့ မိုးအကြောင်းကို ဘယ်သူ့ကိုမှ ပေးမသိချင်သေးဘူး။ ချစ်သူတွေ ဖြစ်သွားတော့မှပဲ မိုးရဲ့လက်ကို ဆွဲကိုင်ပြီး ဒီကောင်တွေ အမြင်ကတ်လောက် အောင် အဖြစ်သည်းပြလိုက်မယ်။

'ဟေ့ကောင် လာ… ဒီကနေ ဝင်ခဲ့၊ ဘာထူးလို့လဲ'

ဘီလူးက ဆိုင်ဘေးပေါက်ကနေ ဝင်ပြီး ငါ့နားမှာ လာထိုင်တယ်။

'မင်း ပန်းဥယျာဉ်ကို မရောက်တာ ကြာပြီဆို'

'အေးကွာ… ဒီမှာ ငါ့ညီမလေးက စာမေးပွဲနီးနေလို့ စောင့်ပေး နေရတာ'

တကယ်တော့ မဟုတ်ပါဘူး။ မိုးကို ပြန်လိုက်ပို့ဖို့အရေး တစ်ညမှ ပျက်ကွက်နိုင်လို့ပါ။ နောက်ပြီး စေတနာအပြည့်နဲ့ စာသင်နေတဲ့ မိုးရဲ့ ျက်နှာလေးကိုလည်း ခဏခဏ ခိုးကြည့်ချင်လို့ပါ။

ဘီလူးက ဘာမှမပြောတော့ဘူး။ တွေတွေကြီးနဲ့ ဆိုင်ရှေ့ကို ငေးနေတယ်။ ဘီလူးပုံကို ကြည့်ရတာ တက်တက်ကြွကြွမရှိဘူး။ စကား ပြောတာကလည်း မပွင့်တပွင့်နဲ့၊ ဒီ့ပြင်ချိန်တွေဆို အမြဲတမ်း လတ်လတ်ထ နေတဲ့ကောင် မဟုတ်လား။

'ဟေ့ကောင် ဘာဖြစ်လာတာလဲ၊ မရွှင်မပျနဲ့'

ဘီလူးက ခေါင်းခါပြတယ်။

'ဘာလဲ၊ အသည်းကွဲလာတာလား'

ဘီလူးက ဟက်ခနဲတစ်ချက်ရယ်တယ်။ ဘာမှတော့ ပြန်မပြော

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဟုတ်ပါတယ်။ ဒီလိုကောင်က အသည်းကွဲမှာမှ မဟုတ်ဘဲ။ ဒ
စရာအသည်းရော ရှိလို့လား။ ငါ့မျက်စိရှေ့မှာတင် တွဲခဲ့တဲ့ကောင်မလေးတေ
ကို လက်ချိုးရေမယ်ဆိုရင် ဟိန္ဒူဘုရားကျောင်းက ကာလီမန်မယ်တော်
လက်နဲ့ ရေမှ ရနိုင်မယ်။

'ဟာ… မိုး အဲ… ဆရာမ၊ ခဏ… ခဏထိုင်ဦးနော်'

ငါ့ရင်ထဲက မိုးရောက်လာတယ်။ ဒါနဲ့ ဟိုကောင်ကို ဆိုင်ခ
ကြည့်နိုင်းထားပြီး မိုးအတွက် ကော်ဖီတစ်ခွက် ဖျော်ပေးလိုက်တယ်။ ချစ်ခြ
မေတ္တာနဲ့ ပေါင်းစပ်ဖျော်ထားတဲ့ ကော်ဖီက အရသာထူးကဲမယ်ဆိုတာကိုတေ
မြည်းကြည့်စရာတောင် လိုမယ်မထင်ဘူး။

'ဆရာမ ခဏလောက်စောင့်ပါနော်၊ သားအမိ သားအဖ
ယောက်စလုံး ညီမလေးစာမေးပွဲအတွက် ဗေဒင်သွားမေးနေလို့၊ အဲဒါ နည်
နည်းများနောက်ကျမလား မသိဘူး'

'ဟုတ်ကဲ့ရှင့် ရပါတယ်၊ ကျွန်မကို အားမနာပါနဲ့၊ ကိုနှင်းခ
လုပ်စရာရှိတာကိုပဲ လုပ်ပါ'

ကော်ဖီခွက်ချပေးတဲ့ လက်ကို တုန်မနေအောင် မနည်းထိန်းထ
ရသေးတယ်။ ဆိုင်ရှေ့မှာ ပြန်ထိုင်လိုက်တော့ ဘီလူးက မိုးကို တစ်ချ
ကြည့်ပြီး မေးတယ်။

'မင်းညီမရဲ့ ဂိုက်လား'

'အေး'

ငါလည်း တစ်လုံးတည်းပဲ ဖြေလိုက်နိုင်တယ်။ မိုးကို မနည်
အားထုတ်ပြီး စကားပြောထားရလို့ မောနေသလိုကြီး ဖြစ်နေတယ်။ ရင်တ
အရမ်းခုန်နေလို့လည်း ဖြစ်နိုင်တယ်။

တော်သေးတယ်။ ဘီလူးဘက်ကလည်း ဘာမှထပ်မမေးတော့ဘူ



တစ်ယောက်ကို တစ်ယောက် စကားမပြောကြဘဲ တိတ်တိတ်ဆိတ်ဆိတ်
ထိုင်နေကြတယ်။ သိပ်မကြာပါဘူး။ ညီမလေးတို့ ပြန်ရောက်လာတယ်။

'ကိုကြီး ဆရာမတို့ ရောက်နေပြီလား'

ငါက အိမ်ထဲကို လက်ညှိုးထိုးပြလိုက်တယ်။ မိုးက ညီမလေး
အသံကြားလို့ထင်တယ်။ လက်ထဲက စာအုပ်လေးကို ပိတ်ပြီးမော့ကြည့်
တယ်။ မိုးကတော့ နာမည်နဲ့လိုက်တယ်။ ဘယ်ရှုထောင့်က ကြည့်ကြည့်
အေးချမ်းမှုကို ဖော်ဆောင်နိုင်တယ်။

'ငါးရေ ထမင်းစားရအောင်၊ မင်းအဖေကို ဆိုင်ခဏစောင့်နိုင်း
ထားလိုက်၊ ဝင်းသူရလွင်ကိုပါ ခေါ်ခဲ့လေ'

'လာကွာ ဟေ့ကောင် တစ်ခါတည်းစားလှည့်ချေ'

ဘီလူးက ထူးထူးဆန်းဆန်း မငြင်းဘူး။ အသာတကြည်ထလိုက်
လာတယ်။ ဒီကောင်က တော်ရုံတန်ရုံနဲ့ သူများအိမ်မှာ ထမင်းစားတတ်
တဲ့ကောင် မဟုတ်ဘူး။

မီးဖိုချောင်ထဲက စားပွဲလေးပေါ်မှာ အကျအနပြင်ပေးထားတဲ့ ငါတို့
ထမင်းဝိုင်းလေးက ခမ်းခမ်းနားနားမဟုတ်ပေမယ့် ဖွယ်ဖွယ်ရာရာတော့ ရှိပါ
တယ်။ ငါ့အမေရဲ့ ဟင်းချက်လက်ရာကလည်း နာမည်ကျော်စားသောက်
ဆိုင်ကြီးတွေရဲ့ လက်ရာတွေကို မမီပေမယ့် နွေးနွေးထွေးထွေးတော့ရှိပါ
တယ်။

'ထည့်စား သား၊ အားမနာနဲ့'

ပြောပြောဆိုဆိုနဲ့ ဟင်းဖတ်တွေကို ငါတို့ထမင်းပန်းကန်ထဲ ထည့်
ပေးတယ်။ ငါးပိရည်နဲ့ တို့ဖို့ လောလောလတ်လတ် ရေနွေးဖျောထားတဲ့
အတို့အမြုပ်လေးတွေက အငွေ့တထောင်းထောင်းနဲ့ ဆွဲဆောင်မှုအပြည့်ဖြစ်
နေတယ်။ ဟိုကောင် ဘီလူးကတော့ တကယ့်ဘီလူးအတိုင်းပဲ စားနေလိုက်

www.burmeseclassic.com



တာ ခေါင်းတောင်မဖော်ဘူး။

'မေကြီးရေ ဘီလူးအတွက် ထမင်းပေးပါဦး'

ငါ့အမေက ဘီလူးအတွက် ထမင်းထပ်ထည့်ပေးတယ်။ တို့စရာတွေလည်း ထပ်လုပ်ပေးတယ်။ ဒီကောင်ကလည်း ငါးပိရည်တို့စရာနဲ့ ချဉ်ပေါင်ဟင်းရည်ချည်း ဖိတွယ်နေတာ။ ငါးဖယ်ဟင်းကို လက်ဖျားနဲ့တောင် မတို့ဘူး။ နောက်တစ်ပန်းကန်လည်း ပြောင်တာပါပဲ။

'ထပ်ထည့်ဦးလေ ဝင်းသူရလွင်'

'တော်ပါပြီ အန်တီ၊ တော်ပြီ ကျေးဇူးပဲ၊ ဒီမှာလည်း ကြည့်ဦး'

ဖောင်းကားနေတဲ့ ဗိုက်ကို ပုတ်ပြပြီး ဘီလူးက အိမ်ရှေ့ထွက်သွားတယ်။ ဆိုင်ရှေ့မှာတော့ ငါ့အဖေက ထုံးစံအတိုင်း ရေဒီယိုစီးပြီး ကမ္ဘာပတ်နေဆဲ။

'ဘယ်လိုလဲ၊ ထမင်းစားကောင်းရဲ့လား'

ငါက ဆိုင်ရှေ့မှာခင်းထားတဲ့ ပလတ်စတစ်ခြင်းတစ်ခုထဲက လောလီပေါ့ကို နှိုက်ယူလိုက်တယ်။ တစ်ခုကို ထောင်ပြတယ်။ ဘီလူးက ခေါင်းခါတယ်။ လောလီပေါ့ မစားတော့ဘူးဆိုတဲ့သဘော။ ငါတစ်ယောက်တည်းပဲ တပြွတ်ပြွတ်စုပ်နေလိုက်တယ်။

'ကောင်းတယ်ကွာ၊ ငါ အဲဒီလို ထမင်းကောင်းကောင်းမစားရတာကြာပြီကွ'

ဘီလူးက လှိုက်လှိုက်လှဲလှဲ ပြန်ဖြေတယ်။ အခုမှပဲ တက်တက်ကြွကြွဖြစ်သွားပုံရတယ်။

'မင်းအမေက ဟင်းချက်အတော်ကောင်းတာပဲကွနော်'

ငါက ဘာမှပြန်မပြောဘဲ လောလီပေါ့ကိုစုပ်ရင်း ပြုံးနေလိုက်



တယ်။ ညီမလေးရဲ့ စာအံသံ အခန်းထဲက ထွက်လာတယ်။ တစ်ချက်တစ်ချက် လိုက်ထောက်ပေးနေတဲ့ မိုးရဲ့အသံကလည်း သာယာနာပျော်ဖွယ်ကောင်းလိုက်တာ။

'မင်းမှာ ဒီလိုအမေမျိုးရှိတာ တော်တော်ကံကောင်းတယ်နော်၊ မင်းဘဝကို အားကျလိုက်တာ'

ဘုရားရေ။ ဘယ့်နှယ်ဖြစ်ပါလိမ့်။ ဒီလို သူဌေးသားတစ်ယောက်က ငါ့ဘဝကို အားကျရတယ်လို့။ တောက်တီးနဲ့မှ တောက်တဲ့။

'တကယ်ပြောတာ ငေါး၊ ရယ်မနေနဲ့၊ မင်းကတော့ ငါ့ကို ပိုက်ဆံရှိ သုံးနိုင်ဖြုန်းနိုင်တယ်ဆိုပြီး အထင်ကြီးချင် ကြီးနေမှာပေါ့'

ငါက မဟုတ်ဘူးလားလို့ စကားထောက်ပေးလိုက်တယ်။ ဘီလူးက ခေါင်းကို တွင်တွင်ယမ်းရင်း…

'မဟုတ်ပါဘူးကွာ၊ မဟုတ်ပါဘူး၊ ငါ နေ့တိုင်း ညတိုင်း အချိန်ပြည့် ဘာလို့အပြင်မှာနေနေရတာလဲ၊ သိလား'

ဘီလူးက အံတစ်ချက်ကျိတ်ရင်း ငါ့ကို မေးခွန်းထုတ်လိုက်တယ်။ အလို… ဒီကောင် မျက်ရည်တွေဝိုင်းနေပါလား။ ဘယ်လိုဖြစ်တာပါလိမ့်။

'ငါ အိမ်မှာနေတော့ရော ဘာထူးမှာလဲ၊ ဘယ်သူမှရှိကြတာမှ မဟုတ်ဘဲ၊ ငါ့အဖေက သူ့အလုပ်တွေနဲ့ သူ့မယားငယ်တွေနဲ့၊ ငါ့အမေကလည်း ရှော့ပင်ထွက်လိုက်၊ ဖဲရိုက်လိုက်နဲ့၊ မင်းအမေလို ငါ့ကို ထမင်းခူးကျွေးမယ့်သူ မရှိပါဘူးကွာ၊ အိမ်ဖော်တွေကတော့ အများကြီးပေါ့ကွာ။ ငါ ထမင်းစားမယ်ဆိုရင် ပျာယာခတ်အောင် ထမင်းတွေခူး၊ ထမင်းနှိုင်း အပြည့် ဟင်းတွေပြင်၊ ဒါပေမဲ့ သူတို့ချက်ပေးတဲ့ ထမင်းတွေ ဟင်းတွေဟာ ဘယ်လောက်ပဲပူပူ၊ ဘယ်လောက်ပဲနွေးနွေး ငါ့ပါးစပ်ထဲရောက်သွားရင်

www.burmeseclassic.com

www.burmeseclassic.com



တော့ အေးစက်ကုန်တော့တာပဲ'

ဘီလူးက စကားကို ဆက်မပြောဘဲ ခဏရပ်လိုက်တယ်။ ဆိုင်ရှေ့ကိုပဲ မျက်မှောင်ကြီးကုတ်ပြီး ကြည့်နေတယ်။ သူ့မျက်စိထဲမှာ ဆိုင်ရှေ့က မြင်ကွင်းတွေကိုပဲ မြင်နေရလား၊ သူ့အိမ်က ခြောက်ကပ်ကပ်ထမင်းဝိုင်းကြီးကိုပဲ မြင်ယောင်နေသလားဆိုတာကိုတော့ ငါလည်း မသိ။

'ငါနဲ့တွဲခဲ့တဲ့ ကောင်မလေးတွေရော ဘာထူးလို့လဲကွာ၊ ငါသုံးနိုင်ဖြုန်းနိုင်လို့ ကပ်နေကြတာချည်းပဲ၊ သူတို့ချစ်တာ ငါ့ကိုမှမဟုတ်ဘဲ၊ ငါ့ပိုက်ဆံအိတ်ကို ချစ်နေကြတာပဲ၊ မသိဘဲနေပါ့မလား၊ သိတာပေါ့၊ အပေါ်ယံအတုတွေကြားမှာနေရတာ ကြာလာတော့ စိတ်ပျက်တယ်ကွာ၊ အော်ဂလီဆန်စရာကြီး၊ အဲဒါကြောင့် ဒီနေ့ည ဘယ်စော်နဲ့မှ လျှောက်မလည်ဘဲ ဖုန်းပိတ်ပြီး မင်းဆီမှာ သက်သက်လာဉနေတာ၊ အခုတော့ ငါလာရတာ တန်သွားပြီ'

'တန်တယ်'

ငါက ဘာကိုတန်တာလဲဆိုတာကို နားမလည်လို့ စကားထောက်ပေးလိုက်တယ်။

'အေးလေ… ခုနမင်းအမေကျွေးတဲ့ ထမင်းက နွေးထွေးတယ်လေ၊ ငါ့ပါးစပ်ထဲတင် မဟုတ်ဘူး၊ ငါ့ရင်ထဲထိ နွေးနေတုန်းပဲ၊ အဲဒီလို နွေးနွေးထွေးထွေး မစားရတာ ကြာပြီကွ'

ဒီလိုပဲပေါ့ကွာလို့ပဲ နှစ်သိမ့်လိုက်ရမလား။ ဟုတ်တာပေါ့ကွာလို့ပဲ ထောက်ခံလိုက်ရမလား။ အဆင်ပြေလာမှာပါလို့ပဲ ဖျောင်းဖျလိုက်ရမလား။ ဘာပြန်ပြောလို့ ပြောရမယ်မှန်းကို မသိတော့ဘူး။ ငါတောင် တော်တော်ကြောင်သွားတယ်။ စဉ်းစားကြည့်လေ။ ငါက အမြဲလိုလို ဒီကောင့်ကိုအားကျ



[illegible]ရတာ၊ ကားတစီးစီး၊ စော်တစီစီနဲ့ ဒီကောင့်လိုဘဝမျိုး ရချင်နေတာ၊ အခုတော့ ဘယ့်နှယ် ပြောင်းပြန်ဖြစ်သွားရတာလဲ။

'ဟဲ့… သား၊ သူငယ်ချင်းကို ကော်ဖီလေးဘာလေး တိုက်ဦးလေ၊ ထမင်းစားပြီးတော့ ဒီအတိုင်းကြီး'

အိမ်ရှေ့ထွက်လာတဲ့ ငါ့အမေက ပြောတယ်။

'ဟာ… တော်ပြီ အန်တီ၊ မသောက်နိုင်တော့ဘူး၊ ထမင်းစားလိုက်တာ တော်တော်မိုက်တင်းသွားတယ်၊ အခုလို အဝအပြဲမစားရတာ ကြာပြီ'

'ဟုတ်တယ် မကြီးရေ၊ ဒီကောင် အခုပဲပြောနေတာ၊ မကြီးဟင်းလက်ရာ တော်တော်ကောင်းတယ်တဲ့'

'အောင်မလေး… ဟုတ်ပါပြီ၊ မြှောက်မနေပါနဲ့၊ ကောင်းတယ်ဆို ကြုံရင် ကြုံသလိုဝင်စားပေါ့ကွယ်၊ အားနာစရာမှ မရှိဘဲ'

'တကယ်နော် အန်တီ၊ ကျွန်တော်က တကယ်လာစားမှာ၊ မကြုံကြုံအောင်ကို လာစားမှာ'

ဘီလူးက ကလေးတစ်ယောက်လို ဝမ်းသာအားရ ပြန်ပြောတယ်။

'တကယ်ပါဟယ်၊ တကယ်ပါ'

အမေက ထပ်ပြောတယ်။ ဒီတော့မှ ဘီလူးက ကျေနပ်သွားပုံနဲ့ [illegible]လိုက်တယ်။

'ကျေးဇူးပဲ အန်တီ၊ ကျွန်တော် တကယ်လာစားမှာနော်၊ သွားပြီ [illegible]ကောင်'

ကားထဲရောက်တာတောင် ခေါင်းထုတ်ပြီး ကျွန်တော် တကယ်လာစားမှာနော်လို့ အော်သွားသေးတယ်။ ဒီကောင်ထွက်သွားတော့မှ တစ်ခု[illegible] သလို ခံစားရတယ်။ ဟုတ်သားပဲ။ အရင်ကလို လီဗာကို [illegible]ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကားကိုဆောင့်မထွက်ဘဲ ညင်ညင်သာသာလေးနဲ့ ထွက်သွားတာကိုး။

မိုးကိုလား။ ဘယ်နေပါ့မလဲ။ လိုက်ပို့တာပေါ့။ ဖဲကြိုးလေးနောက် ကိုသာ လိုက်ရဖို့ဆိုရင် သာကေတမိကျောင်းကန်ထဲ လက်ပစ်ကူးဆိုလည်း ကူးရမှာပဲ။

❖ ❖ ❖

ဒီနေ့ညတော့ ဆိုင်ကို ငါ့အမေလက်ထဲ ဝကွက်အပ်ပြီး ယန် ဉယျာဉ်ကို လစ်ထွက်လာခဲ့တယ်။ မရောက်တာကြာလို့ဆိုပြီး ယန်းဉယျာ ကြီးက စိတ်ကောက်မနေပါဘူး။ ထုံးစံအတိုင်း ရင်ဘတ်ကြီးအသားကု ဖွင့်လို့ ငါ့ကို လက်ကမ်းကြိုဆိုဆဲ။

စားပွဲဝိုင်းအပြည့် လူငယ်တွေရဲ့ ငြင်းခုံရယ်မောသံတွေနဲ့ တစ်ဆို လုံး အုန်းအုန်းထနေတယ်။ ငါ့ကောင်တွေဝိုင်းရဲ့ အသံက အကျယ်ဆုံ ဆိုတော့ ဆိုင်ဝမှာကတည်းက ကြားနေရတယ်။ ပြောနေတဲ့အကြောင် အရာတွေကတော့ လူကြီးတွေ နားခေါင်းရှုံ့လေ့ရှိတဲ့ အရည်မရ အဖတ်မ ဆိုတဲ့စကားများ။

ဒါပေမဲ့ ငါ အခုချိန်ထိ သဘောမပေါက်သေးတာလည်း အဲ အရည်မရ အဖတ်မရဆိုတဲ့စကားရဲ့ အဓိပ္ပာယ်ပဲ။ ဘယ်သူပြောတဲ့စကားတွေ ကရော အရည်တွေ၊ အဖတ်တွေ ရနေလို့လဲ။ ဒါမှမဟုတ် စကားပြောရင် တံတွေးစင်တာတို့၊ ကွမ်းဖတ်တွေပါလာတာတို့ကိုပဲ အရည်ရ အဖတ်ရလ ဆိုလိုတာလား။

'ငါ နေ့လယ်က ဂျာနယ်ထဲမှာ သတင်းတစ်ပုဒ်ဖတ်လိုက်ရတယ် ကွ၊ ဂျပန်မှာ ဘာသာရေးကိုးကွယ်မှုမရှိတဲ့ ဖရီးသင့်ကာ (Free Thinker ဆိုတဲ့ လူတန်းစားတစ်ရပ် များပြားလာတယ်တဲ့'

'အဲဒါ ဘာဖြစ်လဲ၊ သူတို့ဘာသာသူတို့ ဂျပန်မှာများတာပဲ၊ မင်



ဘာဆိုင်လို့လဲ'

ဂေါ်ပြား ဖြတ်ပြောလိုက်တဲ့စကားကို အာပုပ်က မနှစ်မြို့တဲ့ပုံစံမျိုး ပြန်ကြည့်ပြီး…

'မင်းတို့ကလေ ဗဟုသုတရမယ့်စကားမျိုးဆို သေချာနားမထောင် ။ ဉာဏ်လေးတစ်ထွာတစ်မိုက်လောက်နဲ့ ဟိုဝင်ပြော ဒီဝင်ပြော သိပ်လုပ် င်တာကိုး'

'အဲဒီလို ဂျပန်မှာ ဘာသာမဲ့တွေများလာတဲ့သတင်းနဲ့ ဆက်စပ် ငါလည်း တစ်ခုစဉ်းစားမိတယ်ကွ'

ဒီတစ်ခါတော့-အာပုပ်စကားကိုဖြတ်ပြီး ဘယ်သူမှဝင်မပြောတော့ ဘူး။ ဝင်ပြောပြန်ရင်လည်း ဉာဏ်တစ်ထွာ တစ်မိုက်လောက်ပဲရှိတဲ့သူလို့ ဝင်ခံနေရဦးမယ်။

'ဘာသာစုံကိုးကွယ်တဲ့သူတွေကျတော့ရော ဘယ်လိုခေါ်မလဲလို့'

'ဘယ်လို… ဘယ်လို'

'ဒီလိုလေကွာ၊ ဗုဒ္ဓဘာသာရော၊ ဟိန္ဒူရော၊ မွတ်ဆလင်ရော၊ ယာန်ရော၊ ဘာသာအားလုံးကို ကိုးကွယ်တဲ့သူကျတော့ ဘယ်လိုခေါ် လို့'

'အဲဒီလို ဘာသာစုံကိုးကွယ်တဲ့သူရော ရှိလို့လား'

ထန်အုပ်က စိတ်ဝင်တစားမေးလိုက်တယ်။ အာပုပ်က ခေါင်း ချက်ယမ်းလိုက်ပြီး…

'ရှိ၊ မရှိတော့ မသိဘူးပေါ့ကွာ၊ ဒါပေမဲ့ ငါကတော့ ဖရီးသင့်ကာ ပ်ချင်ဘူး၊ ဘာသာစုံကိုးကွယ်တဲ့သူပဲ လုပ်ချင်တယ်'

'ဟာ… မင်းဟာကလည်း မဟုတ်သေးပါဘူး'

'ဘာဖြစ်လို့ မဟုတ်ရမှာလဲကွ၊ မင်းတို့ပဲ စဉ်းစားကြည့်ကြ။ ငါ

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခတစ်ခုခုတွေ့လို့ တိုင်တည်ဆုတောင်းလိုက်ပြီဆိုရင် ဗုဒ္ဓဖြစ်ဖြစ် ယေ
ဖြစ်ဖြစ် အလ္လာဖြစ်ဖြစ် ဘာသာကြီးတစ်ခုခုကတော့ ကယ်မစောင့်ရှော
မှာပဲလေ'

အဲဒါ အာပုပ်ပါ။ စာအုပ်တွေ လျှောက်ဖတ်။ ကိုးလိုးကန့်လ
တွေ တွေး။ ပေါက်ပေါက်ရှာရှာတွေ ပြောရဖို့ဆိုရင် ပြိုင်ဘက်မရှိဘူး။

'ဒီလိုလည်း စဉ်းစားလို့ရသေးတယ်၊ ငါတို့တစ်တွေ မကောင်း
ဒုစရိုက်တစ်ခုခုလုပ်မိမယ်ကွာ၊ ဒီလိုဆိုရင် ဘာသာတစ်ခုချင်းစီလိုက်
တောင်းပန်လိုက်မယ်၊ တစ်ဘာသာမဟုတ် တစ်ဘာသာကတော့ ခွင့်လွှ
မှာပေါ့ကွာ၊ အဲဒီတော့ အပြစ်လည်း လွယ်လွယ်နဲ့ကျေတာပေါ့၊ ဟုတ်
လား'

ငါလည်း ဘာဝင်ပြောရမှန်း မသိတော့ဘူး။ ဟုတ်တော့ မဟု
သေးတာ အမှန်ပဲ။

'ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒီတော့ မင်းသေတဲ့အခါ အ
ရှင်မြတ်ရဲ့ အဓိဋ္ဌာန်တော်ကို ခံယူပြီး ခရစ်တော်၌ အိပ်ပျော်ကာ ကွယ်လွန်
ရောက်ရှိသွားပါသော မောင်အာပုပ်လို့ သတင်းစာထဲ ထည့်ကြော်ငြာ
မယ်၊ ကျေနပ်ပြီလား'

ထန်အုပ် ဝင်ပြောလိုက်တော့မှပဲ အာပုပ်လည်း ဇက်ကလေး
ပုသွားတယ်။ ခွက်ထဲကို ရေနွေးကြမ်းထည့်ရင်း စကားလမ်းကြောင်း
တဲ့အနေနဲ့ ငါ့ဘက်ကို လှည့်မေးတယ်။

'ဒါနဲ့ ငေါ၊ မင်းဆီကို ဘီလူး ရောက်လာသေးလား'

'လာပါတယ်၊ ငါ့အိမ်မှာတောင် ညဘက်တွေ ထမင်းလာစား
လေး၊ ငါးခေါက်ရှိပြီ၊ ဘာဖြစ်လို့လဲ'

'ဒီကောင် အခုနောက်ပိုင်း တော်တော်ပြောင်းလဲနေတယ်ကွ၊



နေ့ညက ငါတို့ဝိုင်းကို ရောက်လာတယ်ကွာ၊ ငါတို့ဝိုင်းမှာကလည်း
ကြီးမောင်က ရှိနေတော့ နိုင်ငံရေးအကြောင်းတွေ ပြောဖြစ်နေတာပေါ့၊
ကို ဒီကောင်က ဝင်ဖောက်ပြီး ဗရွတ်ရွတ်တွေ ဝင်ပြောတာပေါ့ကွာ၊
တို့ကတော့ ဘာမှမဖြစ်ပါဘူး၊ ဒါပေမဲ့ ကိုကြီးမောင်က သူ့စကားတွေကို
တ်ရယ်မပြုဖို့ ပြောရင်းကနေ စကားတွေများကြတာပဲကွာ'

'ဟ… မင်းတို့ကရော ဝင်မဆွဲဘူးလား'

အာပုပ်က ငုံ့ထားတဲ့ရေနွေးခွက်ကို မော့သောက်နေလို့ ဂေါ်ပြား
အစားဝင်ပြောတယ်။

'ဆွဲတာပေါ့ ဘယ်နေပါ့မလဲ၊ ငါတို့ကလည်း နောက်သလို ပြောင်
လိုနဲ့ ကိုကြီးမောင်ကို ဘီလူးဆိုတဲ့ကောင်ဟာ လောကကြီးမှာ အလေးဆုံး
လို့ ဘီယာခွက်က လွဲပြီး ဘာမှ မ,ဖူးတဲ့ကောင်မဟုတ်ဘူးတို့ ကိုကြီး
င်စကားတွေကို ဘယ်နားလည်ပါ့မလဲ ဆိုပြီး နောက်သလို ပြောင်သလို
ပြာလိုက်တော့မှ ဒီကောင်က ငါတို့ကိုပါ ဆဲတယ်ကွာ၊ ဆဲလို့ အားမရ
အပြင် တစ်ဆိုင်လုံး မိုက်တဲ့ကောင် ထွက်ခဲ့ဆိုပြီး တောင်အော်မြောက်
တ်တွေပါ အော်ပြီး ထွက်သွားတော့တာပဲ'

'အဲဒီလောက်တောင်ပဲလား'

ငါတို့သူငယ်ချင်းတွေ တွဲလာခဲ့တာ ကြာပြီ။ တစ်ယောက်နဲ့ တစ်
ာက် ဆဲတယ်ဆိုတာ ပန်းနဲ့ပေါက်တာလောက်တောင် နာကြတာမဟုတ်
 အခုလို စိန်ခေါ်ရန်ရှာတာမျိုးတော့ တစ်ခါမှမဖြစ်ဖူးဘူး။

'ဟာ… ဒီကောင့်အကြောင်းများ လေကုန်ခံပြီး ပြောမနေကြ
ပါနဲ့ကွာ၊ ကိုကြီးမောင်စကားတွေကို ဒီကောင်က ဘယ်ကြိုက်ပါ့မလဲ၊
ကောင့်အဖေက လူကြီးတွေနဲ့ ကပ်ပေါင်းပြီး ကြီးပွားနေတာကိုး'

'မဟုတ်သေးပါဘူးကွာ၊ မင်းတို့ကလည်း သူ့မှာ စိတ်ဒုက္ခရှိ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေလို့ နေပါလိမ့်မယ်၊ ဒီကောင့်ပုံကိုကြည့်ရတာ အိမ်နဲ့လည်း ပြဿ
တက်ထားတယ်နဲ့ တူတယ်၊ ငါ့အိမ်လာတုန်းကလည်း မျက်နှာတော်တေ
ပျက်နေတယ်'

ငါက ပြေလည်ရာ ပြေလည်ကြောင်းပြောတာကို ဒီကောင်တွေ
လက်မခံကြ။

'ဘာဆိုင်လို့လဲကွာ၊ ဒီကောင် ပြဿနာတက်တယ်ဆိုတာ ငါ
အိပ်နေသလောက်ပဲ ရှိတယ်၊ ငါတို့လို ပိုက်ဆံကိစ္စပူရ၊ ကျောင်းလခ
အိမ်လခပူရနဲ့သာဆိုရင် ဒီကောင် ဘယ်လိုလုပ်မလဲ၊ အလကားပါကွ
ပိုက်ဆံရှိတယ်ဆိုပြီး ဂန့်ကျယ်ချင်နေတာ၊ ငါတို့ကို ဒီလိုတော့လာမလုပ်
မရဘူး၊ ဆောရီးပဲ'

ငါလည်း ဘာပြောလို့ပြောရမှန်း မသိတော့ဘူး။ ဘီလူးရဲ့စိတ်
ကိုလည်း ငါက ကောင်းကောင်းသိတယ်။ ဒီကောင်တွေပြောသလို ဂန့်က
ချင်တဲ့စိတ်မျိုး မရှိဘူးဆိုတာလည်း သေချာတယ်။ အင်းပေါ့လေ
ဒီကောင်သွေးအေးသွားတော့မှပဲ ဖြည်းဖြည်းချင်းဖျောင်းဖျတော့မယ်။

'မင်းလည်း ဒီကောင့်ကို သတိထား ငေါ၊ ဒီကောင်က သူငေ
တာ စား၊ သူပေးတာယူတယ်ဆိုပြီး သူ့အိမ်က အိမ်ဖော်တွေလို ဆက်
လို့ရမယ်များထင်နေလားမသိဘူး၊ ဟင်း'

အဲဒီအချိန်မှာပဲ ကိုကြီးမောင် ရောက်လာတယ်။ ဒါနဲ့ ဘီလ
အကြောင်းလည်း စကားစပြတ်သွားပါတော့တယ်။ ကိုကြီးမောင်ကတေ
ထုံးစံအတိုင်း ထိုင်ခုံနဲ့ ဖင်နဲ့ ထိလိုက်တာနဲ့ လွှတ်တော့တာပဲ။ သိတ
မဟုတ်လား။ နိုင်ငံရေးအကြောင်းတွေ။ ဒီမိုကရေစီအကြောင်းတွေ။ လူင
တွေ လမ်းမှားနေတဲ့အကြောင်းတွေ။

မှန်ပါတယ်။ ကိုကြီးမောင်ပြောတာတွေက တစ်ခုမှ မလွဲဘူ

လွန်းလို့ ခက်နေတာ။ လူငယ်တွေအနေနဲ့ အဆင်သင့်ပြင်ဆင်ထားသင့်
ကြောင်း၊ အခါအခွင့်သင့်တာနဲ့ စစ်အစိုးရကို အပြုတ်ချော်ရမှာဖြစ်ကြောင်း၊
င်းငတ်နေတဲ့ ပြည်သူတွေရဲ့ ထွက်ပေါက်က ဒီတစ်ပေါက်တည်းကျန်
တော့တာဖြစ်ကြောင်း အာပေါင်အာရင်းသန်သန်နဲ့ ရှင်းပြတယ်။

'စိတ်ချ ကိုကြီးမောင်၊ ကျွန်တော်တို့ကိုတော့ စိတ်ချ'

ဟိုသုံးကောင်ကတော့ အားမာန်အပြည့်နဲ့ ထောက်ခံနေကြတယ်။
တ်ထဲမှာတော့ တစ်မျိုးကြီးပဲ။ ဒါကြောင့် ဘာမှဝင်မပြောဘဲ ဆိတ်ဆိတ်
ထိုက်တယ်။

တကယ်တော့ နိုင်ငံရေးဆိုတာ ငါ့အတွက် ဝေးလွန်းပါတယ်။
ွန်းလို့ ဝေးနေတာလည်း ဖြစ်ချင်ဖြစ်မယ်။ ငါတို့အိမ်မှာ နိုင်ငံရေးနဲ့
သက်တဲ့ စာရွက်စာတန်းတွေ၊ စာအုပ်တွေ မဖတ်ချင်မှအဆုံး။ တစ်ပုံ
ရှိတယ်။

ညဆိုရင် ရေဒီယိုက ထုတ်လွှင့်ကြေညာချက်တွေကိုလည်း မကြား
အဆုံး။ နားမဆံ့အောင်ကို ကြားနေရတယ်။

ငါကတော့ တစ်မျိုးသားလုံး တစ်တိုင်းပြည်လုံးကို ကယ်တင်ဖို့
သော ကိုယ့်မိသားစုလေးကိုတောင် အဆင်ပြေအောင် ဖန်တီးနိုင်စွမ်း
တဲ့ကောင် မဟုတ်ဘူး။ ဒါကြောင့် ငါ့မိသားစုလေး သာသာယာယာ
ပြည့်ပြည့်ဖြစ်အောင် အရင်ကြိုးစားဦးမယ်။

ဒီလိုလည်း ပြန်စဉ်းစားကြည့်လေ။ မိသားစုတစ်စုကိုတောင်မှ
င်အောင်မြင်မြင် တာဝန်မယူနိုင်တဲ့သူတစ်ယောက်က တိုင်းပြည်တစ်ခု
ကို ဘယ်လိုလုပ် တာဝန်ယူနိုင်မှာလဲ။ မဟုတ်ဘူးလား။

မိုးကို လိုက်ပို့ဖို့လား။ ဒီနေ့ မိုးက သူ့အမေကို ဆေးခန်းပြစရာ

www.burmeseclassic.com

ရှိလို့ဆိုပြီး စာလာမသင်နိုင်ဘူးလေ။ ဒါကြောင့် ဒီကောင်တွေဆီ ထွက်
တာ။ မဟုတ်ရင် ဒီလိုကောင်တွေရဲ့ စကားတွေကိုများ မိုးရဲ့လေသံချိုချို
လဲပြီး နားထောင်စရာလား။

ဒီကောင်တွေ စကားပြောနေတာကိုကြည့်ပြီး အခုလို ပေါ်လာ
ငါ့အတွေးတွေကိုများ ဒီကောင်တွေ သိသွားရင် ဝိုင်းဆဲလိုက်ကြမယ့်ဖြစ်ခြ

□ □ □

ဘီလူးမျက်နှာက အစွယ်တွေထွက်လာတယ်။ တကယ့်ဘီလူးနဲ့တူလာတယ်။

'ငါ တကယ်ချစ်တာပါကွာ'

တော်တော်များများကတော့ ဆယ်တန်းစာမေးပွဲဆိုတဲ့ ဖိအားကြီးအောက်က လွတ်မြောက်သွားတဲ့အခါ ပေါ့ပါးပျော်ရွှင်ကြတယ်။ ငါကတော့ ညီမလေး ဆယ်တန်းစာမေးပွဲဖြေပြီးသွားတာနဲ့ ရင်ဘတ်ထဲမှာ ဟာပြီးကျန်ခဲ့တယ်။ စကားအဖြစ်ပြောတာ မဟုတ်ဘူး။ တကယ့်ကို ဗိုက်ထဲက နှလုံးတွေ၊ အစာအိမ်တွေ၊ အူတွေ၊ ကျောက်ကပ်တွေ ဆွဲနုတ်ခံလိုက်ရသလိုမျိုး ဟာတာတာကြီးဖြစ်နေတယ်။ မိုးကို ညတိုင်းမတွေ့ရတော့ဘူးလေ။ ယန်းရောင်ဖဲကြိုးလေးနောက် တကောက်ကောက်လိုက်ခွင့်ရထားတဲ့ အခွင့်အရေးကြီး လက်လွတ်ဆုံးရှုံးသွားခဲ့ပြီ။

အဲဒီလို ငါတစ်ယောက်တည်း ဆွေးနေတုန်း ဘီလူးရောက်လာတယ်။ အဆင့်မြင့်ကော်ဖီဆိုင်တစ်ဆိုင်မှာ သွားထိုင်ကြတယ်။ ဘီလူးပါးစပ်က ထွက်လာတဲ့စကားတွေက ငါသောက်နေတဲ့ကော်ဖီထက် ပိုခါးတယ်။

'တခြားစော်တွေလို မဟုတ်ပါဘူး သားကြီးရာ၊ မိတ်ဆွေပါ၊ ငါ

www.burmeseclassic.com

www.burmeseclassic.com



တည်တည်ကြည်ကြည် လေးလေးနက်နက်ပြောတာပါ'

ဒေါသထွက်နေတာလား။ စိတ်ဆိုးနေတာလား။ မခံမရပ်ဖြစ်နေတာလား ကိုယ့်ကိုယ်ကိုယ်တောင် မခွဲခြားနိုင်တော့ဘူး။ ဒီကောင့်စကားတွေက ငါ့နှလုံးသားကို မီးစနဲ့တစွပ်စွပ်ထိုးနေသလိုပဲ။

'နောက်ပြီး ဟိုလို အခုတွေ့ အခုကြိုက် ကောင်မလေးတွေနဲ့လည်း ရည်းစားမဖြစ်ချင်တော့ဘူး၊ သူတို့နဲ့တွဲရတာ ဘာမှအနှစ်သာရ မရှိဘူး၊ ဆံပင်ကောက်လိုက်၊ မိတ်ကပ်လူးလိုက်၊ ရှော့ပင်ထွက်လိုက်၊ မင်းသားမင်းသမီးတွေအကြောင်း အတင်းအုပ်လိုက်နဲ့ ဘဝက ပေါ့ပျက်ပျက်နိုင်လွန်းတယ်'

ဒေါသအရှိန်နဲ့ တဆတ်ဆတ်တုန်နေတဲ့ ငါ့လက်တွေကို ဘီလူး မမြင်အောင် ခုံအောက်မှာ ဝှက်ထားလိုက်တယ်။

'မင်းကူညီပါလား သူငယ်ချင်းရာ'

ဘီလူးက ဘာတွေဆက်ပြောလို့ ငါလည်း အိမ်ကို ဘယ်လိုပြန်ရောက်လာမှန်းလဲ မသိဘူး။ ငါ့နားထဲမှာ…

'မင်းကူညီပါလား သူငယ်ချင်းရာ၊ မင်းကူညီပါလား သူငယ်ချင်းရာ၊ မင်းကူညီပါလား'ဆိုတဲ့ ဘီလူးရဲ့ စကားသံကပဲ ပွက်လောရိုက်ဆူညံနေတယ်။

ဘယ်လိုလုပ်ရမလဲ။ ဘီလူးဆိုတာ အချစ်ဆုံးသူငယ်ချင်း။ ဟိုကောင်တွေနဲ့ ဘီလူး ခင်တယ်ဆိုတာတောင် ငါကနေတစ်ဆင့် ခင်သွားကြတာ။ ငါ့အပေါ်မှာ အများကြီးကောင်းခဲ့တဲ့ကောင်။ ငွေရေးကြေးရေးက စလို့ ဘာလိုလို ငါအကူအညီတောင်းတိုင်း တစ်ခါမှငြင်းခဲ့ဖူးတဲ့ကောင် မဟုတ်ဘူး။ ငါ့ဆီကလည်း အခုလို တစ်ခါမှ အကူအညီတောင်းခဲ့ဖူးတာ မဟုတ်ဘူး။ ဘယ်လိုလုပ်ရပါ့။



တစ်နေ့လုံး စဉ်းစားတယ်။ တစ်ညလုံး စဉ်းစားတယ်။ ငါ့ခေါင်းအောက်က ခေါင်းအုံးတောင် ပူပြီး အရည်ပျော်သွားမတတ် ခေါင်းပူခံလို့ စဉ်းစားတယ်။ အဖြေမရဘူး။ နောင်တပဲ ရတယ်။

ငါ ဘာဖြစ်လို့ တွေဝေနှောင့်နှေးခဲ့တာပါလိမ့်။ အခုလို အင်တာနက်ခေတ်ကြီးထဲမှာ အချိန်ယူပြင်ဆင်တယ်ဆိုတာ အကျိုးမရှိ။ ငါသာ စောစောစီးစီး ဖွင့်ပြောလိုက်ရင် …. မိုးနဲ့ ငါနဲ့သာ ချစ်သူတွေဖြစ်ခဲ့လိုက်ရင်…

'တောက်…'

အရေးထဲ ငါ့အဖေရဲ့ ရေဒီယိုကနေ မနက်ဖြန်အတွက် ရန်ကုန်မြို့နဲ့ အနီးတစ်ဝိုက်မှာ အများအားဖြင့် သာယာပါမယ်တဲ့။ မလုပ်နဲ့။ ငါက မိုးရေထဲမှာ ရွှဲရွှဲစိုချင်နေတဲ့ကောင်။ မဆီမဆိုင် မိုးလေဝသသတင်းကို တောက်ခေါက်မိလိုက်တယ်။

အခုတော့ ငါနဲ့ မိုးရေလုချိုးမယ့်အကောင် ပေါ်လာပြီ။ ပေါ်လာတဲ့ကောင်ကလည်း ငါ့ရဲ့ အချစ်ဆုံးသူငယ်ချင်းဖြစ်နေ။

'ဟူး'

စဉ်းစားရ တယ်ကျပ်ပါလားနော်။

❖ ❖ ❖

'မင်းကူညီမယ်မဟုတ်လားဟင်၊ သူငယ်ချင်း'

ဘီလူးက မျက်နှာငယ်လေးနဲ့ မေးတယ်။

'မကူညီနိုင်ဘူး ဟောကောင်၊ ငါ လုံးဝမကူညီနိုင်ဘူး၊ ဘာဖြစ်လို့လဲ သိလား၊ ငါလည်း မိုးကို ချစ်နေလို့ပဲ'

www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ်ဆိုရင် အဲဒီလို အော်ဟစ်ရန်တွေ့လိုက်ချင်တာပေါ့။ ဒါပေမဲ့ ငါ့ပါးစပ်က တစ်ခွန်းမှမထွက်။ မထွက်ရက်။

'ကျေးဇူးတင်လိုက်တာ သူငယ်ချင်းရယ်'

'ဟိုက်'

ဘယ်လိုလုပ်ပြီး ခေါင်းညိတ်မိသွားပါလိမ့်။ ငါ့ကိုယ်ငါတောင် ဝေခွဲလို့ မရ။ အလိုလိုခေါင်းညိတ်မိသွားတဲ့အဖြစ်ကို အံ့သြနေမိတယ်။

'ဒါဆို ငါနဲ့ မိတ်ဆက်ပေးနော်'

ဒုက္ခပဲ။ ဘာဖြစ်လို့ ငါ့ပါးစပ်က ကော်နဲ့ကပ်ထားသလို တင်းတင်းစေ့နေတာလဲ။ တစ်ခုခုပြောလိုက်ပါတော့လား။

'လုပ်ပါနော် ဟောကောင်၊ မင်းကျေးဇူး မမေ့ပါဘူး'

ငါ နောက်ထပ်ခေါင်းညိတ်မိသွားပြန်တယ်။ ဟိုကောင်က ကလေးလေးတစ်ယောက်လို ဝမ်းသာအားရနဲ့ ဟေးခနဲထအော်တယ်။

'ဟူး'

ငါ မသိမသာ သက်ပြင်းခိုးချလိုက်ရတယ်။

'ဒါပေမဲ့ ဟောကောင်'

ငါ တစ်ခုခုပြောဖို့ အားယူလိုက်တယ်။

'ပြောလေ သူငယ်ချင်း'

'မင်း မိုးကို ပေါ့ပျက်ပျက်တော့ သဘောမထားနဲ့နော်'

'ဟာ… မထားပါဘူးကွာ၊ စိတ်ချ'

'နေဦး'

ငါ လက်ကာပြလိုက်တယ်။

'နေဦး၊ ငါ့စကားကို ဆုံးအောင်နားထောင်ဦး၊ မိုးက မင်းတွေ့နေကျ မြင်နေကျ မိန်းကလေးတွေလို မဟုတ်ဘူးနော်၊ ဘွဲ့လွန်တက်ဖို့အတွက် ဘာသာသူ ဂိုက်လုပ်ပြီး ပိုက်ဆံရှာနေရတာ၊ မင်းနဲ့ ဟိုလိုဒီလိုဖြစ်ခဲ့ရင် င်မှ အမြဲတမ်းလျှောက်လည်ဖို့ အချိန်ရှိမှာမဟုတ်ဘူး'

'ငါသိပါတယ်ကွာ'

ဟိုလိုဒီလိုလို့ပဲ သုံးလိုက်တယ်။ မိုးကို တခြားသူတစ်ယောက်ရဲ့ သူလို့ စကားထဲတောင် ထည့်မပြောရက်ပါဘူး။

'နောက်ပြီး မိုးဆီက အခြေကိုလည်း လွယ်လွယ်နဲ့ရလိမ့်မယ်လို့ ူးမထားနဲ့ဦး'

'အေးပါကွာ၊ ငါသိပါတယ်၊ ဒါကြောင့် မင်းဆီက အကူအညီ တောင်းရတာပေါ့၊ မင်းလည်း သိသားနဲ့၊ ငါ ရည်းစားတစ်ယောက်ရဖို့ ယ်သူ့ဆီကမျှ အကူအညီတောင်းခဲ့လို့လဲ'

ဒါကတော့ အဟုတ်ပဲ။ ဘီလူးဆိုတဲ့ကောင်အတွက် ကော်ဖီခွက် ကို ပေါင်မုန့်နှစ်ပြီးတို့စားရတာမှ ခက်ချင် ခက်မယ်။ ရည်းစား ယောက်ရဖို့အတွက်ကတော့ ဘာမှမခဲယဉ်းပါဘူး။

'ငါ အခု အရင်လိုမဟုတ်တော့ပါဘူး ခေါ်ရာ။ မင်းကို ပြောခဲ့ းပဲ၊ ပေါ့ပေါ့ပျက်ပျက်ဘဝကြီးကို စိတ်ကုန်နေပြီလို့၊ နောက်ပြီး မိုးကို ည်း မင်းတို့အိမ်မှာ မြင်လိုက်ရကတည်းက စွဲလမ်းခဲ့တာပါကွာ၊ အစက ယ်ကိုယ်ကိုယ် စွဲလမ်းလို့ စွဲလမ်းနေမှန်း မသိဘူးကွ၊ အိပ်မက်တွေထဲ ည်း ခဏခဏမက်၊ မင်းတို့အိမ်ဘက်ကိုလည်း ညတိုင်းလိုလို လာချင်နေ ာမှ ရိပ်မိတော့တယ်၊ အဲဒီအချိန်မှာတော့ ငါလည်း ရှုံးတော့တာပဲ၊ ကြိုက်မှာစိုးလို့ သရုပ်ပျက်တွေတောင် ငါ အခု မဝတ်တော့ဘူး။ က်ပြီး ဒီမှာကြည့်၊ မင်းတို့အိမ်မှာ ငါဖုန်းနဲ့ခိုးရိုက်ထားတာ'

ဘီလူးက သူ့ဖုန်းကို ဖွင့်ပြတယ်။ ဖုန်းစကရင်ပေါ်မှာတော့ မြွေရရ စာသင်နေတဲ့ပုံရိပ်။

www.burmeseclassic.com

www.burmeseclassic.com



'ဖုန်းဖွင့်လိုက်တိုင်း မြင်ရအောင် လုပ်ထားတာလေ'

'ဖူး'

ဘယ်နှကြိမ်မြောက်မှန်းမသိတဲ့ သက်ပြင်းကို ငါထပ်ချလိုက်တယ်။ ဒီကောင် ဟန်ဆောင်ပြောနေတာမဟုတ်မှန်း သိသာပါတယ်။ တကယ့် လေးလေးနက်နက်ပါ။ ဝတ်ပုံ၊ စားပုံ၊ စကားပြောပုံတွေလည်း အ… ပြောင်းလဲသွားတယ်။ အရင်ကလို အင်္ကျီကားယား၊ ဘောင်းဘီကားယ… ကြီးနဲ့ လက်ကြီးတကားကားလုပ်ပြီး စကားမပြောတော့ဘူး။ စတိုင်ဘောင်… ရှပ်အင်္ကျီလေးနဲ့ သပ်သပ်ရပ်ရပ်ဖြစ်နေပြီ။ အချစ်ရဲ့စွမ်းပကားက အ… ကြီးတာပဲနော်။

'ဒါမှ မိုးနဲ့ ငါ အပြင်ထွက်ရင် မိုး သိက္ခာမကျမှာပေါ့၊ မဟု… ရင် ငါက ကိုးရိုးကားယားနဲ့၊ သူက မြန်မာလိုဝတ်လာရင် တွေ့သမျှသူ… က မေးငေါ့နေမှာပေါ့'

အဝတ်အစားပုံစံပြောင်းရခြင်းရဲ့ အကြောင်းအရင်းကို ရှင်းပြ… ဘီလူးစကားကို ကြားလိုက်ရတော့ ငါ့စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတ… ဘာပဲဖြစ်ဖြစ် မဆိုးလှဘူးလို့ပဲ ဆိုရမယ်။ မိုးကသာ ဒီကောင့်ရဲ့အချ… ပြန်ပြီးလက်ခံလိုက်ရင် ဒီကောင့်အနာဂတ်အတွက် အများကြီးကောင်းသ… လိမ့်မယ်။ ကိုယ့်အချစ်ဆုံးသူငယ်ချင်း ကောင်းစားဖို့ပဲလေ။ နောက်ဆု… သင့်ရင် ဆုတ်ပေးရမှာပေါ့။

နောက်ပြီး ဘီလူးက ငါ့ထက် အစစအရာရာ ပိုပြီးပြည့်စုံ… ကောင်ပဲ။ မိုးနဲ့သာ အဆင်ပြေသွားရင် မိုးအတွက်လည်း အများကြီးကော… ကျိုးရှိတယ်။ အခုလို ဂိုက်လုပ်ပြီး ညဘက်တွေ ပင်ပင်ပန်းပန်းနဲ့ စာလ… သင်နေစရာ မလိုတော့ဘူး။ ကိုယ့်ချစ်သူ ကောင်းစားဖို့ရာပဲ။ စွန့်လွှတ်သ… ရင် စွန့်လွှတ်ရမှာပေါ့။

'ဒါနဲ့ ဟော့ကောင်'

ပြောလေဆိုတဲ့သဘောမျိုးနဲ့ ဘီလူးက ခေါင်းဆတ်ပြတယ်။

'တကယ်လို့ မိုးကများ မင်းကိုငြင်းလိုက်မယ်ဆိုရင် မင်းအနေနဲ့ …ကို ထပ်မနှောင့်ယှက်ဖို့တော့ ငါ့ကို ကတိပေးရမယ်'

ဘီလူး တစ်ချက်စဉ်းစားတယ်။ ပြီးတော့ ခပ်သွက်သွက်ပဲ ခေါင်း …ိတ်လက်ခံတယ်။

'နောက်ပြီး မိုးက မင်းကို ငြင်းပြီး သူတကယ်ချစ်တဲ့သူတစ် …ယောက်ယောက်ကို အဖြေပေးလိုက်ရင်လည်း အသာတကြည်လက်ခံရမယ် …နော်'

'အေးပါကွာ၊ အေးပါ'

ငါ့ရဲ့ မိန်ပုပုရောင်ခြည်တန်းလေးကို အားကိုးတကြီး မျှော်လင့် …မိတယ်။ အကယ်၍ဆိုတာကို ဘယ်သူများ ကြိုတင်မှန်းဆနိုင်မှာလဲ။

❖ ❖ ❖

ဒီအကြောင်းတွေကို ငါ ဖွဲ့ဖွဲ့နွဲ့နွဲ့မရေးချင်ဘူး။ ကိုယ့်နှလုံးသားကို …ိုယ် တစ်စစီ စနစ်တကျဖွဲ့ကျွေးရတဲ့အဖြစ်မျိုးကို ဘယ်သူကများ တခမ်း …အနား ရေးဖွဲ့နိုင်ပါလိမ့်။

အကယ်၍ဆိုတဲ့ ငါ့ရဲ့ မျှော်လင့်ချက်ရောင်ခြည်လေးက လုံးလုံး …ိတ်သုဉ်းသွားပါပြီ။ ကြည်နူးနေတဲ့ ချစ်သူနှစ်ဦးက သူတို့ရဲ့ ချစ်ခရီးလမ်း …နဦးအဖြစ် ငါ့ကို တည်ခင်းကျွေးမွေးကြတယ်။ ဘီလူးကတော့ မျက်နှာ …ပြုံးဖြီးနဲ့ ပျော်နေတာပေါ့။ မိုးလည်း ပျော်နေမှာပါ။

ဒါဆို ငါကရော။ မိုးရဲ့အချစ်ကို ရယူပိုင်ဆိုင်ဖို့ ကြိုးစားခဲ့တဲ့

www.burmeseclassic.com



သုံးလတာလုံးလုံး ဘီလူးဘေးမှာ ဟန်ဆောင်ကောင်းခဲ့တာပဲ။ ညဘက်ထ
ရောက်မှ ခြင်ထောင်ထဲမှာ တစ်ယောက်တည်းကျိတ်ပြီး ကြေကွဲခြင်းများ
အသားကျခဲ့ပြီပဲ။ အခုမှတော့ ထူးပြီးဟန်ဆောင်နေစရာ မလိုတော့ပါဘူး

'စားလေကွာ ဟော့ကောင်၊ ဘာလဲ ငါတို့ကို အားကျနေတာလား

'သြော်... အေး... အဟဲ'

ငါကြိုးစားပြီး ပြုံးပါသေးတယ်။ ဒါပေမဲ့ မျက်နှာက လက်မ
ဘူး။ ငါကြိုးစားပြီး စားကြည့်ပါသေးတယ်။ ဒါပေမဲ့ ငါ့အစာအိမ်
လက်မခံဘူး။ သူတို့နှစ်ယောက်ကို ချစ်သူတွေအဖြစ် အသိအမှတ်ပြု
ငါကြိုးစားပါသေးတယ်။ ဒါပေမဲ့ ငါ့နှလုံးသားက လက်မခံဘူး။

'ငါပြန်ဦးမယ်ကွာ၊ ဆိုင်စောင့်ရဦးမှာမို့လို့'

'ပြန်လိုက်ပို့ပေးမယ်လေကွာ'

'နေ... နေ ရတယ်၊ ငါဝင်ပြီးဝယ်စရာလေး ရှိသေးလို့'

တကယ်တော့ ဘာမှဝင်ဝယ်စရာ မရှိဘူး။ ဆိုင်စောင့်စရာလည်
မလိုပါဘူး။ စာမေးပွဲဖြေပြီးလို့ အားနေတဲ့ ငါ့ညီမလေးက စောင့်ပေး
တယ်လေ။

အကြိမ်ကြိမ်အခါခါ ကြိုတင်ပြင်ဆင်ထားပေမယ့်လည်း အခု
သူတို့နှစ်ယောက်ကို ချစ်သူရည်းစားအဖြစ် နှလုံးသားက လက်မခံနိုင်သေ
ဘူး။

'သွားပြီနော် မိုး'

'ဟုတ်... နှင်းချိုကိုလည်း သတိရကြောင်း ပြောပေးပါနော်'

ငါဆိုင်ပေါက်ဝအရောက်မှာပဲ မိုးနဲ့ ဘီလူးတို့ရဲ့ တခစ်ခစ်ရယ်သ
ကို ကြားဖြစ်အောင် ကြားလိုက်သေးတယ်။ သူတို့တစ်တွေ အခုလို ကြ
ကြည်နူးနူးမြင်ရပြန်တော့လည်း ငါကျေနပ်ပါတယ်လေ။

ရယ်သံတွေ အစွန့်ရှည်ပါစေ။

❒ ❒ ❒

'ကျိုက်ထီးရိုး'

ညီမလေးက မျှော်လင့်တကြီးနဲ့ ငါ့ကို မော့ကြည့်တယ်။ ငါ့
က်နှာက အပြုံးရိပ်ကို မြင်သွားတော့မှ ဝမ်းသာအားရထပ်ပြောတယ်။

'ဟုတ်တယ်၊ ညီမလေးလေ ကျိုက်ထီးရိုးကို တစ်ခါမှမရောက်
ဘူး သိလား၊ အရမ်းသွားချင်လို့ပါနော်'

❖ ❖ ❖

မိုးရဲ့ပြုပြင်ပြောင်းလဲမှုတွေအောက်မှာ ဘီလူးဆိုတဲ့ကောင်ကတော့
တ်တော်ပြောင်းလဲသွားတယ်။ ဘယ်လောက်ထိတောင် ပြောင်းလဲသွား
လဲဆိုရင် မိုးနဲ့အတူတူ တရားပွဲတွေ ဘာတွေ လိုက်နေပြီ။ အရင်လိုလည်း
ဘာကီမလုပ်တော့ဘူး။ ဆေးလိပ်ကို လက်ကြားကမချတဲ့ကောင်က
ဆေးလိပ်လည်း ဖြတ်သွားပြီ။ သူ့အဖေကုမ္ပဏီမှာလည်း အလုပ်တွေဘာတွေ
င်လုပ်နေပြီတဲ့။

အဲဒီလို တော်တော်များများပြောင်းလဲသွားတဲ့အထဲမှာ မိုးအပေါ်
ားတဲ့ ချစ်ခြင်းမေတ္တာတွေ မပြောင်းလဲသွားဖို့ပဲ ငါမျှော်လင့်ပါတယ်လေ။

အခုလည်း ငါ့ညီမလေး နှင်းချိုရဲ့ အောင်စာရင်းကို ကြည့်ဖို့
ါတို့တစ်တွေ ကျောင်းရှေ့ကို ရောက်နေတယ်။ အစတုန်းကတော့ ညီမ

www.burmeseclassic.com

www.burmeseclassic.com



လေးက သူ့ဆရာမ မိုးကိုခေါ်ပြီး နှစ်ယောက်တည်းသွားကြည့်ကြ
စီစဉ်ထားတာ။ ငါ့အမေက မိန်းကလေးနှစ်ယောက်တည်း ညကြီးမိုး
စိတ်မချလို့ဆိုပြီး ငါ့ကိုပါ အဖော်လိုက်သွားဖို့ပြောရင်း နောက်ဆုံး
ဘီလူးပါ ပါလာတယ်။

တကယ့်တကယ်တမ်း အောင်စာရင်းကြည့်ဖို့ ကျောင်းတံခါး
လည်း ဖွင့်လိုက်ရော ညီမလေးက သူရပ်နေတဲ့နေရာကနေ တုတ်တုတ်
မလှုပ်ဘူး။ ငါ့ကို သူ့ကိုယ်စား သွားကြည့်ပေးဖို့ တောင်းဆိုတယ်။ ငါလ
ဘာဖြစ်လို့လဲ မသိဘူး။ ငါ့အောင်စာရင်းတုန်းကတောင် အေးအေးလ
နောက်တစ်နေ့မှ သွားကြည့်နိုင်ပေမယ့် အခု ငါ့ညီမလေးအလှည့်ကျ
မကြည့်ရဲဘူးဖြစ်နေတယ်။ ငါ့တုန်းကတော့ ငါ့ဘာသာ ငါသိတယ်
ဂုဏ်ထူးပါဖို့နေနေသာသာ အောင်ရင်တောင် ကံကောင်းဆိုတဲ့အဆ
တော့ ရင်ခုန်စရာ မရှိဘူး။

ညီမလေးကျတော့ ငါတို့တစ်မိသားစုလုံး အမျှော်လင့်ကြီး
လင့်ထားကြတာ။ ရှိစုမဲ့စုလေးတွေ ပုံအောပြီး စာသင်ထားရတာပါ။
ညီမလေး ဆရာဝန်မကြီးဖြစ်ဖို့ဆိုတာ ငါ့မိဘတွေရဲ့ အန္တိမမျှော်လင့်ချက်
တစ်ခုလေ။ မိုးကိုသွားကြည့်ပေးဖို့ ငါက ထပ်ပြီးအကူအညီတောင်းလို
တယ်။ မိုးကလည်း မကြည့်ရဲဘူးဆိုပြီး ငြင်းနေတာနဲ့ ငါတို့မှာ တစ်ယော
ကို တစ်ယောက်ကြည့်ပြီး ရယ်ဖြစ်သွားသေးတယ်။

နောက်ဆုံးတော့ ဘီလူးကပဲ လူအုပ်ကြားထဲ တိုးဝင်သွားပြီး အေ
စာရင်းကြည့်ပေးတယ်။ ဘီလူးက တော်ရုံနဲ့ပြန်ထွက်မလာဘူး။ လူအုပ်ကြ
ထဲမှာ ပျောက်နေတယ်။ ကျန်ခဲ့တဲ့ ငါတို့သုံးယောက်မှာ တစ်ယောက်
တစ်ယောက် စကားမပြောနိုင်ကြ။ ရင်တထိတ်ထိတ်နဲ့ ဘီလူးထွက်အလ
ကို စောင့်ရင်း လူအုပ်ကြီးကို ငေးနေမိတယ်။



တော်တော်ကြာမှ ဆရာသမားက ထွက်လာတယ်။ ဒီကောင့်
မ်နှာကို ကြည့်ရတာ ပြုံးဖြီးဖြီးလည်း မဟုတ်။ ခပ်တည်တည်လည်း
ဟုတ်။

'တွေ့… တွေ့လားဟင် ကိုကြီးဝင်းသူရလွင်'

ညီမလေးရဲ့အသံတွေ တုန်နေတယ်။ ငါ့ရင်တွေ ခုန်နေတယ်။
လူးက ခေါင်းညိတ်ပြတယ်။

'ဂုဏ်… ဂုဏ်ထူးရောဟင်'

ညီမလေးနဲ့ မိုးရဲ့အသံက ပြိုင်တူထွက်သွားတယ်။

'ဟေ့ကောင် မြန်မြန်ပြောစမ်းကွာ၊ ဟိုလိုလို ဒီလိုလိုမလုပ်နဲ့'

ငါကပါ စိတ်မရှည်တော့လို့ ဝင်အော်လိုက်တယ်။ ဒီတော့မှ ဘီလူး
ခေါင်းတစ်ချက်ညိတ်ပြီး လက်နှစ်ချောင်းထောင်ပြတယ်။

ငါ့ညီမလေး ခေါင်းငိုက်စိုက်ကျသွားတယ်။ မိုးက ညီမလေးရဲ့
ကို ဖျစ်ညှစ်ပြီး အားပေးလိုက်တယ်။ သွားပြီ၊ ဂုဏ်ထူးနှစ်ဘာသာတည်း
းကျောင်းကို ဘယ်လိုလုပ်ပြီး အမှတ်မီမှာလဲ။

'နေဦးလေ'

ဘီလူးအသံကြောင့် ငါတို့အားလုံး ခေါင်းပြန်မော့ကြည့်တယ်။
းက ကျန်လက်တစ်ဖက်နဲ့ လက်နှစ်ချောင်းထပ်ထောင်ပြီး ပူးကပ်ပြ
ယ်။

'လေးလုံးပါဗျာ၊ လေးလုံးပါတဲ့'

ဘီလူးက ဝမ်းသာအားရ အော်တယ်။

'ခွေးကောင်'

စိတ်ဒုက္ခပေးရမလားဆိုပြီး ဘီလူးကို ဆဲလိုက်တဲ့ ငါ့အသံ

'သူရက သိပ်နှောက်တာပဲ'

www.burmeseclassic.com

www.burmeseclassic.com



အခုမှ စိတ်သက်သာရာရသွားတဲ့ မိုးရဲ့မှတ်ချက်။ ညီမလေး နှင်း
ကတော့ ဝမ်းသာလွန်းလို့ ခုန်ဆွခုန်ဆွဖြစ်နေတယ်။

'ကဲ… ကိုကြီး၊ ညီမလေး ဂုဏ်ထူးတွေအများကြီးထွက်
ကြိုက်တာပြော၊ အကုန်လုပ်ပေးမယ်ဆိုတဲ့ကတိကို မှတ်မိတယ်နော်'

'မှတ်မိပါတယ်၊ ပြော၊ ကိုကြီး ဘာလုပ်ပေးရမလဲ၊ ဘာ
ပေးရမလဲ'

'အင်း'

မေးဖျားကို လက်ညှိုးလေးနဲ့ တဆတ်ဆတ်ထိုးနေရင်း ညီမ
က စဉ်းစားနေတယ်။

ပြီးတော့မှ…

'ကျိုက်ထီးရိုး'

ညီမလေးက မျှော်လင့်တကြီးနဲ့ ငါ့ကို မော့ကြည့်တယ်။ ငါ့မျ
က အပြုံးရိပ်ကို မြင်သွားတော့မှ ဝမ်းသာအားရ ထပ်ပြောတယ်။

'ဟုတ်တယ်၊ ညီမလေးလေ ကျိုက်ထီးရိုးကို တစ်ခါမှမရေ
ဖူးဘူး၊ သိလား၊ အရမ်းသွားချင်လို့ပါနော်'

ငါမငြင်းပါဘူး။ ခေါင်းညိတ်ပြီး သဘောတူလိုက်တယ်။ တ
ပတ်လုံး ပင်ပင်ပန်းပန်း ကြိုးစားအားထုတ်ခဲ့ရတာလေ။ ဒီလောက်
သွားသင့်တာပေါ့။

'ဆရာမ… ဆရာမပါ လိုက်ခဲ့နော်'

မိုးရဲ့လက်ကို ဆွဲပြီး ညီမလေးက ကျိုက်ထီးရိုးကို လို
ခေါ်နေတယ်။ မိုးက အင်းအဲလုပ်ပြီး ငြင်းဖို့ကြိုးစားနေတယ်။

'မရဘူးနော် ဆရာမ၊ ဆရာမလည်း သမီးကို ကိုကြီးလိုပဲ
ပေးထားပြီးတော့'



'နှင်းချိုရယ်၊ ဆရာမဆီက တခြားဟာတောင်းပါလား၊ အခုလို
ခရီးသွားဖို့ကျတော့ ဆရာမအတွက် အဆင်မပြေဘူးလေ'

မိုးက ညဘက်တွေမှာ ဂိုက်သင်နေရတဲ့အပြင် အမေဖြစ်သူလည်း
ကျန်းမာရေးမကောင်းတော့ ညရေးညတာ အခက်အခဲရှိလို့ဆိုပြီး မလိုက်နိုင်
ကြောင်း ငြင်းတယ်။ ငါ့ညီမလေးမျက်နှာက ချက်ချင်းပြန်ပြီး စူပုပ်သွား
တယ်။ ငါလည်း ဘယ်လိုဖြေရှင်းပေးရမယ်မှန်း မသိတော့ဘူး။

'ကဲ… ကဲ… ဒီလိုလုပ်၊ ငါ့ကားနဲ့ပဲ အားလုံးကို နေ့ချင်းပြန်
ပို့ပေးမယ်၊ ရန်ကုန်က မနက်စောစောထွက်လိုက်ရင် ညနေလောက်ဆို ပြန်
ရောက်ပါတယ်၊ ဒီလိုဆိုရင် မိုးအတွက်လည်း အဆင်ပြေတာပေါ့၊ မဟုတ်
ဘူးလား'

'ဟုတ်တယ်၊ ဟုတ်တယ်၊ ကိုကြီးဝင်းသူရလွင် ပြောတာ ဟုတ်
တယ်၊ ဆရာမရယ်၊ သမီးအတွက်တော့ တစ်ရက်လောက်အချိန်ပေးရမယ်
နော်'

ဘီလူးဝင်ကယ်လို့ တော်သေးတယ်။ အခုတော့ မိုးလည်း လက်
လျှော့သဘောတူသွားရပြီ။ ညီမလေးနှင်းချိုကတော့ ဘာပြောကောင်းမလဲ။
အပျော်ကြီး ပျော်နေတာပေါ့။

ငါ့မှာတော့ စိုးရိမ်တကြီးနဲ့ သူ့ကို ဆွဲထားလိုက်ရတာ။ တောင်
တက်လမ်းက တော်တော်လေးမတ်တယ်။ အကွေ့တွေကလည်း အများ
ကြီး။ အကာအကွယ်မဲ့ ကားကြီးရဲ့ နောက်ခန်းထဲမှာ လူးလိမ့်နေတယ်။

အရှိန်စောင့်ပြီး ကွေ့လိုက်တိုင်း နှင်းချိုက ငါ့ဘက်ကို မှီလိုက်
ဘက်ကို မှီလိုက်နဲ့ တခစ်ခစ်ရယ်နေတယ်။ မိုးတို့ဘက်ကို မသိမသာ
ကြည့်လိုက်တော့ မိုးက ဘီလူးရဲ့လက်မောင်းကို ကျစ်ကျစ်
ဆုပ်ကိုင်ထားတယ်။ နည်းနည်းလည်း ကြောက်နေပုံရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ချင်စရာပဲ။ ချောက်ကြီးတွေက နည်းနည်းနောနောမှ မဟုတ်တာ။ မပြောကောင်း မဆိုကောင်း ပြုတ်များကျလိုက်လို့ကတော့ အရိုးတောင် ရှာတွေ့မှာ မဟုတ်ဘူး။

ဒါပေမဲ့ တန်ပါတယ်။ တောင်ပေါ်ကိုရောက်တဲ့အခါ ကားစီးခဲ့ ရလို့ ရင်တုန်ပန်းတုန်ဖြစ်ရတာတွေ၊ ရသေ့တောင်ကနေ ရင်ပြင်တော်ပေါ် ထိ လမ်းလျှောက်တက်ခဲ့ရလို့ မောပန်းမှုတွေ တစ်ခုမှမရှိတော့ဘူး။

ကြည့်စမ်းပါဦး။ တိမ်တွေက ငါတို့အောက်မှာ။ သန့်ရှင်းအေးမြ တဲ့ လေပြည်အေးများက ငါ့နဖူးတစ်ဝိုက်က ချွေးစများကို အလိုလိုတိတ် စေတယ်။ အသည်းတယားယားနဲ့ သပ္ပာယ်စွာမြင်တွေ့နေရတဲ့ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးကလည်း ငါတို့ရဲ့ ခြေလှမ်းတွေကို တက်ကြ စေတယ်။

အကုန်အဆင်ပြေတယ်။ လမ်းတစ်လျှောက် အလှူခံတွေ အရမ် များတာက လွဲလို့ ကျိုက်ထီးရိုးကိုလာရတာ အကုန်အဆင်ပြေတယ်။ သက်နိုးကပ်၊ ဘုရားရှိခိုး၊ နေ့လယ်စာစားသောက်ပြီးတော့မှ တောင်ပေါ်က ပြန်ဆင်းကြတယ်။

အပြန်မှာ အချိန်ရသေးတာနဲ့ ပဲခူးဘုရားတွေကို ဝင်ရောက်ဖူးမြေ ကြသေးတယ်။ ညီမလေးကတော့ တစ်ရက်တည်းနဲ့ အခုလို တန်ခိုးကြီ ဘုရားတွေ အများကြီးဖူးရတာ ကုသိုလ်တွေအများကြီးရမှာပဲနော်လို့ ဝမ်းသ အားရ ပြောနေတယ်။ ဘုရားတိုင်းမှာလည်း ဆရာဝန်မကြီး အမြန်ဖြစ် စေလို့ ဆုတောင်းခဲ့တယ်တဲ့။ ငါတို့အားလုံးကိုလည်း ဆုတောင်းတဲ့အ 'ညီမလေးနှင်းချို ဆရာဝန်မကြီး မြန်မြန်ဖြစ်ပါစေ'လို့ ထည့်သွင်းဆုတောင် ပေးဖို့ မှာနေသေးတယ်။



'လူများများ ဝိုင်းပြီးဆုတောင်းပေးတော့ သမီးရဲ့ ဆုက မြန်မြန် ပြည့်တာပေါ့နော်'

ညီမလေးပြောတာကလည်း ဟုတ်သလိုလိုပဲဆိုတော့ ငါတို့အားလုံး လည်း ပြန်မငြင်းနိုင်ဘူး။ ဒါနဲ့ ငါတို့အားလုံး ဝိုင်းပြီး ညီမလေးအလိုကျ ဆုတောင်းပေးလိုက်ပါတယ်။ ဒီနေ့က ညီမလေးနှင်းချိုအတွက် အထူးစပါယ် ရှယ်နေ့ မဟုတ်လား။

ညီမလေးနဲ့ မိုးတို့ ဘုရားရှိခိုးနေတုန်း ဘီလူးအနားကိုကပ်သွား ပြီး ဒီနေ့အတွက် အရမ်းကျေးဇူးတင်ကြောင်း ပြောလိုက်တယ်။ ဘီလူးက ငါ့ကို ဘာလာကြောင်တာလဲတဲ့။ ငါတို့တစ်တွေကြားမှာ ဘာများကျေးဇူး တင်စရာ လိုသေးလို့လဲတဲ့။

မိုးရဲ့လက်ကို ဘီလူးက ဆုပ်ကိုင်ထားတာ မြင်ရတဲ့အခါတိုင်း ငါ့ရင်ထဲမှာ ဆစ်ခနဲ ဆစ်ခနဲ နာကျင်သွားတာက လွဲရင် ငါတို့ရဲ့ တစ်နေ့ တာ ဘုရားဖူးခရီးစဉ်လေးက တစ်သက်တာ မမေ့မှုယ်ရာပါပဲ။ အထူးသဖြင့် ညီမလေးနှင်းချိုတို့ မိုးတို့တစ်တွေ အရမ်းပျော်နေတာကို တစ်နေကုန် အနီး ကပ်မြင်တွေ့ခဲ့ရတယ်လေ။

ကိုယ်ချစ်ရတဲ့သူတွေ ပျော်နေတာကို မြင်တွေ့ခံစားနေရတာလောက် ကျေနပ်နှစ်သက်ဖွယ်ကောင်းတဲ့ ပီတိမျိုး လောကမှာ မရှိ။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

ရောင်စုံထီးတွေအောက်ကို ရောင်စုံလူငယ်တွေ ပြန်ရောက်လာပါ အခုနှစ်မှ ရောက်ရှိလာမယ့် ခြေရာအသစ်များအတွက် ကတ္တရာလမ်းမ းက ရင်ကော့လို့ ကြိုဆိုနေတယ်။ ချိုင့်ခွက်တွေဖြစ်သွားပါစေ လူငယ် ွ အနာဂတ်တောက်ပဖို့ရာအတွက်ပဲတဲ့။ ရဲရဲဝင့်ဝင့် နင်းကြစမ်းဝါလို့ တ္တရာလမ်းမကြီးက ရေပန်းအဝိုင်းလေးကို ဂုဏ်ယူဝင့်ကြွားစွာ ပြောနေ ယ်။ ရေပန်းလေးက ဘာမှပြန်မဖြေဘဲ သူ့ဘောင်ပေါ်မှာ ဓာတ်ပုံရိုက် ကြသူများအတွက် အစွမ်းကုန် ရေတွေပန်းထုတ်နေတယ်။

တစ်နှေလုံး ဖုန်ကန္တာရထဲမှာ အထီးကျန်ခြောက်သွေ့ခဲ့ရတဲ့ ကျောင်း ကလည်း အခုမှပဲ ပြုံးပြုံးပျော်ပျော် စိုစိုပြည်ပြည် ပြန်ဖြစ်သွားတော့ ယ်။ သူ့ရင်ခွင်ထဲကို ရောက်လာတဲ့ တစ်ယောက်ပြီးသော လူငယ် ယောက်များအတွက် ပီတိတွေဖြာနေတာပေါ့။

ကျောင်းပြန်ဖွင့်ပါပြီ။

ကန်တင်းအနှံ့ ကျောင်းသားလူငယ်တို့ရဲ့ အသံတွေနဲ့ တအုန်းအုန်း နေတယ်။ အုန်းအုန်းထနေတဲ့ အသံတွေထဲမှာ ငါတို့ဝိုင်းက ငြင်းခုံသံတွေ လည်း စူးစူးရှရှ။

'မယုံဘူးလား'

'မယုံဘူးကွာ၊ မယုံဘူး'

www.burmeseclassic.com

www.burmeseclassic.com



'အေး… မယုံရင် လောင်းမယ်လေ'

'စိန်လိုက်လေ၊ ကြာသလားလို့'

'အိုကေ… ဒါဆို ဒီတစ်ညလုံး ဒိုတာခုတ်တဲ့ကြေးရယ်၊ ခေါ
ဆွဲပြုတ်ကြေးရယ်၊ ကဲ… ဘယ်လိုလဲ'

'ရတယ်လေ၊ အကုန်လုံးကို ကျွေးရမှာနော်'

'အေးပါ'

အာပုပ်နဲ့ ဂေါ်ပြားတို့ အပြင်းအထန်ငြင်းနေကြတယ်။ အာပုပ်
သူ့ကိုယ်သူ စာအရမ်းဖတ်တယ်။ ဒီအရွယ်မှာ သူ့လောက်စာဖတ်တဲ့
မရှိဘူးလို့ ကြွေးကြော်တယ်။ ပြောရင်း ပြောရင်းနဲ့ အခုခေတ် စာရေးဆ
တွေ အသုံးမကျပုံတွေ၊ အဆင့်မရှိကြပုံတွေ၊ ဇာတ်လမ်းကို ပုံသေနည်း
နဲ့ သမားရိုးကျရေးနေပုံတွေ၊ ဇာတ်လမ်းတွေ ထပ်နေကြပုံတွေ၊ သူတ
ဝတ္ထုမျိုးလောက်တော့ လက်နှစ်ဖက်နဲ့ ဘယ်ညာပြိုင်တူ နှစ်ပုဒ်ကို တစ
တည်းရေးနိုင်တယ်တွေ ဘာတွေ ကြွားတာပေါ့။ ဒါကို ဂေါ်ပြာ
လက်မခံ။ နောက်ဆုံးတော့ လောင်းကစားလေးတစ်ခု ဖြစ်သွားတယ်

အာပုပ်က သက်သေပြတဲ့အနေနဲ့ ဂေါ်ပြား ကြိုက်နှစ်သက
ဒီဘက်ခေတ်ကောင်မလေးနာမည်နဲ့ ဝတ္ထုစာအုပ်သုံးအုပ် ရှာခိုင်းတယ်။ ပြ
သူက ဝတ္ထုအစ ဆယ်မျက်နှာလောက်ကိုပဲ ဖတ်မယ်။ ဆယ်မျက်နှာထ
ပိုမဖတ်ဘဲနဲ့ ဇာတ်သိမ်းကို မှန်အောင်ပြောနိုင်တယ်လို့ စိန်ခေါ်တယ်။
ပြားကလည်း လက်ခံတယ်။

သိပ်မကြာဘူး။ ဘယ်က ဘယ်လိုမရမကရှာလာလဲ
စာအုပ်သုံးအုပ်နဲ့ ဂေါ်ပြား ပြန်ရောက်လာတယ်။

'ရော့… ဟောကောင်၊ သိပ်အပြောမကြီးနဲ့၊ ဟင်း…'

အာပုပ်က စာအုပ်တစ်အုပ်ကို ဆွဲယူလိုက်တယ်။ တစ်မျက်



စ်မျက်နှာ ခပ်သွက်သွက်ဖတ်တယ်။ ငါတို့အားလုံးလည်း စိတ်ဝင်
စားများနဲ့ ဒီကောင် ဆယ်မျက်နှာပြီးတဲ့အထိ စောင့်နေရတာပေါ့။

'ကဲ… ဟောကောင် ငေါး၊ နောက်ဆုံးစာမျက်နှာကို လှန်ကြည့်
ိုက်'

ငါ့လက်ထဲ ရောက်လာတဲ့ စာအုပ်ကို တစ်ချက်ကြည့်လိုက်တယ်။
ုံးမှာတော့ ကောင်မလေးတစ်ယောက်ပုံပဲ။ စာရေးဆရာနာမည်ကိုတော့
တ်မိတော့ဘူး။ လူနာမည်မဟုတ်တာတော့ မှတ်မိတယ်။ ငါဆိုလိုတာ
 လူတွေပေးလေ့ပေးထမရှိတဲ့ နာမည်မျိုးကို ဆိုလိုတာပါ။

'ဒီဝတ္ထုထဲက မင်းသမီး 'ဝေချိုချိုဖူးပွင့်'က မင်းသား 'ရဲမိုး
ိမ်ယံ'ရဲ့ ရင်ခွင်ကို ခပ်ဖွဖွထုရင်း နှုတ်ခမ်းလေးစူကာ မှိုလိုက်လေသတည်း
ို အဆုံးသတ်ထားတယ်။ ဟုတ်တယ်မဟုတ်လား'

စာအုပ်ရဲ့ နောက်ဆုံးစာမျက်နှာကို လှန်လိုက်တယ်။ ကျန်တဲ့ကောင်
တွကလည်း ငါနဲ့အတူ ဝိုင်းကြည့်ကြတယ်။

'ဟာ…'

အကုန်လုံးအံ့ဩကုန်တယ်။

'ဘာလဲ၊ ဒီစာအုပ်က မင်းဖတ်ပြီးသားကြီးလား'

'ထပ်တရိုး၊ ဖတ်စရာလား ဒီလိုစာအုပ်မျိုးတွေကို အချိန်ကုန်ခံ
ို၊ မင်းတို့ကို ငါပြောသားပဲ၊ ဇာတ်တွေက မဲပြာပုဆိုးတွေပါလို့၊ နောဦး
ကြည့်'

စားပွဲပေါ်ကို နောက်တစ်အုပ်ကိုယူပြီး အာပုပ်က ဖတ်ပြန်တယ်။
ြီးတော့ ဇာတ်သိမ်းခန်းကို ပြောပြတယ်။ ဒီတစ်ခါလည်း မင်းသားနဲ့
င်းသမီး ညားတာပါပဲတဲ့။

ငါတို့လည်း မယုံသင်္ကာနဲ့ အဆုံးခန်းကို ဖွင့်ဖတ်ကြည့်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မလွဲပါဘူးဗျာ။ ဒီကောင် ပြောသမျှ အမှန်တွေချည်းပဲ။ နောက်တစ်အုပ်လည
မလွဲ။ ထိုနည်းလည်းကောင်းပဲ။ ဇာတ်သိမ်းမှာ မင်းသားနဲ့ မင်းသ
ဇာတ်ပေါင်းထုပ်သွားကြတာပါပဲ။

'မင်းတို့အားလုံး မှတ်ထားကြ၊ အဲဒီလို ဝတ္ထုတွေမှာ မင်းသား
မွဲရင် မင်းသမီးက ထိတ်ထိတ်ကျဲချမ်းသာတယ်၊ မင်းသမီး ဆင်းရဲ
ဦးတေဇက အဖေခေါ်ရလောက်အောင် မင်းသားက ချမ်းသာမယ်၊ ချမ်းသ
တဲ့သူကလည်း ပိုက်ဆံဝုဏ်မောက်၊ မွဲတဲ့သူကလည်း ဆင်းရဲသား မ
တလူလူလွှင့်၊ ဇာတ်အလယ်ရောက်တော့ မာနခဲကောင်နဲ့ မာနခဲကောင်မ
တွေ့ကြ၊ နောက်ဆုံးတော့ မာနတွေခဝါချပြီး ချစ်ကြ၊ အကြောင်းတစ်
နဲ့ အထင်လွဲပြီး ကွဲကြ၊ နောက်ဆုံးကျတော့ ဘာမှမဟုတ်ဘဲနဲ့လည်း ပြ
ပြေလည်သွားပြီး ပျော်ရွှင်စွာညားကြလေသတည်းလို့ ဇာတ်သိမ်းလိုက်
ရော၊ အဲဒီဖော်မြူလာထဲမှာပဲ လှည့်ပတ်ပြီးရေးသွားလိုက်တာ တစ်သက်
ရေးမကုန်ကြတော့ဘူး။ တချို့ဆိုရင် နာမည်လေး၊ ငါးမျိုးနဲ့ ခွဲပြီး တစ်
တစ်လ လေး၊ ငါးအုပ်တောင် ရေးနိုင်ကြသေးတယ်၊ ကဲ… ဘယ်လို
ဂေါ်ပြား၊ ငါပြောတာ ယုံပြီမဟုတ်လား'

ငါတို့အားလုံး တအံ့တသြဖြစ်နေကြပုံကို အရသာခံကြည့်ရ
အာပုပ်က ဆရာကြီးလေသံနဲ့ ရှင်းပြနေတယ်။ သူပြောတာကလည်း ဟု
နေတာဆိုတော့ ငါတို့အားလုံးလည်း အသာငြိမ်ပြီး နားထောင်နေရတာ
ဂေါ်ပြားကတော့ စိတ်ညစ်ညစ်နဲ့ ခေါင်းကို တဗျင်းဗျင်းကုတ်နေတာပေ

'နောက်တစ်ခါဆိုရင် ရုပ်ရှင်ပိုစတာကို ကြည့်ပြီး ရုပ်ရှင်တ
ကားလုံးကိုပါ ဇာတ်လမ်းအစအဆုံး ပြောပြလို့ရသေးတယ်နော်၊ လော
ဦးမလား ဟေ့ကောင်'

အာပုပ်က ဂေါ်ပြားကို ထပ်စိန်ခေါ်တယ်။

'တော်ပါပြီကွာ'

ဂေါ်ပြားက စိတ်မသက်မသာနဲ့ ပြန်ငြင်းတယ်။

'အေး… အဲဒီလို လိမ္မာစမ်းပါ၊ ဘီလူးရေ… ငါတို့ကို လာခေါ်
… ဒီညအတွက်တော့ မိန်းစပွန်ဆာရသွားပြီ၊ ဟေ့… ဟေ့'

ဘီလူးနဲ့ ဒီကောင်တွေလည်း ပြန်အဆင်ပြေသွားပါပြီ။ အဆင်မပြေ
…ည်း ဘယ်ရမလဲ။ လူငယ်တွေအချင်းချင်း စိတ်ကောက်ပြီး တစ်သက်
… မခေါ်နိုင် မပြောနိုင်ဖြစ်သွားကြတယ်ဆိုတာ ရာဇဝင်ထဲမှာ ရှိလို့လား။
…ကြီးတွေသာ အဖွဲ့တွေ ကွဲ၊ တစ်ယောက်နဲ့ တစ်ယောက် နာကြည်း
…တီး၊ မကောင်းကြောင်းတွေ ဖော်ကောင်လုပ်တယ်လို့ပဲ ရှိတယ်မဟုတ်
… အငြိုးအတေးဆိုတာ လူငယ်တို့ရဲ့ အဘိဓာန်ထဲမှာ မပါဝင်တဲ့
…ားလုံး။

'ဟာ… မရဘူးကွ၊ ငါ့ကို မိုးက ညဘက်တွေ အပြင်မှာမအိပ်
…မှာထားတယ်'

'ဘာ'

ထန်အုပ်ရဲ့ အလန့်တကြားအော်သံ။

'ဘယ်လို… ဘယ်လို'

အာပုပ်နဲ့ ဂေါ်ပြားတို့ရဲ့ တအံ့တသြရေရွတ်သံ။

မြန်မာတစ်နိုင်ငံလုံး နှစ်ဆယ့်လေးနာရီ လျှပ်စစ်မီးအပြည့်အဝ
…တော့မယ်ဆိုရင်တောင် ယုံချင် ယုံမယ်။ ဘီလူးပါးစပ်က အဲဒီလိုစကား
…ထွက်လာတာကို ဟိုကောင်တွေက မယုံနိုင်အောင်ဖြစ်နေကြတယ်။

'တကယ်ပါကွာ၊ နေ့ဘက်တွေ မင်းတို့ ဘယ်သွားသွား ငါ
…တ်ခဲ့ပေးပါ့မယ်၊ အိမ်ကိုတော့ ညပြန်အိပ်ရလိမ့်မယ်။ မဟုတ်ရင် ငါ…
…ကောက်သွားလိမ့်မယ်ကွ'

www.burmeseclassic.com

www.burmeseclassic.com



ဟိုကောင်တွေ ပါးစပ်က ဆဲနည်းပေါင်းစုံ လှိုင်လှိုင်ထသွားတ
ငါတစ်ယောက်တည်း ဘာမှဝင်မပြောဘဲ ဘီလူးကို ကျေကျေနပ်နပ်
ကြည့်နေမိတယ်။ ဘာပဲပြောပြော ငါအလျှော့ပေးလိုက်ရကျိုးနပ်တယ်
ဆိုရမယ်။ အချစ်ဆုံးသူငယ်ချင်းတစ်ယောက် အခုလို လမ်းမှန် နေရာမှ
ရောက်သွားတာ ကျေနပ်စရာပဲပေါ့။

မဟုတ်ဘူးလား။

❐ ❐ ❐

မကျေနပ်ဘူးဆိုရင် တစ်ကိုယ်လုံးမှာ မှုံးတွေပတ်ပြီး ကိုယ်မကျေ
တဲ့သူအနားမှာ သွားဖောက်ပစ်လိုက်ပါလား။ တစ်ခါတည်း ကိစ္စပြတ်
ာ။ တိုင်းပြည်ကောင်းဖို့ အနစ်နာခံချင်သပဆိုရင် အဲဒီလို စတေးလိုက်
ပါလား။ အများကောင်းဖို့ဆို။ အခုတော့ ဘာတွေပြောနေလို့ ပြောနေ
မှန်း မသိဘူး။ အရစ်ရှည်နေတယ်။ ပြောတဲ့သူလည်း လေကုန်တယ်။
ထောင်တဲ့သူလည်း ဓာတ်ခဲကုန်တယ်။ ငါက ကြားထဲကနေ အချောင်
ငြီးတယ်။

အခုနောက်ပိုင်း ကိုကြီးမောင်က ညတိုင်းလို အိမ်မှာ ငါ့အဖေနဲ့
တူ ရေဒီယိုနားထောင်တယ်။ ရေနွေးကြမ်းတစ်အိုးစာလောက် ဆွေးနွေး
တယ်။ ညီမလေးကပါ သူတို့စကားဝိုင်းထဲ ဝင်ပြီး ပြောဆိုဆွေးနွေးနေ
ယ်။ ကိုရီးယားကားတွေတောင် ငါ့အမေနဲ့အတူ မကြည့်တော့ဘူး။ လူကြီး
တွေနဲ့အတူ ရေဒီယိုနားထောင်နေလေရဲ့။

ငါ့ညီမကလည်း ဂေါက်ကြောင်ပဲ။ သူ့အရွယ်လေးနဲ့ အဲဒီလောက်
ီ နိုင်ငံရေးကို စိတ်ဝင်စားစရာလား။ ကိုကြီးမောင် ညတိုင်းရောက်လာတာ
ကောင်းတဲ့အချက်တွေတော့ ရှိတယ်။ တစ်ခုက ညဘက်တွေ ဆိုင်စောင့်
ရာ မလိုတော့ဘူး။ အခုဆိုရင် ဆိုင်ကပစ္စည်း ဈေးတော်တော်များများ
ိုတောင် ကိုကြီးမောင်က အလွတ်ရနေပြီ။ နောက်ပြီး ညီမလေး ဒီဘာတီ

www.burmeseclassic.com

www.burmeseclassic.com



ခေတ် ကောင်မလေးတွေလို အင်တာနက်ဆိုင်သွား၊ ချက်တင်ထိုင်၊ အ
ပြည့် ကိုရီးယားကားတွေကြည့်ပြီး အချိန်ဖြုန်းနေတာမျိုး လုံးဝမလုပ်။
အမေရဲ့ စာအုပ်တွေကို စိတ်ဝင်တစားဖတ်တာ၊ သတင်းဂျာနယ်တွေ အ
ဖတ်တာ၊ ညဘက်တွေ အိမ်မြဲနေတာတို့ကတော့ မဆိုးပါဘူး။

ဆိုးတာက နားမထောင်ဘဲ ကြားနေရတာတွေပဲ။ ရေဒီယိုက
သွားသမျှတွေဟာလည်း တစ်ခုမှ ကောင်းတာမပါဘူး။ မသိရင်ဘဲ ငါ
နိုင်ငံကြီးက စစ်မီးဟုန်းဟုန်းတောက်လောင်နေသလိုလို။ လူတွေအား
မွဲပြီးတော့ ထမင်းတောင် နပ်မှန်အောင်မစားနိုင်တော့သလိုလို၊ ပြည်တွ
မှာ ကျန်ခဲ့တဲ့သူတွေအကုန်လုံးကပဲ ငနူငအတွေလိုလို၊ အဟင်း… 
ရတယ်။

အဲဒီလို ပြောနေကြတဲ့ သူတွေကို ဟောဒီလိုနေရာမျိုးကို တ
လောက် ခေါ်သွားလိုက်ချင်တယ်။ ခင်ဗျားတို့ ရောက်နေတဲ့ နိုင်ငံတွေ
တောင် ဒါမျိုးတွေရှိရဲ့လားလို့ မေးလိုက်ချင်တယ်။ ဒီလိုလေ…

❖ ❖ ❖

ခန်းမထဲကို ဝင်လိုက်တာနဲ့ အဖြူရောင်ဝတ်စုံများ အရောင်ပြေ
သွားတယ်။ ထို့အတူ အဖြူရောင်စိတ်ခတ်များလည်း အရောင်ပြောင်းသ
စေရမယ်။ စိတ်ချ။

ရောင်စုံမီးဆလိုက်များ၊ အပြင်းစားသံစဉ်များ၊ အကောင်း
ယမကာများ၊ ပေါင်တံဖွေးဖွေး လေအေးအေးနဲ့ ဆေးလိပ်မီးခိုးငွေ့
အပြုံးကိုယ်စီနဲ့ မြူးကြွနေတဲ့ လူငယ်များ။

"Happy Birthday"



ဒီနေ့က ဘီလူးမွေးနေ့။ အစောပိုင်းက အကင်ဆိုင်တစ်ဆိုင်မှာ ငါတို့သူငယ်ချင်းတွေ စုဝေးစားသောက်ကြတယ်။ အကင်ဆိုင်ပိတ်သွားတော့ အရက်နှစ်ပုလင်း ကုန်သွားပြီ။ ဘယ်သူ အိမ်ပြန်ချင်သလဲလို့ ဘီလူးက မေးတယ်။ မိုးက လွဲလို့ ဘယ်သူမှ အိမ်မပြန်ချင်ကြဘူး။ လိမ့်လို့ရသမျှ ဆက်လိမ့်ကြဦးမယ်တဲ့။

မိုးက အကူအညီတောင်းတဲ့မျက်နှာမျိုးနဲ့ ငါ့ကို ကြည့်နေတယ်။ ဒီဝိုင်းထဲမှာ ငါက အရက်သောက်တာ အနည်းဆုံး။ စုစုပေါင်းမှ နှစ်ခွက်တည်းရှိယ်။ ဒါတောင် ဘီလူးက အတင်းတိုက်လို့ သောက်ရတာ။ မိုးရှေ့မှာဆိုရင် မကောင်းမှုတစ်စုံတစ်ရာလုပ်ဖို့ အခုအချိန်ထိ ဝန်လေးနေရတာ ဘာကြောင့်များလဲ။

ငါက အလိုက်တသိနဲ့ မိုးကို ပြန်လိုက်ပို့ပေးရမလားလို့ မေးလိုက်တော့ ဘီလူးက ခါးခါးသီးသီးငြင်းတယ်။ ကျန်တဲ့ကောင်တွေကလည်း မရဘူးဘာဘူးနဲ့ ငါ့ကို အတင်းခေါ်ထားတယ်။ ဘီလူးက မိုးရဲ့နားကိုသွားပြီး ဘာတွေဘယ်လိုချွဲလိုက်တယ် မသိဘူး။ ကလပ်ထဲကို မိုးပါ ပါလာတယ်။

ကလပ်ဆိုတဲ့နေရာကို တစ်ခါမှမရောက်ဖူးတဲ့ မိုးအတွက် အထူးအဆန်းဖြစ်လို့နေပါတယ်။ ပွဲခင်းထဲရောက် ကလေးငယ်တစ်ယောက်လို မျက်လုံးလေး ကလယ်ကလယ်နဲ့ အရာရာကို ငေးမောစူးစမ်းနေတယ်။ ငါ့ကောင်တွေကတော့ ခြောင်းထဲက လွှတ်လိုက်တဲ့ မြင်းတွေလိုပဲ ကလပ်ထဲရောက်တာနဲ့ ခုန်ပေါက်ကခုန်နေကြတယ်။ ငါနဲ့ မိုး နှစ်ယောက်တည်းပဲ စားပွဲဝိုင်းထဲမှာ ထိုင်ပြီး ကျန်ခဲ့တယ်။

'နှင်းခါးတို့သူငယ်ချင်းတွေက ဒီလိုနေရာမျိုးကို အမြဲတမ်း လာနေကျလား'

www.burmeseclassic.com

www.burmeseclassic.com



'ရှံဖန်ရှံခါပါ'

အမှန်ကတော့ ငါက ဒီကလပ်ကို ဒီနေ့မှစပြီး ရောက်ဖူးတာပါ။ အရင်တုန်းက ရောက်ဖူးတဲ့ ကလပ်တွေက အခုကလပ်လောက် အဆင့်မမြင့်ဘူး။ နောက်ပြီး ဒီကလပ်က ပိုက်ဆံပေးဝင်ချင်တိုင်း ဝင်လို့ရတဲ့ ကလပ်မျိုး မဟုတ်ဘူး။ ဆိုင်ရာပိုင်ရာလူတွေပဲ ဝင်လို့ရတဲ့ အထူးသီးသန့်ကလပ်မျိုး။ ဘီလူးခေါ်လာလို့သာ ဝင်ခွင့်ရတာ။

'ရှံဖန်ရှံခါလို့သာပြောတယ်၊ တွေ့တွေ့သမျှ ဝန်ထမ်းတွေကလည်း နှုတ်ဆက်နေပြီးတော့၊ တော်ရုံတန်ရုံမသိဘဲ ဘယ်နှုတ်ဆက်ပါ့မလဲ'

ဘီလူးကို တွေ့တွေ့သမျှ ဝန်ထမ်းတွေက တရိုတသေနှုတ်ဆက်နေတာနဲ့ ပတ်သက်ပြီး မိုးက ငါ့ကို မေးတယ်။

'ဒါလား၊ ဒီလိုနေရာတွေက ဝန်ထမ်းတွေက အဲဒီလိုပဲလေ၊ ဘီလူးမှ မဟုတ်ဘူး၊ ပိုက်ဆံပေးသမျှလူတိုင်းကို အဲဒီလိုပဲ နှုတ်ဆက်ကြတာ၊ ဘီလူးကလည်း တွေ့တယ်မဟုတ်လား၊ ထောင်တန်အုပ်လိုက်ကိုင်ပြီး လာနှုတ်ဆက်သမျှလူတိုင်းကို ကျဲနေတာလေ၊ အဲဒီလိုမပေးနိုင်လို့ကတော့ ကျွန်တော်တို့ကို ဘယ်သူမှ အဖက်လုပ်မှာမဟုတ်ဘူး၊ တကယ်တော့ သူတို့နှုတ်ဆက်တာ လူကိုမဟုတ်ဘူး၊ လက်ထဲက ပိုက်ဆံကို'

'သြော်... အဲဒီလိုလား'

ငါ့ရှင်းပြတာကို မိုးက ခေါင်းတညိတ်ညိတ်နဲ့ နားထောင်တယ်။ ပြီးတော့ ခဏစကားစပြတ်သွားကြတယ်။ တီးလုံးသံတွေကြားမှာ မြောက်ကြွနေတဲ့လူတစ်အုပ်ကို ငေးနေမိကြတယ်။

'ဟင်... ဘာ... ဘာပြောလိုက်တယ်'

ဆူညံနေတဲ့ တီးလုံးသံတွေကြောင့် မိုးပြောလိုက်တဲ့ စကားကို မကြားလိုက်ရဘူး။



'သြော်... ကောင်မလေးတွေကလည်း ငယ်ငယ်လေးတွေလို့'

'ဟုတ်တယ်နော်၊ တော်တော်ငယ်ကြသေးတယ်'

မိုးရဲ့စကားကို ခေါင်းညိတ်ထောက်ခံလိုက်တယ်။

'သူတို့လေးတွေရဲ့ မိဘတွေကရော မသိကြဘူးလား၊ ဒီလိုနေရာမျိုးကို ဒီလိုပုံစံတွေနဲ့ ရောက်နေကြတယ်ဆိုတာ'

မိုးက dancing floor ပေါ်မှာ တွန့်လိမ်ကောက်ကွေးနေတဲ့ ကောင်မလေးတစ်သိုက်ကို မေးထိုးပြရင်း မေးတယ်။ ငါလည်း ဘယ်လိုလုပ်သိမလဲ။ ကလပ်ထဲလာပြီး အဲဒီလို စဉ်းစားနေတဲ့သူဆိုလို့ မိုးတစ်ယောက်တည်းပဲ ရှိမယ်ထင်တယ်။ ကျန်တဲ့သူတွေအတွက်ကတော့ သိတယ်မဟုတ်လား။ သောက်မယ်။ စားမယ်။ ပျော်မယ်။ ပါးမယ်။ ဒါပဲ။

အမျိုး ဘာသာ သာသနာကြီး ထွန်းကားပြန့်ပွားရေးအတွက် နှီးနှော တိုင်ပင်ဖို့ ရောက်လာကြတာ မဟုတ်ဘူးဆိုတာကတော့ အသေအချာပဲ။

'ဒါနဲ့ မိုးက ဘာဖြစ်လို့ ဘီလူးရဲ့အချစ်ကို လက်ခံလိုက်ရတာလဲ'

ဒီစကားကို ငါမေးချင်နေတာ ကြာပြီ။ အခုတော့ ဘာအဆက်အစပ်မှမရှိဘဲ ပလိန်းကြီးမေးလိုက်တယ်။

မိုးက ငါ့မေးခွန်းကို ကြားကြားချင်းတော့ ခပ်တွေတွေဖြစ်သွားတယ်။ ဒီလိုနေရာမျိုးမှာ ဒီလိုမေးခွန်းမျိုး ကြုံလိမ့်မယ်လို့ ထင်မှတ်မထားလို့ပဲ ဖြစ်မှာပေါ့လေ။ ခဏကြာတော့မှ ငါ့မေးခွန်းကို သေသေချာချာပြန်ဖြေတယ်။ မိုးပုံစံကိုကြည့်ရတာ ငါ့မေးခွန်းအတွက် အဖြေအဆင်သင့်ရှိထားတဲ့ပုံပဲ။

'ဟုတ်တယ်၊ သူရ အဲ... ရှင်တို့ရဲ့ ဘီလူးကို ပြန်ပြီးလာခဲ့ရတဲ့အကြောင်းအချက်တွေကတော့ အများကြီးပဲ၊ သူရကို မိုး သေသေချာချာ လေ့လာခဲ့တာပါ၊ အဲဒီလိုပဲ ဘက်ပေါင်းစုံကနေ ထောင့်မှာ အောင်ချောင်းအား

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ အဖြေပြန်ပေးခဲ့တာပါ၊ ပထမဆုံးအနေနဲ့ သူရက မိုးရဲ့စကားကို နားထောင်တယ်လေ၊ အများကြီးလည်း ပြုပြင်သွားတာ အရင်ကလို မဟုတ်တော့ဘူး မဟုတ်လား'

တီးလုံးသံတွေက ဆူညံလွန်းတော့ မိုးရဲ့စကားကို ကြားရအောင် အသေအချာအာရုံစိုက်နားထောင်နေရတယ်။

'နောက်ပြီး သူရက ပွင့်လင်းတယ်၊ သူငယ်ချင်းတွေအပေါ်မှာလည်း ကောင်းတယ်လေ၊ ကောင်းလွန်းလို့တောင် ခက်နေသေးတယ်'

ဒါလည်း အဟုတ်ပဲ။ ဘီလူးဆိုတဲ့ကောင်က ဘော်ဒါတွေ အကူအညီတောင်းရင် ငြင်းခဲတယ်။ ငါတို့ကတောင် ပြန်ပြီးသတိပေးရသေးတယ်။

'အဓိကကတော့ သူရရဲ့ မိသားစုအခြေအနေပဲ၊ သူရကို ဒီအတိုင်းသာ ဆက်လွှတ်ထားလိုက်ရင် ရေစုန်မျောပြီး ဒီထက်ပိုဆိုးသွားလိမ့်မယ် သိလား၊ နောက်ပြီး သူရကို တဖြည်းဖြည်းနဲ့ မိုးလိုချင်တဲ့ပုံစံမျိုးရအောင် ပြင်ယူနိုင်မယ်လို့ ယုံကြည်တယ်လေ၊ အများမြင်သလို သူရရဲ့ ချမ်းသာကြွယ်ဝမှုတွေကြောင့် မဟုတ်ဘူးဆိုတာတော့ မိုးရဲ့လိပ်ပြာကို မိုးယုံပါတယ်'

'ဟာ··· မဟုတ်ပါဘူး၊ ကျွန်တော်ဆိုလိုတာက အဲဒီလိုမဟုတ်ပါဘူး'

ငါပြန်ပြောတာကို ကြားလား၊ မကြားလား မသေချာဘူး။ မိုးက ဟိုကောင်တွေ ကနေတဲ့နေရာကို ငေးစိုက်ကြည့်နေတယ်။ တဖျတ်ဖျတ် လက်နေတဲ့ မီးရောင်တွေကြောင့် တစ်ယောက်ကို တစ်ယောက် ကွဲကွဲပြားပြား မမြင်ရ။

'ကျွန်တော်ဆိုလိုတာက မိုး ဘီလူးအပေါ် တကယ်ချစ် မချစ်'



မိုးက ဘာမှပြန်မပြောဘူး။ ဟိုကောင်တွေကို ငေးနေရာကနေ က်ကို လှည့်ကြည့်ပြီး တစ်ချက်ပြုံးပြတယ်။ ဒါပါပဲ။ အဲဒီအကြည့်၊ အပြုံးနဲ့တင် စကားလုံးပေါင်းများစွာထက်ပိုပြီး ပြည့်စုံသွားပါပြီ။ ပြစရာ ဘာမှမလိုတော့ဘူး။

'ဆောရီးဗျာ··· ဆောရီး၊ ကျွန်တော် ဘာတွေမေးမိမှန်း မသိ'

ဟိုကောင်တွေက ငါ့ကို သူတို့နဲ့အတူကဖို့ လာခေါ်တယ်။ ငါ က်ဘူးလို့ ငြင်းတာ မရဘူး။ အတင်းမရမကခေါ်နေတာနဲ့ မိုးတစ် က်တည်းမို့လို့ အဖော်အဖြစ်စောင့်နေတာလို့ အကြောင်းပြချက် ထုတ် ယ်။ ဒါလည်း မရဘူး။ ဘီလူးက မိုးကိုပါ ငါတို့နဲ့အတူကဖို့ ခေါ် တယ်။

အဲဒီအချိန်မှာပဲ ထိန်လင်းတို့အုပ်စု ရောက်လာတယ်။ ဘီလူး နေ့မှန်းသိသွားတော့ ဒီကောင်တွေက ငါတို့ဝိုင်းထဲမှာ ရောထိုင်ကြ ယ်။ ဘီလူးကလည်း ဒီကောင်တွေအတွက် ပုလင်းအသစ်တစ်လုံးကို ိုက်တာသီထပ်မှာပေးပါတယ်။

ဒီကောင်တွေအုပ်စုနဲ့ အာပုပ်တို့အုပ်စုကလည်း ဘယ်ဘဝက က်မှန်း မသိဘူး။ မျက်နှာချင်းဆိုင်လို့ကို မရဘူး။ ဆိုင်လိုက်တာနဲ့ ဖွဲ့နဲ့ တစ်ဖွဲ့ ရိသ့ဲသဲ့ ချိတ်တိတ်တိတ်တွေ လုပ်ကြရော။

'သူငယ်ချင်းဆိုတာ ကိုယ်က ကျွေးရ မွေးရမှ ကောင်းတာကွ၊ မင်းဘာလုပ်လုပ် သူတို့က လိုက်လုပ်မှာမဟုတ်လား၊ မင်းသြဇာကို န်ဆန်နိုင်ဘူးပေါ့ ဘီလူးရာ၊ ဟား··· ဟား'

ဘီလူးက ငါတို့ကို အမြဲတမ်းကျွေးမွေးနေရတာနဲ့ပတ်သက်ပြီး လင်းရဲ့ ရိသ့ဲသဲ့စကား။

www.burmeseclassic.com

www.burmeseclassic.com



'ဟေ့… ဘီလူးရ၊ ကိုယ်ကလည်း ကျွေးရ၊ ကိုယ့်ကိုလ…
ဆရာကြီးပြန်လုပ်မယ့်သူတွေနဲ့တော့ မပေါင်းနဲ့ဟေ့'

ထန်အုပ်က ချက်ချင်းပြန်ပက်တယ်။

'ကျွေးလည်း ကျွေး၊ ဆရာကြီးလည်း လုပ်ခံရတဲ့အပြင် …
ကွယ်မှာ စောက်ဖောင်းလိုက်ထုနေတဲ့ ကောင်တွေကိုတော့ သတိ…
ဘီလူးရေ'

ဂေါ်ပြားကပါ ဝင်ဖွဲ့တယ်။ မိုးနဲ့ ချစ်သူတွေဖြစ်သွားပြီးတဲ့…
ပိုင်း ဘီလူးတစ်ယောက် ခြေငြိမ်သွားပြီး ဒီကောင်တွေဆီကို ရောက်…
တာနဲ့ပတ်သက်လို့ ထိန်လင်းတို့အုပ်စုက သိပ်အစာမကြေဘူး။ …
ကွယ်မှာ ဘီလူးကို မိန်းမ မရသေးဘူး ရည်းစားကိုတောင် ကြော…
ရပြီတို့၊ မိန်းမရှိနိုး သွားမကျိုး၊ ရည်းစားရှိနိုး ခါးမကျိုးတို့ လျှော…
နေကြတယ်။

'အေး… ကိုယ့်ရည်းစားကိုပါ ကြာကူလီရိုက်မယ့် သူငယ်…
မျိုးဆိုရင်တော့ ဝေါင်ဝေါင်ရှေး ဝေးဝေးသာရှောင်ပေတော့ ဘီလူး…

အာပုပ်ရဲ့စကားအဆုံး သုံးကောင်စလုံး တဟားဟားရယ်ကြ…
တစ်ခါက ဘီလူးနဲ့ကြိုက်နေတဲ့ ကောင်မလေးကို ထိန်လင်းက ဖြ…
ဖူးတယ်။ ဒါပေမဲ့ ရှော့ခ်မရှိပါဘူး။ ဘီလူးဆိုတဲ့ကောင်အတွက် …
ဆိုတာ ရေအင်တုံထဲက ပိုးလောက်လန်းတွေလိုပဲ။ ကုန်မကုန်နိုင်…
အများကြီး။ အဲဒီတုန်းကတော့ ဘာပြဿနာမှမဖြစ်ခဲ့ကြပေမယ့် အခု …
ရဲ့စကားကိုလည်းကြားရော ထိန်လင်းမျက်နှာ ရဲခနဲနီတက်သွားတယ်…
ဘောကနှစ်ကောင်ကလည်း ဆတ်ခနဲဖြစ်သွားတယ်။

'ဘာ… မင်း… မင်းတို့ ဘာလုပ်ပါးဝတာလဲ၊ ဘီလူးအော…
တွေကများ ရာရာစစ'



'ဟား… ဟား… ဟား… ရယ်ရတယ်ဟေ့၊ အကြည်တော့်
…ကွာတွေထက်တောင် ရယ်ရသေးတယ်၊ ငါတို့ဘာသာ ငါတို့ အောက်ဆွဲ
…အပေါ်ဆွဲဆွဲ မင်းလိုတော့ ဘီလူးအကျစော်လေးတွေ လိုက်ဖန်နေရတဲ့
…ကောင်စားမျိုး မဟုတ်ဘူးကွ'

'ဟာ… တောက်'

'ခလွမ်'

ထိန်လင်းတို့ သုံးယောက်က ဝုန်းခနဲထရပ်လိုက်တော့ စားပွဲအစွန်
…ခွက်တစ်ခွက် ကျကွဲသွားတယ်။

'ဘာဖြစ်ချင်လဲ၊ ဟေ့ကောင် ဘာဖြစ်ချင်လို့လဲ'

ဟိုသုံးကောင်ရဲ့ အသံတွေက စီခနဲထွက်လာတယ်။ လက်ထဲမှာ
…ထားလိပ်ပြာခွက်ကိုင်တဲ့ကောင် ကိုင်၊ ပုလင်းကိုင်တဲ့ကောင် ကိုင်နဲ့။
…လုံခြုံရေးတွေ အနားရောက်လာတယ်။

'ရတယ်၊ ရတယ်၊ နေ၊ နေ'

ဘီလူးက လုံခြုံရေးတွေ ဝင်မပါဖို့ အရင်တားလိုက်တယ်။

'ဟေ့ကောင်တွေ ထိုင်စမ်း၊ အကုန်ပြန်ထိုင်'

'လီးထဲမှပဲ၊ ငါ့မွေးနေ့လေကွာ၊ မင်းတို့အားလုံး စောက်ရေးမပါ
…း၊ ထိုင်… အခုချက်ချင်း ပြန်ထိုင်ကြ'

နှစ်ဖွဲ့စလုံး ပြန်ထိုင်သွားတယ်။

ဘယ်သူမှ ဘာမှပြန်မပြော။

'ပျော်ပျော်နေပါရစေကွာ'

ဘီလူးက စိတ်ပျက်လက်ပျက် ညည်းတွားတယ်။ မိုးက ဘီလူး
…လက်ကို ဆုပ်ကိုင်ထားတယ်။

'ဆောရီးပါကွာ'

www.burmeseclassic.com

www.burmeseclassic.com



ဂေါ်ပြားနဲ့

'ဆောရီးပဲ'

ထိန်လင်းတို့ရဲ့ တောင်းပန်သံတွေ ပြိုင်တူထွက်လာတယ်။

'ကဲ… ကဲ… ငါတို့လည်း နောက်ကျနေပြီ၊ ဟက်ပီဘာတ်ဒေ

ဘီလူး'

ထန်အုပ်က ပြောပြောဆိုဆိုနဲ့ ထထွက်သွားတယ်။ ဟိုနှစ်ကော

က အလိုက်တသိနဲ့ ထလိုက်သွားတယ်။ ဒီနှစ်ဖွဲ့နဲ့ ဒီည ဘယ်လိုမှမဖြစ်

မှန်း ဒီကောင်တွေ သိတယ်လေ။

'လာလေကွာ… ခေါ်း၊ မင်းက ဘာလုပ်မှာလဲ'

'အဲ…'

သူတို့နဲ့အတူ ထမလိုက်လာတဲ့ ငါ့ကို ခေါ်နေတယ်။ မိုးကို ငါ

တစ်ချက်လှည့်ကြည့်လိုက်တယ်။ ထိန်လင်းတို့လို သူစိမ်းတွေကြားမှာ ထား

ရမှာ ငါ စိတ်မချဘူး။ မိုးကလည်း ခေါင်းခါပြတယ်။ ပြန်လိုက်မသွား

'ငါအိမ်မပြန်ချင်သေးလို့ပါကွာ၊ မင်းတို့ပဲ ပြန်နှင့်'

ဆိုပြီး ငါ့ကောင်တွေကို အပေါက်ဝထိ လိုက်ပို့လိုက်တယ်။ မိုး

ထိန်လင်းတို့အုပ်စုနဲ့ ထားခဲ့ရမှာ စိတ်မချလို့ အတူတူပြန်မလိုက်နိုင်တာ

ကြောင်း အပေါက်ဝမှာ ရှင်းပြလိုက်တယ်။ ဒီကောင်တွေကလည်း ဘာ

ပြန်မပြောပါဘူး။ တက္ကစီတစ်စီးငှားပြီး ပြန်သွားတယ်။

ကလပ်ထဲပြန်ရောက်တော့ ငါတို့ဝိုင်းထဲမှာ ကောင်မလေးအ

ထိုင်နေကြတယ်။ ထိန်လင်းတို့ရဲ့ ဖယားလေးတွေ ထင်ပါ့။

'သောက်ပါ အစ်မရယ်၊ ဒါက အရက်မဟုတ်ပါဘူး၊ punc

အသီးဖျော်ရည်ပါ'

သူတို့လက်ထဲက ခွက်ကို မိုးဆီ အတင်းထိုးထည့်ပေးနေတယ်



'ဟုတ်ပါတယ် မိုးရယ်၊ သူရမွေးနေ့အထိမ်းအမှတ်အဖြစ် သောက်

ပါ'

ဘီလူးက ကောင်မလေးတွေလက်ထဲက ခွက်ကိုယူပြီး မိုးရဲ့ပါးစပ်

ကို တေ့ပေးလိုက်တယ်။ မိုးက ဘီလူးကို မျက်စောင်းတစ်ချက်ထိုး

…

'အသီးဖျော်ရည် သေချာပါတယ်နော်'

'သေချာပါတယ် မိုးရယ်၊ မိုးကို သူရက လိမ်စရာလား'

'ကဲ… အကုန်လုံး ခွက်တွေမြှောက်ကြဟေ့၊ ငါနဲ့ မိုးနဲ့အတွက်'

'ဟေး…'

ခွက်တွေကို အပေါ်မြှောက်တင်ပြီး တိုက်လိုက်ကြတယ်။ ငါ့ကို

း အတင်းသောက်ခိုင်းနေတာနဲ့ တစ်ခွက်ယူမြှောက်ပြီး သောက်လိုက်

ယ်။ မိုးလည်း ရှုံ့မဲ့မဲ့နဲ့ မော့သောက်နေတာကို မြင်လိုက်တယ်။

တစ်ခွက်ပြီး နောက်တစ်ခွက်ပြီး နောက်ထပ်တစ်ခွက်။

'ဟေး'

ငါလည်း ငြင်းလို့မရ။ မိုးလည်း ငြင်းလို့မရ။ တစ်ခွက်ပြီး တစ်

သောက်နေရတယ်။ မိုးကို ငါ ဘယ်လိုလုပ်ပြီး အသိပေးရမလဲ။

ch ဆိုတာ အရက်နဲ့ဖျော်ထားတဲ့ သစ်သီးဖျော်ရည်ဆိုတာကိုလေ။

'လာ မိုး၊ ဟိုမှာ ထိန်လင်းတို့က သူရအတွက် Birthday Wish

ထားတယ်၊ သူရတို့နဲ့ အတူလာကလှည့်၊ ဟေ့ကောင် ခေါ်း၊ မင်းပါ

လေ'

ဘီလူးက ကပွဲခန်းမအလယ်ကို ခေါ်နေတယ်။ ငြင်းလို့မရတာနဲ့

ပ်သွားလိုက်ရတယ်။ ဘီလူးအတွက် မွေးနေ့ဆုတောင်းကြေ

င်၊ ဟက်ပီဘာတ်ဒေးသီချင်းကို မြူးမြူးကြွကြွ ဖွင့်ပေးတယ်။ မိုးကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ကြည့်လိုက်တော့ ဘီလူးရဲ့ရင်ခွင်ထဲမှာ အတူတူကနေကြတ

မြူးကြွခမ်းနားတဲ့ တီးလုံးသံက ငါ့ခန္ဓာကိုယ်ကို မြောက်ကြွ
တယ်။ မီးရောင်စုံတလတ်လတ်က ငါ့ဝိညာဉ်တွေကို ဖျတ်ဖျတ်မြ
တယ်။ သောက်ထားသမျှ ယစ်ရွှေရည်များက ငါ့သွေးကြောအနှံ့ ရှ
လန်းလန်း စီးဆင်းနေရဲ့။

'ဟော့'

ငါတို့ဝိုင်းထဲကို ရောက်လာတဲ့ ကောင်မလေးတွေထဲက ရွှေ
ဆံပင်နဲ့ ကောင်မလေးတစ်ယောက် ငါ့ရှေ့မှာ လာရပ်တယ်။

'ဟော့'

ငါပြန်ထူးလိုက်တယ်။

'ဘယ်လိုလဲ၊ မူးနေတာလား'

ဒယိမ်းဒယိုင်ကနေတဲ့ ငါ့ပုံစံကိုကြည့်ပြီး ကောင်မလေးက
မေးတယ်။

'မမူးပါဘူး၊ ဒီလောက်လေးနဲ့ မူးစရာလား'

ငါက မမူးကြောင်း သက်သေပြတဲ့အနေနဲ့ သူ့ခါးသေးသေး
ကို ကိုင်ပြီး တစ်ပတ်လှည့်ကပြလိုက်တယ်။ သူ့ခါးပေါ်က ငါ့လ
ကောင်မလေးက မဖယ်ပါဘူး။ တခစ်ခစ်နဲ့ ရယ်နေတယ်။

'ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ မမူးဘူးဆိုတာ ယုံပါပြီ၊ ကဲ…
ထပ်သွားသောက်ရအောင်'

ဒီရွှေရောင်ကောင်မလေးကို သတိထားမိနေတာ ကြာပြီ။ တ
တည်း ထိုင်နေတုန်းကလည်း ငါ့ကို အကြာကြီးစိုက်ကြည့်နေ
ကောင်မလေးဘက်က စပြီး အကွက်ရွှေ့လာတော့လည်း အမျိုးသား
ပီပီ ငါ့ဘက်က ပြန်ရွှေ့ရမှာပေါ့။



'ချီးယား'

တစ်ခွက်လုံးကို တစ်ကျိုက်တည်းနဲ့ ကုန်အောင် ပြိုင်တူမော့
ာက်လိုက်တယ်။ နောက်တစ်ခွက် ထပ်ထည့်တယ်။ နောက်တစ်ခေါက်
ထားတယ်။ တော်တော်သောက်နိုင်တဲ့ ရွှေရောင်လေးပဲ။ သုံး၊ လေးခွက်
သွားတော့ ငါတို့နှစ်ယောက် ကကြသေးတယ်။

တစ်ယောက်ရင် တစ်ယောက်ကပ်၊ တစ်ယောက်ခါး တစ်ယောက်
တစ်ယောက်လက် တစ်ယောက်ဆုပ်ကိုင်လို့ အပြင်းစားဘီဒ်တွေကြား
ချွေးတပြိုက်ပြိုက်ကျတဲ့အထိ မြူးကြွကြတယ်။

'ချီးယား'

နောက်ထပ် နောက်များ ခွက်တွေ ဘယ်ရွှေ့ဘယ်မျှ ဝင်ကုန်သလဲ
ာကို ငါမမှတ်မိတော့။ မိုးနဲ့ ဘီလူးတို့လည်း ဘယ်ပုံဘယ်စခန်း
သွားနေသလဲဆိုတာကိုလည်း ငါမမှတ်မိတော့။ ကလပ်ထဲကနေ ဘယ်
ဘယ်လိုပြန်ထွက်လာခဲ့သလဲဆိုတာလည်း ငါမမှတ်မိတော့။

မှတ်မိတာကတော့ ရွှေရောင်မလေးရဲ့ နှုတ်ခမ်းရောင်က တော်
်လေး ရဲရဲနီတယ်ဆိုတာကိုပဲ။

❒ ❒ ❒

www.burmeseclassic.com

ဂျက်… ဂျက်… ဂျက်… ဂျက်… ဂျက်… ဂျက်… ဂျက်…'

ချိန်းကြိုးသံ ကျယ်ကျယ်လောင်လောင်နဲ့ ရိုလာကိုစတာကြီးဟာ ပေါ်ကို တရွေ့ရွေ့ချင်း အားယူတက်လှမ်းနေပါတယ်။ ပတ်ဝန်းကျင် ကို လှည့်ပတ်အကဲခတ်လိုက်တယ်။

'ဟိုက်'

ရိုလာကိုစတာပေါ်မှာ ဘယ်သူမှမပါဘူး။ ငါတစ်ယောက်တည်း။ ယ်လိုများဖြစ်ပါလိမ့်။

'ရှီး'

ငါ့အတွေးတောင် မဆုံးလိုက်။

'ဂူး'

ရိုလာကိုစတာကြီးဟာ ပြောင်းဝကထွက်လာတဲ့ ကျည်ဆန် စ်တောင့်လို အရှိန်ပြင်းပြင်းနဲ့ ပြေးလမ်းပေါ်မှာ နိမ့်ချည်မြင့်ချည် ပြေးလွှား ပါတယ်။ ဘယ်စောင်းသွားလိုက်၊ ညာယိမ်းသွားလိုက်။ ရင်ဖိုစရာကောင်း ပါတယ်။ ခန္ဓာကိုယ်ကြီး ပြုတ်ကျမကျန်ခဲ့ရလေအောင် လက်ရန်းကို ျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရတယ်။

တဝိုးဝိုးတိုက်နေတဲ့ လေအရှိန်ကြောင့် ဆံပင်တွေ လေမှာလွင့်ရိုး နေတယ်။ ငါစီးနေတဲ့ ရိုလာကိုစတာကြီးက ထူးဆန်းတယ်။ စိမ်းလန်း

www.burmeseclassic.com

www.burmeseclassic.com



ငြိမ့်ညောင်းတဲ့ တောအုပ်ကြီးအတွင်း ဖြတ်သန်းနေတယ်။ တောတွင်းပ
ပေါင်းစုံအနံ့တို့ကလည်း ငါ့စိတ်အာရုံကို မူးယစ်စေတယ်။

'သာယာလိုက်တာ'

ရိုလာကိုစတာကြီးဘေးကနေ ရောင်စုံလိပ်ပြာလေးတွေက တော
ပံတဖျတ်ဖျတ်ခတ်လို့ လိုက်ပါလာကြကယ်။ သူတို့လေးတွေ လိုက်
ပျံသန်းနိုင်အောင်လည်း ရိုလာကိုစတာကြီးက အရှိန်လျှော့ပြီး ဦးမော့
အမြင့်တစ်နေရာသို့ တက်လှမ်းနေပါတယ်။

အောက်ကိုငုံ့ကြည့်လိုက်တော့ ကြည်လင်သန့်ရှင်းလှတဲ့ ရေက
ကြီးအတွင်းမှာ ရွှေရောင်ငါးများ တလတ်လတ်ကူးခတ်နေတာကို အတို
သား မြင်နေရတယ်။ တစ်ကောင်နဲ့ တစ်ကောင် ကျီစယ်လို့ ရေမျက်
ပြင်ပေါ်ကို တဗွမ်းဗွမ်းနဲ့ ခုန်တက်နေကြကယ်။

'ချပ်'

ရထားလမ်းရဲ့ ထိပ်ဆုံးကို ရောက်သွားတဲ့အခါ အောက်ကို ဖြ
မဆင်းခင်အခိုက်အတန့်လေး ခေတ္တခဏရပ်သွားတယ်။ ငါ ရှေ့ကို ပြန်ကြ
လိုက်တော့…

'ဟာ…'

ငါ့ရှေ့မှာ ဘာမှမရှိတော့ဘူး။ ဆက်သွားစရာ သံလမ်းကြီးလည်း
မရှိတော့ဘူး။

'ကယ်… ကယ်ကြပါဦး'

ဘယ်လိုမှ ရပ်လို့မရ။ ရိုလာကိုစတာကြီးဟာ လမ်းဆုံးက
အတွဲလိုက်ပြုတ်ကျသွားပါတော့တယ်။ ရိုလာကိုစတာပေါ်က ငါ့ခန္ဓာကို
ကြီးလည်း ထိုနည်းလည်းကောင်းပင်။ ခေါက်ထိုးကားယားကြီးနဲ့ ရေက
ထဲကို အရှိန်ပြင်းပြင်း ပြုတ်ကျသွားပါတယ်။



'ဗွမ်း'

နားထဲမှာ ဘာအသံမှ မကြားရတော့ဘူး။ ငါ့ခန္ဓာကိုယ်ကြီးက
…ရေအောက်ထဲမှာ ချာချာလည်နေတယ်။ အားယူပြီးတော့ မျက်စိကို ဖွင့်
…ကြည့်လိုက်တော့ ပထမဆုံးတွေ့ရတာက မိမွေးတိုင်း ဖမွေးတိုင်းဖြစ်နေတဲ့
…ငါ့ခန္ဓာကိုယ်ကြီး။ အဝတ်အစားတွေ ဘယ်ရောက်ကုန်ပါလိမ့်။ အတွေးမဆုံး
…ခင်မှာတင် ဘေးဘီဝဲယာကို လှည့်ပတ်ကြည့်လိုက်တဲ့အခါ…

'အို…'

ရွှေရောင်ငါးတွေက အစွယ်တဝင်းဝင်းနဲ့ ငါ့အနားကို တိုးကပ်
…လာကြတယ်။ အသက်ရှူရတာလည်း ကျပ်သထက် ကျပ်လာပြီ။ ရေမျက်နှာ
…ပြင်ပေါ်ကို ရောက်ဖို့ လက်ရော ခြေပါ အားအကုန်ထုတ်ပြီး ရုန်းကန်လှုပ်ရှား
…လိုက်တယ်။

ဒါပေမဲ့ ငါ့လက်တွေ ခြေတွေက ရေထဲမှာ ကူးခတ်နေရသလို
…မဟုတ်ဘဲ ပျော့ပျော့စိစိကြီးတွေ ကိုင်နေမိတယ်။ သေသေချာချာထပ်ကြည့်
…လိုက်တော့မှ ငါ့အောက်မှာ မွေ့ရာကြီးဖြစ်နေတယ်။ ငါ့မျက်လုံးကို ထပ်
…ပွတ်တယ်။ သေချာအောင် ထပ်ကြည့်တယ်။ မလွဲပါ။ ဒါ ငါ့အိမ်မဟုတ်
…ဘူး။

ခေါင်းတွေ တစစ်စစ်ကိုက်နေတယ်။ ဆီးအိမ်ကြီး တင်းနေတယ်။
…လည်ချောင်းတွေ ခြောက်ကပ်နေတယ်။ သောက်စရာရေများရှိမလားလို့
…ဘေးဘီကို လှည့်ကြည့်လိုက်တော့…

'ဘုရား၊ ဘုရား'

ငါ့ဘေးမှာ ကောင်မလေးတစ်ယောက်။ ခုတင်ပေါ်က အလ…
အမြန် ခုန်ဆင်းလိုက်တယ်။

'ဟိုက်'

www.burmeseclassic.com

www.burmeseclassic.com



ငါ့ခန္ဓာကိုယ်မှာ ဘာအဝတ်အစားမှ မရှိ။ မွေ့ရာခြေရင်းမှာ အ လိုက်ကျနေတဲ့ အဝတ်အစားတွေ ပြန်ကောက်ဝတ်လိုက်တယ်။

'သွားပါပြီ၊ သွားပြီ'

ခေါင်းကိုက်နေတာတွေတောင် ဘယ်ရောက်သွားပြီလဲ မသိ။ တ ရှုးအိပ်ပျော်နေတဲ့ ဆံပင်ရွှေရောင်နဲ့ ကောင်မလေးကိုသာ စိတ်ပျက်လ ပျက် ကြည့်နေမိတယ်။

တကယ်သွားပြီ။ ငါ့လူပျိုဘဝလေး။ ငါ အမြတ်တနိုးထိန်းသိမ် ထားတဲ့ လူပျိုဘဝလေး။ ငါ တကယ်ချစ်ရတဲ့သူလက်ထဲမှာသာ အဆုံးရှုံး မယ်လို့ သန္နိဋ္ဌာန်ချထားတဲ့ လူပျိုဘဝလေး။ သွားပါပြီ။ အခုတော့… အခုတော့…

'မိုး'

ငါ့ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားတယ်။ မနေ့ညက ကလပ်ထဲမှ မိုးနဲ့အတူရှိနေတာ မဟုတ်လား။ ဒီကောင်မလေးနဲ့ အခုလိုဖြစ်သွားတာ တွေရော မိုးသိမှာပေါ့။

"Shit"

သေချာပါတယ်။ မိုးသိမှာပါ။ ဒီလိုတည်းခိုခန်းထဲ ပို့ပေးတာ လည်း ဟိုကောင်ဘီလူးရဲ့ လက်ချက်နေမှာ။ မဟုတ်ရင် ဟိုတယ်အခန်းခ ပေးဖို့ ငါ့မှာမှ မရှိတာ။ သေပါပြီကွာ။ လူပျိုဘဝဆုံးရုံတင်မက တွေ့ကရ မိန်းကလေးနဲ့ လျှောက်အိပ်တတ်တဲ့ကောင်အဖြစ် မိုးကတော့ ငါ့ကို အထ အမြင်သေးတော့မှာပဲ။

ဖြစ်နိုင်ရင် အခန်းထဲက ပြေးထွက်သွားချင်တယ်။ ဖြစ်နိုင်ရင် တစ်ညလောက်ပြန်ရစ်ပြီး ကိုယ့်အိမ်ကိုကိုယ် တန်းတန်းမတ်မတ် ပြန်လိုက်ချင် တယ်။ ဖြစ်နိုင်ရင် လူပျိုဘဝလေးကို အသက်ဆက်ချင်သေးတယ်။ ဒါပေမဲ့



ခုအချိန်မှာ တစ်ခုမှမဖြစ်နိုင်တော့ပါဘူး။ ဖြစ်နေတာကတော့ ကောင်မလေး နိုးမချင်း ထိုင်စောင့်နေရတာပါပဲ။

စောင့်ရင်းနဲ့ ဗိုက်ထဲက တဂွီဂွီမြည်လာတယ်။ မနက်စာ တစ်ခုခု းလိုက်ရရင် ကောင်းမှာပဲလို့ တောင့်တမိလိုက်တယ်။ ရေခဲသေတ္တာလေး ဲက အအေးဘူးတွေကိုတော့ မထိရဲဘူး။ တော်ကြာ ပိုက်ဆံတွေအများ ကြီးရှင်းနေရရင် ဒုက္ခ။

ဒါနဲ့ အခန်းထဲ လှည့်ပတ်ကြည့်နေတုန်း ဟိုတယ်က ကျွေးတဲ့ က်စာကြော်ငြာလေး သွားတွေ့တယ်။ မနက်ဆယ်နာရီနောက်အကျဆုံး ားပြီး လာရောက်စားသောက်ဖို့ သတိပေးထားတယ်။ အခန်းထဲကို ပို့ပေး င်မလားလို့ ဖုန်းဆက်မေးလိုက်တော့ ဟုတ်ကဲ့လို့ ဟိုဘက်က ပြန်ဖြေ တယ်။

မနက်စာစားလို့ ပြီးကာနီးမှာပဲ ကောင်မလေး နိုးလာတယ်။ Good Morning လို့ပဲ နှုတ်ဆက်လိုက်ရမလား။ မင်္ဂလာပါလို့ပဲ ပြောလိုက်ရမလား။ ဟီးဆိုပြီးတော့ပဲ သွားဖြဲပြီး ရယ်လိုက်ရမလား။ တစ်ယောက်တည်း တွေးပတ်ချာလည်နေတုန်းမှာပဲ ကောင်မလေးက…

'ဩော်… breakfast တွေတောင် မှာထားပြီးပြီပဲ၊ တော်လိုက် ာ၊ ဗိုက်ဆာနေတာနဲ့ အတော်ပဲ'

ဆိုပြီး ငါ့ရှေ့မှာ ထိုင်ကာ အားရပါးရ တွယ်ပါလေတော့တယ်။ က်တော်ညစ်ပတ်တာပဲ။ မျက်နှာတောင် မသစ်ဘူး။ ငါ့အတွေးကို သိသွား ို့ထင်တယ်။ ကောင်မလေးက စားနေရင်းနဲ့ ခေါင်းပြန်မော့ကာ…

'west က လူတွေက မောနင်းဆိုရင် မျက်နှာမသစ်ဘဲ break- st အရင်စားကြတာလေ၊ အစားစားပြီးမှ သွားတိုက်ကြတာ၊ သိတယ် ဟုတ်လား၊ အဟင်း'

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး ရှက်သွားမှာစိုးလို့ ဘာမှပြန်မပြောတော့ဘဲ ခေါင်း
ပဲ ညိတ်ပြလိုက်တယ်။ ကောင်မလေး စားနေတုန်း စကားတစ်ခွန်းခွန်း
အစရှာပြီး ပြောလိုက်ရမလား။ တော်ကြာ ညတုန်းက အတူတူသောင်းကျ
ပြီး မနက်ကျတော့ မသိချင်ယောင်ဆောင်တတ်တဲ့ကောင်တွေစာရင်း
အသွင်းခံနေရဦးမယ်။ ခက်တာက ဘာပြောလို့ ပြောရမယ်မှန်း မသိတ
ပဲ။

'ဟို… ဟို'

ကောင်မလေးက မော့ကြည့်တယ်။ ပေါင်မုန့်ကို ပလုတ်ပလော
ဝါးရင်း ပြောလေဆိုတဲ့သဘောမျိုးနဲ့ ခေါင်းဆတ်ပြတယ်။

'အဝတ်အစားလဲဖို့ ယူပေးရမလား'

'ရှင်'

'ဟိုဟာလေ၊ ဘာမှမဟုတ်ပါဘူး၊ အခုလို တဘက်ကြီးပတ်ထ
ရတော့ အအေးပတ်မှာစိုးလို့ပါ၊ အဲဒါ မွေ့ရာပေါ်က အဝတ်တွေ ယူ
ရမလားလို့'

သေလိုက်ပါတော့။ ဘာတွေပြောလို့ ပြောမိနေမှန်း မသိ။ ကောင်
လေးက ငါ့ကို ကြောင်တောင်တောင်နဲ့ ပြန်ကြည့်တယ်။ ပြီးတော့မှ ကျေ
ပဲခိုပြီး သူ့ဘာသာသူ ထယူတယ်။ ရေချိုးခန်းထဲမှာ မျက်နှာသစ်၊ အဝ
အစားလဲပြီး ပြန်ထွက်လာတယ်။

'သွားရအောင်'

'ဗျာ'

'သွားမယ်လေ၊ ဘာလဲ ကိုက ဒီမှာ တစ်သက်လုံးနေမလို့လ

'သြော်… အင်း'

အပြင်ရောက်တော့ တက္ကစီတစ်စီးတားလိုက်တယ်။ ကောင်မ



နေတဲ့ရပ်ကွက်ကို မေးပြီး အရင်လိုက်ပို့ပေးလိုက်တယ်။ ကားပေါ်မှာ ဘာ
စကားမှ မပြောဖြစ်။ သိတော်မူကြတဲ့အတိုင်းပဲ။ ငါ့ဘက်က ဘယ်လိုစပြီး
ဘာစကားကို ဘယ်ပုံနဲ့ပြောရမလဲဆိုတာကို ဘယ်နည်းနဲ့မှ စဉ်းစားလို့မရ
ဘူး။ ကောင်မလေးမျက်နှာကိုလည်း ရဲရဲမကြည့်ရဲ။ ကြည့်မိလိုက်ရင် ရှိုး
တိုးရှန်းတန်းနဲ့ တစ်မျိုးကြီးပဲ။

'ရပြီ၊ ရပြီ ဦးလေးကြီး၊ ဒီနားမှာပဲ ရပ်၊ လမ်းထဲမဝင်နဲ့တော့'

ကားရပ်သွားတော့ ကောင်မလေးက သူ့စလင်းဘက်အိတ်ထဲက
တစ်ရှူးတစ်ရွက်ထုတ်ပြီး နှုတ်ခမ်းဆိုးဆေးတောင့်နဲ့ ဂဏန်းခြောက်လုံး
ရေးပေးတယ်။

'အင့်… ညကျရင် ဒီဖုန်းကို ဆက်လိုက်၊ စောင့်နေမယ်နော်၊
သွားပြီ တာ့တာ'

လက်ဖျားလေးကိုပဲ လှုပ်ပြီး နှုတ်ဆက်သွားတယ်။ သူ့မရှိတော့မှ
ပဲ ကားနောက်ခန်းထဲမှာ တစ်ယောက်တည်း စိတ်ပျက်လက်ပျက် မှိုင်တိုင်နေ
လိုက်တယ်။ အဲဒီလို မှိုင်တိုင်လိုက်တော့မှ ဦးနှောက်တွေကို သံချွန်တစ်
ချောင်းနဲ့ အထိုးခံနေရသလို တဆစ်ဆစ်ပြန်ကိုက်လာတယ်။ လည်ချောင်း
တွေ ခြောက်ကပ်လာတယ်။ ရန်ကုန်မြို့ရဲ့ နေ့လယ်နေ့ခင်းအပူရှိန်ကိုလည်း
သိတယ်မဟုတ်လား။ မနေ့က အရက်ရှိန်နဲ့ဆိုတော့ အပြင်ပူ အတွင်းပူနဲ့
နှာကိုယ်ကြီး ပွက်ပွက်ဆူသွားတော့မလား။

ကားသမားဆီက ရေတောင်းသောက်ရတယ်။ ရေသောက်တော့
ဆိုးတယ်။ အရက်ရှိန်တွေ ပြန်တက်လာပြီး စားထားသမျှ ပြန်အန်ထွက်
င်သလိုကြီး ဖြစ်လာတယ်။ ဒါနဲ့ မျက်လုံးလေးမှိတ် ခေါင်းလေးမှီပြီး
သာငြိမ်နေလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



'အဲ...'

ဒုက္ခပဲ။ အိမ်ပြန်ရောက်မှ သတိရတယ်။ ကောင်မလေးရဲ့ နာမည် ကိုတောင် မမေးလိုက်ရ။

□ □ □

တစ်နေ့လုံး အိပ်နေလိုက်တယ်။

တော်သေးတယ်။ ငါ့အမေကလည်း သူ့ဘာသာသူ အရောင်း ယ်ကိစ္စတွေနဲ့ အလုပ်ရှုပ်နေလို့။ မဟုတ်ရင် နားငြီးလိုက်မယ့်ဖြစ်ခြင်း။ ရောက်တော့ ဟိုကောင်မလေး ပေးသွားတဲ့ ဖုန်းနံပါတ်ကို ဆက်လိုက် ယ်။ တော်သေးတယ်။ ကောင်မလေးကိုယ်တိုင် လာကိုင်လို့။ သူသာ မကိုင်ရင် ဘယ်သူ့ကို ခေါ်လို့ ခေါ်နိုင်းရမလဲ မသိ။

သူနဲ့ ငါနဲ့ မနေ့ညက ဖြစ်ပျက်ခဲ့တာတွေအတွက် တောင်းပန်လိုက် ယ်။ အရေးပေါ်သန္ဓေတားဆေးသောက်ဖို့ကိုလည်း သတိပေးလိုက်တယ်။ အပ်ရင် လာပို့လိုက်ရမလားဆိုတော့ သူ့ဘာသာသူ မနက်ကတည်းက ာက်ပြီးသွားပြီဆိုလို့ ကျေးဇူးတင်ရသေးတယ်။ အဲဒီတော့မှပဲ ငါ့ရင်ထဲ အလုံးကြီး ကျသွားပြီး ဆယ့်ငါးမိနစ်လောက် တောင်ပြောမြောက်ပြော ာပြီးတဲ့အခါ ဒဂုံစင်တာကို လာခဲ့ဖို့ ငါ့ကိုချိန်းပြီး ဖုန်းချသွားတယ်။ တစ်ခါက်လည်း နာမည်မေးခွင့်မသာလိုက်ပြန်ဘူး။ မရှေ့ချောက နိုင်င းရက်ပါတွေလို တစ်ယောက်တည်းနန်းစတော့လွှတ်သွားလိုက်တာ ငါ ာင် ဘာမှပြောခွင့်မရလိုက်။

ငါထင်တဲ့အတိုင်းပဲ။ ကောင်မလေးက တစ်ယောက်တည်း လော

www.burmeseclassic.com



သူ့သူငယ်ချင်းသုံးယောက် ပါလာသေးတယ်။ ထိုင်ပြီးတာနဲ့ ကော်ဖီတွေ စားစရာတွေ မှာကြတယ်။

'ကို… ဒါ ငယ်သူငယ်ချင်းတွေလေ မိစု၊ ဘေဘီ၊ မျိုးမျိုးတဲ့ ဒါ ကိုဝင်းသူရလွင်သူငယ်ချင်း ကိုခါးတဲ့'

ငါ့နာမည်ကိုတော့ ဒီကောင်မလေး သိသားပဲ။ နေဦး။ သူပြောသွား တဲ့အထဲမှာ သူ့ကိုယ်သူ ငယ်တဲ့။ ငယ်လေးလား။ မိငယ်လား။ ငယ်ငယ် လား။ တစ်ခုခုတော့ တစ်ခုခုပဲ။ စဉ်းစားစမ်း။

'ဘယ်လိုလဲ၊ ခေါင်းကိုက်နေတာလား'

'ဘာလဲ'

'ဟိုတစ်နေ့ညက ကို အလွန်အကျွံသောက်ထားလို့လေ'

'ဪ… အင်း… မကိုက်တော့ပါဘူး'

ဒါပါပဲ။ ပြီးတော့ ဘာမှထပ်မပြောတော့ပါဘူး။ သူတို့ဘာသ သူတို့ တွတ်ထိုးလိုက် တခစ်ခစ်ရယ်လိုက် လုပ်နေတယ်။ အငွေ့တထော ထောင်းနဲ့ စားစရာတွေရောက်လာတော့ အားရပါးရ စားသောက်နေ တယ်။ သူတို့လေးတွေ ပါးစပ်ထဲ အစားတစ်လုတ်ဝင်သွားတိုင်း ငါ့ခ ကိုယ်လေး ကျုံ့ကျုံ့သွားသလို ခံစားနေရတယ်။

ဘယ်လိုလုပ်မလဲ။ ငါသိတယ်။ သူတို့လေးတွေ မှာထားတာ သမျှ ဒီဆိုင်မှာ ဈေးအကြီးဆုံးတွေဆိုတာကို။ ငါ့မှာပါလာတဲ့ ပိုက်ဆံ ဘယ်လိုမှ လောက်မှာမဟုတ်ဘူးဆိုတာကို။

စားပွဲပေါ်က တစ်ရှူးတွေကိုယူပြီး နဖူးပေါ်က ချွေးစက်တွေ သုတ်လိုက်ရတယ်။ ဒါပေမဲ့ မရဘူး။ ချက်ချင်းထပ်ပြီး ချွေးပြန်လာတ အဲယားကွန်းခန်းထဲမှာ ချွေးတစီးစီးကျနေတဲ့ ကိုယ့်အဖြစ်ကို ကိုယ် မသ နိုင်ဘူး။ နောင်တပဲ ရနေတယ်။ အမှန်ဆိုရင် ဘီလူးကို ခေါ်ခဲ့ဖို့ကော



တာ။ ဘာပဲပြောပြော ဘီလူးသာပါလာရင် ဒီဝိုင်းလောက်တော့ အသာ လေးရှင်းနိုင်တယ်။ အခုမှထပြီး ဘီလူးဆီဖုန်းဆက်ဖို့လည်း အချိန်မမီတော့။ ဒီကောင်မလေးတွေကလည်း ငါ့ကို ဘီလူးသူငယ်ချင်း ဆိုပြီး ဘီလူးလို သူဌေးသားများ အောက်မေ့နေသလား မသိ။

'ဟင်… ကို ဘာမှမမှာထားဘူးလား၊ တစ်ခုခုမှာဦးလေ'

ငါ ခေါင်းခါပြလိုက်တယ်။ ထင်တော့ ထင်သား။ ဒီလိုနေရာမျိုး ချိန်းပြီဆိုကတည်းက ပိုက်ဆံအထပ်လိုက်လိုမယ်ဆိုတာကို။ အစကတည်း က မလာခဲ့မိရင် အကောင်းသား။ အခုတော့ အားနာတဲ့အကျိုးဆက်အဖြစ် ခံနေရပြီလေ။

'ပြွတ်… ပြွတ်'

'ဘေလ်ရှင်းမယ်'

ငါ့ရင်ဘတ်ထဲမှာ ထိတ်ခနဲခုန်သွားတယ်။ အိမ်သာသွားလိုက် ဦးမယ်ဆိုပြီး ထသွားလိုက်ရင်ပဲ ကောင်းမလား။ မဖြစ်ပါဘူး။ အဲဒါတွေ က ကလေးအထာတွေပါ။ ဒီအချိန်မှာ သူငယ်ချင်းတစ်ယောက်ယောက်နဲ့ တွေ့ပါစေလို့သာ ဆုတောင်းနေမိတယ်။ အားကိုးတကြီးနဲ့ အနီးအနားမှာ လှည့်လည်ရှာကြည့်သေးတယ်။ မတွေ့ပါဘူး။

ငါ့လက်ထဲ ရောက်လာတဲ့ ဘေလ်စာရွက်ကို ငါ့ရဲ့သေမိန့်လို တုန်တုန်ယင်ယင်နဲ့ ဖတ်လိုက်တယ်။ ထင်တဲ့အတိုင်းပဲ။ အိတ်ကပ်ထဲက ပါလာတဲ့ ပိုက်ဆံရဲ့ နှစ်ဆကျော်ကိန်းဂဏန်းတွေကို မမြင်ချင်ဘဲ မြင်နေ ရတယ်။

'ဟို… ဟိုလေ'

မျက်နှာငယ်တယ်ဆိုတဲ့စကားက ဒီနေရာမှာ အတော်မှန်တယ်ဗျ။ ပြောမယ့် ကြံဖူးမှပဲ သိမယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဟိုဟာလေ… ဟိုဟာ၊ ပိုက်… ပိုက်ဆံ၊ အဲဒါ မလောက်လို နည်းနည်းလောက်ချေးပါလား'

အရင်က တွေးထားသလို မာမီ့ဆီက မုန့်ဖိုးမတောင်းခဲ့လို့တို့ သူငယ်ချင်းတစ်ယောက်က လမ်းမှာ ပိုက်ဆံအတင်းချေးသွားလို့တို့ ခ တည်တည်နဲ့ လျှောက်ဖို့ စဉ်းစားထားတာတွေ တစ်ခုမှ ပါးစပ်ထဲက ထွက်မလာ။ ဆောလ်စာရွက်လေးကို ကောင်မလေးဘက် ထိုးပေးလိုက ရင်း…

'ဟို… အိမ်ပြန်ရောက်တာနဲ့လေ လာ… လာပြန်ပေးပါ့မယ်

ကောင်မလေးက ငါ့ကို တအံ့တသြပြန်ကြည့်တယ်။ သူ့သူငယ ချင်းတွေကလည်း ငါ့ကို ဝိုင်းကြည့်တယ်။ ဘေးမှာရပ်နေတဲ့ စားပွဲထိုး လေးကလည်း ငါ့ကို ပြုံးပြီးကြည့်နေတယ်။ အဲဒီအချိန်မှာ အလုပ်ချင်ဆုံ က ဘာလဲ သိလား။ ငါ့ခေါင်းကိုဖြုတ်ပြီး စားပွဲခုံအောက်မှာ ဝှက်ထာ လိုက်ချင်တာပဲ။

တော်သေးတယ်။ ကောင်မလေးက သူ့သူငယ်ချင်းတွေရှေ့မှာ လို့ ထင်တယ်။ ဟန်ကိုယ့်ဖို့ပြီး ပိုက်ဆံထုတ်ရှင်းရှာပါတယ်။ ပြီးတော စားပွဲထိုးလေးက တိတ်ဆိတ်သွားတယ်။ သူတို့ကလည်း တစ်ယောက် တစ်ယောက် တွတ်ထိုးပြီး ဟီးဟီးဟားဟားမလုပ်နိုင်ကြတော့။ နဂိုကတည် ကမှ ဘာပြောလို့ ပြောရမယ်မှန်း မသိရတဲ့အထဲ အခုလိုအခြေအနေမျိုးမှ ငါ့ပါးစပ်က စကားတစ်လုံးမှ ထွက်မလာတာတော့ အံ့သြစရာမရှိ။

ငါ့ရှေ့တည့်တည့်မှာ ကြည့်မှန်တစ်ချပ်မှ ရှိမနေတော ကံကောင တယ်။ မှန်ထဲမှာ ကိုယ့်မျက်နှာကိုယ် ပြန်မြင်ရမှာတောင် မျက်နှာပူ မိတယ်။



'သွားမယ်လေ ဟော့ကောင်တွေ ထ

ကောင်မလေးက သူ့သူငယ်ချင်းတွေကို ခေါ်ပြီး ထထွက်သွား ယ်။ သူတို့နောက်ကနေ ခပ်ကုပ်ကုပ်နဲ့ လိုက်သွားရတယ်။ ဒဂုံစင်တာ ပေါက်ဝရောက်တော့မှ…

'ပြန်… ပြန်တော့မလို့လား'

'ဟုတ်တယ်၊ မပြန်လို့ ဘာလုပ်ရမှာလဲ၊ ဘာတစ်ခုမှ မဝယ်နိုင် ဲ ဆိုင်ပေါက်စေ့လိုက် သွားရည်ယိုရမှာလား'

ရွှေရောင်ဆံပင်တစ်ချက် ယမ်းလိုက်ပြီး ကောင်မလေးက ခပ် တာ်ဆတ်ပြန်ပြောတယ်။

'ဟုတ်ပါ့၊ ဒီလိုလူမျိုး တစ်ခါမှ မတွေ့ဖူးပါဘူး'

'ကြောင်တောင်တောင်နဲ့'

သူ့သူငယ်ချင်းနှစ်ယောက်ကပါ ဝိုင်းပြောကြတယ်။ ပြီးတော့ ခနဲလှည့်ပြီး ဒေါက်ဖိနပ်သံတဂွပ်ဂွပ်နဲ့ ထွက်သွားကြတယ်။ နောက်ကို စ်စက်လေးတောင် ပြန်လှည့်မကြည့်။

'ဖူး'

အခုမှပဲ လေဝဝရှူရတော့တယ်။ လည်ပင်းမှာ ခဲလုံးကြီးဆွဲထား သလို လေးလံနေတဲ့ခေါင်းကိုလည်း အခုမှပဲ မတ်မတ်ပြန်ထူနိုင်ပါတော့ ယ်။ အိတ်ကပ်ထဲမှာ တစ်ပြားမှမကျန်တော့လည်း ပြဿနာမရှိ။ အိမ် ပြန်လမ်းဟာ ပေါ့ပါးလွန်းလို့ လမ်းလျှောက်ပြန်လိုက်တယ်။

နောက်နေ့တွေလား။ ဘယ်လိုလုပ်ပြီး ဖုန်းထပ်ဆက်ရဲပါ့မလဲ ထပ်ဆက်လည်း ကောင်မလေးက ထပ်တွေ့မယ်လို့များ ထင်နေသလား င်း… သိတော်မူကြတဲ့အတိုင်းပဲ။ သူတို့တွေက အကြီးကြီးတွေကိုပဲ

www.burmeseclassic.com

www.burmeseclassic.com



မှန်းတာ။ ငါ့ကိုလည်း ဘီလူးဘော်ဒါဆိုပြီး ရေလျှံမလားလို့ ကပ်နေတ
ခုတော့ ပြီးပြီ။

နာမည်အပြည့်အစုံကို မသိလိုက်ရတဲ့ ငယ်ဆိုတဲ့ ရွှေရောင်ကော
လေးနဲ့ ငါ့ရဲ့ဇာတ်လမ်းဟာ ဒီစာမျက်နှာမှာပဲ နိဂုံးချုပ်တော့လေပြီ။

□ □ □

# နောက်ထပ်တစ်ခန်း

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

'ဗျာ'

'ဟာ… မေကြီးကလည်း ဖြစ်ပါ့မလား'

'ဘာကိစ္စမဖြစ်ရမှာလဲ၊ နင် ယောကျ်ားမဟုတ်ဘူးလား'

'ကျောင်းလည်းမပြီးသေးဘူးလေ၊ နော် မေကြီးရာ'

ငါ့အဖေကို စစ်ကူတောင်းမလို့ လှည့်ကြည့်လိုက်တယ်။ အခြေအနေမကောင်းဘူး။ ငါ့အဖေက မျက်နှာလွှဲနေတယ်။ သူလည်း ဘာမှ တေတ်နိုင်ဘူးဆိုတဲ့သဘော။

'ဘွဲ့လေးတစ်ခုလောက်တော့ ရအောင်ယူပါရစေဦးဗျာ'

ငါလည်း တတ်နိုင်သမျှ အချိန်ဆွဲကြည့်တာပဲ။ ဒါပေမဲ့ မထူးပါဘူး။

'အောင်မလေး… နင့်ဘွဲ့က ဘာလုပ်လို့ရမှာလဲ၊ ညည့်ခန်းမှာ ဘွဲ့ဓာတ်ပုံချိတ်ထားလို့ အထင်ကြီးခံရမယ့်ခေတ်လည်း မဟုတ်တော့ဘူး၊ လမ်းထိပ်က ရဲထွန်းတို့၊ ကျော်ကြီးတို့ကိုပဲ ကြည့်ဦးလေ၊ ဘွဲ့ရပြီး ဆိုက်ကားနင်းတဲ့ကောင် နင်း၊ ရေသန့်ဘူးလိုက်ပို့တဲ့ကောင် ပို့နဲ့၊ သူတို့ဘွဲ့တွေ အသုံးမချနေရာမှာ သုံးစားလို့ရလို့လဲ'

'ဟုတ်တော့လည်း ဟုတ်တာပေါ့ မေကြီးရယ်၊ ဒါပေမဲ့'

www.burmeseclassic.com

www.burmeseclassic.com



‘တော်… တိတ်… ဒါပေတွေဘာတွေ မဲ့မနေနဲ့၊ ငါ အကုန်စီစဉ် ပြီးသွားပြီ။ နင့်ကို သဘော်သားလုပ်ဖို့ အလကားရမယ်များ ထင်နေလာ ဟင်’

ငါ့အမေက သူ့ရဲ့ဗီတိုအာဏာကို ထုတ်သုံးနေပြီ။ ဒီလိုအချိန်မျိုး မှာ ငါ့အမေကို ပြန်မပြောမိစေနဲ့။ ပြန်ပြောလိုက်ရင် တစ်နေ့လုံး ပေါက် ပေါက်ဖောက်လို့ဆုံးတော့မှာ မဟုတ်ဘူး။

‘ငါစုဆောင်းထားတာလေးတွေ ထုခွဲရောင်းချပြီး နင့်ကို သဘော် တင်ပေးရမှာ၊ တကယ်ပဲ သားအကြီးဆုံးဆိုပြီး အားကိုးရမလားမှတ်တယ် လတ်လျားလတ်လျားလုပ်ဖို့က လွဲရင် ဘာမှမတတ်ဘူး၊ နင့်အဖေကိုများ ဘီလျှံနာသူဌေးကြီးအောက်မေ့နေသလား ဟင်၊ ဒီအချိန် ငါ တစ်ခုခုဖြစ် သွားကြည့်စမ်း၊ နင်တို့ ဘာနဲ့ထမင်းသွားစားကြမလဲ၊ တစ်ခါတလေ ငါ့ စကားများ အသာတကြည်နာခံကြပါဦး၊ ဘယ်တော့မဆို ပြန်ပြောကြမယ် ဆိုတာချည်းပဲ’

ငါ့အကြဲကို ငါ့အဖေ လက်ဦးသွားပြီ။ မယောင်မလည်နဲ့ အိမ်ရှေ့ ကို ထထွက်သွားတယ်။ ငါတစ်ယောက်တည်း နားငြီးခံပေရော့။

‘အခုလို နင်တို့တစ်တွေ စားဖို့ မပူရ၊ သောက်ဖို့မပူရအောင် ငါ့ မှာ ဘယ်လောက်ပင်ပန်းဆင်းရဲရသလဲဟင်၊ မိုးလင်းကနေ မိုးချုပ် အရပ် တကာလှည့်ပြီး အရောင်းအဝယ်ဖြစ်အောင် လုပ်ရ၊ အာပေါက်အောင် ပြော ရ၊ ဆိုင်အတွက်လည်း မလစ်ဟင်းအောင် ဖြည့်ဆည်းပေးရနဲ့ ငါ့ဘက်က ဒီလောက် ဝတ္တရားကျေတာ နင်တို့လည်း သားသမီးဝတ်လေးကျေအောင် နည်းနည်းတော့ အလိုက်သိဦးမှပေါ့ဟယ်’

‘ဟုတ်… ဟုတ်… ဟုတ်၊ တက်ပါ့မယ်၊ တက်မယ် စိတ်ချ၊ သဘော်ပေါ်တင်မဟုတ်ဘူး၊ အာကာသထိတက်ဆိုလည်း တက်ပါ့မယ်၊



ဟုတ်ပြီလား၊ အခုတော့ ဟိုကောင်တွေနဲ့ ချိန်းထားလို့ သွားလိုက်ဦးမယ် နော်’

‘ဒီကောင်လေးဟာလေ စကားကိုကောင်းကောင်းပြောလို့မရဘူး၊ ဟဲ့… ညအိမ်ပြန်အိပ်ဦးနော်၊ မနက်ကျရင် သဘော်သားအောင်စီရုံး သွား ရဦးမှာ’

‘ဟုတ်’

လမ်းပေါ်ကနေ

‘ကဲ့’

ပြန်အော်လိုက်တယ်။

ဟိုကောင်တွေဆီကိုရောက်တော့တစ်ယောက်ကို နှစ်ခွက်လောက် ဒီ ကုန်နေကြပြီ။ လက်ဖက်ရည်မဟုတ်ဘူး။ ဘီယာ။

အခုနောက်ပိုင်း ကိုယ့်ဆရာတွေက လက်ဖက်ရည်ဆိုင်မထိုင်ကြ တော့ဘူး။ ဘီယာဆိုင်မှာပဲ ဆုံစည်းဖြစ်ကြတယ်။ ဂေါ်ပြားအဖေ ဝန်ထမ်း ဘဝက ရထားတဲ့ မြောက်ဒဂုံမြေကွက်လေးကို ရောင်းလိုက်တာ အတော် လေး မြိုးမြိုးမြတ်မြတ်ရလိုက်တယ်လေ။ ညတိုင်းလိုလို ဂေါ်ပြားက ငါတို့ ဝိုင်းကို ဒိုင်ခံရှင်းတယ်။ တစ်ခါတလေကျတော့လည်း အချိုးကျရှင်းပါ တယ်။ သေချာတာကတော့ လက်ဖက်ရည်ပြတ်သွားပြီဆိုတာပဲ။

ဆိုင်ပြောင်းထိုင်ကြပေမယ့် ပြောနေကျစကားတွေကတော့ မပြောင်း ပါဘူး။ သိတယ်မဟုတ်လား။ ဆန့်ကျင်ဘက်လိင်အကြောင်းရေးများ၊ တစ်ခု ကွာသွားတာက အရင်တုန်းကလို စမ်းတဝါးဝါးမဟုတ်တော့ဘူး။ ဆိုလို တာက စိတ်ထင်ရာလျှောက်ပြောတဲ့အဆင့် မဟုတ်တော့ဘူး။ ကိုယ်တွေ့ အဖြစ်အပျက်တွေကို ဖောက်သည်ချပြနိုင်တဲ့အဆင့် ဖြစ်နေပြီ။ ငါ့မှာလည်း

www.burmeseclassic.com



ငယ်ဆိုတဲ့နာမည်အပြည့်အစုံမသိလိုက်တဲ့ ကောင်မလေးနဲ့ အတွေ့အကြုံ ရှိခဲ့ပြီ မဟုတ်လား။

ဒီလိုပဲ။ ဟိုကောင်တွေမှာလည်း ကိုယ်စီချိတ်ကလေးတွေနဲ့ အိုင် နေကြပြီ။ ငါတို့တစ်တွေ ငြင်းခုံအော်ဟစ်နေကြတုန်းမှာပဲ ထန်းအုပ်နဲ့ ဓ ပြားတို့ရဲ့ ကောင်မလေးတွေ ရောက်လာတယ်။ ဒီကောင်တွေက ညီအစ် နှစ်ယောက်ကို ချိန်ထားတာ။ ဒါကြောင့် ဘယ်သွားသွား တပူးတွဲတွဲ အလုပ်ဖြစ်နေကြတယ်။ ငါနဲ့ အာပုပ်တို့ကလည်း ဒီကောင်တွေကို အားပေး ပါတယ်။ ညီအစ်မနှစ်ယောက်စလုံးကို ကြိုက်ကြတော့ ယောက္ခမကြီး ပြဿနာတက်တဲ့အခါ သူငယ်ချင်းအချင်းချင်း ဝိုင်းလုံးတာပေါ့လို့။

ဟိုနှစ်ကောင်ကတော့ သူတို့ဟာလေးတွေနောက် ကောက်ကောက် ပါသွားကြပြီ။ ငါနဲ့ အာပုပ်တို့က သောက်လက်စကို လက်စသိမ်း အတူတူပြန်ခဲ့ကြတယ်။

ရပ်ကွက်ထဲကို ဝင်တဲ့လမ်းမှာ မီးပြတ်နေလို့ မှောင်မည်းပြီး တိ ဆိတ်နေတယ်။ ငါတို့နှစ်ယောက်ကလည်း ဘာစကားမှမပြောတော့ ပိ တယ်။ ကိုယ့်ခြေသံတဖျတ်ဖျတ်ကိုတောင် အကျယ်ကြီးပြန်ကြားနေရတယ်

'ခေါ်၊ မင်းကို ဆိုင်မှာကတည်းက ကြည့်နေတာ မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်လာတာလဲ'

လမ်းတစ်ဝက်လောက်အရောက်မှာ အာပုပ်က ငါမျက်နှာပျက် တာနဲ့ပတ်သက်ပြီး မေးတယ်။ ငါတို့တစ်တွေက အချိန့်ပြည့် မျက်နှာပြော နေကြတဲ့ကောင်တွေဆိုတော့ ငါတို့ထဲက တစ်ယောက်ယောက်မှာ ပြဿ တက်လာပြီဆိုရင် အရမ်းသိသာတယ်။

ဒီလိုကွာကနေ အစချီပြီး ငါ့အမေက ငါ့ကို သင်္ဘောတက်နိုင် စီစဉ်နေတဲ့အကြောင်းတွေကို ရင်ဖွင့်လိုက်တယ်။



'ဘယ့်နှယ် မင်းကလည်း၊ ဒါ ဘာစိတ်ညစ်စရာရှိရမှာလဲကွ၊ မင်းကောင်းဖို့ရာပဲ၊ သွားပေါ့ကွ'

'ဟာ… မဟုတ်'

ငါစကားဖြတ်ပြောမှာကို…

'နေဦး'

အာပုပ်က ပေးမပြောဘူး။ လက်ကာပြတယ်။

'နောက် မင်းတို့အိမ်မှာ မင်းညီမလေးရဲ့ အနာဂတ်က ရှိသေးတယ် လ၊ ဆေးကျောင်းစရိတ်ဆိုတာလည်း မင်းသိတဲ့အတိုင်း နည်းနည်းနောနော မဟုတ်ဘဲ၊ ဘာပဲပြောပြော မင်းတို့မိသားစုမှာ မင်းညီမလေးက တာဝန် ကျေသွားပြီ၊ သူ့ပညာရေးသူ ထူးချွန်အောင်လုပ်ခဲ့ပြီးပြီ၊ အခု မင်းအလှည့် ပဲ၊ မင်းညီမလေးအတွက် မင်းဖြည့်ဆည်းပေးရလိမ့်မယ် သူငယ်ချင်း၊ မင်း လည်း မငယ်တော့ပါဘူး'

'ဒါတော့ ဒါပေါ့ကွာ၊ ဒါပေမဲ့ အဲဒီ သင်္ဘောသားအလုပ်ကြီးကို ငါမှ ဝါသနာမပါဘဲ'

'ဒါဆို မင်းက ဘာဝါသနာပါလဲ'

အာပုပ်က စိတ်မရှည်သလို ခပ်ဆတ်ဆတ်ပြန်မေးတယ်။

'ငါဘာဝါသနာပါလဲ'

အာပုပ်ရဲ့မေးခွန်းကို သံယောင်လိုက်ရင်း စဉ်းစားကြည့်တယ်။

'ငါဘာဝါသနာပါလဲ'

အာပုပ်က ဘာမှထပ်မပြောတော့ဘူး။ အလိုက်တသိနဲ့ ဘာစကား မှ မပြောဘဲ ငါ့ဘေးကနေ တိတ်တိတ်လေးလိုက်လာတယ်။

'ငါဘာဝါသနာပါပါလိမ့်'

လှည့်ပတ်ပြီးစဉ်းစားတယ်။ မွှေနှောက်ပြီး စဉ်းစားတယ်။ အထူး

www.burmeseclassic.com



အလဲစဉ်းစားတယ်။ မရ။ စဉ်းစားလို့ မရ။ ဘာဝါသနာပါသလဲဆိုတဲ့ အဖြေဟာ ငါ့ဆီမှာ ကွဲကွဲပြားပြား မရှိ။

'ကဲ… အခု မင်း ဘာဝါသနာပါလို့ပါမှန်းမသိဘူး မဟုတ်လား'

ငါ့ဆီက အဖြေစကား တစ်ခွန်းမှထွက်မလာတဲ့အခါ အာပုပ်က အထက်စီးလေသံနဲ့ ပြောတယ်။

'ဒီမှာ ငါး၊ မင်းထမင်းစားနေတာ ဝါသနာပါလို့စားနေတာ မဟုတ်ဘူး မဟုတ်လား၊ လောကမှာ လုပ်သင့်တဲ့အလုပ်ဆိုရင် ဝါသနာ မပါလည်း လုပ်ရမှာပဲ၊ မင်းသဘောပေါက်မှာပါကွာ၊ မင်းတို့ ငါတို့လို ကျောထောက်နောက်ခံမရှိတဲ့ကောင်မျိုးတွေ၊ ငွေအရင်းအနှီးမရှိတဲ့ ကောင် တေးမျိုးတွေအတွက် ဒီနိုင်ငံမှာ ဘာတက်လမ်းမှရှိတာမဟုတ်ဘူး၊ ရေစုန် မျောနေလို့ အဝိုပဲ သူငယ်ချင်း၊ ဒိုးစရာရှိတာသာ ဒိုး၊ ဒါ မင်းဘဝရဲ့ ထွက်ပေါက်ပဲ'

အာပုပ်က ငါ့ပခုံးကို သုံး၊ လေးချက် ပုတ်လိုက်တယ်။ ငါ့ခေါင်း ထဲမှာ ထွက်ပေါက်၊ ထွက်ပေါက်ဆိုတဲ့ အာပုပ်ရဲ့စကားက အထက်အောက် ဘေးညာ ဒုန်းစိုင်းပြေးလွှားနေတယ်။

အာပုပ်တို့တိုက်နားကို ရောက်လာတော့ မိုးဖွားလေးတွေ ကျလာ တယ်။ ဒါနဲ့ ငါတို့နှစ်ယောက်လည်း အပြိုင်ပြေးပြီး အာပုပ်တို့ လှေကား ရင်းကို ဝင်လိုက်တယ်။

'ဟေ့ကောင်… ထီးယူသွားဦးမလား'

'ကော်ပြီ၊ ဒီလောက်လေးနဲ့တော့ ပြေးလိုက်ရင် လွတ်ပါတယ်။ သွားပြီဟေ့'

လှေကားခြေရင်းက ပြေးထွက်သွားတဲ့ ငါ့ကို…

'ဟိုတစ်နေ့က မင်းကို မိုးလာရှာသွားသေးတယ်၊ အရေးကြီးလို့တဲ့'



ဆိုပြီး အာပုပ်က အော်ပြောတယ်။ ငါက ဘာအတွက်လဲလို့ မေးမလို့ နောက်ကိုပြန်လှည့်ကြည့်လိုက်တော့ အာပုပ်က တိုက်ခန်းပေါ် တက်သွားပြီ။

'ဂျိန်း'

'ဂျလိန်း'

မိုးချိန်းသံကြားလိုက်တယ်။ ကောင်းကင်ပေါ်ကလား၊ ငါ့ရင်ထဲ ကလား မကွဲပြား။

□ □ □

www.burmeseclassic.com

မိုးက ငါ့ကို ဘာဖြစ်လို့လိုက်ရှာနေတာလဲ။

မိုးနဲ့ မဆုံဖြစ်တော့တာ ဘီလူးမွေးနေပြီးကတည်းကပင်။ တကယ်တော့ မဆုံဖြစ်တာ မဟုတ်။ တမင်တကာကို ငါ့ဘက်က ရှောင်နေခဲ့ခြင်းသာ။ အထူးသဖြင့် မိုးကိုပေါ့။ ဟုတ်တယ်။ ဘယ်လိုမျက်နှာချင်းဆိုင်ရသလဲ။ မိုးက ငါ့ကို တွေ့ရာကောင်မလေးနဲ့ အိပ်တတ်တဲ့ကောင်လို့ ထင်နေလောက်ပြီလေ။ ဒီပြင်လူတွေ ဘယ်လိုထင်ထင် ဂရုမစိုက်ဘူး။ မိုးကိုတော့…

'ဟဲ့… နင့်ကို မေးနေတာ မကြားဘူးလား'

ငါ့အမေအသံကြောင့် ငါ့အတွေးများ လွင့်စဉ်သွားတယ်။

'ဗျာ'

'အော်… ညီလေးက အပင်ပန်းရော ခံနိုင်ရဲ့လားလို့၊ ကိုယ့်ဘက်အတွေ့အကြုံနဲ့ ပညာရေးအခြေခံမရှိဘူးဆိုရင် ပင်ပန်းလိမ့်မယ်'

အေဂျင်စီကုမ္ပဏီက မန်နေဂျာဆိုတဲ့လူကြီးက လေအေးအေးနဲ့ ထပ်ပြောတယ်။

'အင်း…'

ငါဘာပြန်ပြောလို့ ပြောရမယ်မှန်း မသိဘဲ တွေဝေနေတုန်းမှာပဲ---

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် မန်နေဂျာကြီးရယ်၊ ကျွန်မသားလေးက အ
အကြံမရှိပါဘူး'

ငါ့အမေက ဝင်ပြောတယ်။

'ဒါပေမဲ့ အစ်ကိုကြီးအနေနဲ့ပဲ ကျွန်မသားလေးကို သက်သေ
သက်သာရှိမယ့်တစ်နေရာရာကို သွင်းပေးလို့မရဘူးလား'

အဲဒီမန်နေဂျာဆိုသူကြီးက ခေါင်းတဆတ်ဆတ်ညိတ်ပြီး နားထေ
တယ်။ သူ့အံဆွဲကို ဖွင့်ပြီး ဟိုဟိုသည်သည်ရှာနေတယ်။ ငါ့အမေ
သူ့ကို စကားတွေထပ်ပြောနေတယ်။ ဘာတွေလဲဆိုတာကိုတော့ ငါကြ
ပြားပြား မကြားရတော့။ ငါ့အမေရယ်၊ မန်နေဂျာဆိုတဲ့လူကြီးရယ်၊ စာ
ရယ်၊ လျှောက်လွှာစာရွက်တွေရယ်၊ နံရံကြီးရယ် စတဲ့ ငါ့မြင်ကွင်းထဲ
အရာတွေ တဖြည်းဖြည်းဝါးသွားတယ်။ အဲဒါအစား ဝင်ရောက်လာ
ကတော့…

ဘီလူးများ နောက်စော်တစ်ပွေ့ရနေပြီလား။ စော်အသစ်ရသွာ
မိုးကို ပစ်သွားပြီလား။ ဘီလူးဆိုတဲ့ကောင်က ယုံရတာ မဟုတ်။ မိန်းက
တွေ အဆွယ်ကောင်းရင် ပါပါသွားတတ်တယ်။

ဒါမှမဟုတ် ဟိုကောင်ထိန်လင်းတို့အုပ်စုနဲ့ပေါင်းပြီး အရက်
အလွန်အကျွံသောက်နေပြီလား။ ထိန်လင်းဆိုတဲ့ကောင်က မူးလာရင်
ဆိုးတတ်တယ်။ တစ်ခါသား ငါ့ရှေ့မှာပဲ မူးမူးနဲ့ သူ့ကောင်မလေး
ဆံပင်တွေဆွဲပြီး ပါးတွေရိုက်တာ မြင်ဖူးတယ်။

ဘီလူးလည်း ထိန်လင်းတို့ဆီက အကျင့်တွေကူးပြီး မိုးကို
နှိပ်စက်နေပြီလား။ ဒီလိုဆိုရင်တော့ ငါလည်း ဘယ်နည်းနဲ့မှ ငြိမ်ခံ
မဟုတ်။ မိုးအသားနာအောင်လုပ်တဲ့သူမှန်သမျှ ငါ့လက်သီးစာမိမှာပဲ



'ဟဲ့… ဟိုမှာမေးနေတယ်၊ ဖြေလိုက်ဦးလေ၊ ဒီကလေးနယ် စိတ်
ဘယ်ရောက်နေပါလိမ့်'

'ဗြော်… ဟုတ်… ဟုတ်၊ ဘာလဲမသိဘူး'

လွင့်သွားတဲ့ ငါ့အာရုံတွေကို စုစည်းပြီး အားနာနာနဲ့ပဲ ထပ်မေး
လိုက်တယ်။

'မီးဖိုချောင်အကူအလုပ်လေကွာ၊ ဒီအလုပ်ကတော့ ငါ့ညီတို့လို
သစ်တွေအတွက် အသက်သာဆုံးပဲ၊ သဘောပေါ်မှာ နေသားကျတော့
တခြားစိတ်ဝင်စားတာရှိလည်း ပြောင်းလုပ်ပေါ့၊ ဟုတ်လား'

'အင်း'

ဒီတစ်ခါလည်း ငါ ဘာပြန်ပြောလို့ပြောရမယ်မှန်း မသိဘဲ တွေဝေ
နေတုန်းမှာပဲ ငါ့အမေက ဝင်ပြောပြန်တယ်။

'အစ်ကိုကြီးကောင်းသလို စီစဉ်ပေးတာပဲ၊ ကျွန်မတို့က နာခံရမှာ
ပါ အစ်ကိုကြီးရယ်၊ ကျေးဇူးတင်ပါတယ်'

ခုနလိုပဲ မန်နေဂျာကြီးက ငါ့အမေရဲ့စကားကို ခေါင်းတညိတ်ညိတ်
နားထောင်နေတယ်။

'ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ကျွန်တော်တို့ကလည်း အကုန်လုံးကို
အဆင်ပြေစေချင်ပါတယ်၊ ဒါပေမဲ့ ဒီလိုနေရာကောင်းမျိုးဆိုတာ လူတိုင်းကို
ပေးနိုင်ဘူးလေ၊ လူတိုင်းကလည်း လိုချင်ကြတယ်၊ ဒါကြောင့် အကုန်
မျှမျှတတဖြစ်သွားအောင် အဲဒီ Position အတွက် စျေးတော့နည်းနည်း
ပေးရလိမ့်မယ်၊ သိပ်အများကြီးမဟုတ်ပါဘူး၊ ကနဦးသတ်မှတ်ထားတဲ့စျေး
တော့ သုံးသိန်းလောက်ပဲ ပိုများမှာပါ၊ ဘာပဲပြောပြော ကလေးသင်္ဘော
တက်နဲ့စာရင် ငွေသုံးသိန်းဆိုတာက ဘာမှမပြောလောက်ဘူး ဟုတ်
တယ်မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ငါ့အမေ နည်းနည်းပြုံးပြုံးပျာပျာဖြစ်သွားတယ်။ ခဏနေတော့
အချိုသာဆုံးလေသံနဲ့ ငါ့အမေက ပြန်ပြောတယ်။

'အဲဒီလောက်ကြီး မလုပ်ပါနဲ့ မန်နေဂျာကြီးရယ်၊ ကျွန်မသား
ကို သက်သာစေချင်တဲ့ စေတနာကိုတော့ လေးစားပါတယ်၊ ဒါပေမဲ့
သိန်းကြီးတောင်ဆိုတော့ ကျွန် မ တို့ လို သာ မန် လက် လုပ် လက် စား မှ မျှ'

ငါ့အမေရဲ့ စကားပြောသံက တိုးပြီးတိမ်ဝင်သွားတယ်။ ငါ့အ
ရဲ့နေရာမှာ ဘီလူးရဲ့အသံက အစားထိုးဝင်ရောက်လာတယ်။ ဘီလူး
မိုးကို ဒေါသတကြီးအော်ဟစ်နေသံတွေ၊ ကြိမ်းမောင်းပြစ်တင်သံတွေ၊ ဆဲ
သံတွေ။

မိုးရဲ့ပါးကို ဘီလူး ဖျန်းခနဲမြည်အောင် ရိုက်လိုက်တယ်။ ပြီးတော့
ဘယ်ဘက်လက်ထဲက အရက်ပုလင်းကို မော့သောက်လိုက်တယ်။ ကြမ်းပြ
ပေါ်မှာ မျက်ရည်လည်ရွဲနဲ့ လဲကျနေတဲ့ မိုးကို ခြေထောက်နဲ့ တစ်ချက်
တစ်ချက် ဆောင့်ကန်တယ်။ ဘီလူးရဲ့ကန်ချက်တွေအောက်မှာ လူးလိမ့်
ရတဲ့ မိုးကိုကြည့်ပြီး ဘီလူးက အားရပါးရ ရယ်တယ်။

'ဟား… ဟား… ဟား… ဟား… ဟား… ဟား…'

အပြင်က တကယ့်ရယ်သံကြောင့် ငါ လန့်ပြီးတုန်တက်သွားတယ်
မန်နေဂျာဆိုသူကြီးက ရယ်မောရင်း ဆက်ပြောတယ်။

'ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ငါ့အစ်မကြီးက အပြောကောင်း
အတွက် လျှော့ပေးလိုက်ပါ့မယ်၊ တစ်သိန်းတော့ မလုပ်နဲ့၊ တစ်သိ
ပေးလိုက်။ ဟုတ်ပြီလား၊ ကုမ္ပဏီက လူကြီးတွေကို ကျွန်တော် အဆင်
သလို ကြည့်ပြောပေးထားလိုက်မယ်၊ ကျွန်တော် လိုအပ်တာရှိမှပဲ ဒီညီလေး
ကို ဖုန်းဆက်ခေါ်လိုက်မယ်နော်'

သဲထဲကို သွန်ချလိုက်တဲ့ ရေတွေလိုပဲ။ ငါ့နားထဲမှာ အပြင်



တားသံတွေ ချက်ချင်းပျောက်သွားတယ်။ ငါ့စိတ်ထဲမှာ အတွေးတွေ
ယာက်ယက်ခတ်နေတယ်။ ဘီလူးက တကယ်ပဲ မိုးကို နှိပ်စက်နေပြီ
ား။

အိမ်ရောက်တာနဲ့ ဘီလူးဆီ ဖုန်းဆက်လိုက်တယ်။ လူကြီးမင်းက
န်းပိတ်ထားပါသတဲ့။ ဒါနဲ့ အိမ်ဖုန်းကို ဆက်ပြန်တော့လည်း အစ်ကိုလေး
ရှိပါဘူးတဲ့။ ဘယ်သွားသလဲလို့ မေးတော့လည်း မသိပါဘူးတဲ့။ ကောင်း
ာ။

ဒါနဲ့ မိုးရဲ့တိုက်ခန်းကို သွားကြည့်တယ်။ မတွေ့။ အရိပ်အယောင်
တွ့ဖို့နေနေသာသာ တစ်ခန်းလုံး မှောင်မည်းနေတယ်။ ဒုက္ခပဲ။

ဒီလိုအတွေးဆိုးကြီးတွေနဲ့ ငါ ဘယ်လိုအိပ်ရမလဲ။ မျက်စိမှိတ်
ိုက်တိုင်း အရှိန်ပြင်းပြင်းနဲ့ မိုးရဲ့ပါးကို ရိုက်လိုက်တဲ့ ဘီလူးရဲ့လက်ကို
င်နေရတာ တော်တော်ဆိုးတယ်။ 'ဖျန်း'ဆိုတဲ့ အသံကို ကြားနေရတာ
ာ်တော်ဆိုးတယ်။ မျက်ရည်တွေ အလိပ်လိပ်ကျနေတဲ့ မိုးရဲ့မျက်နှာလေး
ို မြင်ယောင်နေတာ တော်တော်ဆိုးတယ်။

စိတ်ထင်ရာတွေးနေမိတဲ့ ကယောက်ကယက်အတွေးတွေကို ကြိုး
ပြီး ဖျောက်ယူရတယ်။ လျှော့။ စိတ်ကို လျှော့။ အိပ်ပျော်အောင် အိပ်
ိုက်တော့။

မနက်ဖြန်မနက် မိုးကျောင်းသွားမယ့်အချိန်မှပဲ လမ်းထိပ်မှာ စောင့်
အခြေအနေအမှန်ကို မေးကြည့်ရတော့မှာပဲ။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

ငါ့ကိုတွေ့တွေ့ချင်း မိုးပါးစပ်က ဘာစကားလုံးမှ ထွက်မလာ။ ...က်ဝန်းမှ မျက်ရည်များသာ လိမ့်ဆင်းလာတယ်။ လမ်းမကြီးပေါ်မှာ လူ ...င်လို့မကောင်းတဲ့အတွက် နီးစပ်ရာ အအေးဆိုင်ထဲ ဝင်ထိုင်လိုက်တယ်။

မျက်ရည်တွေကို ကြည့်ခြင်းအားဖြင့် မိုးရင်ထဲမှာ အပူတွေ ဘယ် ...ာက်များနေသလဲဆိုတာကို ခန့်မှန်းလို့ရပါတယ်။ ဒါကြောင့် မိုးအတွက် ...အေးတစ်ပုလင်း မှာပေးလိုက်တယ်။ အအေးသောက်ရုံနဲ့ မိုးရင်ထဲက ...ဒဏ်တွေ သက်သာပါ့မလားဆိုတာကတော့ မသေချာ။

'ရူး'

မိုးက သက်ပြင်းရှည်ကြီးကို ချတယ်။ ငါ့ကို မော့ကြည့်တယ်။ ...ရေးတကြီး တစ်ခုခုကိုပြောဖို့အတွက် စိတ်ကို ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်နေ...ပုံ။ ငါ အလိုက်တသိ စောင့်ပေးနေလိုက်ပါတယ်။

'ပြ… ပြဿနာတက်နေပြီ သိလား'

'ပြဿနာ ဟုတ်လား'

မိုးက ခေါင်းပြန်ငုံ့သွားတယ်။ သူ့ရှေ့က အအေးပုလင်းကို ...ပြီး ...လိုက်တယ်။

'ဖူး… ဖလူး'

www.burmeseclassic.com

www.burmeseclassic.com



အရည်လက်ကျန်မရှိတော့တဲ့ ပုလင်းထဲက လေကိုပဲ စုပ်မိသွား တယ်။

'ဘယ်လိုပြဿနာမျိုးလဲ မိုးရယ်'

အညင်သာဆုံး မေးလိုက်တယ်။ မိုးက မျက်တောင်ကို ပုတ်ခတ် ပုတ်ခတ်လုပ်နေတယ်။

'ကို... ယ်... ဝ... န်'

မိုးပြောတဲ့အသံက တိုးတိုးလေးပဲ။ ဒါပေမဲ့ ငါ့နားထဲမှာတော့ တစ်ကမ္ဘာလုံးမှာရှိသမျှ ဗုံးတွေ တစ်ပြိုင်တည်းပေါက်ကွဲသွားသလို ဆူညံ ပွက်လောရိုက်သွားတယ်။

'ဘယ်သူနဲ့ရတာလဲ'

'ရှင်'

မိုးက ငါ့ကို နားမလည်သလို ပြန်ကြည့်တယ်။

'ဟာ... မဟုတ်ဘူး၊ ဆောရီး၊ အဲလိုသဘောမျိုးပြောတာ မဟုတ် ဘူး'

ကိုယ့်ကိုယ်ကိုယ် ပြန်ကျိန်ဆဲလိုက်တယ်။ ဘယ်သူနဲ့ရတာလဲဆို မေးခွန်းမျိုးကို အခုလိုအချိန်မှာ မေးစရာလား။ ခက်တာက ငါ့အနေ ဘာပြန်ပြောလို့ ပြောရမယ်မှန်းမသိဖြစ်နေတာ။ မိုးက ငိုနေတော့ ပိုဆိုးတယ် အကုန် အယောင်ယောင်အမှားမှား ဖြစ်ကုန်တော့တာပဲ။ ဒါကြောင့် ဘာ ထပ်မပြောတော့ဘဲ မိုး ဘာပြောမလဲဆိုတာကိုပဲ ငြိမ်ပြီး နားထောင်လို ရတယ်။

'သူရော့ ‌တွေ့သေးလား'

ခဏကြာတော့မှ ပုံမှန်လေသံနဲ့ မိုးက မေးပါတယ်။ အားရအော ငိုလိုက်ရလို့ ပြန်လည်ပေါ့ပါးသွားပုံရပါတယ်။



'မတွေ့ဖြစ်ဘူး၊ မတွေ့ဆို ဒီကောင့်မွေးနေကတည်းကကို မတွေ့ ဖြစ်တော့တာ'

မွေးနေ့လို့ ပြောလိုက်မိတော့မှ ငါနဲ့ ဟိုကောင်မလေးကိစ္စတွေကို များ သတိရသွားမလားလို့ စိတ်ပူမိသေးတယ်။ တော်သေးတယ်။ သူ့အပူ နဲ့သူဆိုတော့ မှတ်မိပုံမရဘူး။

'ဒါဆို ဒီကိစ္စကို မိုးပြောမှပဲ နှင်းခါးက သိတာပေါ့၊ ဟုတ်လား'

ငါ ခေါင်းညိတ်ပြလိုက်တယ်။

'ဖုန်းတွေဘာတွေရော မပြောဖြစ်ဘူးလား'

'မနေ့ကတော့ ဆက်ကြည့်သေးတယ်၊ ဒါပေမဲ့ စက်ပိတ်ထား တယ်တဲ့'

မိုးက သူ့လက်ထဲရှိ အနီရောင်တစ်ရှူးလေးကို လုံးချေရင်း စကား ဆက်တယ်။

'ကိုယ်ဝန်ကိစ္စကို ပြောလိုက်ပြီးကတည်းက သူ့ရဲဖုန်းကို လုံးဝ ဆက်လို့မရတော့ဘူး၊ ဆက်လိုက်တိုင်း စက်ပိတ်ထားပါတယ်ဆိုတာပဲ ကြား နေရတယ်'

မိုးရဲ့ မျက်ဝန်းထဲမှာ မျက်ရည်စများ မရှိတော့ပါ။ မျက်ရည်ဆို တာ အကန့်အသတ်မဲ့ပစ္စည်းမှ မဟုတ်ဘဲ။ ဒီလောက်ငိုထားပြီးမှတော့ ခန်းခြောက်နေရောပေါ့။

'အခုပြဿနာနဲ့ပတ်သက်ပြီးတော့လည်းလေ နှင်းခါးနဲ့ သူ့ရော လွဲပြီး မိုး ဘယ်သူ့ကိုမှ ပြောမထားပါဘူး၊ နှင်းခါးလည်း ကျွန်မရဲ့ မိုက် သိက္ခာကို ငဲ့ကွက်သောအားဖြင့် ကျေးဇူးပြုပြီး လျှို့ဝှက်ထား ပေးရှာ'

ဩော်... မိုးရယ်။ ဒီလိုကိစ္စမျိုးဆိုတာ လူတွေကကို လိုက်ပြီး

www.burmeseclassic.com



မောင်းခတ်ကြေညာနေရမယ့်ကိစ္စမျိုးမှ မဟုတ်ဘဲ။ ကိုယ်သိပါတယ်လေ။ အထူးသဖြင့် မိုးက တောင်းဆိုလာတဲ့အခါ ဘဝအဆက်ဆက် လျှို့ဝှက်ထား ပါ့မယ်။

'နောက်ပြီး နှင်းခါးကိုလည်း အကူအညီတောင်းချင်လို့'

'ဟုတ် ပြောပါ၊ အားမနာပါနဲ့'

'သူရကို မိုးအစား လိုက်ရှာပေးပါလားဟင်၊ နှင်းခါးတို့ကျတော့ သူငယ်ချင်းအချင်းချင်းဆိုတော့ ရှာရတာ ပိုလွယ်မယ်ထင်လို့ပါ'

မိုးက သနားစဖွယ် တောင်းဆိုတယ်။

'ဒါများ မိုးရယ်၊ မိုးမပြောလည်း ဒီကောင့်ကို မတွေ့တွေ့အော ရှာဖို့ဆုံးဖြတ်ပြီးသားပါ၊ စိတ်ချပြီးတော့သာ ပြန်၊ ဒီကိစ္စ နားလည်မှုလွဲတာ လည်း ဖြစ်နိုင်တာပဲလေ၊ ဘီလူးဆိုတဲ့ကောင်က အဲဒီလိုပဲ၊ ဖုန်းခဏခ ပျောက်တတ်တယ်၊ ဒါကြောင့် ဖုန်းပိတ်ထားတာလည်း ဖြစ်ချင် ဖြစ်မှ ပေါ့၊ နောက်ပြီး မိုးကို လာမတွေ့နိုင်တာလည်း သူ့အဖေကုမ္ပဏီက သိတ အတိုင်းပဲလေ၊ အလုပ်တွေ အရမ်းများတယ်မဟုတ်လား၊ ဒါကြောင့် နေမှ ပါ'

'အဲဒီလိုဖြစ်ပါစေလို့ပဲ မိုးကလည်း ဆုတောင်းနေပါတယ်၊ ဒီလို ရင် သွားလိုက်ဦးမယ်နော်'

'ဟုတ်၊ ဒါနဲ့ မိုးကျောင်းသွားမှာကလည်း ထမင်းချိုင့်အကြ ကြီးနဲ့ပါလား'

မိုးလက်ထဲက ခြောက်ဆင့်ချိုင့်ကြီးကို ကြည့်ရင်း မေးလိုက်တယ

'မဟုတ်ဘူး၊ ကျောင်းက ခွင့်ယူထားတာ ကြာပြီ၊ မိုးအမေ ဆေ ရုံတက်နေရတယ်လေ၊ အဲဒါ အစားအသောက်တွေ ချက်ပြုတ်ပြီး နေ့တိုင ပို့ပေးနေရတာမို့လို့၊ အခုတောင် နောက်ကျနေပြီ၊ သွားလိုက်ဦးမယ်နော်



ဓနပူကြီးထဲမှာ တစ်စတစ်စ ဝေးကွာသွားတဲ့ မိုးရဲ့ကျောပြင်ကို ငေးကြည့်ရင်း စိတ်မသက်မသာစွာပဲ သက်ပြင်းတစ်ချက်ချလိုက်တယ်။

နာမည်ကသာ မိုးတဲ့။ ခများမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ ပူလောင်လိုက် တာနော်။ အရေးထဲ ဟိုကောင်ကလည်း ဘာလို့ဖုန်းပိတ်ထားရတာလဲ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

လိုက်ရှာနေစရာတောင် မလိုပါဘူး။ နောက်နေ့မှာပဲ ဆိုက်ဆိုက် ဆိုက်မြိုက် ရောက်လာတယ်။ ငါတောင်မှ မနိုးသေးဘူး။ ညီမလေးက နှိုးတယ်။

'ကိုကြီး အိမ်ရှေ့မှာ ဧည့်သည်ရောက်နေတယ်၊ အရေးကြီးလို့တဲ့'

ဘီလူးမဟုတ်။ ဘီလူးရဲ့အမေ ဖြစ်နေတယ်။

'ဟာ… အန်တီ စောစောစီးစီးပါလား'

'အေး… ဟုတ်တယ်'

ဒါပဲ။ ဘာမှဆက်မပြောဘူး။ ဒါနဲ့ ငါလည်း ကြောင်တောင်တောင် ဖြစ်တတ်ရပ်နေရတယ်။ ခဏနေတော့မှ ငါ့အမေက ဝင်ပြောတယ်။

'ဟဲ့… ငေါ်၊ အစ်မကြီးက နင့်ကို မေးစရာရှိလို့တဲ့၊ သွား… မျက်နှာသစ်ပြီး လိုက်သွားလိုက်၊ သမီးရေ အစ်မကြီးအတွက် ကော်ဖီ ခွဲဦးလေ'

ဘီလူးအမေရဲ့ ကားကြီးက အိမ်ရှေ့ကပ်ညက်ညောလှပါတယ်။ အဲယား ကား အရှိန်ကြောင့် ကားအတွင်းပိုင်းမှာ အေးစက်နေပါတယ်။ ဒါပေမဲ့ ဘီ လူးအမေရဲ့ စကားတွေကတော့ မာကျောပြင်းထန်ပြီး ပူလောင်ရှိန်းလှ တယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဟိုပိုင်းလုံးမ မိုးဆိုတဲ့ကောင်မအိမ်ကို ငါ့ကို လိုက်ပို့စမ်း၊ နင် ကလည်း နင်တို့သူငယ်ချင်းကို ဒီအတိုင်းလွှတ်မထားနဲ့လေ၊ အလ ပေါက်ပန်းဈေးတွေနဲ့ တွေ့သွားရင် ငါ့သားလေး အညွန့်တုံးသွားပါလိမ့်မ

အဆောင်အယောင်တွေက လွဲပြီး ဘာမှအဆင့်အတန်းမ မိန်းမကြီးပဲ။ ဘီလူးမျက်နှာနဲ့ ဒီမိန်းမကြီးရဲ့ စကားတွေကို မနည်းသ ညည်းခံ နားထောင်ပေးနေရတယ်။ ရင့်ရင့်သီးသီး အသုံးအနှုန်းတွေနဲ့ တ ပြောနေတဲ့ ဒီမိန်းမကြီးကို ကြည့်ရင်း ကြည့်ရင်းနဲ့ ကာတွန်းစာအုပ်တွေ က အရိုးကို ဆံထုံးထဲထည့်ထုံးပြီး ထဘီရင်လျားဝတ်စုန်းမကြီးနဲ့ တ လာတယ်။ ကွာတာဆိုလို့ ရွှေတွေတောက်တောက်ပြောင်ပြောင်ဝတ်ပြီး ‌ တွေ လှိုင်လှိုင်ဆွတ်ထားတာပဲ ရှိပါလိမ့်မယ်။

'ဒီတိုက်ရဲ့ လေးလွှာ ဘယ်ဘက်အခန်းပဲ'

မိုးရဲ့ အခန်းကို လက်ညှိုးထိုးပြလိုက်တယ်။ အစတုန်းက အမြင်ကတ်ကတ်နဲ့ မသိဘူးလို့ ငြင်းမလို့ပဲ။ ဒါပေမဲ့ ဒီမိန်းမကြီးက က မသိရလည်း နောက်တစ်ယောက်ဆီက မသိသိအောင်လုပ်ပြီး အောင်သွားမယ့် မိန်းမကြီး။

အရေးကြီးဆုံးအချက်က မိုးနဲ့ မျက်နှာချင်းဆိုင် ဘယ်လိုပြော ဆိုတာ တွေ့ချင်တယ်။ ဘာတွေပြောမလဲဆိုတာ သိချင်တယ်။ ဘ စကားမျိုးတွေ ပြောမလဲဆိုတာ ကြားချင်တယ်။ ဒါမှ လွန်လွန်ကျ မဖြစ်အောင် တားသင့်တန် တားရမယ်။

ဒါပေမဲ့ မရပါဘူး။ ဘီလူးအမေကိုတော့ လက်လန်တ နောက်ကနေ လှေကားပေါ်တက်လိုက်လာတဲ့ ငါ့ဘက်ကိုလှည့်ပြီး

'သား… ကားနားမှာပဲ စောင့်နေကွယ်၊ အန်တီက ကိုယ် ကိုယ်တာကိစ္စတွေ ပြောစရာရှိလို့၊ ဟုတ်ပြီလား'



သူ့နောက်ကို မလိုက်ခဲ့ဖို့ ပြောတယ်။ ဒါနဲ့ သူ့ကားနောက်ဖုံးကို ှင်း စောင့်နေလိုက်တယ်။ ဆယ်မိနစ်ကျော် ကြာသွားပြီ။ ပေါ်မလာသေး။ ာတွေများ ဒီလောက်ကြာကြာ ပြောနေတာပါလိမ့်။ နောက်ထပ် ငါးမိနစ် လာက် ထပ်စောင့်လိုက်တော့မှ လှေကားပေါ်က ခြေသံတရှပ်ရှပ် ကြား တယ်။ လှေကားဝသွားပြီး ငါမော့ကြည့်လိုက်တယ်။

ရှေ့ကနေ ဘီလူးအမေက ပုံမှန်ခြေလှမ်းနဲ့ ဆင်းလာတယ်။ နောက် ကနေ ရှိုရှိုကျိုးကျိုးနဲ့ လိုက်လာသူက မိုး။ အနားရောက်လာတဲ့ မိုးရဲ့မျက်နှာ ကို သတိထားကြည့်လိုက်တယ်။ ထူးထူးခြားခြားမျက်နှာပျက်နေတာမျိုး ရှိပေမယ့် မျက်လုံးတွေ နီရဲနေတယ်။ မျက်နှာကို ဟန်ကိုယ့်ဖို့ထားနိုင်ပေ ယ့် မျက်လုံးတွေကိုတော့ ဖုံးကွယ်လို့ မရ။ ငိုထားတာ သိသာတယ်။

'ကဲ… သမီး သဘောပေါက်ပြီနော်၊ အန်တီ့ကိုလည်း မိဘချင်း ိုယ်ချင်းစာပေါ့၊ ဟုတ်ပြီလား၊ သွားမယ်'

ဘီလူးအမေက ဒရိုင်ဘာဖွင့်ပေးတဲ့တံခါးကနေ နောက်ခန်းထဲ င်သွားတယ်။ ငါက မိုးကိုကြည့်လိုက်တော့ ချက်ချင်းခေါင်းငုံ့သွားတယ်။ ါနဲ့ မျက်လုံးချင်းမဆုံမိအောင် ရှောင်နေပုံပဲ။

'လာလေ၊ ကားပေါ်တက်'

ဘီလူးအမေက ကားပေါ်တက်ဖို့ ငါ့ကိုခေါ်တယ်။ ရှေ့ခန်းထဲ င်ထိုင်လိုက်တယ်။ ကားနောက်ကြည့်မှန်ထဲကနေ မိုးကို မြင်နေရတယ်။ ုပ်ကွက်ထဲကနေ ဖြည်းဖြည်းချင်း ထွက်လာတဲ့ ငါတို့ကားရဲ့ နောက်မြီး ိုင်းကို တွေတွေကြီးငေးလို့။ နောက်ကြည့်မှန်ထဲက မိုးရဲ့ပုံရိပ်တွေ ကွယ် သွားမချင်း လှုပ်ရှားမှု တစ်စက်မှ မရှိ။ ကျောက်ရုပ်ကြီးအလား။

ကားပေါ်မှာ တိတ်ဆိတ်နေတယ်။ တစ်ယောက်နဲ့ တစ်ယောက် စကားမပြောကြ။ ငါ့ရင်ထဲမှာတော့ မေးခွန်းတွေအများကြီး တိုးနေတယ်။

www.burmeseclassic.com



'မိုးကို ဘာပြောခဲ့လဲ'

'ဘီလူးနဲ့ မိုးနဲ့ သဘောမတူဘူးလား'

'သဘောမတူရင် ဘာကိစ္စသဘောမတူရတာလဲ'

'မိုးက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်တဲ့ မိန်းကလေ တစ်ယောက်၊ ခင်ဗျားသားလို မိဘပိုက်ဆံထိုင်ဖြုန်းနေတဲ့အစားထဲက မဟု ဘူး'

'မိုးရဲ့ရင်သွေးကို တာဝန်မယူဘူးလား'

'မိုးမှာ ဘာချို့ယွင်းချက်ရှိလို့လဲ'

အများကြီးဆိုမှ မေးခွန်းတွေက အများကြီး။ များလွန်းလို့လ ချောင်းဝမှာ တစ်ဆို့ပြီး အပြင်ကို တစ်ခုမှထွက်မလာနိုင်။ တစ်ဆို့နေတ မှာပဲ ငါ့အိမ်ရှေ့ကို ပြန်ရောက်သွားတယ်။ ကားပေါ်ကနေ ဆင်းလို တယ်။ နောက်ခန်းက မှန်အမည်းကြီး တအိအိနဲ့ ကျသွားတယ်။ ဘီလူးအ က ပိုက်ဆံအိတ်ကို ဖွင့်တယ်။ တစ်ထောင်တန်တစ်အုပ် ငါ့လက်ထဲ ထ တယ်။

'ရော့… သား မုန့်ဖိုး၊ အန်တီလိုချင်တာက ဒီကိစ္စထဲကို ငါ့သ ထပ်မပါနဲ့တော့၊ ဘယ်သူ့ကိုမှလည်း လျှောက်မပြောနဲ့၊ ဟိုကောင်မဆီ လည်း ထပ်မသွားနဲ့တော့၊ သဘောပေါက်ပါတယ်နော်'

'ဘာ'

'သြော်… ဟိုကောင်မဆိုတာ မိုးကိုပြောတာလေ၊ ထပ်မသွာ တော့နော်၊ အန်တီ အကုန်အဆင်ပြေအောင် စီစဉ်ခဲ့ပြီးပြီ'

'ဘာပြောတယ်'

ငါ့လက်တွေ တဆတ်ဆတ်တုန်လာတယ်။ လက်ထဲမှာ ကိုင်ထာ



တဲ့ တစ်ထောင်တန်အုပ်ကြီးကို မစင်တုံးကြီး ကိုင်ထားရသလိုပဲ ခံစားရ တယ်။ အပုပ်နံ့လှိုင်တက်လာတယ်။ ထွီး… ရွံစရာကြီး။

'ဘုတ်'

ပိုက်ဆံထုပ်ကို ဟိုမိန်းမကြီးရှေ့က ခြေနင်းခွက်ထဲ လွှင့်ပစ်လိုက် တယ်။ ငါ့ပါးစပ်က ဆဲသံတစ်စုံတစ်ရာထွက်မလာခင် အိမ်ထဲကို အမြန် င်လိုက်တယ်။ ဒါ ခင်ဗျားကြီးပြောတဲ့ မိဘချင်း ကိုယ်ချင်းစာလို့။ ဘီလူး က်နှာနဲ့ အဆုံးစွန်သည်းခံလိုက်တာ။

ဘယ့်နှယ့်။ လူတွေကိုများ ဘာထင်နေသလဲ မသိ။ ပိုက်ဆံပေး ိုင်း ထင်ရာစိုင်းချင်နေလို့ ရမလား။ ခင်ဗျားတို့ပတ်ဝန်းကျင်က ကောင်တွေ ိုတော့ ပိုက်ဆံဆို့ပြီး ပါးစပ်ပိတ်လို့ ရချင်ရမယ်။ ငါ့ကိုတော့ မရ။

ဆောရီးပဲ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

မိုးကို ဘာတွေပြောသွားသလဲ။

အိမ်ထဲမှာ ငြိမ်ငြိမ်နေလို့ မရဘူး။ မိုးနဲ့ ဘီလူးအမေတွေ ဘာတွေ ပြောလို့ ဘယ်လိုတွေသဘောတူသွားခဲ့လဲဆိုတာကို ငါ အရမ်းသိချင်လာ ြ။ ဟိုမိန်းမကြီးရဲ့ ဒီကိစ္စထဲ ဝင်မပါနဲ့တော့ဆိုတဲ့ အာဏာရှင်ဆန်ဆန် တားကို ကြားလိုက်ရပြီးကတည်းက ပါဝင်ပတ်သက်ဖို့ ဆုံးဖြတ်ချက် လိုက်တယ်။

မိုးကို ဘာတွေပြောသွားသလဲ။

မိုးတို့အိမ်ဘက်ကို ထပ်သွားတယ်။ တိုက်ခန်းအောက်မှာ မယောင် လည်လုပ်ရင်း စောင့်နေသေးတယ်။ အရိပ်အယောင်မတွေ့တာနဲ့ အပေါ် ပ်ထိ တက်သွားလိုက်တယ်။ သော့ခလောက်ကြီး အပြင်ကနေ ခတ် းတယ်။ ဆေးရုံသွားတယ် ထင်ပါရဲ့။

ဂနာမငြိမ်ဘူးဆိုတဲ့စကားကို စာထဲမှာ ဖတ်ခဲ့ရတုန်းက သိပ် သောမပေါက်ဘူး။ အခု ကိုယ်တွေ့ကြုံရတော့မှပဲ သဘောပေါက်တော့ ယ်။ ထိုင်နေရင်လည်း ထိုင်လို့မရ။ ထနေရင်လည်း ထလို့မရ။ လမ်း လျှောက်နေရင်လည်း မရိုးမရွ။ တစ်နေကုန် တစ်ယောက်တည်း ပတ်ချာ ည်နေတယ်။

မိုးကို ဘာတွေပြောသွားသလဲ။

ညဘက်ရောက်တော့ မိုးတိုက်ခန်းကို ထပ်သွားကြည့်တယ်။ ဒီနေ့ ဘယ်နှကြိမ်မြောက်မှန်းတောင် မသိတော့ဘူး။ မှောင်မည်းနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ကို တက်ကြည့်တယ်။ သော့ခလောက်ကြီး။ ညှို့နက်တော့ တ
ခေါက်ထပ်လာကြည့်သေးတယ်။ မှောင်မည်းသော့ခလောက်ကြီး။ ဒီနေ့
ဆေးရုံကနေ အိမ်ပြန်မအိပ်ဘူး ထင်ရဲ့။

နောက်တစ်နေ့ကျတော့ မိုးတို့အိမ်ဘက်ကို ခြေဦးမလှည့်နိုင်ဘူ
သဘော်အချောင်စီက လူကြီးတွေက ခေါ်ပြီး ဓာတ်ပုံရိုက်မယ်ဆိုလို့ သွာ
တယ်။ ဟိုရောက်တော့ လျှောက်လွှာတွေတစ်ထပ်ကြီး ဖြည့်ပေးရသေ
တယ်။ ဒါနဲ့လည်း မပြီးသေး။ အဲဒီ အချောင်စီလူကြီးရဲ့ အလုပ်ကြိုးစ
ဖို့တို့၊ အမိန့်နာခံဖို့တို့၊ သူတို့ကုမ္ပဏီနာမည်မပျက်အောင် နေထိုင်ကျင့်
ဖို့တို့ စသဖြင့် အမှာစကားတွေ နာရီဝက်၊ လေးဆယ့်ငါးမိနစ်လော
ခြွေနေလို့ နားထောင်ခဲ့ရသေးတယ်။

ပြောလိုက်တဲ့အလုံးတွေကလည်း အကြီးကြီးတွေ။ ဘာတဲ့။ ငါ
က နိုင်ငံခြားရောက်ရင် မြန်မာနိုင်ငံကို ကိုယ်စားပြုရမှာ။ ငါတို့စည်းက
ပျက်ရင် မြန်မာနိုင်ငံပါ နာမည်ပျက်မယ်တို့ ဘာတို့ စုံနေတာပဲ။ အလက
စကားကြီးစကားကျယ်တွေ လျှောက်ပြောနေတာ။

သင်းတို့ကရော ဘာထူးလို့လဲ။ ခေါ်ကောင်းအောင်လို့ အချေ
လို့သာ ခေါ်နေရတာ။ တကယ်တော့ ဒီကောင်တွေလည်း ပွဲစားတွေ
မဟုတ်လား။ ပွဲစားတောင် ရိုးရိုးပွဲစား မဟုတ်။ လူပွဲစားတွေ။ ထား
အခုတော့ သူတို့ ဘာပြော်ပြော နားထောင်နေဖို့ရာ ရှိတော့တာပေါ့။ သိတေ
မှုတဲ့အတိုင်းပဲ။ သူတို့ထည့်ပေးမှ နေရာကောင်းရမှာလေ။

မိုးကို ဘာတွေပြောသွားလဲ။

အိမ်ကိုပြန်ရောက်ရောက်ချင်း မိုးရဲ့အခန်းကို သွားကြည့်သေ
တယ်။ သော့ခလောက်ကြီးက အရာမယွင်း။ ဒါနဲ့ ဟိုကောင်တွေရှိရာ
ပဲ ခြေဦးလှည့်လိုက်တယ်။ စိတ်တွေ မကြည်ဘူး။ ဆေးကြောဖို့ အရ
တစ်မျိုး လိုနေပြီ။ သိတယ်မဟုတ်လား။



ထုံးစံအတိုင်း ငါတို့ဝိုင်းက ဆူညံနေတာပါပဲ။ ငါတစ်ယောက်
တည်း ငြိမ်နေပြီး တစ်ခွက်ပြီး တစ်ခွက် ဖိသောက်နေတယ်။ ဒီညဝိုင်းက
တော့ ငါ့အကြောင်းပဲ ပြောနေကြတယ်။ ငါသဘော်တက်ရင် ဒီကောင်တွေ
ခွဲရတော့မယ့်အကြောင်း၊ ငါမရှိတော့တဲ့အခါ တစ်ယောက်စာ နားငြီး
သက်သာတော့မှာမို့လို့ ဝမ်းသာစရာကောင်းကြောင်းတွေ ပြောပြီး တဟား
ဟား ပွဲကျနေကြတယ်။

'ယော့ကောင် ငေါး'

အာပုပ်က ငါ့ကိုခေါ်တယ်။ ငါက ပြောဆိုပြီး မေးဆတ်ပြလိုက်
တော့…

'မင်း နိုင်ငံခြားရောက်တာနဲ့ ငါတို့အတွက် အရင်ဆုံးလုပ်ရမယ့်
လုပ်က ဘာလဲ သိလား'

ငါတို့အားလုံးအတွက်ဆိုလို့ ကျန်တဲ့ကောင်တွေကပါ စိတ်ဝင်
စား နားထောင်နေကြတယ်။

'လေထိုးရုပ်တစ်ရုပ်ဝယ်ပြီး ဒီကိုပို့လိုက်ကွာ၊ ငါတို့ထဲမှာ ကိုကြီး
မောင်တစ်ယောက်တည်း လူပျိုစစ်စစ်ကြီးဖြစ်ပြီး ဘက်ပဲ့နေတာ၊ ငါတို့
ဘ်တွေအကြောင်းပြောတိုင်း နားခေါင်းရှုံ့လို့မရအောင် အရုပ်တစ်ရုပ်လောက်
ယ်ပေးထားမှ ငြိမ်သွားလိမ့်မယ်'

'အေပေး'

ကိုကြီးမောင်ရဲ့ ဆဲသံက တစ်ဝိုင်းလုံးရဲ့ တခွီးခွီးရယ်သံများနဲ့
ုံးထွေးသွားတယ်။ ပြောလည်း ပြောချင်စရာပဲ။ ကိုကြီးမောင်က တကယ့်
ကန့်လန့်။ သူ့ရှေ့မှာဆို မိန်းမအတွင်းရေးတွေ မပြောရဲဘူး။ ပြောမိတာ
မင်းတို့တစ်တွေက နှာဘူးအကြောင်းက လွဲရင် ဘာများပြောတတ်
သေးလို့လဲဆိုပြီး ဘုတောရော။ ဘယ်လောက်ထိဆိုးလဲဆိုရင် ကိုကြီးမောင်
ရှေ့မှာ အာပုပ်က ယောင်ပြီး ကောင်မလေးတွေရဲ့ တင်ပါးတွေအကြောင်းလျှော

www.burmeseclassic.com

www.burmeseclassic.com



ပုံတွေအကြောင်းကို လွှတ်ခနဲပြောမိသွားတယ်။ ကိုကြီးမောင် တစ်ခွန်းတည်
ပြန်ပြောလိုက်တာ အာပုပ်တစ်ကောင် နောက်ဆို မိန်းမတွေရဲ့နောက်ပိုင်း
တောင် မကြည့်ချင်တော့အောင် ဖြစ်သွားတယ်။ ကိုကြီးမောင် ပြောပုံ
လည်း ကြည့်လေ။ ဖင်ဆိုတာ အီအီးတွေသိုလှောင်ထားတဲ့ကန်တဲ့။ ဖင်
တဲ့ ကောင်မလေးဆိုတာ အီအီးများများသိုလှောင်ထားလို့တဲ့လေ။ အဲဒါ
ကို များ မင်းတို့မို့လို့ မရွံမရှာလိုက်ကြည့်နေကြတယ်တဲ့လေ။ ကိုကြီးမေ
ဆိုတာ အဲဒီလို။

'ဒါနဲ့ ဟော့ကောင်၊ မင်းက သင်္ဘောတက်ရမှာဆိုတော့ ပင်လ
ထဲမှာ လနဲ့ချီပြီးကြာအောင်နေရမှာပေါ့နော်'

'ဒါပေါ့'

'အေး… အဲဒါဆိုရင် မျက်လုံးတော့ ရှင်ရှင်ထား ငါ့ကောင်
ရေသူမလေး ဘာလေးတွေ့လို့ကတော့ တစ်ခါတည်းသာ ဖမ်းပြီးခေါ်လာ

'အေး… ဟုတ်တယ်ကွ၊ ရေသူမသာ ဖမ်းနိုင်ခဲ့ရင်တော့ ငါ့ကေ
မင်းတော့ ထောပြီ၊ ထူးဆန်းအံ့ဖွယ်ဆိုပြီး ရုံသွင်းပြစားလို့လည်း ရမယ်
နိုင်ငံခြားတွေ ဘာတွေ သွားချင်ရင်လည်း ပင်လယ်ထဲမှာ ရေသူမကိုခွစီး
သွားလိုက်ရုံပဲ၊ နောက်ပြီး ဘာပဲပြောပြော တစ်ပိုင်းက မိန်းမကိုယ်ဆို
ဟင်း… ဟင်း…'

'ပြောရင်းဆိုရင်းနဲ့ ဖောက်လာပြန်ပြီ၊ ဒီနှာဘူးတွေကတော့'

ကိုကြီးမောင် ဝင်ပြောတော့ အကုန်လုံး တဟားဟားနဲ့ ထပ်
ကြပြန်တယ်။ ဘီယာက ထူးဆန်းတယ်။ တစ်ခွက်၊ နှစ်ခွက်သော
သွားရင် ဘာမဟုတ်တာလေးနဲ့လည်း အူတက်မတတ် ရယ်ဖြစ်နေကြ
အခုပဲ ကြည့်လေ။ ငါတောင် နည်းနည်းအူမြူးလာပြီ။ ဒါကြောင့် အ
က ဘီယာကို ဘီယာလို့ခေါ်ရင် စိတ်ဆိုးတယ်။ ရွှင်လန်းရေကြည်

မိုးတွေ သဲသဲမဲမဲရွာလာတယ်။ တဖြောင်းဖြောင်းနဲ့ မိုးသံ



ဆူညံလာတယ်။ မိုးသံတွေ ဘယ်လောက်ကျယ်ပါစေ ငါတို့ရယ်မောသံ
တွေကိုတော့ ဖုံးလွှမ်းခြင်းငှာ မစွမ်းသာ။

'ဟော… ဟော့ကောင်၊ ဟော့ကောင်'

ဂေါ်ပြားက အလန့်တကြား ထအော်တယ်။

'ဘာလဲ'

'ဟို… ဟိုမှာ'

မိုးထဲမှာ မိုး။ ထီးတစ်ချောင်းနဲ့ ဆိုင်ရှေ့ကနေ ငါ့ကို လက်ယပ်
ခေါ်နေတယ်။

'ဘီလူးရဲ့စော် မဟုတ်လား'

ဂေါ်ပြားရဲ့ စကားတောင် မဆုံးလိုက်။ ဆိုင်ထဲကနေ ငါပြေးထွက်
လိုက်တယ်။ အပြင်ရောက်မှ ငါ့မှာ ထီးပါမလာမှန်း သတိရတယ်။ မတတ်
နိုင်ဘူး။ မိုးရဲ့ ထီးရိပ်အောက်ကို ဝင်ခိုလိုက်တယ်။

ဒါပေမဲ့ မိုးကိုင်ထားတဲ့ ထီးက သေးသေးလေး။ နှစ်ယောက်စလုံး
မစိုချင်ရင် ရင်ဘတ်ချင်းကပ်ထားမှ လုံခြုံမှာ။ ဒါကြောင့် ငါလည်း
ထီးအပြင်ပြန်ထွက်လိုက်တယ်။

'လာလေ နှင်းခါး၊ ထီးအောက်ကို'

'ရတယ် ရတယ် နေ နေ၊ ဒီလက်ဖက်ရည်ဆိုင်ထဲပဲ သွားရအောင်'

ယန်းဥယျာဉ်ဆိုင်ထဲကို ပြေးဝင်လိုက်တယ်။ မရောက်တာကြာပြီ
ဖြစ်သော်ငြား ယန်းဥယျာဉ်ဆိုင်လေးကတော့ လူငယ်တွေကို ရင်ဖွင့်ကြိုဆို
နေဆဲ။ ငါသောက်နေကျ လက်ဖက်ရည်ကို မှာစရာမလိုဘဲ လာချပေးတယ်။

'ဘာလို့ ထွက်ပြေးသွားတာလဲ၊ အတူတူသွားလည်း ရသားနဲ့
အခုတော့ တစ်ခေါင်းလုံးစိုနေပြီ'

မိုးအတွက် ကော်ဖီပလိန်းတစ်ခွက် မှာပေးလိုက်တယ်။

'ကျေးဇူးပဲ'

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်က တစ်ရှူးအနီရောင်ကြမ်းကြမ်းကြီးနဲ့ မျက်နှာကို သုတ်နေတဲ့ ငါ့ကို မိုးက သူ့ပိုက်ဆံအိတ်ထဲက တစ်ရှူးဖြူနုနုလေးကို ထုတ်ပေးလို့ ကျေးဇူးတင်စကားဆိုလိုက်တယ်။

အငွေ့တထောင်းထောင်း ခွက်နှစ်ခွက် ရောက်လာတယ်။ အခုလို မိုးအေးအေးထဲမှာ လက်ဖက်ရည်ပူပူလေးသောက်ရတာ အရသာ။ ကိုယ်မြတ်နိုးရသူလေးနဲ့ မျက်နှာချင်းဆိုင်ထိုင်သောက်ရတာ အရသာ။ တော်… တော် မဟုတ်မဟတ်တွေ မတွေးနဲ့တော့။ အခုချိန်မှာ မိုးက ဘီလူးရဲ့ တရားဝင်ချစ်သူ။ ဒီလိုမျိုးတွေ မတွေးသင့်ဘူး။ စိတ်ထဲက အတွေးရိုင်းတွေကို အတင်းမောင်းထုတ်လိုက်တယ်။ မဟုတ်သေးပါဘူး။ မိုးက ဘယ်သူ့ရဲ့ချစ်သူပဲဖြစ်ဖြစ် ဘာအရေးလဲ။ ငါ့ရင်ထဲမှာတော့ တစ်ဖက်သတ်ချစ်နေခွင့် ရှိနေသေးတာပဲလေ။

'ခုန ဘီယာတွေသောက်ထားသေးတယ် မဟုတ်လား၊ အအေးတွေ အပူတွေရောပြီး ဒုက္ခရောက်ကုန်ပါဦးမယ်'

လက်ဖက်ရည်ကို သောက်ကောင်းကောင်းနဲ့ တစွတ်စွတ်သောက်နေတဲ့ ငါ့ကို မိုးက သတိပေးတယ်။

'ရပါတယ်၊ ဟိုမှာက တစ်ခွက်ပဲသောက်ထားတာဆိုတော့ ဘာမှ မဖြစ်လောက်ပါဘူး'

လိမ်တာ။ တကယ်တော့ ငါသောက်တာ သုံး၊ လေးခွက်ရှိသွားပြီ။ ညတိုင်း ဘီယာတွေအများကြီးသောက်တဲ့ကောင်အဖြစ် မိုးက ငါ့အပေါ် သဘောထားမှာကို မလိုလားဘူး။ မိုးအထင်အမြင်သေးခံရမှာ ကြောက်တဲ့ စိတ်ကို အခုထိ ဖျောက်လို့မရတာ ဘာကြောင့်လဲ။

'ဒါဆိုလည်း မိုးက လိုရင်းပဲပြောပါတော့မယ်လေ၊ မဟုတ်ရင် ရေတွေစိုနေတော့ ကြာလာရင် အအေးမိကုန်ဦးမယ်'

မိုးရေတွေစိုရွှဲနေတဲ့ ငါ့ခေါင်းကို မိုးက လက်ညှိုးလေးထိုးရင်း



ပြောတယ်။ ငါက ရပါတယ်ဆိုတဲ့သဘောမျိုးနဲ့ ခေါင်းဆတ်ပြလိုက်တယ်။

မိုးက ငါ့ဘေးကို တိုးကပ်လာပြီး လေသံလေးနှိမ့်လို့ နှစ်ကိုယ်ကြား ပြောတယ်။

'ကိုယ် ဝန် ဖျက် ချ ချင် လို့'

'ဘာ'

တဖြောင်းဖြောင်းရွာနေတဲ့ မိုးသံတွေ၊ တဝုန်းဝုန်းဆူညံနေတဲ့ ကက်ဆက်သံတွေ၊ တကျွတ်ကျွတ်အော်နေကြတဲ့ လူသံတွေ အကုန်လုံးတိတ်သွားပြီး ငါ့နားထဲမှာ အသံတစ်သံပဲ စူးစူးရှရှ ကျန်ရစ်ခဲ့တယ်။

'ကိုယ်ဝန်ဖျက်ချချင်လို့'

မိုးမျက်နှာကို စေ့စေ့ကြည့်လိုက်တယ်။ အရင်တစ်ခေါက်က ကိုယ်ဝန်ရှိနေပြီလို့ ငါ့ကို အသိပေးခဲ့စဉ်တုန်းကမျက်နှာမျိုး မဟုတ်တော့ဘူး။ ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာချထားပြီးသွားတဲ့ မျက်နှာမျိုး။ ယုံကြည်မှုရှိရှိနဲ့ ငါ့ကိုပြောနေတယ်။

'အဲဒါ အကူအညီတစ်ခုတောင်းချင်လို့ နှင်းခါး ကူညီနိုင်မလားလို့'

'ကျွန်တော့်ရဲ့အကူအညီ ဟုတ်လား'

'ဟုတ်တယ်၊ နှင်းခါးရဲ့ အကူအညီ'

'ဘာ… ဘာများပါလိမ့်'

မိုးက သေသေချာချာ ရှင်းပြတယ်။ ရန်ကုန်မြို့အစွန်မှာ နိုင်ငံခြားက အထောက်အပံ့နဲ့ ဖွင့်ထားတဲ့ စင်တာတစ်ခုရှိတယ်။ ကလေးမမွေးနိုင်ဘဲ ရင်သွေးရသွားတဲ့ ဆင်းရဲနွမ်းပါးတဲ့ မိဘများအတွက် အထူးရည်ရွယ်ပြီး ဖွင့်ထားတဲ့စင်တာဖြစ်တယ်။ တတ်ကျွမ်းတဲ့ ဆရာဝန်တွေ၊ သူနာပြုတွေ ကိုယ်တိုင် စနစ်တကျ ကိုယ်ဝန်ဖျက်ချပေးတယ်။ အန္တရာယ်မရှိအောင် နည်းပါးတယ်။ ဒါပေမဲ့ ဘာကြောင့်ကလေးမယူနိုင်တာလဲဆိုတာကိုတော့

www.burmeseclassic.com

www.burmeseclassic.com



ခိုင်ခိုင်လုံလုံအကြောင်းပြဖို့ လိုအပ်တယ်။ ကလေးတွေအရမ်းများနေလ စားစရိတ် မွေးစရိတ် မတတ်နိုင်လို့ အစရှိသဖြင့်ပေါ့လေ။

'အဲဒါ နှင်းခါးက မိုးရဲ့ခင်ပွန်းအဖြစ် ဟန်ဆောင်ပေးနိုင်မလာ ဟင်၊ ဟိုက ခင်ပွန်းကိုပါ ခေါ်လာဖို့ ပြောနေလို့ပါ'

'သြော်... မိုးရယ်'

ခင်ပွန်းအဖြစ် ဟန်ဆောင်ရမှာတဲ့လား။ မျှော်လင့်ချက်ကြီးတစ် သားနဲ့ ငါ့အဖြေကို စောင့်နေတဲ့ မိုး စိတ်ချမ်းသာသွားစေဖို့ ငါ ခပ်သွ သွက် ခေါင်းညိတ်လိုက်တယ်။

'ရပါတယ်၊ ဒါနဲ့ ဘာဖြစ်လို့ မိုးက ကိုယ်ဝန်ကို ဖျက်ချရတာလ

'ဘာဖြစ်လို့လဲ၊ ဟုတ်လား'

တစ်ချိန်လုံး ငြိမ်သက်နေတဲ့ ကန်ရေပြင်ပေါ် အခုမှ ခဲတစ်လ ပြုတ်ကျသွားတယ်။

'နှင်းခါးကို သူရအမေက ဘာမှမပြောသွားဘူးလား'

ငါ ခေါင်းခါပြလိုက်တယ်။

'တကယ်'

မိုးက တအံ့တဩ ထပ်မေးတယ်။

'ကျွန်တော့်ကို ဘာမှပြောမသွားဘူး၊ ဒါကြောင့် မိုးနဲ့တွေ့ပြီး ချင်နေလို့ အဲဒီနေ့ကတည်းက မိုးကိုလိုက်ရှာနေတာ'

ခဲလုံးဒဏ်နဲ့ အသာလှုပ်ယမ်းသွားတဲ့ ကန်ရေပြင်ပေါ်မှာ အရော တွေအမျိုးမျိုး ယှက်ဖြာသွားတယ်။

'မိုးကို ဘာတွေပြောသွားလဲ'

အရောင်အမျိုးမျိုး ယှက်ဖြာနေတဲ့ ကန်ရေပြင်က ရုတ်ခြည်းပွ ပွက်ဆူသွားပါတော့တယ်။

'မိုးကို ဘာပြောသွားသလဲဆိုတော့...'

❒ ❒ ❒

'ငါးဆယ်'

ငါ့ရင်ဘတ်ထဲက မိုးကို နွေခေါင်ခေါင်ဖြစ်စေတယ်။

'သိန်းငါးဆယ်'

နွေခေါင်ခေါင်ဖြစ်ရုံသာမက ကန္တာရလွင်ပြင်အဖြစ် ခြောက်ခန်း တယ်။

လှဲနေတဲ့ ကျောက ပူလာတယ်။ ဇာပိတ်ခြင်ထောင်ကြီးထဲမှာ း ကျပ်လာတယ်။ လှဲနေရာကနေ ထလိုက်တယ်။ ခြင်ထောင်ကို ဖယ် ိုက်တယ်။ တိုက်ခန်းထဲကနေ ထွက်လိုက်တယ်။

မိုးများရွာသွန်းပြီးကာစ သန်းခေါင်ကျော်ညဟာ စိုစွတ်လှပနေ တယ်။ ဒါပေမဲ့ အလှအပတွေကို ခံစားနိုင်ဖို့ စိတ်စွမ်းအင်မျိုး လောလော ယ် ငါ့ဆီမှာ မရှိ။ လေးလံထိုင်းမှိုင်းဆဲ။

လေအေးများ တသုန်သုန်တိုက်ခတ်နေပေမယ့် ငါ့ရင်ထဲမှာ ပူ သ.င်ကျွမ်းနေဆဲ။ ရှင်လန်းရေကြည်နှစ်ခွက်လောက် သောက်လိုက်ရရင် ယ်လိုနေမလဲ။ မဖြစ်နိုင်။ ဒီအချိန်ဆို ရပ်ကွက်ထဲက ဆိုင်တွေအကုန်လုံး ်ကုန်ပြီ။ ဒါနဲ့ လမ်းထိပ်က ခုတ်ခုံလေးပေါ်မှာ ထိုင်လိုက်တယ်။ ်ခုံလေးက ရေတွေစိုနေပေမယ့် မတတ်နိုင်ဘူး။ ထိုင်ချလိုက်ပြီ။

www.burmeseclassic.com



'မိုးနဲ့ သူရကို လုံးဝသဘောမတူနိုင်ဘူးတဲ့၊ သူရကို အိမ်ထောင် … ချပေးတော့မှာတဲ့'

ဘီလူးအမေက မိုးကိုတွေ့တွေ့ချင်း ပြောတဲ့စကား။

'မိုးကို နောက်ဆုတ်ပေးဖို့၊ သူရနဲ့ ထပ်မတွေ့တော့ဖို့၊ သူရကို … တကယ်ချစ်ရင် သူရကောင်းစားဖို့အရေး မနှောင့်ယှက်ဖို့'

မိုးရဲ့အသံတွေမှာ လှိုက်မောတုန်ယင်နေခြင်းမရှိတော့တာကို သတိ … ထားမိတယ်။ အရာရာအတွက် အဆင်သင့်ဖြစ်နေပုံပဲ။

'သားသမီးချင်း ကိုယ်ချင်းစာတဲ့အနေနဲ့ နှစ်နာကြေး သိန်းငါးဆယ် … ပေးပါ့မယ်တဲ့၊ ဗိုက်ကိုတော့ ဖျက်ချပေးပါတဲ့၊ တစ်လ နှစ်လနဲ့ သန္ဓေသာ … ဆိုတာ လူမဖြစ်သေးပါဘူးတဲ့လေ'

ဆိုက်ကားတစ်စင်းက ကလင် ကလင်နဲ့ ဘဲလ်တီးပြီး ရှေ့က … ဖြတ်သွားတဲ့အတွက် ငါ့အာရုံတွေဟာ မိုးရဲ့ စကားသံတွေကနေ ဆိုက်ကာ … ပေါ်ကို ရောက်သွားတယ်။ ခက်ကြီးငိုက်ပြီး အမူးသမားတစ်ယောက် ယို … တိုင်တိုင်နဲ့ ဆိုက်ကားပေါ်မှာ ပါသွားတယ်။ သူဝတ်ထားတဲ့ လည်ကတ် … အင်္ကျီဖြူဖြူလေးကို အားနာစရာ။

လည်နေတဲ့ ဆိုက်ကားနောက်ဘီးကနေ ရေမွှားလေးတွေ စင်ထွ … နေတယ်။ လမ်းကွေ့တစ်ခုထဲ ချိုးဝင်သွားတဲ့ ဆိုက်ကားလေးဟာ ငါ့မြ … ကွင်းကနေ ပျောက်သွားတယ်။ ငါ့အကြားအာရုံထဲက မိုးရဲ့စကားသံ … ကတော့ မပျောက်သေး။

'သိန်းငါးဆယ်'

ဆိုတဲ့စကားကို ကြားကြားချင်း မိုးအနေနဲ့ ဒေါသတွေထွက်လို … တာလေ။ မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို သိန်းငါးဆယ်နဲ့ လ … ဝယ်ရပါ့မလားပေါ့။ ဒါပေမဲ့ မိုးစိတ်ထဲကို ဖျတ်ခနဲဝင်လာတာက ဆရာ …



… စကား။ ကင်ဆာ။ ခွဲစိတ်ကုသရမယ်။ သားအိမ်ခေါင်းကို ထုတ်ပစ်ရ … ယ်။ အဆင်သင့်ပြင်ထားရမယ်။ ပိုက်ဆံ။

မခွဲနိုင်ရင် အသက်အန္တရာယ်ရှိတယ်။ အထွေထွေစရိတ်။ ဘယ်မှာ … ပဲ ပိုက်ဆံ။ တိုက်တိုက်ဆိုင်ဆိုင် လာပေးနေပြီ။ ပေးတာကလည်း နည်း … ည်းနောနော မဟုတ်။ ငါးဆယ်။ သိန်းငါးဆယ်။ မိခင်ရဲ့အသက်ကို … ယ်ဖို့ လုံလောက်တဲ့ပမာဏ။ ပေးဆပ်ရမှာက ဘယ်သူမှတာဝန်မယူချင်တဲ့ … သန္ဓေသားတစ်ခု။ လူမဖြစ်သေးဘူး။ ဘာကိုရွေးသင့်သလဲ။

လူမဖြစ်သေးတဲ့ သန္ဓေသားလေးနဲ့ ကျေးဇူးရှင် မိခင်။

'ဖူး'

မိုးကို နှစ်ရက်၊ သုံးရက်လောက် ခဏစောင့်ပေးဖို့တောင်းဆိုပြီး … မ်ပြန်ပို့ပေးလိုက်ရတယ်။ အဲဒီလို တောင်းဆိုရတာလည်း ငါ့မှာအကြံရှိ … ယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အဓိကကာယကံရှင် ဘီလူးနဲ့ ထိပ်တိုက်တွေ့ … ရှင်းချင်တယ်။ ဘီလူးရဲ့ သဘောထားအမှန်ကို သိချင်တယ်။ ခက်တာ … ဒီကောင် ပျောက်နေတာပဲ။ ဖုန်းလည်း လုံးဝဆက်လို့မရ။ ဒီကောင့်အိမ် … လူတွေကို မေးပြန်တော့လည်း ရေရေရာရာအဖြေမရ။

'သားသမီးချင်း ကိုယ်ချင်းစာတယ်တဲ့လား'

'နှစ်နာကြေး သိန်းငါးဆယ်တဲ့လား'

'ဒီလိုဆိုရင် မိုးဗိုက်ထဲက ကလေးကိုတော့ ဘယ်သူမှ ကိုယ်ချင်း … စာကြဘူးပေါ့'

တော်ပြီ။ တော်ပြီ။ မစဉ်းစားနဲ့တော့။ ပြီးခဲ့တဲ့ အတိတ်ကို မစဉ်း … းနဲ့တော့။ အခုချိန်မှာ ဒေါသတွေထွက်နေလို့ ဘာမှထူးမှာ မဟုတ် … ရေးကြီးဆုံးက ဘီလူး။ ဘီလူးနဲ့တွေ့ဖို့ကိုသာ စဉ်းစား။

'ဟာ… ဟုတ်ပြီ'

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုယ်ငါ ကျိန်ဆဲလိုက်တယ်။ ဘီလူးနဲ့ပတ်သက်တဲ့ ကွင်းဆ[illegible] တစ်ခုကို မေ့နေတယ်။ ဘာကိစ္စနဲ့ အခုမှစဉ်းစားမိတာလဲ။

အိမ်အပြန်လမ်းဟာ မှောင်မည်းနေပေမယ့် ငါ့ခြေလှမ်းတွေ တ[illegible] ကြွနေတယ်။ ငါထင်တာ မမှားဘူးဆိုရင် အခု သိန်းငါးဆယ်ကိစ္စကိုလည် ဟိုကောင်ဘီလူး သိမှာမဟုတ်။

❐ ❐ ❐

'ဘာ…'

ငါထင်တာ အမှန်ပဲ။

'ငါ့အမေက မိုးအိမ်ကို သွားတယ် ဟုတ်လား၊ ဘာသွားလုပ် တာလဲ'

ဘီလူးက တအံ့တသြမေးတယ်။

'အေး… ဟုတ်တယ်၊ မင်းအမေက…'

ဘီလူးက သူ့အမေနဲ့အတူ ရမည်းသင်းက ရွှေတွင်းတွေထဲ ရောက် နေတာ။ သူ့ GSM က ဖုန်းလိုင်းမမိတဲ့အတွက် ပိတ်ထားတာဖြစ်တယ်။ ကောင့်အိမ်ကိုလည်း ဘယ်လိုမေးမေး မပြောတဲ့အတွက် ထိန်လင်းဆီ ဆက်ပြီးစုံစမ်းကြည့်လိုက်တော့ ထင်တဲ့အတိုင်းပဲ။

ဘီလူးဆီ ဆက်လို့ရမယ့် ဖုန်းနံပါတ်တစ်ခု ရလိုက်တယ်။ ထိန်လင်း အဖေနဲ့ ဘီလူးအဖေတို့က စပ်တူလုပ်ငန်းရှင်တွေဆိုတော့ အဆက်အသွယ် ပြတ်ကြ။ ဒါတောင် ထိန်လင်းဆိုတဲ့ကောင်က ငါ့ကို လွယ်လွယ်နဲ့ ဖုန်း ပါတ်ပေးချင်တာ မဟုတ်ဘူး။ မနည်းလှည့်ပတ်အစ်အောက်တော့မှ နံပါတ် တာ။ ဒါနဲ့ ဖုန်းဆက်လိုက်တော့…

'ငါ့အမေက မိုးအိမ်ကိုသွားတယ် ဟုတ်လား၊ ဘာသွားလုပ်တာ လဲ'

www.burmeseclassic.com

www.burmeseclassic.com



'အေး··· ဟုတ်တယ်၊ မင်းအမေက မိုးဆီသွားပြီး မင်းနဲ့ရ ကိုယ်ဝန်ကို ဖျက်ချပေးဖို့ ပိုက်ဆံသွားပေးတာ'

'ပိုက်ဆံသွားပေးတယ်၊ ငါ့အမေက ဟုတ်လား'

'အေး'

'နေပါဦးကွ၊ ဒီကိစ္စကို ငါ့အမေက ဘယ်လိုလုပ်သိသွားတာ

'မသိဘူးလေကွာ၊ အဲဒါတော့ ငါလည်း'

'နေဦး··· နေဦး၊ အင်း··· ငါ ဟိုကောင်ထိန်လင်းကိုပြော အဲဒီဗိုက်ကိစ္စပြောလိုက်မိတယ်ကွ၊ ဒီကောင် ချွန်တွန်းလုပ်တာထင်တ ကျွတ်'

'ဒါနဲ့ ငေါ်း ဟော့ကောင် ကြားလား'

'အေး··· ကြားတယ်၊ ပြော'

'မိုးဗိုက်ကြီးတာ တကယ်ရောဟုတ်ရဲ့လားကွ'

'ငါလခွီးထဲမှပဲ ဒီလိုကိစ္စမျိုးဆိုတာ နောက်စရာမှ မဟုတ်တာ တကယ်မဟုတ်ဘဲနဲ့ မိုးလိုမိန်းကလေးမျိုးက အရှက်ကွဲခံပြီး ပြောမလ

'မဟုတ်သေးဘူးနော် ငေါ်း'

ဘီလူးက လေသံကို နှိမ့်လိုက်တယ်။

'မင်းကို ငါ ပွင့်ပွင့်လင်းလင်းပဲပြောမယ်၊ မိုးနဲ့ ငါနဲ့က ငါ့ချ တစ်ညပဲ လွန်လွန်ကျူးကျူးဖြစ်ဖူးတာ၊ အဲဒီလို တစ်ခါတည်းနဲ့ ဗိုက် သွားတယ်ဆိုတာ ဖြစ်ရောဖြစ်နိုင်ပါ့မလား၊ မိုး ငါ့ကို ပြောပြောချင်း က သူ့ဘာသာသူ အစိုးရိမ်လွန်ပြီးပြောနေတယ်ထင်လို့ ငါ့အဖေနဲ့ လိုက်လာတာကွ၊ ဒါဆိုရင်တော့···'

'+ − × ÷'



ဒီကောင့်စကားကိုတောင် ဆုံးအောင်နားမထောင်နိုင်တော့။ ဖုန်းထဲ က ငါ့ဆဲသံတွေ မိုးမွှန်သွားတယ်။

'မင်း အဲဒီလောက်တောင် ဗဟုသုတမရှိဘူးလား ဟင် ဘီလူး၊ လိုကိစ္စမျိုးဆိုတာ တစ်ခေါက်တည်းနဲ့လည်း ဖြစ်သွားတတ်တယ်ဆိုတာ သိဘူးလားကွာ၊ ဘာလဲ မင်းက မိုးကို နောက်တစ်ယောက်နဲ့ ဖောက်ပြန် တယ်လို့ ထင်နေတာလား'

'ဟာ··· မဟုတ်ပါဘူးကွာ၊ ငါဆိုလိုတာက···'

ငါဒေါသထွက်သွားမှန်းသိလို့ ဘီလူးက လေသံပြောင်းပြီး ပြန် တယ်။

'သူ့ဘာသာသူ စိုးရိမ်လွန်ပြီး···'

'လာပြန်ပြီလား ဒီစိုးရိမ်လွန်တာကြီးက၊ ဟိုမှာ ဖျက်ချတော့မယ် မင်းစိတ်ထင်ရာတွေ လျှောက်ပြောမနေနဲ့၊ ငါ့မှာ ခရာခဲဆစ်နဲ့ မင်းဆီကို မက ဖုန်းဆက်နေရတာ၊ ဖုန်းလိုင်းက သိပ်ကောင်းတာမဟုတ်ဘူး၊ ဆက်ဘာလုပ်မလဲပဲ ပြော၊ ဘီလူး ဟော့ကောင်၊ ကြားလား၊ ဟယ်လို···'

ဖုန်းဆိုင်က ကောင်မလေးက ငါ့ကို မော့ကြည့်တယ်။ မတတ်နိုင် အော်ရမှာပဲ။ ဒါတောင်မှ မကြားတစ်ချက် ကြားတစ်ချက်။ ဘီလူး ဘ်ကတော့ စကားသံတိတ်နေတယ်။ လိုင်းကျသွားတာလား။ စဉ်းစား တာလား။

'ဟယ်လို··· ဟယ်လို···'

'အေး··· အေး··· ကြားတယ်၊ မင်းပြောသလိုဆိုရင် မိုးက ငါ့ မပေးမယ့်ပိုက်ဆံကို ယူမယ်ပေါ့၊ ဟုတ်လား'

'အေး'

'ဖျက်ချမယ်ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'အေး'

'ဒါဆိုရင် ငါလည်း မိန်းမ··· တီ··· တီ··· တီ···'

ဖုန်းလိုင်းကျသွားတယ်။

'ဟယ်လို··· ဟယ်လို'

တတီတီအသံက လွဲလို့ ဘာမှမကြားရတော့။

'တောက်··· စောက်ရေးထဲ ဖုန်းကတစ်မျိုး'

ဒေါသတကြီးနဲ့ ဖုန်းကို တဖွပ်ဖွပ်နှိပ်ပြီး ထပ်ဆက်တယ်။ လေးခေါက်နှိပ်တော့မှ လိုင်းပြန်ဝင်တယ်။ ဖုန်းဆိုင်က ကောင်မလေး တော့ ဘာမှမပြော။ ငါလုပ်သမျှကိုပဲ အကြောင်သား ကြည့်နေရှာတ

'အေး··· ဘီလူး၊ ဖုန်းကျသွားလို့၊ ခုနဘာပြောတယ်'

'ဩော်··· အေး··· မိုးက ဟိုဟာကို ဖျက်မယ်လို့ပြောတ မဟုတ်လား'

ငါ ဘာမှပြန်မပြော။ နားထဲကို ဖုန်းခွက်ကြီးကပ်ဝင်သွားမတ ဖိထားပြီး နားထောင်နေလိုက်တယ်။

'ဒါဆိုလည်း ကောင်းတာပဲ၊ ငါ အခု ငါ့အမေနဲ့ ဒီကိုလိုက် ရတာလည်း အိမ်ကဘွားတော်ရန်ကြောင့် စတေးရှောင်လာတာ၊ ငါ့အ ဘာရောဂါထနေလဲ မသိပါဘူးကွာ၊ တစ်ဦးတည်းသောသားဆိုပြီး မျိုး ပြတ်မှာစိုးလို့တဲ့၊ မိန်းမအတင်းပေးစားနေတာ၊ ငါနဲ့ စပ်ပေးတဲ့ဟာတေ လည်း ကြည့်ဦး၊ ဗိုလ်ချုပ်သမီးတွေတဲ့ကွာ၊ အသားမည်းမည်း၊ နှုတ် ထော်ထော်၊ ဖက်တီးမတွေချည်းပဲ၊ မိန်းမ မယူချင်ရတဲ့ကြားထဲ အဲလို တွေနဲ့ဆိုတော့ ပိုဆိုးတာပေါ့၊ အဲဒီမိန်းမယူရမှာကြောက်လို့ စတေးရှော တာ၊ တကယ်ပြောတာ၊ ငါ မင်းတို့နဲ့ လွတ်လွတ်လပ်လပ်နေချင် ခေါ်ရာ၊ မိန်းမဆို ဘယ်လိုမိန်းမကိုမှ မလိုချင်ဘူး၊ မိုးကိုတော့ ငါချ



င်းလည်းအသိပဲ၊ ဒါပေမဲ့ မယူချင်သေးဘူးကွာ၊ ကလေးပါဆိုတော့ ပိုဆိုး တာပေါ့၊ အခု ဒီလိုဆိုတော့လည်း တစ်ရန်ရှင်းတာပေါ့လေ'

'ဘာ··· ဘာရှင်းတယ်'

'ဩော်··· မိုးရဲ့ဗိုက်ကိစ္စလည်း တစ်ရန်ရှင်းတာပေါ့လို့'

'ရန်··· ဟုတ်လား၊ ဘီလူး··· မင်းကွာ··· မင်း··· မင်း'

ဒေါသတကြီးနဲ့ ဖုန်းကို ဂွပ်ခနဲဆောင့်ချလိုက်တယ်။ အများသုံး ဖုန်းဆိုင်ထဲမှာ ငါ့ပါးစပ်က အယုတ္တ အနတ္တတွေ ထပ်မထွက်ချင်တော့ ဘူး။ အမေနဲ့ သားကတော့ လိုက်ပါပေ့။ တစ်လေသံတည်းထွက်တယ်။ တစ်ဖက်သားဘဝ ဒုက္ခရောက်မယ့်အရေးကို လုံးလုံးမတွေးကြဘူး။

'တောက်'

'တစ်ကိုယ်ကောင်းအတ္တသမားတွေ'

'ရှင်'

ပိုက်ဆံရှင်းမယ်အမှတ်နဲ့ စောင့်နေတဲ့ ကောင်မလေးက တအံ့ တသြနဲ့ ငါ့ကို ကြည့်နေတယ်။

'မဟုတ်ဘူး၊ ဒီဖုန်းထဲက ကောင်ကို ပြောတာ'

ပိုက်ဆံရှင်းပြီး ဆိုင်ထဲကနေ မြန်မြန်ထွက်လိုက်တယ်။ ဒေါသတွေ တာ မီးတောင်ထိပ်ဝက ချော်ရည်တွေလို ပွက်ပွက်ဆူနေပြီ။ ငါရေးနေတာ သာ ဝတ္ထုဆိုရင် နောက်တစ်မျက်နှာ ရမည်းသင်ကို မရမကလိုက်သွားပြီး ဘီလူးရဲ့စောက်ခွက်ကို ညိုမည်းသွားအောင် ထိုးပစ်လိုက်ပြီ။

ဒါပေမဲ့ မရ။ ငါတကယ်သွားရတာကတော့···

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

'မိုး'

သေသေချာချာဆုံးဖြတ်ပြီးသွားပြီလားလို့ ကားပေါ်မှာ ငါက မေးတော့ မိုးက တည်တည်ငြိမ်ငြိမ် ခေါင်းညိတ်ပြတယ်။

'မိုး ခဏ… ခဏနေပါဦး'

တက္ကစီပေါ်က ဆင်းဆင်းချင်း မိုးကို ငါခဏတားလိုက်တယ်။ ငါ့စိတ်ထဲမှာ တစ်မျိုးကြီးပဲ။ အိမ်မှာ အကြိမ်ကြိမ်အခါခါ စဉ်းစားခဲ့တယ်။ အခု ကားပေါ်မှာလည်း အပြန်ပြန် အလှန်လှန် သုံးသပ်ကြည့်တယ်။

အခုလိုကိစ္စဆိုတာ မကျည်းအပ်တဲ့ကိစ္စကြီးပဲ။ ဟုတ်တယ်။ သူ့ဘာသာသူ နှစ်လပဲရှိလို့ အသက်မဝင်သေးဘူးပဲ ပြောပြော၊ တာဝန်မယူရဲကြလို့ပဲ အကြောင်းပြပြ လူ့လောကထဲရောက်လာကာနီး ကလေးတစ်ယောက်ကို ဖျောက်ဖျက်ပစ်ခြင်းဟာ မကောင်းမှုဒုစရိုက်ပဲ။ လူ့အခွင့်အရေး ချိုးဖောက်တာပဲ။ ငါ့စိတ်ထဲမှာ မသန့်ဘူး။ ဒီလိုကိစ္စထဲမှာ ဝင်မပါချင်တော့ဘူး။

'မိုး ခဏ… ခဏနေပါဦး'

လမ်းထဲကို ခပ်သွက်သွက်ဝင်သွားတဲ့ မိုးက နောက်လှည့်ကြည့်တယ်။

'မိုးအမေရဲ့ ဆေးစရိတ်အတွက် ပိုက်ဆံလိုတာကတော့ တစ်ကဏ္ဍ

www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ပါတော့၊ အဲဒီပိုက်ဆံတွေကိုလည်း ယူ၊ မိုးဗိုက်ထဲက ကလေ
ကိုလည်း မွေးလို့အဆင်မပြေဘူးလား'

မိုးက ခေါင်းကို ခပ်လေးလေးခါပြတယ်။

'နှင်းခါးပြောသလိုလည်း စဉ်းစားပါသေးတယ်၊ ဒါပေမဲ့ လ
ကောင်မပေါ်တဲ့ ကလေးတစ်ယောက်အမေဘဝနဲ့ ရပ်ကွက်ထဲမှာ၊ ဆွေမ
တွေထဲမှာ၊ အသိုင်းအဝိုင်းထဲမှာ မိုး ဘယ်လိုရပ်တည်ရမလဲဟင် နှင်းခါ
ပြောပါဦး၊ နောက်ပြီး အခုလို မိုးရဲ့သတင်းဆိုးကြီးကိုသာ မိုးအမေ ကြ
သွားရင် ဆေးရုံပေါ်မှာ တစ်ခါတည်း အသက်ထွက်သွားမှာ၊ သိလား

'မဟုတ်ဘူး မိုး၊ မဟုတ်သေးဘူးနော်'

မိုးကို နားလည်အောင် ဘယ်လိုရှင်းပြရမလဲ။ စဉ်းစားစမ်း ခေါ
ဘယ်လိုရှင်းပြရမလဲလို့။ အချိန်သိပ်မကျန်တော့ဘူး။

'ဒီ... ဒီလိုရှိတယ်လေ မိုး၊ ဟောဒီ လော်လီပေါ့လေးလိုမျ
မိုးငယ်ငယ်က စားခဲ့ဖူးမှာပေါ့'

ငါ့ကျောပိုးအိတ်ထဲမှာ အမြဲဆောင်ထားတဲ့ လော်လီပေါ့ပြားလေ
ကို ထုတ်ပြရင်း မေးလိုက်တယ်။

'ဒီလော်လီပေါ့လေးကို စားတဲ့အခါ ဟောဒီအပေါ်ပိုင်းက ချို
နေရာကို စားရတယ်လေ၊ ကျန်ခဲ့တဲ့ လက်ကိုင်ကော်ချောင်းကိုတော့ ဘ
သူမှ မစားကြဘူးမဟုတ်လား၊ အရေးမလုပ်ဘဲ လွှင့်ပစ်ကြတယ် မဟု
လား'

မိုးက မျက်တောင်လေးပုတ်ခတ် ပုတ်ခတ်နဲ့ နားထောင်နေတယ်

'အတင်းစကားဆိုတာမျိုးကလည်း ဒီလော်လီပေါ့ရဲ့ အပေါ်ပို
လေးလိုပဲလေ၊ အချိုကုန်သွားရင် ဘယ်သူမှဆက်ပြောတော့မှာ မဟုတ်ဘ
ဒီလိုလူတွေကို ဂရုစိုက်နေလို့ကတော့ ဘာအလုပ်မှ လုပ်လို့ရမှာမဟုတ်ဘ



ပူမနေနဲ့ မိုး၊ နောက်ပြီး မိုးအမေကိုလည်း နားလည်အောင်ရှင်းပြလိုက်ပေါ့
မိုးရယ်၊ ကျွန်တော်ယုံကြည်တာကတော့ လူကြီးလူကောင်းတွေဟာ ကိုယ့်
အသွေးအသားကို ဖျက်ဆီးဖို့အရေး သဘောတူမှာတော့ မဟုတ်ဘူး၊ သတ္တိ
ရှိဖို့ပဲ လိုတယ် မိုး၊ အချိန်တန်ရင် အဆင်ပြေသွားလိမ့်မယ်၊ အတင်း
စကားဆိုတာတွေလည်း ရပ်သွားလိမ့်မယ်'

ငါတို့နှစ်ယောက် ရပ်ပြီးစကားပြောနေတာ နေပူထဲမှာဖြစ်ပေမယ့်
သစ်ပင်ရိပ်အောက်ကိုသွားဖို့ စိတ်ကူးမရှိကြ။ ရင်ထဲက အပူနဲ့နှိုင်းစာရင်
နေပူတယ်ဆိုတာ ဖယောင်းတိုင်ထိပ်ဖျားက မီးနဲ့ သစ်တောကြီးတစ်ခုလုံး
လောင်ကျွမ်းနေတဲ့ မီးလို ကွာခြားတယ်။

'မရပ်မှာက မိုးရဲ့ ဘဝ၊ မိုးရဲ့ စိတ်ပဲ၊ နောက် မိုး ဖျက်ချလို့
သေသွားမယ့် ကလေးရဲ့ဝိညာဉ်ပဲ၊ လမ်းပေါ်မှာ ပြေးလွှားဆော့ကစားနေတဲ့
ကလေးတွေကို တွေ့တိုင်း နောင်တရနေမယ့်ဖြစ်မှုမျိုးကို မကျူးလွန်ချင်ပါ
နဲ့ မိုးရယ်'

မိုးက ငါ့ကိုကြည့်နေရာကနေ ခေါင်းငုံ့သွားတယ်။ သူ့မျက်လုံးကို
စူးစူးစိုက်စိုက်ကြည့်ပြီး ပြောနေတဲ့ ငါ့အကြည့်ဒဏ်တွေကို မခံနိုင်တော့လို့
ခေါင်းငုံ့သွားတာလည်း ဖြစ်နိုင်တယ်။

'တစ်ခါပဲ မှားပါ၊ နှစ်ခါမမှားပါနဲ့ မိုး'

မိုးရဲ့ပခုံးနှစ်ဖက်ကို တယုတယဆုပ်ကိုင်လိုက်တယ်။

'မိုး အခုလို တစ်ဘဝလုံးစာ နောင်တရနေမယ့်ကိစ္စမျိုးကို အကူ
အညီမပေးနိုင်တာ ခွင့်လွှတ်ပါ၊ ကျွန်တော် မလိုက်ပါရစေနဲ့တော့'

ငါ ချာခနဲလှည့်ထွက်ခဲ့တယ်။ နောက်ကို တစ်ချက်မှ လှည့်
မကြည့်ဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် မနည်းအားတင်းရတယ်။ မဟုတ်ရင်

www.burmeseclassic.com

www.burmeseclassic.com



စိတ်မခိုင်ဘဲ ပြန်ကူညီမိနေမှာစိုးလို့။ တစ်ယောက်တည်းကျန်ခဲ့တဲ့ မိုးက
တော့ ဘယ်လိုဆုံးဖြတ်မယ် မသိ။

ဆေးခန်းရှိရာ လမ်းကျဉ်းလေးထဲကိုပဲ ဝင်သွားမလား။ လမ်းမ
ကြီးဆီကိုပဲ ပြန်ထွက်လာမလား ငါမသိ။ သိလည်း မသိချင်။ တစ်ခုခုဲ
ဆုတောင်းပေးလိုက်တယ်။

လမ်းရွေးမှန်ပါစေ။

❒ ❒ ❒

# နောက်ဆုံးအခန်း

www.burmeseclassic.com

www.burmeseclassic.com

အိပ်ရာထလို့ မျက်လုံးဖွင့်လိုက်တာနဲ့ မြို့ထဲကို ပြေးရတယ်။ အရမ်းပင်ပန်းတယ်။ အစိုးရရုံးတွေလည်း စုံနေအောင် ဝင်ထွက်နေရတယ်။ လူပင်ပန်းတာထက် စိတ်ပင်ပန်းတာ ပိုဆိုးတယ်။ ဟိုစောင့်ရ ဒီစောင့်ရနဲ့ တကယ့်ကို မလွယ်ကြောပဲ။ အိမ်ပြန်ရောက်လို့ ရေချိုးထမင်းစားပြီး အိပ်ရာပေါ် ကျောခင်းလိုက်တာနဲ့ တန်းဖလပ်ပြသွားတော့တာပဲ။ ဟိုကောင်တွေဆီကိုတောင် မသွားနိုင်တော့။

သင်္ဘောတက်ဖို့ ဆယ်ရက်တိတိအလို။

ဂလေရိုက်ဖို့ အချိန်မရှိတော့ဘူး။ နိုင်ငံခြားရာသီဥတုနဲ့ ကိုက်ညီမယ့် အဝတ်အစားတွေ ဝယ်ရတာက အစ၊ ရက်တိုသင်တန်းတွေ တက်ရတာက အလယ်၊ လျှောက်လွှာပေါင်းသောင်းခြောက်ထောင်ဖြည့်ပေးရတာနဲ့ လုံးချာပတ်ချာလည်နေတယ်။

'ရော့… သား ဒါကိုယူပြီး ဗိုလ်တထောင်ဘုရားမှာ သွားထွန်းချေ'

အိပ်ရာက နိုးနိုးချင်း ငါ့လက်ထဲကို ရွှေရောင်ဖယောင်းတိုင်ကြီး သုံးတိုင် လာထည့်ပေးတယ်။

'ဗျာ… ဘာဖြစ်လို့လဲ မေကြီး'

လက်ထဲရောက်လာတဲ့ ဖယောင်းတိုင်ကြီးတွေကို ကြည့်ပြီး ယောင်နနနဲ့ မေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါ ဝေဒထိပ်တန်းဆရာဟန်ဆန်း လုပ်ပေးလိုက်တဲ့ အစီအမံတေ သင်္ဘောပေါ်က မတစ်ထောင်သားတွေရဲ့ ဗိုလ်ဖြစ်အောင်လို့ ဗိုလ်တထော ဘုရားမှာ ထွန်းရမှာတဲ့'

'ဟာ… မကြီးကလည်း'

'ဟာတွေဘာတွေ လုပ်မနေနဲ့၊ ငါ့မှာ ဒီလိုအစီအမံတွေရဖို့ ဘ လောက်တောင် ကြိုးစားခဲ့ရလဲ သိလား၊ ဆရာ့ရဲ့ဟောခန်း မဖွင့်ခင်ကတ က အစောကြီးထ တိုကင်ယူ တန်းစီထားရတာ၊ စကားရှည်မနေနဲ့၊ ရေသ ချိုး၊ ပြီးတာနဲ့ ဘုရားကိုသွားတော့၊ မောင်ကြီးမောင် ရောက်နေတာနဲ့ အဖေ ပဲ၊ ဒေါ်းကို အဖော်လိုက်ပေးပါလားကွယ်၊ နိုင်ငံခြားသွားခါနီးဆိုတေ တစ်ယောက်တည်း စိတ်မချရဘူးလေ'

မနက်ခင်း သတင်းတွေကို နားထောင်ပြီး ဆိုင်ရှေ့မှာ ငါ့အဖေ တကျွတ်ကျွတ်ဆွေးနွေးနေတဲ့ ကိုကြီးမောင်ကို ငါနဲ့အဖော်လိုက်ပေးဖို့ အ အညီတောင်းလိုက်တယ်။ လိုလိုလားလားပါပဲ။ ငါ့အမေရဲ့စကားကို လက တယ်။

တက္ကစီပေါ်ရောက်တော့ ကိုကြီးမောင်က ဂနာမငြိမ်။ ကားေ ကနေ ဖင်တကြွကြွနဲ့ ဘေးဘီဝဲယာကို အကဲခတ်နေတယ်။

'အင်း… အခုထိတော့ ဘာမှမထူးသေးဘူးပဲ'

'ဘာထူးရမှာလဲ ကိုကြီးမောင်ရ'

'နေဦး၊ နေဦး၊ ဘုရားပေါ်ရောက်မှ ရှင်းပြမယ်'

ကားပေါ်က ဆင်းလိုက်တာနဲ့ ငါ့အနားကို လူတွေဝိုင်းလာတယ

'ပွဲလှူသွားပါဦးလား အစ်ကို'

'ပန်းဝယ်သွားပါဦး'

'ငှက်လွှတ်ပါဦး'



အကုန်လုံးကို လက်ခါပြပြီး လူအုပ်ထဲကနေ အတင်းတိုးထွက်လိုက်တယ်။ ဘုရားစောင်းတန်းထဲဝင်ခါနီးအချိန်မှာပဲ…

'ဒီက မောင်လေးက နိုင်ငံခြားသွားမလို့ မဟုတ်လား'

ငါ အံ့ဩသွားတယ်။ ငါ နိုင်ငံခြားသွားမယ်မှန်း ဒီမိန်းမကြီး ဘယ်လိုသိပါလိမ့်။

'မောင်လေးက ဟောဒီက အစ်မတော်မြစိမ်းနွယ်ရဲ့အဆက်လေ၊ အစ်မတော်ကို ဝင်ပြီးကန်တော့သွားပါဦး'

ဘုရားစောင်းတန်းရဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ အဆောက်အအုံကြီးထဲ ဝင်လိုက်တယ်။ ခုန မိန်းမကြီးရဲ့ လမ်းညွှန်ချက်အတိုင်း နို့တစ်ခွက် ဝယ်ပြီး ပူဇော်လိုက်တယ်။ ငါ့လိုပဲ ပူဇော်နေကြတဲ့သူတွေ အများကြီး။ အကုန်လုံးကလည်း အစ်မတော်ရဲ့ အဆက်တွေပဲလား မသိ။ ဒီလိုဆိုရင်တော့ အမျိုးတော်တော်တောင့်တဲ့ အစ်မတော်လို့ပဲ ဆိုရမယ်။

'မောင်လေးက နိုင်ငံခြားသွားမလို့ မဟုတ်လား'

'အဲ…'

အစ်မတော်ခန်းမထဲက ပြန်အထွက်မှာ အသံကြားတာနဲ့ လှည့်ကြည့်လိုက်တော့ စောစောကမိန်းမကြီးပဲ။ ကားပေါ်က ဆင်းလာတဲ့ ကောင်လေးတစ်ယောက်ကို မေးနေတယ်။ အဲဒီကောင်လေးကလည်း ငါ့လိုပဲ တအံ့တဩဖြစ်နေတယ်။

'ဟား… ဟား… ဟား… ဟား…'

ကိုကြီးမောင်ကတော့ အားရပါးရရယ်နေတယ်။

'ငါ့ကောင်တော့ ခံလိုက်ရရှာပြီ၊ ဟေ… ဟေ့'

အဲဒီမိန်းမကြီးကို စိတ်ထဲကနေ ကျိန်ဆဲလိုက်ရင်း ဘုရားပေါ် အမြန်တက်လိုက်တယ်။ မြစ်ရေနဲ့လုံးထွေးပြီး ကမ်းပေါ်ကို ပြုကာတက်လာ

www.burmeseclassic.com



တဲ့ လေနုလေအေးများကို တဝကြီးရှူလိုက်ရတော့မှပဲ စိတ်ထဲမှာ ပြန်လည် ကြည်လင်သွားပါတော့တယ်။ ဗေဒင်ဆရာရဲ့ လမ်းညွှန်ချက်အတိုင်း မွေးနေ့ ထောင့်မှာ ဖယောင်းတိုင်ကြီးတွေကို ထွန်းလိုက်တယ်။ စာရွက်နဲ့ ရေးထေ လိုက်တဲ့ ဂါထာတွေကိုလည်း သက်စေ့ရွတ်ရသေးတယ်။ ဂါထာတွေရွတ် နေတဲ့ အတောအတွင်းမှာပဲ လေပြင်းပြင်းတိုက်လိုက်တိုင်း ဖယောင်းတို က ငြိမ်းငြိမ်းသွားလို့ ခဏခဏထထွန်းရတာတစ်ဒုက္ခ။

ဖယောင်းတိုင်ရယ်၊ ဂါထာရယ်၊ ငါရယ် လုံးချာပတ်ချာလည် နေတုန်း မိုးဖွားလေးတွေ ကျလာတယ်။ တစ်မနက်လုံး ညှိုနေတဲ့ ကောင်းက ကြီးက ကမ္ဘာမြေကြီးရဲ့ ဆွဲငင်အားကို တောင့်မခံနိုင်လို့ ငိုချင်းချရရှာပြ

အေးရော။ ငြိမ်းသွားတဲ့ဖယောင်းတိုင်ကို ထပ်ထွန်းစရာ မလိုတော့ ဘူးပေါ့။ တဖြည်းဖြည်း ပိုလို့ပိုကာ သည်းလာတယ်။ အရှိန်နဲ့ကျလာ မိုးစက်လေးတွေဟာ ကြွေပြားမျက်နှာပြင်နဲ့ ထိထိချင်း ပြန်ခုန်တက်သွ တာကို စောင်းတန်းတစ်ခုထဲကနေ မိုးခိုရင်း ငါနဲ့ ကိုကြီးမောင်တို့ ေငေး ကြတုန်းမှာပဲ...

'ဘာသံတွေလဲဟ'

တဖြောင်းဖြောင်းကျနေတဲ့ မိုးသံတွေကြားထဲကနေ အုတ်အု ကျွက်ကျွက်အသံတချို့ ကြားလိုက်တယ်။ စောင်းတန်းထဲကနေ အပြင်ဘ ကို ငေးကြည့်တယ်။ ဘာမှမမြင်ရဘူး။ မေကြီးက အမြော်အမြင်ရှိ ထည့်ပေးလိုက်တဲ့ ထီးကိုဖွင့်ပြီး နှစ်ယောက်သား လမ်းမဘက်ကို ပြေးထွ လိုက်တယ်။

'အို...'

လမ်းမအပြည့်။ နီရင့်ရင့်အရောင်တွေ ရွှန်းရွှန်းထလို့။

'ဒါ... ဒါ ငါ ခုနက တက္ကစီပေါ်မှာ ပြောတဲ့ဟာလေ'



ကိုကြီးမောင်က ငါ့ကို လက်ကုတ်ပြီး တုန်တုန်ယင်ယင် ပြော တယ်။

'ဆင်းရဲမွဲတေနေတဲ့ ပြည်သူတွေအရေးကို မဖြေရှင်းပေးတဲ့အတွက် စစ်အစိုးရကို သံဃာတော်တွေက ပတ္တနိက္ကုဇ္ဇနကံဆောင်ပြီး ပြည်သူတွေ ကိုယ်စား သပိတ်မှောက်ကြတာလေ၊ မနေ့ကတည်းက လမ်းပေါ်ထွက်ကြ တာလို့ ပြောတယ်၊ အဲဒါကြောင့် ငါကားပေါ်မှာတုန်းက တွေ့များတွေ့မလား ဆိုပြီး ဟိုရှာဒီရှာလုပ်နေတာ၊ အား... ပါး... အခုလောက်များမယ်လို့ မထင်မိဘူး'

သံဃာထုကြီးက ငါတို့ရှေ့ကို တဖြည်းဖြည်း ကြွချီလာတယ်။ ကျောင်းသားလူငယ်များက လက်ချင်းတန်းစီချိတ်ကာ ဝန်းရံထားကြတယ်။ လုံးထွေးနေတဲ့အသံတွေ ပြတ်ပြတ်သားသားကြားရပြီ။

'လူအချင်းချင်းလုညှပ်ပတ်ခြင်း ကင်းရှင်းကြပါစေ'

'တို့မေတ္တာစွမ်းကမ္ဘာ့ဝှမ်း အေးချမ်းကြပါစေ'

ငါ့တစ်ကိုယ်လုံး ကြက်သီး တဖျန်းဖျန်းထကုန်တယ်။ ရင်ဘတ် ထဲမှာ စူးခနဲကျဉ်တက်သွားတယ်။ ငါ့လက်ထဲက ထီးကိုပိတ်ပြီး ကိုကြီး မောင်လက်ထဲ လွှဲပေးလိုက်တယ်။

'ဟေ့ကောင်... ဘာလုပ်မလို့လဲ'

'ဟိုမှာလေဗျာ၊ ဘုန်းကြီးတွေတောင် မိုးရေထဲမှာ ဒီအတိုင်း လမ်း လျှောက်နေရတဲ့ဟာကို၊ ကျွန်တော်တို့က ဘာအတွက် ထီးဆောင်းရမှာလဲ'

ငါတို့ရှေ့တည့်တည့်ကို သံဃာထုကြီး ရောက်ရှိလာပါပြီ။ သံဃာ တွေရော ကျောင်းသားတွေရော မိုးရေတွေ ရွဲရွဲစိုနေကြတယ်။ စိုနေကြတဲ့ မိုးရေတွေကို သုတ်ပစ်ဖို့ ဘယ်သူမှ သတိမရကြ။ မိုးလွတ်ရာခိုဖို့ဆိုတာလည်း ဘယ်သူ့မှာမှ မရှိကြ။

www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းတည်ငြိမ်တဲ့ တို့သံဃာတော်များရဲ့ မေတ္တာပို့သံများ
အောက်မှာ မိုးစက်မိုးပေါက်များတောင် တိမ်ဝင်ငုပ်လျှိုးနေရ။

'အရှေ့အရပ်၌ရှိသော အနန္တစကြဝဠာ
အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ'

ဒီလိုမြင်ကွင်းမျိုးနဲ့ ဒီလိုအသံမျိုးကို ကြားရတဲ့အခါ ငါ့စိတ်ထဲမှာ တစ်မျိုးကြီးပဲ။ ဝမ်းနည်းလှိုက်မောတယ်။ မျက်ရည်တွေ ဝိုင်းလာတယ်။

'ကိုကြီးမောင်'

ငါ လှည့်မကြည့်ဘဲ ခေါ်လိုက်တယ်။

'ဟေ…'

'ကျွန်… ကျွန်တော် လိုက်သွားတော့မယ်ဗျာ'

'ဘယ်ကိုလဲ၊ ဘာလုပ်ဖို့လဲ၊ ဘာအတွက်လဲ'

ကိုကြီးမောင်မျက်နှာကို ငါ ဆတ်ခနဲလှည့်ကြည့်လိုက်တယ်။ ငါ ဖြစ်နေတဲ့ပုံကိုကြည့်ပြီး ကိုကြီးမောင်က အံ့သြနေတယ်။

'အခုချိန်က မေးခွန်းတွေထုတ်ပြီး တွေဝေဆန်းစစ်နေရမယ့်အချိန် မဟုတ်ဘူးထင်တယ်၊ ကိုကြီးမောင် လိုက်မလား၊ မလိုက်ဘူးလား၊ ကိုယ့် ဘာသာကိုယ် ဆုံးဖြတ်ချေ'

'ဟာ… ဟောကောင် ငါး'

လက်ချင်းချိတ်ထားတဲ့ ကျောင်းသားတွေရဲ့ လက်တွေထဲ ဝင်ပြီး ငါ့လက်ကို ဆန့်တန်းလိုက်တယ်။ မိုးရေတွေစိုရွှဲနေတဲ့ လက်နှစ်ချောင်းက ငါ့လက်ကို ဆုပ်ကိုင်ချိတ်လိုက်တယ်။ နိုင်မာနွေးထွေးစွာ။

ဘယ်သူဘယ်ဝါ့ရဲ့ လက်တွေလဲဆိုတာ ကြည့်နေစရာ မလို။



ယောက်ျားလား မိန်းမလားဆိုတာ ခွဲခြားစရာ မလို။ အကုန်လုံး တစ်သွေး ည်း တစ်သားတည်း။

'ဟေ့ကောင် ငါး၊ နေဦးလေ၊ ငါ့ကို မင်းအမေက ဆူနေဦးမယ်'

နောက်ကိုပြန်လှည့်မကြည့်။ လှည့်ကြည့်ဖို့လည်း မလို။ ချိတ်တွဲ ားတဲ့လက်တွေကို ဘယ်လိုနည်းနဲ့မှ ပြန်မဖြုတ်နိုင်တော့။

ဗိုလ်တထောင်ဘုရားရှေ့ကနေ ကမ်းနားလမ်းအတိုင်း ဆူးလေ ရားထိ ချီတက်တယ်။ ဆူးလေဘုရားကနေတစ်ဆင့် သိမ်ကြီးဈေး၊ သိမ် ိုးဈေးကတစ်ဆင့် ပြည်လမ်းအထိ တက်ညီလက်ညီ။

သံဃာထုကြီးရဲ့နောက်က လူအုပ်ကြီးကလည်း လျော့သွားတယ် ။ များသထက် များလာတယ်။ သံဃာတော်တွေရဲ့ အသံတွေဟာလည်း ိုးဝင်သွားခြင်း မရှိ။ မေတ္တာပို့သံတွေက အရပ်ရှစ်မျက်နှာတိုင် လွှမ်းခြုံ ထားပါတယ်။

ထူးဆန်းတယ်။ မိုးရေတွေ ရွှဲရွှဲစိုနေပေမယ့် တစ်ပါး၊ တစ်ဦး စ်ယောက်မှ နိုက်ခိုက်တုန်ချမ်းအေးနေတယ်လို့ မရှိ။ ငါကိုယ်တိုင်လည်း ချမ်း။ နွေးထွေးတဲ့သွေးသားတွေက ခန္ဓာကိုယ်အနှံ့ ဆူပွက်။

ထူးဆန်းတယ်။ ငါ့ဘဝမှာ တစ်ကြိမ်တစ်ခါမှ အခုလောက်အကွာ ဝေးမျိုးကို လမ်းမလျှောက်ဖူးခဲ့။ အခုလို အဝေးကြီးလျှောက်နေတာကို ာင်မှ ညောင်းညာကိုက်ခဲခြင်းမျိုး လုံးဝမရှိ။ ခြေလှမ်းတွေက ပေါ့ပါး က်လက်နေဆဲ။

ညနေစောင်းတော့မှ အစုအဝေးကြီးကွဲသွားတော့တယ်။ မနက်ဖြန် ယ်နေရာမှာ ဘယ်လိုပြန်ဆုံမယ့်အကြောင်းကို ခေါင်းဆောင်သံဃာတော် ဝ အော်လံနဲ့လိုက်ကြေညာတယ်။

အိမ်ပြန်ရောက်တော့ မိုးချုပ်နေပြီ။ ငါ့အမေကတော့ ထုံးစံအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပွမ်တာပေါ့။ တစ်နေ့ကုန် ဘယ်သွားနေလဲ ဘာလုပ်နေလဲပေါ့။ ငါ ကိုကြီးမောင် မလာဘူးလားလို့ မေးလိုက်တော့ မလာဘူးတဲ့။ တော်ေ တယ်။ ဆန္ဒပြတဲ့အထဲ ငါလိုက်သွားတယ်ဆိုတာ လာမပြောထားလို့

တော်ကြာ မနက်ဖြန်ကို အပြင်ပေးမထွက်ရင် ဒုက္ခ။

❒ ❒ ❒

မနက်စောစောထတယ်။ ပေါ့ပေါ့ပါးပါးဝတ်စုံကို ရွေးဝတ်တယ်။ ရပ်ဖြစ်တဲ့ ရွှေတိဂုံဘုရားပေါ်ကို ရောက်တော့ လူအတော်များနေပြီ။ မယ် သီလရှင်တွေအပါအဝင် သံဃာတော်များက ညီညီညာညာစုဝေးလို့ စေတီ တော်မြတ်ကြီးကို ရှိခိုးဦးခိုက်ပူဇော်နေကြတယ်။ အသင့်စောင့်ဆိုင်းနေကြတဲ့ စေတနာရှင်ပြည်သူတွေကလည်း သံဃာတော်တွေကို ဆွမ်းကပ်ကြတယ်။ ရပ်တစ်ခုထဲမှာ ဆွမ်းဘုဉ်းပေးပြီးသွားကြတဲ့အခါ သံဃာတော်တွေဟာ နစ်တကျ စီတန်းကြွချီကြပါတော့တယ်။

ငါလည်း နီးစပ်ရာလူနဲ့ တွဲပြီး လက်ချင်းချိတ်လိုက်ကြတယ်။ မနေ့ကလိုပဲ သံဃာတော်တွေ မေတ္တာပို့ရာလမ်းတစ်လျှောက် ငါတို့တစ်တွေ က တံတိုင်းအဖြစ် ကာရံပေးထားကြတယ်။ သံဃာတွေဟာလည်း မနေ့ ကလိုပဲ အေးချမ်းစွာမေတ္တာပို့သကြပါတယ်။

'အနောက်အရပ်၌ရှိသော…'

'အနန္တသတ္တဝါတို့…'

'တောင်အရပ်၌ရှိသော…'

'တို့မေတ္တာစွမ်းကမ္ဘာတစ်ဝှမ်း…'

'အေးချမ်းကြပါစေ'

www.burmeseclassic.com

www.burmeseclassic.com



မနေ့ကနဲ့ ကွာတာဆိုလို့ ရာသီဥတုသာယာတာနဲ့ သံဃာအင်အား
လူအင်အား အဆမတန်ပိုများလာတာပါပဲ။ ရပ်ကွက်တိုင်း လမ်းတိုင်
အိမ်ပေါက်စေ့ လူများက ထွက်ပြီး လက်ခုပ်တီးအားပေးကြတယ်။ ဒူးထော
လို့ ရှိခိုးကြတယ်။ တချို့ဆို ရှိုက်ကြီးတငင်ငိုနေကြပါတယ်။ သံဃာတေ
တွေရဲ့ ရဲရင့်မှုကို ကြည်ညိုဦးခိုက်ကြတယ်။

ဆူးလေဘုရားကိုရောက်တော့ ခဏနားကြတယ်။ အသက်ဝါ
ရင့်တဲ့ သံဃာတော်တွေကို နှိပ်ပေးသူ ပေး၊ အအေးကပ်သူက ကပ
ကုသိုလ်ပါဝင်ယူကြပါတယ်။ မကြာဘူး။ တရုတ်တန်းဘက်က ကြွချီလ
တဲ့ အဖွဲ့တစ်ဖွဲ့နဲ့ ထပ်ပေါင်းမိကြပြန်တယ်။ သံဃာတပ်ပေါင်းစုအင်အာ
ကြီးဟာ လမ်းတစ်လျှောက် မျက်စိတစ်ဆုံး ရှည်လျားပြည့်ကျပ်သွား
တယ်။

မေတ္တာပို့သသံတွေဟာလည်း နှစ်ဆပိုကျယ်လာပါတယ်။ တက
ကို အရပ်ရှစ်မျက်နှာတခွင် ယူဇနာတစ်သိန်းတိုင်အောင် တို့မေတ္တာအခွ
လွှမ်းရှော့မယ်။

ဆူးလေဘုရားကနေ တစ်ဆင့် ပန်းဆိုးတန်းခုံးကျော်တံတ
ကန်တော်လေး၊ ယုဇနပလာဇာ၊ တာမွေ၊ ရွှေဂုံတိုင်၊ ကမ္ဘာအေးဘုရားလမ
လမ်းတိုင်း နေရာတိုင်းမှာ လက်ခုပ်သံတွေနဲ့ မေတ္တာပို့သံတွေ။ ဒီနေ့အ
လည်း ငြိမ်းချမ်းစွာအဆုံးသတ်နိုင်ခဲ့တယ်။

ညရောက်တော့ အာပုပ်တို့ဆီ သွားလိုက်တယ်။ ဒီကောင်တေ
ငါနဲ့အတူ လိုက်ပါချီတက်ဖို့ စည်းရုံးရမယ်။ ထင်တဲ့အတိုင်းပဲ။ ဆရာသမာ
တွေကတော့ အသောက်အစားမပျက်ကြ။

'တော်ပြီ၊ ငါ့အတွက် မမှာနဲ့တော့'



ထိုင်ထိုင်လိုက်ချင်း ငါ့အတွက် တစ်ခွက်မှာဖို့ပြင်နေတဲ့ ထန်အုပ်
ရဲ့လက်ကို ဆွဲတားလိုက်တယ်။

'ဘယ်လိုဖြစ်တာလဲဟ၊ ထူးထူးဆန်းဆန်း'

'မဟုတ်ဘူး၊ မနက်ကျရင် ဘုရားသွားရဦးမှာ၊ ပြီးရင် တစ်နေရာ
နဲ့ တစ်နေရာ အဝေးကြီးလမ်းလျှောက်ရတာ၊ အခုသောက်လိုက်ရင် မနက်
ပြန် ခေါင်းကိုက်ပြီး မလျှောက်နိုင်တော့မှာစိုးလို့'

'ဟာ… မင်းကလည်း'

ဂေါ်ပြားက မကျေမချမ်းရေရွတ်တယ်။

'အဲဒီနိုင်ငံရေးတွေထဲ ဝင်မပါပါနဲ့ကွာ'

'ဟုတ်တယ် ငခါး၊ သဘော်တက်ဖို့ နီးနေပြီနော်'

အကုန်လုံးက တစ်ယောက်တစ်ပေါက် ဝင်ပြောကြတယ်။

'ဟ… တကယ့်ကောင်တွေပဲ၊ ငါက မင်းတို့ကို ငါနဲ့အတူတူ
လိုက်ခဲ့ကြဖို့ ခေါ်မလို့ဟာကို၊ ဘယ်လိုဖြစ်ပြီး သွေးကြောင်နေကြတာလဲ၊
ကိုကြီးမောင်ရယ် ကြည့်ပြောပါဦး'

တစ်ချိန်လုံးငြိမ်ပြီးနားထောင်နေတဲ့ ကိုကြီးမောင်ကို စစ်ကူလှမ်း
တောင်းလိုက်တယ်။ ကိုကြီးမောင်က ခေါင်းယမ်းတယ်။

'မဟုတ်ဘူး ငခါး၊ မဟုတ်ဘူး၊ မင်း သတိထားနော်၊ နိုင်ငံရေး
ဆိုတာ လှည့်ကွက်တွေများတယ်၊ ငါကြားထားရသလောက်တော့ အခြေ
အနေသိပ်မကောင်းဘူး၊ အခုကိစ္စကြီးကို အစိုးရကလည်း လက်ပိုက်ကြည့်
နေမှာ မဟုတ်ဘူး၊ အချိန်တန်ရင် ဆော်မှာပဲ၊ မင်းတို့လူငယ်တွေ နယ်နှင်
အဖြစ်မခံနဲ့'

'ဘယ်လို… ဘယ်လို၊ နယ်ရုပ် ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးမောင်ရဲ့စကားကို မရှင်းလို့ ထပ်မေးရတယ်။

'ဒီလိုလေကွာ၊ အခု လမ်းပေါ်ထွက်နေတဲ့ ဘုန်း ကြီးအစစ်တွေလို့ ဘယ်သူအာမခံရဲလဲ၊ ခေါင်းတုံးတွေကို ကြည့်စမ်းကွာ စိမ်းလို့၊ လောလောလတ်လတ် အမြန်တုံးထားရတဲ့ပုံတွေ'

'ဟာ… အမိပ္ပာယ်မရှိလိုက်တာ'

ကိုကြီးမောင်စကားကို ချက်ချင်းငြင်းလိုက်တယ်။

'ဘာလဲ လမ်းပေါ်ထွက် ကံဆောင်နေတဲ့ ဘုန်းကြီးတွေအကုန် လုံးကို အတုတွေလို့ ဆိုလိုတာလား'

ကိုကြီးမောင်က ဘာမှပြန်မပြော။ ဒါကြောင့် ငါပဲ ဆက်ပြော လိုက်တယ်။

'အဲဒီလောက် အရေအတွက်အများအပြားရအောင် ဘုန်းကြီး အတုတွေ ဘယ်လိုလိုက်စုမလဲ၊ ဘုန်းကြီးအတုလုပ်ဖို့ အသာထားဦး၊ သင်္ကန်း အရေအတွက်တောင် အဲဒီလောက်အများအပြားရဖို့ လွယ်မှာမဟုတ်ဘူး'

ငါ့မျက်စိထဲမှာ လမ်းမအပြည့် သံဃာထုကြီးကို ပြန်လည်မြင် ယောင်ကြည့်တယ်။ ဟုတ်ပါ့။ အတုဆိုတာ ဘယ်လိုမှမဖြစ်နိုင်။

'ဒါနဲ့ နေပါဦး၊ ဟော့ကောင်တွေ မင်းတို့အားလုံးက ဘီလူး စကားများတုန်းကတော့ ဘီလူးဆိုတဲ့ကောင်ကို နိုင်ငံရေးအကြောင်းသွား မပြောနဲ့၊ ဒီကောင့်ဘဝမှာ အလေးဆုံးဆိုလို့ ဘီယာခွက်လောက်ပဲ မ,ဖူးတာ တွေ ဘာတွေ ပြောကြပြီး အခု မင်းတို့ကရော ဘာထူးလဲ၊ ဘီယာခွက် ကလွဲပြီး ဘာများမနေကြလို့လဲ'

ပြောရင်း ပြောရင်းနဲ့ ဒေါသတွေပါလာတယ်။ သူငယ်ချင်းတွေပဲ ဆိုပြီး အထင်တကြီးနဲ့ လာခေါ်လိုက်မိတာ မှားသွားပြီ။



'ဒါနဲ့ နေပါဦး၊ ကိုကြီးမောင်ကလည်း ကျွန်တော်တို့ကို အရင် တုန်းက အခုလို ညဘက်တွေထိုင်ပြီး အချိန်မဖြုန်းနဲ့တို့၊ အခွင့်အခါသင့်တာ နဲ့ အပြုတ်ဆော်တို့ ဘာတို့ စကားကြီးစကားကျယ်တွေပြောပြီး အခုလို အချိန်ကျပြန်တော့ ဒီကောင်တွေနဲ့ပဲ ထိုင်နေဦးမှာလား'

'မဟုတ်ဘူးလေ၊ မဟုတ်ဘူး'

ကိုကြီးမောင်က ရှုံ့ရှုံ့ရှားရှားဖြစ်သွားတယ်။

'နိုင်ငံရေးဆိုတာ တသမတ်တည်းတွေးလို့ မရဘူးကွ၊ နက်ရှိုင်း တယ်၊ လှည့်ကွက်တွေများတယ်'ဆိုပြီး လမ်းမပေါ်မထွက်ရတဲ့အကြောင်း တွေကို စကားတတ်တိုင်း လျှောက်ရှင်းပြနေတယ်။ ဘုန်းကြီးအတုတွေရော၊ ထိုးကျွေးခံရမယ်တွေရော၊ အလိမ်ခံရမယ်တွေရော စုံလို့။

'တော်ဗျာ… တော်… တော်'

ကြာလာတော့ သည်းမခံနိုင်တော့ဘူး။ ဘုန်းကြီးအတုဆိုတဲ့စကား က ငါ့နှလုံးသားကို ထောက်ချွန်နဲ့ အပေါက်ခံရသလိုပဲ ရှုးရှူးနစ်နစ်နာ တယ်။

'တော်စမ်းပါ၊ ဒီမှာ ကိုကြီးမောင်၊ ခင်ဗျားတို့ လုပ်တယ်ဆိုတဲ့ နိုင်ငံရေးဆိုတာ ရေဒီယိုနိုင်ငံရေးပါဗျာ၊ လေထဲမှာ နားထောင်၊ လေထဲမှာ ပြောပြီး လေထဲမှာပဲ ပြီးနေကြတဲ့ဟာတွေ၊ တကယ့်တကယ်တမ်း လမ်း ပေါ်ထွက်ကြပြောဆိုတော့ ဘယ်လိုလူတွေ ရောက်လာသလဲ၊ သံဃာတွေ၊ ကျောင်းသားတွေနဲ့ အခြေခံလူတန်းစားတွေပဲ မဟုတ်လား'

ငါ ထိုင်နေရာကနေ ထလိုက်တယ်။

'အိမ်ရောက်ရင် တံခါးအလုံပိတ်ပြီး ရေဒီယိုပဲ ဆက်နားထောင် ပေါ့ ကိုကြီးမောင်ရာ'

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကိုမှ နှုတ်မဆက်ဘဲ ဘီယာဆိုင်ထဲကနေ ဒေါသ တကြီးထွက်ခဲ့တယ်။ လမ်းပေါ်က ဗွက်အိုင်တွေကြောင့် လျှောက်နေရတဲ့ လမ်းဟာ မဖြောင့်ဖြူးဘူး။ ဒါပေမဲ့ အချိန်တန်တော့ အိမ်ပြန်ရောက်ရတာ ပဲ မဟုတ်လား။

❒ ❒ ❒

'ဟဲ့… နေဦး၊ ဒါက ဘယ်လဲ'

အိမ်ကနေ လစ်ထွက်မလို့ ဟန်ပြင်တုန်းရှိသေးတယ်။ ငါ့အမေက အော်တယ်။

'ဟို… ဟို'

'ဟိုတွေ ဒီတွေ လုပ်မနေနဲ့၊ ဒီနေ့ ဆရာဟန်ဆန်းနဲ့ ချိန်းထား ယ်၊ ဆရာက ကာယကံရှင်ကိုပါ ခေါ်ခဲ့တဲ့၊ အဲဒါ ငါနဲ့လိုက်ခဲ့'

'ဟာ… မကြီးကလည်းဗျာ၊ သား သွားစရာရှိသေးလို့ပါ'

'လိုက်ဆို လိုက်ခဲ့၊ မရှည်နဲ့၊ ဟိုက အရေးကြီးလို့ နင့်ကိုခေါ်တာ၊ လိုဘဲနဲ့ ဆရာက အားအားယားယားခေါ်ပါ့မလားဟဲ့'

'ဟိုတစ်နေ့ကလည်း ဖယောင်းတိုင်ထွန်းပြီး ယတြာချေပြီးပြီလေ'

'ရှင်းပြရတာ လေကုန်လိုက်တာ ခေါင်းရယ်၊ မိဘစကားလည်း းထောင်ဖူးတယ်ရှိအောင် နားထောင်ပါဦး'

ဝေဒထိပ်တန်း ဆရာဟန်ဆန်းလို့ ချိတ်ဆွဲထားတဲ့ ဆိုင်းဘုတ် ကြီးက ကြီးမားခမ်းနားလှပါတယ်။ ခြံရှေ့မှာ ရပ်ထားတဲ့ ကားတွေကို ကြည့်လိုက်ရုံနဲ့ ဘယ်လိုလူတန်းစားတွေကိုးကွယ်တဲ့ ဆရာမှန်း သိသာပါ တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြိုးပြိုးပျက်ပျက်ကြီးတွေ ကွင်းတွေ အသီးသီး ချိတ်ဆွဲထား ဗိုက်ပတ်ပတ်လည်မှာ အဆီပိုတွေအိကျနေတဲ့ အမျိုးသမီးကြီးတွေဟာ တို နံပါတ်ကိုယ်စီနဲ့ စောင့်ဆိုင်းနေကြပါတယ်။ ငါတို့သားအမိလည်း အဲဒီမိ ကြီးတွေနဲ့အတူ ရောယောင်စောင့်ဆိုင်းရပါတယ်။

အလှည့်ကျတဲ့အခါမှ ဗေဒင်ဆရာကြီး ဟန်ဆန်းက လေယာ ပေါ်တက်တဲ့အခါ ဝတ်ရမယ့်အဝတ်အစားအရောင်တွေ၊ ခြေအိတ်အရေ တွေက အစ အသေးစိတ်တွက်ချက်ပြီး ရွေးချယ်ပေးပါတယ်။ လေယာ ပျံထဲမဝင်ခင် အသက်အောင့်ပြီး ဖနောင့်သုံးချက်ပေါက်ဖို့ကိုလည်း သေ ချာချာမှာပါတယ်။ ဗေဒင်အခန်းထဲက ပြန်ထွက်လာတဲ့အခါ နေရောင် ခေါင်းပေါ်တည့်တည့်ကို ထိုးကျနေပါပြီ။

ဒီအချိန်ဆို ရွှေတိဂုံဘုရားအောင်မြေပေါ်က ဆင်းပြီး လမ်းမ ပေါ် ကြွချီနေလောက်ပြီ။ အိမ်ရောက်တာနဲ့ ထမင်းကို ခပ်သုတ်သုတ် ပြီး ပြန်ထွက်ဖို့ ဟန်ပြင်နေတုန်း…

'ဟဲ့… ဒါက ဘယ်သွားဦးမလို့လဲ'

ငါ့အမေက အပေါက်ဝကနေ ပိတ်ပြီး မေးတယ်။

'ဟို… ဟိုလေ ဆယ်တန်းတုန်းက ငယ်သူငယ်ချင်းတွေကို သွ ပြီးနှုတ်ဆက်မလို့ပါ'

ပါးစပ်ထဲ တွေ့ကရာ လျှောက်ဖြေလိုက်တယ်။

'အရေးထဲပဲဟယ်၊ အပြင်မှာ အခြေအနေတွေ ဒီလောက်ရှုပ်ထွေး တာကို၊ အရေးကြီးကိစ္စမရှိဘဲ ဘယ်မှမသွားနဲ့၊ ကြားလား'

ဒီတစ်ခါမှ တကယ့်ဂွပဲ။ အကြောင်းပြချက်ပေးတာ မခိုင်လုံ ဖြစ်သွားတယ်။ အပြင်ထွက်ရအောင် ဘယ်လိုကြံရပါ့။

'အရေးမကြီးဘူးတော့ ဘယ်ဟုတ်မလဲကွယ်'



တစ်ချိန်လုံး ငြိမ်နေတဲ့ ငါ့အဖေက ဝင်ပြောတယ်။

'နိုင်ငံခြားကို အကြာကြီးသွားရမှာလေ၊ သူငယ်ချင်းအပေါင်း သင်းတွေကိုတော့ နှုတ်ဆက်သင့်တာ နှုတ်ဆက်သွားရမှာပေါ့၊ ကလေးကို းကာနီး လာကာနီး စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့'

က်ကောင်းတယ်။ အဲဒီလို ငါ့အဖေ ဝင်ပြောလိုက်မှ ငါ့အမေက မိသာနဲ့ လက်လျှော့သွားတယ်။ ငါ့အဖေကို ကျေးဇူးတင်ပါတယ်ဆိုတဲ့ ကြည့်နဲ့ ကြည့်လိုက်တော့ ငါ့အဖေက သဘောပေါက်ပါတယ်ဆိုတဲ့ မျိုးနဲ့ ခေါင်းဆတ်ပြတယ်။

'ဟဲ့… အရမ်းတော့ နောက်ကျမနေနဲ့နော်'

ထုံးစံအတိုင်း။

'ဟုတ်'

လမ်းပေါ်ကနေ

'ကဲ'

လို့ ပြန်အော်ပြီး တက္ကစီတစ်စီးငှား လစ်တော့တာပဲ အမြန်။ လေဘုရားနားရောက်တော့ လမ်းဘေးဝဲယာတစ်လျှောက် လူတွေအများ း ရောက်နှင့်နေကြပြီ။ ကြွချီလာမယ့် သံဃာထုကြီးကို ကြိုဆိုစောင့်မျှော် ကြတယ်။

'ဟော… ဟော… ဟိုမှာ၊ ဟိုမှာ'

'ဟေး'

'ဖြောင်း… ဖြောင်း… ဖြောင်း… ဖြောင်း'

စောင့်ဆိုင်းနေတဲ့ လူအုပ်ကြီး လှုပ်လှုပ်ရှားရှားဖြစ်သွားတယ်။ ကြည့်စမ်းပါဦး။ သမ္ဗုတရုပ်ရှင်ရုံရှေ့ မီးရထားခုံးကျော်တံတားပေါ်ကနေ ရွေ့ရွေ့ကြွချီလာတဲ့ သံဃာတော်ရှင်သူမြတ်တွေကို ကြည့်ကြပါဦး။

www.burmeseclassic.com

www.burmeseclassic.com



တလူလူလွင့်နေတဲ့ သာသနာ့အလံတော်နောက်မှာ လမ်းမအပြည့် မျ... တစ်ဆုံး ရှည်လျားပြည့်ကျပ်နေပါတော့တယ်။

'အမျိုးသားရင်ကြားစေ့ရေး ဒို့အရေး ဒို့အရေး

တွေ့ဆုံဆွေးနွေးရေး ဒို့အရေး ဒို့အရေး

ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေး ဒို့အရေး ဒို့အရေး'

သံဃာတပ်ပေါင်းစုကြီးဟာ မေတ္တာပို့ဆုတောင်းရုံသာမက... ဘဲ ကြွေးကြော်ဟစ်ကြွေးနေပါပြီ။

'ကုန်ဈေးနှုန်းကျဆင်းရေး ဒို့အရေး ဒို့အရေး'

ဒီတစ်ခေါက်တော့ လက်ချင်းချိတ်ထားတဲ့ တန်းထဲကို မဝင်... ဘဲ သံဃာတော်တွေနောက်က လူထုကြီးနဲ့အတူ ရောနှောပူးပေါင်း... တယ်။

'နိုင်ငံရေးအကျဉ်းသားများလွှတ်မြောက်ရေး ဒို့အရေး ဒို့အ...

လှိုင်တက်လာတဲ့ လူအုပ်ကြီးရဲ့ ကြွေးကြော်သံများကြောင့် ... ကြိုးတန်းများပေါ်မှ ငှက်တွေတောင် တုန်ယင်လန့်ဖျပ် ပျံထွက်သွာ... ငါ အပေါ်ကိုမော့ကြည့်လိုက်တယ်။ အလံတစ်ရွက် တဖျပ်ဖျပ်လွင့်နေတ... ကျောင်းသားတွေကိုယ်စားပြု ရဲရဲတောက်ခွပ်ဒေါင်းတံဆိပ်။ ငါ့ခြေလှမ်း... ပိုပေါ့ပိုပါးပိုသွက်ပိုလက်လာတယ်။

'ဒို့အရေး ဒို့အရေး'

ငါ့လက်သီးတွေ လေပေါ်ကို အလိုလို ဆန့်တန်းလိုက်မိ။ ... စမ်း။ အခြားသူတွေရဲ့ လက်သီးလက်မောင်းတွေ ညီညီညာညာ ဆန့်... လျက်။ ကျောင်းသားနဲ့ သံဃာ ပူးပေါင်းမိပြီ။ ရှိရှိသမျှ မိဘပြည်သူ... လိုက်လိုက်လှဲလှဲ အားပေးကြ။ အရေးကြီးတော့ သွေးစည်းပြီ။ ... ဘာလို သေးလဲ။



'ပွဲသိမ်းပြီပေါ့ကွာ'

ငါတို့ဘေးပိုင်းမှာ ထိုင်နေတဲ့ အဘိုးကြီးက ဝမ်းသာအားရ ထအော်တယ်။ သူ့စကားကို ဘယ်သူမှအရေးလုပ်ပြီး ပြန်မပြော။ တစ်ဆိုင်လုံး အပြည့်ရှိ လူတွေရဲ့ အာရုံတွေဟာ တီဗီဖန်သားပြင်ထက်ဝယ်မှာသာ။ တီဗီဖန်သားပြင်ထက်မှာတော့ ချီတက်ကြွေးကြော်နေကြတဲ့ သံဃာ့တပ်ပေါင်းစုကြီးနဲ့ ကျောင်းသားလူထုပုံရိပ်များ။

'ဒီတစ်ခါမှ မပြုတ်ရင်တော့ ဘယ်အခါပြုတ်မလဲဟေ့၊ ဟေ… ဟေ'

အဘိုးကြီးက ထပ်အော်ပြန်တယ်။ ငါ့ညီမလေးကတော့ သတင်းကို အေးအေးဆေးဆေးမကြည့်ရဘူးဆိုတဲ့ သဘောမျိုးနဲ့ အဘိုးကြီးကို မျက်စောင်းလှမ်းထိုးတယ်။ အပိုပါပဲ။ အဘိုးကြီးက သူ့ကို မျက်စောင်းထိုးလို့ ထိုးနေမှန်း သိမှာမဟုတ်။ သူ့အာရုံများဟာ ဖန်သားပြင်ထက်တွင်သာ။

'ဟာ… ဟိုမှာ ဒေါ်စု ဒေါ်စု'

အဘိုးကြီးက ထပ်အော်ပြန်တယ်။ ခြံရှေ့က ဖြတ်သန်းကြွချီနေတဲ့ သံဃာတော်တွေကို ဒေါ်အောင်ဆန်းစုကြည်က လုံခြုံရေးတွေရဲ့နောက်က လက်အုပ်ချီကန်တော့နေတဲ့ပုံကို တီဗီကနေ အပြန်ပြန်အလှန်လှန် ထုတ်လွှင့်ပြသနေပါတယ်။

'ကြာပြီ၊ ဒီလိုမြင်ကွင်းမျိုး မမြင်ရတာ ကြာပြီ'

အဘိုးကြီးအသံက လှိုက်မောတုန်ယင်နေတယ်။ ငါ့ရှေ့မှာ ထိုင်နေတဲ့ ငါ့အဖေမျက်နှာကို ကြည့်လိုက်တော့ မျက်ရည်တွေဝိုင်းနေတယ်။ တစ်ဆိုင်လုံးရှိ လူတွေရဲ့ မျက်နှာတွေမှာလည်း ကြေကွဲဝမ်းနည်းမှုအရောင်တွေ မှိုင်းမှိုင်းဝေနေတယ်။ ဒေါ်စုကို အပြင်မှာ တစ်ခါမှမမြင်ဖူးတဲ့ ငါ့အနေနဲ့လည်း အခုလိုအနေအထားမျိုးနဲ့ မြင်လိုက်ရတော့ ရင်ထဲမှာ တစ်မျိုးကြီး

www.burmeseclassic.com



ပဲ။ တီဗီကို ဘယ်လိုမှဆက်မကြည့်နိုင်တော့တဲ့အတွက် ဆိုင်အပြင်ထွက်လိုက်တယ်။

ဆိုင်ထဲမှာ ကျန်ခဲ့တဲ့ ငါ့အဖေနဲ့ ငါ့ညီမလေးကတော့ တုတ်တုတ်မှ မလှုပ်။ ငါ့ညီမနဲ့ ငါ့အဖေသာ မဟုတ်။ တစ်ဆိုင်လုံး ဘယ်သူမှ တုတ်တုတ်မလှုပ်။ တီဗီကိုပဲ မမှိတ်မသုန်ကြည့်နေကြတယ်။ ပန်းဥယျာဉ် ဆိုင်ကိုလည်း ကျေးဇူးတင်ဖို့ကောင်းပါတယ်။ အခုလိုအခြေအနေအခါမှာ ဆူဆူညံညံသီချင်းတွေမဖွင့်တော့ဘဲ DVB သတင်းလိုင်းကိုပဲ အချိန်ပြည့် ဖွင့်ထားပေးတယ်။ နောက်ဆုံးရသတင်းတွေနဲ့ ရပ်ကွက်ထဲက လူများကို ပေါင်းကူးဆက်သွယ်ပေးတယ်။

ဒီနေ့ခေတ် သတင်းမီဒီယာတွေရဲ့ မြန်ဆန်တိကျမှုကလည်း အံ့ဩ စရာပဲ။ ငါတို့ နေ့လယ်က ချီတက်ကြွေးကြော်ခဲ့တဲ့ ပုံရိပ်တွေကို ညရောက် တော့ အခုလိုပြန်မြင်ရတာ ယုံတောင် မယုံချင်။ ပန်းဥယျာဉ်မှာ မတ်တတ် ရပ်ပြီး ဟိုဟိုဒီဒီကြည့်နေရင်း ငါအရင်က ထိုင်နေကျ ဘီယာဆိုင်ဘက်ကို ကြည့်လိုက်တယ်။ ထုံးစံအတိုင်း လူတွေပြည့်ကျပ် ဆူညံနေဆဲပါ။ ဒီလို အချိန်မျိုးမှာ အေးအေးလူလူ ဘီယာထိုင်သောက်နေနိုင်တဲ့ လူတချို့ရဲ့ စိတ် ဓာတ်ကို ဩချမိတယ်။ စိတ်မကောင်းစရာက အာပုပ်တို့အုပ်စုကို ထိုင်ခုံ ကျဝိုင်းမှာ တွေ့လိုက်ရတာပဲ။ ဒါပေမဲ့ ဒီကောင်တွေဆီကိုသွားဖို့ အာသီသ လည်း မရှိ။ စကားပြောချင်စိတ်လည်း မရှိ။ ဒါကြောင့် ပန်းဥယျာဉ်ထဲကို ပဲ ပြန်ဝင်လိုက်တယ်။

တစ်ချိန်က ဆူဆူညံညံတီးလုံးတွေနဲ့သာ မင်းမူခဲ့တဲ့ ဆောင် ဘောက်ကြီးကနေ အခုချိန်မှာ ထွက်နေတဲ့အသံတွေကတော့…

'ဒို့အရေး… ဒို့အရေး'

□ □ □

'မနက်ဖြန်ကျရင် မလိုက်နဲ့တော့နော် ညီမလေး၊ လိမ္မာပါတယ်'

'ဟင်… မရပါဘူး၊ မေကြီးကို တိုင်လိုက်ရင် ကိုကြီးပါ သွားလို့မရဘဲဖြစ်သွားမယ်၊ သိလား'

'ဟာ'

လာပြန်ပြီ။ မနက်ကလည်း အဲဒီလိုပဲ။ ရွှေတိဂုံဘုရားစုရပ်ကို သွားမလို့လုပ်တုန်း ညီမလေးနှင်းချိုက ဆေးကျောင်းကိုလိုက်ပို့ပေးဖို့ ပူဆာ တယ်။ အကြောင်းပြချက်ကတော့ ဆူဆူပူပူဖြစ်နေတာမို့ တစ်ယောက်တည်း မသွားရဲလို့ပါတဲ့။ ဒါဆိုလည်း မသွားနဲ့ပေါ့လို့ပြောလိုက်တော့ လက်ချာက လက်လွှတ်လို့မရလို့ပါတဲ့။ ငါ့အမေကလည်း လိုက်ပို့နိုင်းနေတာနဲ့ မငြင်း သာတော့ဘဲ လိုက်ပို့လိုက်ရတယ်။

ဒါပေမဲ့ မရွှေချောက လမ်းတစ်ဝက်လည်းရောက်ရော…

'ကိုကြီး ဟီး… ဟီး'

ဆိုပြီး စပ်ဖြဲဖြဲလုပ်နေတယ်။

'ဟိုဟာလေ ညီမလေးလည်း ကိုကြီးနဲ့ အတူတူလိုက်ချင်တယ်'

'ဘယ်ကိုလိုက်မှာလဲ၊ ငါက နင့်ကိုလိုက်ပို့ပေးပြီးရင် အိမ်ပြင်ထဲ့ တာကို'

ညီမလေးက ခေါင်းတခါခါလုပ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'မညာပါနဲ့ ကိုကြီးရယ်၊ ဆန္ဒပြတဲ့အထဲမှာ ကိုကြီးလည်းပါတယ် ဆိုတာ ညီမလေး အကုန်သိပြီးသား'

ငါ့ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားတယ်။

'ဘယ်… ဘယ်လိုလုပ်ပြီးသိ'

'ဒီလိုပဲလေ၊ သိတယ်မဟုတ်လား၊ ငှဲ… ငှဲ… ငှဲ'

ဆိုပြီး ပြောင်စပ်စပ်လုပ်နေသေးလို့ ငါက ငေါက်ပြီး သေချာပြေ စမ်းလို့ မေးလိုက်တော့မှ ကိုကြီးမောင်ရဲ့ လက်ချက်မှန်း သိတော့တယ် တော်သေးတယ်။ ဒီကိစ္စကို ဖေကြီးနဲ့ ညီမလေးတို့ပဲ သိလို့။ မေကြီးသိလ ကတော့ မိုးမီးလောင်ကုန်မယ်။ သြော်… ဒါကြောင့် ဟိုတစ်နေ့က ထူးထူး ဆန်းဆန်း ဖေကြီးက အိမ်ပြင်ထွက်ဖို့ဒုက္ခရောက်နေတဲ့ ငါ့အတွက် မေကြီ ကို ဝင်ပြောပေးတာကိုး။

'ဟဲ့… မေကြီးမသိတာ သေချာတယ်နော်'

'သေချာပါတယ် ကိုကြီးရယ်၊ အဲဒါ ညီမလေးလည်း လိုက် ရစေနော်'

'ဖြစ်ပါ့မလားဟယ်။ ဟိုမှာက လူတွေသိန်းနဲ့ချီပြီးရှိတာ'

'ဖြစ်ပါတယ် ကိုကြီးရယ်၊ ညီမလေးကလေ ကိုကြီးသွားတဲ့နော လိုက်နေရရင် ကျေနပ်ပြီ သိလား၊ ကိုကြီးရဲ့လက်ကို သေချာကိုင်ထားမှာ လူချင်းမကွဲစေရဘူး၊ စိတ်ချ'

တကယ်တော့ မဟုတ်ပါဘူး။ ပြောင်းပြန်။ လူအုပ်ကြီးလည်း ရော ကော့တော့တော့နဲ့ မရွှေချောက ရှေ့ဆုံးကနေ ပြေးဝင်သွားပါလေတယ် တစ်လမ်းလုံးလည်း သူ့အသံတွေချည်းပဲ။ ရှေ့က တိုင်ပေးသမျှ အားလုံး ဒိုင်ခံကြွေးကြော်နေတယ်။ တစ်လမ်းလုံး တစ်ချက်မှမနားဘူး။ ငါ့မှာ သူ

က်ခြည်ပြတ်မှာစိုးပြီး နောက်ကနေ အတင်းလိုက်ဆွဲနေရတယ်။ တစ်နေကုန် ယ်တွေရောက်လို့ ဘာတွေအော်ခဲ့မိမှန်းတောင် မသိ။

ဒါကြောင့် အိမ်ပြန်ရောက်တော့ နောက်နေ့တွေ မလိုက်ခဲ့ဖို့ ချော တယ်။

'မနက်ဖြန်ကျရင် မလိုက်နဲ့တော့နော် ညီမလေး၊ လိမ္မာတယ်'

'ဟင်… မရပါဘူး၊ မေကြီးကိုတိုင်လိုက်ရင် ကိုကြီးပါ မသွား တဲ့ဖြစ်သွားမယ်၊ သိလား'

'ဟာ'

နှင်းချိုပုံစံက ဘယ်လိုတားတား ဖွတ်လိုက်မယ့်ပုံ။ သူပါလာပြန် င်လည်း ငါ့မှာ လူကွဲသွားမှာစိုးလို့ လိုက်ကြည့်နေရတာနဲ့တင် အလုပ်ကြီး ခ်ခုဖြစ်ပြီး အော်ချင်တိုင်း အော်၊ သွားချင်တိုင်းသွားလို့မရ ဖြစ်နေတယ်။

'ညီမလေးကလည်းကွာ၊ ဘာပဲပြောပြော ညီမလေးက မိန်းကလေး ဲ့တော့ နေ့တိုင်းလိုက်လို့ ဘယ်ကောင်းပါ့မလဲ၊ ဒီနေ့ လိုက်ဖူးပြီးရင် ကာ်ရောပေါ့၊ ဟုတ်လား'

'ဘာဆိုင်လို့လဲ၊ ဆန္ဒပြတဲ့အထဲမှာ မိန်းကလေးတွေအများကြီးပဲ ာ၊ ကိုကြီးလည်း တွေ့သားနဲ့၊ တချို့ဆို ညီမလေးထက်တောင် ငယ်ကြ မယ်'

'ဟုတ်ပါတယ်၊ ဒါပေမဲ့ ညီမလေးတစ်ခုခုဖြစ်မှာ ကိုကြီး စိုးရိမ် ပါကွာ'

'ကိုကြီးတစ်ခုခုဖြစ်မှာကိုလည်း ညီမလေး စိုးရိမ်တာပဲ'

'ကွျတ်'

ပြောမရလို့ စိတ်ပျက်လက်ပျက်ဖြစ်သွားတဲ့ ငါ့ဘေးနားကို ညီမ လေးက လာကပ်ချွဲတယ်။

www.burmeseclassic.com

www.burmeseclassic.com



'လိုက်ပါရစေ ကိုကြီးရယ် နော်၊ ဒီလိုသမိုင်းဝင်အချိန်အခါ မှာ ညီမလေးလည်း ဘယ်လိုလုပ် အိမ်ထဲမှာထိုင်နေနိုင်မှာလဲ၊ တစ်တ တစ်အား ပါဝင်ချင်တာပေါ့၊ မဟုတ်ရင် နောင်တရလို့ဆုံးမှာမဟုတ်ဘ သိလား'

'ပြောရခက်လိုက်တာ နှင်းချိုရယ်၊ ကိုကြီးဆိုလိုတာက…'

'နေဦး… နေဦး ဘာသံတွေလဲဟ'

အိမ်ရှေ့ကို ပြေးထွက်လိုက်တယ်။ ငါတို့လိုပဲ လမ်းမပေါ်ထွ ကြည့်နေကြတဲ့လူတွေ အများကြီး။ ကားတစ်စီး ကွေ့ဝင်လာတယ်။ အ ပေါ်မှာ အော်လံကြီးနဲ့။

'လူငါးဦးထက်ပို၍ စုဝေးခြင်း၊ စီတန်းလမ်းလျှောက်ခြင်း၊ ဟေ ပြောခြင်းများ မပြုရ'

ညီမလေးက ငါ့ကို အလန့်တကြား မော့ကြည့်တယ်။ ငါ ပ တွန့်ပြလိုက်တယ်။

'ညကိုးနာရီမှ မနက်ခြောက်နာရီအတွင်း လမ်းမပေါ် မထွက် လိုက်နာမှုမရှိပါက တည်ဆဲဥပဒေအရ ထိထိရောက်ရောက် အရေးယူမည်

ဘာလဲ။

ဘာသဘောလဲ။

ဘာဖြစ်လို့ လူငါးဦးထက်ပိုပြီး မစုရမှာလဲ။

ဘာအတွက်နဲ့ စီတန်းလမ်းလျှောက်ခွင့်မရှိတာလဲ။

ဒါဆို သံဃာတွေရော။

မနက်ဖြန် လမ်းပေါ်မှာ လူတွေရှိမှရှိပါ့မလား။

❐ ❐ ❐

'ဂျိန်း'

တစ်မနက်လုံး အလင်းရောင်မထွက်။

'ဂျလိန်း'

ကောင်းကင်ကြီးတစ်ခုလုံးကို မကောင်းဆိုးရွားတစ်ကောင်က အပိုင် းထားသလား အောက်မေ့ရအောင် ပတ်ဝန်းကျင်အနံ့ မှုန်မှိုင်းအုံ့ရီနေတယ်။

'ဂျိန်း'

ဟိုက ဒီက မိုးခြိမ်းသံတွေက အဆက်မပြတ်ပွက်ပွက်ဆူ။ ဒီပုံစံ အတိုင်းသာဆို လမ်းပေါ်ကို လူတွေ ထွက်မှ ထွက်ပါ့မလား။

မှားသွားပြီ။

လေပြင်းဒဏ်သင့် သစ်ခြောက်ပင်တစ်ပင်လိုပဲ လူတွေထွက်ရဲပါ့ လားဆိုတဲ့ ငါ့ရဲ့တွေဝေမှုတွေက ပင်လုံးကျွတ် ကြွေလွင့်ခဲ့ရပြီ။ အာလား လား။ ကြည့်စမ်း။ ရွှေတိဂုံဘုရားရင်ပြင်ထက်ဝယ် သံဃာတွေ၊ ကျောင်းသား တွေ၊ ပြည်သူတွေ၊ ခြေချစရာနေရာ တစ်ကွက်မျှမကျန်။

မြန်မာဆိုတာ ရာဇဝင်အဆက်ဆက် သွေးမနည်းခဲ့ပါဘူး။

ထုံးစံအတိုင်း မေတ္တာပို့၊ ဘုရားရှိခိုးပြီးတဲ့အခါ အရှေ့ဘက်မုခ် ကနေ ဆင်းကြတယ်။ ဘုရားအောက်ကိုအရောက်မှာ…

www.burmeseclassic.com

www.burmeseclassic.com



သံဆူးကြိုး၊ ဒိုင်း၊ သေနတ်၊ ဒိုင်နာကားတချို့နှင့် လမ်းမအပြည့် ရဲများ။ ငါတို့တစ်တွေ လျှောက်လှမ်းမယ့်လမ်းကို ပိတ်ဆို့ကာရံထားတယ်

ခေါင်းဆောင်သံဃာတော်က အားလုံးကို ထိုင်ခိုင်းတယ်။ ငါတို့ အားလုံး ညီညီညွတ်ညွတ်ထိုင်ပြီး လက်အုပ်တွေချီထားတယ်။ သံဃာတော် များအပါအဝင်ပေါ့။ ဒါပေမဲ့ မရ။ မကြာခင်မှာပဲ…

'ဒုန်း… ဒိုင်း… ဒိုင်း'

အသံဆိုးကြီးနဲ့အတူ ဘယ်သူအော်လိုက်မှန်းမသိတဲ့…

'ပြေး… ပြေး… ပြေး…'

အသံတွေကြောင့် လူအုပ်ကြီး ရုတ်ရုတ်သဲသဲဖြစ်သွားပါတယ်။ ငါ အရင်ဆုံးသတိရလိုက်တာက ညီမလေးရဲ့ လက်ကို ဖမ်းဆွဲဖို့ရာပဲ လူအုပ်ကြီးနဲ့အတူ ရှောယောင်ပြေးထွက်လိုက်တယ်။ ရဲတွေကလည်း နီးစပ် ရာလူတွေအပြင် သံဃာတွေပါမကျန် မည်းမည်းမြင်သမျှ ရိုက်နှက်ဖမ်းဆီး နေကြတယ်။

ငါလည်း ညီမလေးလက်ကို ဆွဲပြီး နီးရာဘုန်းကြီးကျောင်းအဝင် ပုန်းခိုနေရတယ်။ အုတ်နီခဲတွေနဲ့ ပြန်ထုကြတယ်။ တချို့က မအေနမတွေ ပြန်ဆဲတယ်။ ရိုက်နှက်ဖျက်ဆီးခြင်းခံနေရတဲ့ သံဃာတော်များကို ကြည့်ရင် တချို့ဆို ဝမ်းနည်းလွန်းလို့ ရှိုက်ကြီးတငင် ငိုနေကြတယ်။

အော်သံတွေ၊ ဆဲသံတွေ၊ သေနတ်သံတွေနဲ့ ရွှေတိဂုံဘုရားပတ်လမ်း ကျင်မှာ ညစ်ထေးခဲ့ရပြီ။

'ရှူး… ဖလူး'

ငါတို့အနားမှာ မီးခိုးတွေ မွှန်ထူသွားတယ်။ အသက်ရှုလို့မရ တော့။ မြင်ကွင်းတွေ ဝေဝါးကုန်တယ်။

'ညီမလေး… ညီမလေး အဆင်ပြေရဲ့လား'



မီးခိုးလွတ်ရာ ဘုန်းကြီးကျောင်းအတွင်းပိုင်းထိ ပြေးဝင်သွားရ တယ်။ အလိုလိုကျလာတဲ့ မျက်ရည်တွေသုတ်ရင်း ညီမလေးကိုလည်း ကြည့်ရသေးတယ်။ ညီမလေးက ရှုံ့မဲ့မဲ့နဲ့ ခေါင်းညိတ်ပြတယ်။ အဲဒီအချိန် မှာပဲ ဘယ်သူပေးသွားမှန်းမသိတဲ့ ရေစိုအဝတ်တစ်ခု ငါ့လက်ထဲ ရောက် လာတယ်။

'ရပြီ… ရပြီ၊ ကိုကြီးလည်း သုတ်လိုက်ဦး'

ညီမလေးရဲ့ မျက်နှာကို အရင်သုတ်ပေးလိုက်ပြီး ငါ့မျက်နှာကို သုတ်လိုက်တယ်။ ရေပတ်ဝတ်နဲ့ ကပ်ထားချိန်မှာတော့ နည်းနည်းသက်သာ ပေမယ့် အဝတ်ခွာလိုက်တာနဲ့ တစ်ပြိုင်တည်း မျက်နှာတစ်ပြင်လုံး ပြန်ပြီး ကျိန်းစပ်လာတယ်။ မတတ်နိုင်။ တစ်ယောက်တစ်လှည့်စီ မျက်နှာကို ရေပတ်ဝတ်အုပ်ပြီး နေနေရတယ်။

အပြင်ဘက်က တဒုန်းဒုန်း တဒိုင်းဒိုင်း မကောင်းဆိုးရွားအသံတွေ ရှိသွားတော့မှ ဘုန်းကြီးကျောင်းထဲက ပြန်ထွက်လိုက်ရာ…

'အို…'

မျက်စိရှေ့က မြင်ကွင်းတွေက ရှုမကောင်း ကြည့်မကောင်း။ တစ်စစီပြန့်ကြဲနေတဲ့ ပိုင်ရှင်မဲ့ဖိနပ်များ၊ အုတ်နီခဲအပိုင်းအစများ၊ ဝါးရင်းတုတ် အကျိုးများ၊ လမ်းမထက်မှာ ဟိုတစ်ကွက် ဒီတစ်ကွက် စွန်းထင်းနေတဲ့ သွေးကွက်များ။ ခေါင်းတစ်ခုလုံး သွေးတွေချင်းချင်းနီပြီး လဲကျနေတဲ့ သံဃာတစ်ပါးကို ကြက်ခြေနီအဖွဲ့က ထမ်းပိုးသယ်ဆောင်သွားကြတယ်။

မိနစ်ပိုင်းလေးအတွင်းမှာပဲ ရန်ကုန်မြေဟာ ရှေ့တန်းစစ်မျက်နှာပြင် လိုမျိုး ပျက်စီးပြောင်းလဲသွားပါတော့တယ်။

လက်ကျန်လူတွေနဲ့ လက်ကျန်သံဃာတွေ ပြန်စုတယ်။ ဘုရားကို မရောက်ရောက်အောင် ချီတက်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဆီးမှန်သမျှ ဖြတ်ကျော်မယ်။ ခန္ဓာကိုယ်ကိုပဲ ပစ်သတ်လို့ ရချင် ရမယ်။ ယုံကြည်ချက်ကိုတော့ ပစ်သတ်လို့မရ။

'ဒို့အရေး... ဒို့အရေး'

လမ်းတစ်ဝက်လောက်အရောက်မှာတော့ ငါတို့မောင်နှမနှစ်ယောက် ဘယ်လိုမှ ရှေ့ဆက်လို့မရတော့။ ပါးစပ်ကနေ တစ်ခုခုဟစ်ကြွေးလိုက်တိုင်း လည်ချောင်းထဲမှာ ဘရိတ်စားတွေ ဒါဇင်လိုက်မျိုချနေရသလိုပဲ။ ကွဲအက် စူးရှနေတယ်။ ဒါနဲ့ လူအုပ်ကြီးဘေးကို ထွက်ပြီး ခဏနားလိုက်ရတယ်။

နောက်ဆုံး ဘယ်လိုမှမတတ်နိုင်တော့လို့ မပြန်ချင် ပြန်ချင်နဲ့ အိမ်ကို ပြန်ခဲ့ရတယ်။ အိမ်ရောက်လို့ အကြိမ်ကြိမ်မျက်နှာသစ်တာတောင် မရှု ပူလောင်စပ်နေဆဲ။

အဲဒီလို...

ဘယ်လောက်ပဲ စပ်စပ်၊ ဘယ်လိုပဲ ကွဲကွဲ၊ ဘယ်နည်းနဲ့ ဖမ်းဖမ်း ဘယ်တုတ်နဲ့ ရိုက်ရိုက်၊ ဘယ်ကျည်နဲ့ ပစ်ပစ် မနက်ဖြန် လိုက်ဦးမှာလား လို့ မေးလိုက်တော့...

'ဒါပေါ့'

ငါ့ညီမလေးရဲ့ အသံက ရဲရင့်ပြတ်သားလိုက်ပ။

□ □ □

စစ်သားတွေရဲ့ လက်က သေနတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင် ရင်း ပြည်သူတွေကို ချိန်ရွယ်ထားတယ်။ ပြည်သူတွေရဲ့ လက်နှစ်ဖက်က တော့ ပူးကပ်ရင်း လက်အုပ်ချီ မေတ္တာပို့ ဆုတောင်းနေကြတယ်။

လူထုတစ်ဖက်၊ စစ်တပ်တစ်ဖက် ဆူးလေလမ်းမထက်မှာ ရင်ဆိုင် တွေ့နေကြပြီ။ ဆန္ဒပြလူထုကြားထဲမှာ သံဃာတော်အင်အားက မပါ သလောက် နည်းသွားပြီ။ ကြားရတဲ့သတင်းတွေကလည်း တစ်ခုမှမကောင်း။ မနေ့ညက ခေါင်းဆောင်သံဃာတော်တွေကို ရုတ်တရက် ဝင်ရောက်ဖမ်းဆီး သွားသလို အခုမနက်မှာလည်း ရွှေတိဂုံဘုရားမှာ လက်ကျန် သံဃာတပ် ပေါင်းစုတွေ ပိတ်ဆို့ခံနေရတယ်တဲ့။ ငါတို့မောင်နှမနှစ်ယောက်လည်း အဲဒီ လို အပိတ်ခံရမှာစိုးတာနဲ့ ဆူးလေကိုပဲ တန်းထွက်လာခဲ့ကြတာ။

'ဗိုလ်ချုပ်ပေးတဲ့ စစ်ပညာ
ပြည်သူတွေကို သတ်ဖို့မဟုတ်ဘူး'

သွေးမြေခခဲ့ရှာတဲ့ အပြစ်မဲ့ပြည်သူတွေအတွက် ရည်စူးလို့ လူထု ကြီးက မကျေမနပ်အော်ဟစ်နေတယ်။ စစ်တပ်ဘက်ကတော့ အခုချိန်ထိ လှုပ်ရှားမှုတစ်စုံတစ်ရာ မရှိသေး။ တအိအိများပြားပြည့်ကျပ်လာတဲ့ လူအုပ် ကြီးရဲ့ အခြေအနေကို အကဲခတ်နေတယ်။ ဟစ်ကြွေးသံများ ပိုကျယ်လာ တယ်။

'အာဏာရှင်စနစ် အလိုမရှိ၊ အလိုမရှိ'

www.burmeseclassic.com



သတင်းထောက်တွေရဲ့ ကင်မရာမီးရောင်တွေကလည်း တဖျတ်ဖျတ်။ လေမှာဝင့်ပျံနေတဲ့ ခွပ်ဒေါင်းအလံတွေကလည်း တလှပ်လှပ်။ နဂ စည်းအနီရောင် လူငယ်တွေရဲ့ ကြွေးကြော်သံများကလည်း ဘဝင်ထက်

'ဒို့အရေး... ဒို့အရေး'

အဲဒီအချိန်မှာပဲ သံဆူးကြိုးတွေရဲ့ နောက်က စစ်သားတစ်ယော က ရှေ့ထွက်လာပြီး အော်လံကြီးနဲ့ ဘာတွေအော်နေမှန်းမသိ အော်နေတ ကို သတိထားလိုက်မိတယ်။ ငါက လူအုပ်အလယ်ထဲရောက်နေတဲ့အတွ ဘာတွေအော်နေမှန်း မကြားရ။ ညီမလေးကတော့ ထုံးစံအတိုင်း လည်ချော ရိုးတွေ ငေါငေါထတဲ့အထိ လူထုကြီးနဲ့အတူ ဟစ်ကြွေးနေတယ်။ လူအ အားကလည်း အုံ့မခန်းများပြားလာလိုက်တာ လမ်းမပေါ်မှာ လှိုင်းလုံးကြ ကြွတက်လာသလိုပဲ ဟီးဟီးထလို့။

'+ - × ÷'

ရုတ်တရက် ဆဲသံတွေမိုးမွှန်ပြီး ဆူးလေလမ်းမတစ်ခြမ်းက လူအု ကြီးဘေးကိုရွဲသွားတယ်။ လူအုပ်ကြီးကြားထဲကို စစ်ကားတွေဟာ ရှေ့နော စီတန်းလို့ တရကြမ်းမောင်းနှင်ဝင်ရောက်လာကြတယ်။ လူတွေအကုန်လ စစ်ကားတွေကို အကြောင်သား ငေးကြည့်နေတုန်းမှာပဲ...

'ဖြောင်း'

'ဒိုင်း... ဒိုင်း... ဒိုင်း... ဒိုင်း'

'ဖြောင်း'

လူအုပ်ကြီး ဝေါခနဲပြိုဆင်းသွားတယ်။ ပုန်းတဲ့သူက ပုန်း။ ပြေ တဲ့သူက ပြေး။ ဝမ်းလျားမှောက်တဲ့သူက မှောက်။

'ဒတ်... ဒတ်... ဒတ်... ဒတ်... ဒတ်... ဒတ်.... ဒတ်

သေနတ်သံတွေ မစဲသေး။ ကံကောင်းချင်တော့ ငါနဲ့ ငါ့ညီမလေ



ကို့ ပုန်းစရာနေရာတစ်ခု ရလိုက်တယ်။ လမ်းမပေါ်မှာတော့ လူတွေ တစ် ယောက်မှမရှိတော့။ ဖန်ပုလင်းတစ်လုံးကို အရှိန်ပြင်းပြင်းနဲ့ ရိုက်ခွဲလိုက်သလို ဖြိုး အရပ်ရှစ်မျက်နှာကို လူအုပ်ကြီးဟာ လွင့်စဉ်သွားတယ်။

ခဏကြာတော့ အသံတွေ ပြန်တိတ်သွားတယ်။ အဲဒီတော့မှပဲ ဟိုတစ်စု ဒီတစ်စု လမ်းပေါ်ပြန်ထွက်လာကြတယ်။

'မှန်သွားပြီ၊ မှန်သွားပြီ၊ ဒီကောင်တွေပစ်လိုက်တာ နိုင်ငံခြားသား သတင်းထောက်တစ်ယောက်ကို မှန်သွားပြီ'

'အယုတ်တမာကောင်တွေ၊ ဓာတ်တူသားစားတဲ့ အယုတ်တမာ ကောင်တွေ'

'မိုးကြိုးပစ်ပါစေ'

'မအေလိုးစစ်ခွေးတွေ'

ဒေါသ။ ပြန်ထွက်လာတဲ့လူတိုင်းမှာ ဒေါသကိုယ်စီနဲ့ ပေါက်ကွဲ ထုန်ကြပြီ။ လက်အုပ်ချီခဲ့တဲ့ လက်တွေကို အုတ်နီခဲကိုင်တဲ့လက်တွေဖြစ် အောင် ဆွခဲ့ပြီ။ မေတ္တာပို့တဲ့ ပါးစပ်တွေကို ဆဲသံတွေထွက်လာအောင် ဆွခဲ့ပြီ။

'ကမ္ဘာမကျေ မြန်မာပြည်
ဒါတို့ပြည် ဒါတို့မြေ တို့ပိုင်တဲ့မြေ
တို့မြေ တို့မြေ'

ကမ္ဘာမကျေဟစ်ကြွေးလို့ လူအုပ်ကြီး ပြန်လည်စုစည်းမိပြန်တယ်။ ရှေ့ဆုံးက ဦးဆောင်လမ်းပြဖို့ ဒေါင်းအလံကို ကောင်းကင်ယံဆီ လွှင့်ထု လိုက်ပြီ။ ဒီတစ်ခါတော့ စစ်သားများပိတ်ဆို့ထားရာ ဆူးလေလမ်းမပေါ် တက်တော့ဘဲ မိုလ်ချုပ်လမ်းအတိုင်း ရေကျော်ဘက်ကို လူအုပ်ကြီးဟာ ဦးတည်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဖြောင်း… ဖြောင်း… ဖြောင်း… ဖြောင်း… ဖြောင်း…

သေနတ်သံတွေ ဘယ်လောက်ကြမ်းကြမ်း အများပြည်သူတွေ

တော့ အိမ်ပေါက်စေ့ထွက် လက်ခုပ်တီးအားပေးနေဆဲ။

'ဖြောင်း… ဖြောင်း… ဖြောင်း… ဖြောင်း… ဖြောင်း…

ကျည်ဆန်တွေ အရည်ပျော်သွားမတတ် လက်ခုပ်သံတွေက ကျ

လောင်စူးရှ။ လူအုပ်လေးကနေ လူအုပ်ကြီး၊ လူအုပ်ကြီးကနေ လမ်းမအပြ

အစုအဝေးကြီးအဖြစ် ကြီးထွားပြောင်းလဲလာပါပြီ။ ညီမလေးရော ငါ

အားတွေအလိုလိုပြန်တက်လာတယ်။ ပြန်တက်လာတဲ့အားတွေနဲ့ ရှိရင်

ဒေါသတွေကို ပေါင်းလိုက်တော့ ငါတို့မောင်နှမနှစ်ယောက်ရဲ့ အသံ

ဒီအထဲမှာ အကျယ်ဆုံးဖြစ်နေတာ အံ့သြရန် မလို။

'ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေ

ဒါတို့ပြည် ဒါတို့မြေ တို့ပိုင်တဲ့မြေ'

မေတ္တာပို့သံတွေ လုံးလုံးမကြားရတော့။ ဒါကလည်း သဘာဝ

ပါတယ်။ အခုလိုအခြေအနေမျိုးမှာ ဘယ်သူမှ အေးအေးလူလူ မေတ္တာမပို့

နိုင်တော့။ သံဃာတော်တွေရဲ့ မေတ္တာပို့ဆုတောင်းသံတွေနဲ့ စတင်ခဲ့

ဆန္ဒပြပွဲကြီးဟာလည်း အခုတော့ ဒီမိုကရေစီတိုက်ပွဲအသွင်ဆီ ကူးပြော

သွားခဲ့လေပြီ။

'ဖြောင်း… ဖြောင်း… ဖြောင်း… ဖြောင်း… ဖြောင်း…

ပုဇွန်တောင်ကနေတစ်ဆင့် ယုဇနပလာဇာကို ချီတက်၊ လက်

တီးသူက တီး၊ ရေတိုက်သူက တိုက်၊ မျက်နှာဖုံးတွေ ဝေတဲ့သူက

မျက်ရည်ဝဲသူက ဝဲ။ ငါတို့တစ်တွေကတော့ ခွပ်ဒေါင်းပျို့နဲ့အတူ ရဲရဲ

ချီတက်နေဆဲ။

'ဒို့အရေး… ဒို့အရေး'

အ·ထ·က (၃) တာမွေကျောင်းရှေ့ကိုရောက်တဲ့အခါ ရပ်ကွ



ထဲကလူငယ်တွေနဲ့ စစ်တပ်ကို ရင်ဆိုင်တွေ့နေကြတယ်။ လမ်းပေါ်မှာ စစ်ကားတွေသွားလို့မရအောင် လူတွေက အတားအဆီးတချို့နဲ့ ပိတ်ဆို့ထားတယ်။

'ဟေး'

'ဖြောင်း… ဖြောင်း… ဖြောင်း… ဖြောင်း… ဖြောင်း…'

ချီတက်လာတဲ့ ငါတို့လူအုပ်ကြီးကို တွေ့တဲ့အခါမှာ ဝမ်းသာအားရ ကြိုဆိုကြတယ်။ ဒေါင်းနဲ့ ပြည်သူ ပေါင်းမိပြန်တယ်။

ပဝါအနီတွေကိုယ်စီပတ်ထားတဲ့ စစ်သားတွေက ငါတို့တစ်တွေ ရှိရာဘက်ကို သေနတ်တွေနဲ့ ချိန်ထားတယ်။ ငါတို့ဘက်ကလူတွေကလည်း မအေတွေ နှမတွေနဲ့ ကလော်တုပ်ပြီး ဆဲနေတာပေါ့။ စစ်သားတွေက ရှေ့ကို တစ်ဆင့်ချင်းတိုးလာတယ်။ လူတွေကလည်း နောက်မဆုတ်။ ဆဲသံတွေ ပိုကျယ်လာတယ်။ အဲဒီလို လူတွေအကုန်လုံး ရှေ့ကိုမဲပြီး အာရုံစိုက်နေတဲ့အချိန်မှာပဲ နောက်ကနေ စစ်ကားကြီးတွေ ဘွားခနဲပေါ်လာတယ်။

'ဟာ…'

အားလုံးအကြောင်သားနဲ့ အငိုက်မိသွားတဲ့အချိန်မှာပဲ…

'ဒက်… ဒက်… ဒက်… ဒက်… ဒက်… ဒက်… ဒက်…'

ရှေ့နောက် နှစ်ဖက်ညှပ်ပစ်တယ်။ ခက်တာက တခြားနေရာတွေမှာလို ပုန်းခိုစရာ မရှိ။ ပြေးဝင်စရာလည်း မရှိ။ လူနေတိုက်တာတွေလည်း မရှိ။ ထွက်ပေါက်မရှိ ပိတ်မိလေပြီ။

'လာ… လာ ဒီအပေါ်တက်'

ငါ့ပခုံးပေါ် ညီမလေးကို တက်ခိုင်းလိုက်ပြီး ခုတ်တံတိုင်းကြီးပေါ်ကို ကျော်ခွတက်ခိုင်းလိုက်တယ်။ ငါ့မျက်စိရှေ့မှာပဲ လဲတဲ့သူက လဲ၊ အဖမ်းခံရတဲ့သူက ခံရ၊ အရိုက်ခံရတဲ့သူက ခံရနဲ့ ရှုပ်ယှက်ခတ်နေတယ်။ စစ်သားတွေကလည်း မည်းမည်းမြင်ရာ အကုန်ရိုက်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



'တက်ပါဟ မြန်မြန်'

တံတိုင်းဟိုဘက်ရောက်သွားအောင် နှင်းချိုကို တွန်းတင်ပြီးမှ တံတိုင်းပေါ်ကို ခုန်တက်မယ့်ဆဲဆဲမှာပဲ...

'ဒုတ်'

ငါ့ခေါင်း ပူခနဲဖြစ်သွားတယ်။

'အား'ခနဲအော်ပြီး လှည့်ကြည့်လိုက်တော့...

'ဖျန်း...'

ငါ့မျက်နှာပေါ်ကို လက်ဝါးကြမ်းကြမ်းကြီး အရှိန်ပြင်းပြင်း ကျလာတယ်။

'မကြည့်နဲ့၊ မော့မကြည့်နဲ့၊ ဝမ်းလျားမှောက်နေ'

သူတို့ပြောတဲ့အတိုင်းပဲ ဝမ်းလျားမှောက်နေရတယ်။ သူတို့စကား ကို နားမထောင်တဲ့သူတွေအတွက် ကျောပြင်မှာ ဘွတ်ဖိနပ်တံဆိပ်တွေ ခတ်နှိပ်ပေးတယ်။ ခဏကြာတော့ ငါတို့အားလုံးကို ဒိုင်နာကားတစ်စီးပေါ် အတင်းတွန်းထိုးတင်တယ်။ ကားပေါ်မှာ အားလုံးကို ခေါင်းငုံ့ခိုင်းထားတယ်။

ကြောက်စရာကောင်းလောက်တဲ့ မြန်နှုန်းနဲ့ ကားလမ်းတစ်လျှောက် တရကြမ်းမောင်းပြီး ဝင်းကြီးတစ်ခုထဲမှာ ရပ်သွားတယ်။ နောက်တော့မှ အင်းစိန် GT1ဆိုတာ သိရတယ်။ အထဲမှာလည်း ငါတို့အရင်ရောက်နေတဲ့ လူတွေက နည်းနည်းနောနော မဟုတ်။ ငါတို့လူအုပ်နဲ့ ထပ်ပေါင်းလိုက်တော့ ကန်ကြီးတစ်ကန်လုံးစာ ငါးတွေကို ပိုက်ကွန်သေးသေးလေးထဲ ဖမ်းထည့် ထားသလိုပဲ တစ်ကောင်ပေါ် တစ်ကောင် ဖျပ်ဖျပ်လူးနေရရှာတော့တယ်။

ညအိပ်တော့ တော်တော်ဒုက္ခရောက်တယ်။ လူတစ်ယောက် လှဲ အိပ်ဖို့တောင် လုံလောက်တဲ့နေရာအကျယ်အဝန်း မရှိတဲ့အတွက် တစ် ယောက်ပေါင်ပေါ် တစ်ယောက် ခေါင်းတင်ပြီးအိပ်ရတယ်။ လှုပ်မရ ထမရ။



ဘဲဥပြုတ်တစ်လုံးနဲ့ ထမင်းတစ်ဇလုံဟာ ငါတို့တစ်တွေရဲ့ မနက် ။ ဗိုက်ဝတာ မဝတာ ကိုယ့်ကံစွ။ ညနေဆိုရင် ဂေါ်ဖီရေလုံပြုတ်နဲ့ ကျောအေးစက်နေတဲ့ ထမင်းကြမ်းခဲတစ်ခဲ။ တစ်နေ့ နှစ်နပ်ပါပဲ။ ဘာမှ ပ်တောင်းခွင့် မရှိ။ ထမင်းကြမ်းခဲတွေ မာလိုက်ပုံများ ငါ့သွားတွေကို ာ်တာတပ်ပြီး တဂျွတ်ဂျွတ်ကျိတ်ပစ်ချင်စိတ်တွေ ပေါက်လာတယ်။

အဆိုးဆုံးက အိမ်သာပဲ။ ဒီလူအုပ်နဲ့ ဒီအိမ်သာနဲ့က ကဏန်းကျင်း ဝင်ပြီး မိကျောင်းကို ဥဥခိုင်းနေသလိုပဲ။ အဆင်မပြေ၊ မလုံမလောက်။ အလျှံပယ်'ဆိုတဲ့စကားက ငါတို့တစ်တွေ တက်နေရတဲ့ အိမ်သာကို ညွှန်း မှန်း ဒီထဲရောက်မှ သိရတော့တယ်လို့ တစ်ယောက်နဲ့ တစ်ယောက် ာက်ပြောင်ကြရင်း ဒုက္ခတွေကြားထဲက ရယ်မိကြသေးတယ်။

❖ ❖ ❖

နှင်းချိုရော။

ငါ့ညီမလေးကို ငါ စိုးရိမ်မိတယ်။ လွတ်အောင်ပြေးနိုင်ရဲ့လား သိ။ အခါအခွင့်သင့်တိုင်း မိန်းကလေးတွေအဆောင်ဘက်ကို ရှာကြည့် သေးတယ်။ မတွေ့၊ အိမ်နဲ့လည်း အဆက်အသွယ် မရ။

အိမ်ကလူတွေလည်း ဘယ်လိုနေကြသလဲ မသိ။ ငါ့ကိုတော့ တ်ပူနေကြမှာပဲ။ အမှန်တကယ်ဆိုရင် အခုချိန်မှာ ငါက ပင်လယ်ကူး သင်္ဘောကြီးပေါ် ရောက်နေရမှာ။ အခုတော့...

'ဟူး'

တစ်ပတ်လောက်ကြာတော့ လူတွေ တဖြည်းဖြည်းနည်းသွား ကိုလည်း တစ်ရက်တစ်ခါလောက် လူပေါင်းစုံက ခေါ်ယူစစ်ဆေးတယ် ပေမဲ့ ငါက သက်သာပါတယ်။ ဘာမေးမေး အကုန်ဝန်ခံတယ်။ အမှန်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ဖြေတယ်။ ဝှေလယ်ကြောင်ပတ်လုပ်တဲ့ကောင်တွေကတော့ ဆော် ပလော်တီးခံရတယ်။ တချို့ဆို မျက်နှာတွေ ဖူးယောင်လို့။

'ဟူး'

နောက်တစ်နေ့ကျတော့ ကားကြီးတစ်စီး ထိုးဆိုက်လာပြီး တက် တက် အကုန်တက်ကြဆိုပြီး လက်ကျန်ငါတို့တစ်စုကို ခေါ်သွားတယ် ကားပေါ်ရောက်တော့ ထုံးစံအတိုင်း ခေါင်းတွေငုံ့ထားရတယ်။ ဆင်း၊ ဆင် အမြန်ဆင်းဆိုတဲ့ အော်ငေါက်သံနဲ့ ကားအောက်ကိုရောက်လို့ ကြည့်လိုက် တဲ့အခါ . . .

'အင်းစိန်အကျဉ်းဦးစီးဌာန'

နံရံပေါ်က စာတန်းကို တွေ့လိုက်ရတော့ ဟက်ခနဲ တစ်ချက်ရယ် လိုက်မိတယ်။ ဖြစ်ပျက်ခဲ့တဲ့ပုံရိပ်တွေက ရုပ်ရှင်ကြည့်ရသလို မျက်လုံး ထဲမှာ တဖျတ်ဖျတ်ပြန်ပေါ်လာတယ်။ သေနတ်၊ သံဆူးကြိုး၊ သံယာတော် များ၊ ညီမလေးနှင်းချို၊ ဒို့အရေး၊ သဘော်သား၊ ဗိုလ်တထောင်ဘုရား။

'ဟူး'

လေပူကြီးမှုတ်ထုတ်လိုက်တယ်။ ကြည့်စမ်းပါဦး။ ငါ့အဖြစ် ဘယ်လောက်ရယ်ဖို့ကောင်းလိုက်သလဲ။ ဒါမှမဟုတ် ဘယ်လောက် နည်းစရာကောင်းလိုက်သလဲ။

သဘော်ပေါ်ရောက်ရင် မတစ်ထောင်သားတို့ရဲ့ ဗိုလ်ဖြစ်အော လို့ ဗိုလ်တထောင်ဘုရားပေါ်မှာ ယတြာသွားချေရာကနေ စလိုက်တဲ့ လမ်းက အဆုံးသတ်မှာတော့ ဗိုလ်မဖြစ်ဘဲ အကျဉ်းသားတစ်ယောက် ခဲ့ရပြီ။

❐ ❐ ❐

# နောက်ဆုံးအခန်းမှ ကမ္ဘာအသစ်

www.burmeseclassic.com

www.burmeseclassic.com

ပေါင်ချိန် ထိုင်ငိုလောက်တယ်။ တကယ့်ပြည့်သူ့တရားရှင်ကြီး
များပါပဲ။ အင်းစိန်ထောင်တွင်း တရားရုံးမှာပဲ သူတို့ဘာသာ သူတို့ တရား
တွေစွဲ၊ ပုဒ်မတွေတပ်၊ စီရင်ချက်တွေချ၊ အစိုးရကို အကြည်အညိုပျက်စေ
မှု၊ စိတ်ဓာန်းလမ်းလျှောက်မှု၊ မတရားအသင်းဖွဲ့မှု စသဖြင့် ဘာတွေမှန်းကောင်း
ကောင်းမမှတ်မိပါဘူး။ မှတ်မိတာကတော့…

ထောင်ဒဏ် ၅ နှစ်။

‘ဂျိုင်း’

သံတံခါးပိတ်သံကြီးကို ကနဦးနေ့ရက်တွေမှာ သွေးပျက်ချောက်
ချားမိတယ်ဆိုတာ ငါဝန်ခံပါတယ်။ ငါးနှစ်ဆိုတဲ့အချိန်အတိုင်းအတာကြီး
ကိုလည်း နှမြောမိတာလည်း အမှန်ပါပဲ။ ဒုက္ခတွေ ဖောဖောသီသီနဲ့ နေရ
ထိုင်ရတာ အတော်ကာသိကအောက်နိုင်တာကိုလည်း စိတ်ပျက်မိပါတယ်။

အဆိုးဆုံးကတော့ သံတိုင်တွေနဲ့ အုတ်တံတိုင်းအမြင့်ကြီးတွေပဲ။
ခင်းတို့ပဲ စဉ်းစားကြည့်လေ။ ငါ့လိုမျိုး တစ်နေကုန် တစ်နေခန်း ရွာမိုးတိုး
ပေါက် လျှောက်သွားတတ်တဲ့ကောင်မျိုးတွက် အခန်းကျဉ်းလေးထဲမှာနေရ
တဲ့ ဝဋ်ဒုက္ခက ဘယ်လောက်ကြီးမားလိုက်မလဲဆိုတာကို။ ရေးချင်တိုင်း

www.burmeseclassic.com



လည်း မချိုးရ။ အစားအသောက်ကလည်း နံ့ချာစုတ်ပြတ်။ လူတွေအကျ
လုံးကလည်း ပြစ်ဒဏ်ကိုယ်စီနဲ့ ညစ်နွမ်း။ အနံ့အသက်ကလည်း ဆိုးရွာ
ဒီကြားထဲ ပုံစံဆိုတာကြီးက တော်တော်ဆိုးတယ်။ တစ်ခုခုစစ်ဆေးဖို့ရှိ
ပြီဆိုရင် လက်နှစ်ဖက်ကို ခေါင်းပေါ်တင်၊ ဆောင့်ကြောင့်ထိုင်ပြီး ခေါ
ငုံ့ထားရတယ်။ ဒါ သက်သက် အကျဉ်းသားတွေရဲ့ စိတ်ဓာတ်ကို ရိုက်
တာလေ။

တစ်ခါတလေ စိတ်ပေါက်ပေါက်နဲ့ တွေးမိတယ်။ သူများတွေ
မုဒိမ်းလည်းမကျင့်၊ လူလည်းမသတ်၊ သူတစ်ပါးပစ္စည်းလည်း မခိုးဘဲ
မေတ္တာပို့ လမ်းလျှောက်တဲ့သူတွေကျ အဖမ်းခံရပြီး ဘုန်းကြီးတွေကို ရိုက
ပြည်သူတွေကို ပစ်တဲ့ကောင်တွေကျတော့ ရာထူးတိုးပေးတာ ဘာသဘေ
လဲ။ တစ်လောကလုံး ရူးနေကြပြီလား။ ဘာဖြစ်လို့ လက်ပိုက်ကြည့်နေ
တာလဲ။ လူအများသွေးမြေခဲ့ရတဲ့ အမှန်တရားရရှိရေးတိုက်ပွဲကို ဘာ
လွယ်လွယ်နဲ့ အဆုံးသတ်သွားကြရတာလဲ။ ဇာတ်သိမ်းကတော့ ရုပ်ပျ
ဆင်းပျက်နိုင်လွန်းပါတယ်ကွာ။

ငါ့ညီမလေး အဖမ်းမခံရဘူးဆိုတာရယ်၊ ငါ့အိမ်နဲ့ ပုံမှန်တွေ့
ရနေတာကိုပဲ တော်သေးတယ်လို့ ပြောရမယ်။ ထောင်ဆိုတာကတော့
ကောင်တို့ရေ… ကိုယ်တိုင်မကြုံဖူးဘဲနဲ့ ဘယ်လိုမှ ဝင်ရောက်ခံစားပေ
ရမယ့်အတွေ့အကြုံမျိုး မဟုတ်ဘူး။ ထောင်ထဲမှာ တွေ့ရသမျှဒုက္ခတွေ
ချရေးမယ်ဆိုရင် ကမ္ဘာပေါ်မှာ ရှိရှိသမျှစက္ကူတွေနဲ့တောင် ရေးလို့လော
မှာ မဟုတ်ဘူး။

အဲဒီလို ဒုက္ခတွေနဲ့ လူးလိမ့်နေရတဲ့ကြားထဲ အခန်းတွေကလည်
မကြာမကြာပြောင်းရသေးတယ်။ တစ်ခန်းပြီး နောက်တစ်ခန်းပြီး နောက်



တစ်ခန်းအပြီး နောက်ဆုံးအခန်းထိ။ လေးနေရာရှိသွားပြီ။ အခု နောက်ဆုံးအခန်းမှာတော့ နေနေရတာ အတော်ကြာပြီ။ ထောင်ပါးနည်းနည်းဝသွားလို့လားတော့ မသိဘူး။ အရင်အခန်းတွေမှာလောက် စိတ်မညစ်တော့ဘူး။ အထူးသဖြင့်တော့ ငါ့ရဲ့အခန်းဖော်ပဲ။

ဟုတ်တယ်၊ ငါ့အခန်းဖော်အစ်ကိုကြီးက ၈ လေးလုံးအရေးအခင်းမှာ ပါဝင်ခဲ့တဲ့ကျောင်းသားကြီးတစ်ယောက်။ သူနဲ့စကား ပြောရတာ အင်မတန်စိတ်ဝင်စားဖို့ကောင်းတယ်။ ဗဟုသုတတွေလည်း အများကြီးရတယ်။ သူတို့တုန်းက ငါတို့နဲ့ ဘာမှမဆိုင်ဘူး။ ထောင်ထဲမှာလည်း အသားကုန်နှိပ်စက်ခံရတာ။ စာရေးစာဖတ်ဖို့ မပြောနဲ့။ စကားတောင် လွတ်လွတ်လပ်လပ်ပြောခွင့် မရှိဘူး။ ဒီကြားထဲ စစ်ကြောရေးဆို သေပြီသာမှတ်။ ဘာတဲ့ စစ်ခွေးတိုက်တို့၊ ဘာတို့ရောက်သွားတဲ့ တချို့ဆို ဂေါက်တောက်တောက်တောင် ဖြစ်ကုန်တယ်တဲ့။ ထောင်ထဲမှာပဲ ဆုံးပါးသွားရရှာတဲ့ လူငယ်တွေလည်း အများကြီးပဲတဲ့။

သူတို့တွေရဲ့ ခံယူချက်တွေကြားရတာ ငါ့မှာ ကြက်သီးတောင်ထတယ်။ နိုင်ငံရေးဆိုတာ သူတို့ရဲ့ အသွေးအသားပဲ။ ငါ့လို လမ်းကြုံလို့ဝင်လုပ်ကြတာ မဟုတ်ဘူး။ ငါတွေ့တဲ့ဒုက္ခက သူတို့နဲ့ယှဉ်လိုက်ရင် တီကောင်နဲ့ စပါးကြီးမြွေ ယှဉ်လိုက်သလိုပဲ။ ဘာမှမဆိုင်ဘူး။ အဲဒီလို နောင်တော်ကြီးတွေအကြောင်း ကြားသိလိုက်ရတော့မှပဲ ငါလည်း စိတ်နည်းနည်းဖြေနိုင်သွားတော့တယ်။ ဒါ့အပြင်…

'ကောင်လေး ရော့… ဒါဖတ်ကြည့်'

ငါ့လက်ထဲကို နောင်တော်ကျောင်းသားကြီးက စာအုပ်တစ်အုပ်ထည့်ပေးတယ်။

'ဘာစာအုပ်လဲ'

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားကြီးက ဘာမှပြန်မပြော။ ဖတ်ကြည့်ဖို့ပဲ ပြောတယ် ငါလည်း အားနေတာနဲ့ ဖတ်ကြည့်လိုက်တယ်။ စာမျက်နှာနှစ်ဆယ်လော ရောက်ရော အဲဒီစာအုပ်ဆက်မဖတ်ရတော့မှာကို ငါကြောက်လာတယ် စာအုပ်ကြီးက နှစ်အုပ်တွဲ။ မျက်နှာနဲ့ခွာလို့ မရတော့။ ညနေဘက် လုပ် ကျ ခြင်းခတ်တာတောင် စိတ်မဖြောင့်။ အခန်းထဲကိုဝင်ပြီး စာအုပ် ဆက်ဖတ်ချင်နေတယ်။ ညဘက်ရောက်တော့လည်း မအိပ်ချင် အိပ်ချင် အိပ်လိုက်ရတယ်။ နောက်တစ်နေ့ရောက်တော့ တစ်နေကုန် စာအုပ်နဲ့ မျက် မခွာနိုင်တော့။ ခြင်းတောင်ထွက်မကစားဖြစ်။

စာအုပ်ရဲ့ နောက်ဆုံးစာမျက်နှာကို ဖတ်ပြီးတဲ့တိုင် စာအုပ်ကိုမပိတ် နိုင်သေး။ ငါ့ရင်ထဲမှာ လှိုက်မောတုန်ယင် ကျန်ခဲ့တယ်။ စာအုပ်ကို ဘေး ချပြီး နံရံပေါ် ကျောမှီလိုက်တယ်။ ငါ့ရှေ့မှာ သံတိုင်တွေပဲရှိပေမယ့် ငါ့ မျက်လုံးထဲမှာတော့ သမိုင်းဝင်အဖြစ်အပျက်တွေကို တဖျတ်ဖျတ်မြင် ယောင်နေတယ်။

'ဘယ်လိုလဲ ကောင်လေး၊ စာအုပ်ဖတ်ပြီးသွားပြီလား'

စာအုပ်ကြီးဘေးမှာချလို့ ငူငူငိုင်ငိုင်လုပ်နေတဲ့ ငါ့ကို ကျောင်းသား ကြီးက မေးတယ်။

'ဘာပြောကောင်းမလဲ အစ်ကိုကြီးရယ်၊ အခုဖတ်ပြီးလို့ နှမြော နေတာ'

ကျောင်းသားကြီးက တစ်ချက်ပြုံးတယ်။

'အေး… မင်းက စာကို ဂေါရင်ဂျီအရက်သောက်သလို နင်းကန် ဖတ်တာကိုးကွ၊ အရသာရှိရှိ မြိမ်ဆွဲပြီးဖတ်ရတယ်ကွ'

'ဒါကတော့ ဝတ္ထုကလည်း လက်ကမချနိုင်လောက်အောင် ဆွဲ ဆောင်မှုအားကောင်းတာကိုး။ ဒါနဲ့ ကျွန်တော် မရှင်းတာလေးရှိလို့ မေးပါရစေဦး'

ကျောင်းသားကြီးက ဘာလဲဆိုတဲ့သဘောမျိုးနဲ့ ခေါင်းဆတ်ပြ တယ်။

'ဒီစာအုပ်ထဲမှာပါတဲ့ ကိုနုတို့၊ ကိုအောင်ဆန်းတို့ဆိုတာ ဝန်ကြီး ပ်ဦးနုနဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ကို ပြောတာမဟုတ်လား'

'အေး… ဟုတ်တယ်လေ'

'ဒါဆို တင်ထွန်းတို့၊ မမြမှီတို့ကလည်း တကယ့်အပြင်မှာရှိတဲ့ တွေပဲလား'

'အဲ…

ကျောင်းသားကြီးက ခေါင်းတစ်ချက်ကုတ်တယ်။

'အဲလိုတော့ မဟုတ်ဘူးလေ၊ ဗိုလ်ချုပ်တို့ကတော့ တကယ့်သက်ရှိ မယ့် မမြမှီတို့၊ တင်ထန်းတို့ကတော့ စာရေးသူရဲစိတ်ကူးယဉ်ဇာတ်ကောင် လေ၊ အဲထဲမှာပါတဲ့ တက်ဘုန်းကြီးကိုသိန်းဖေဆိုတာ ဒီစာအုပ်ထဲရေးတဲ့ ရာသိန်းဖေမြင့်ကိုယ်တိုင်ပဲလေ'

'ဩော်…'

'ကျွန်တော်က အပြင်မှာ တကယ်ရှိတဲ့လူတွေအကြောင်း မှတ် တာ'

'ဒါကတော့ စာရေးဆရာရဲ့ ကျွမ်းကျင်မှုပေါ့ကွာ'

ငါ ဘာမှဆက်မပြောတော့။ ဘေးမှာချထားတဲ့ စာအုပ်ကိုပဲ လးလေးစားစားကြည့်လိုက်ပြီး စာအုပ်အဖုံးပေါ်မှာရေးထားတဲ့ စာတွေကို တ်ထဲကနေ အသံထွက်ဖတ်ကြည့်လိုက်တယ်။

''သိန်းဖေမြင့်၊ အရှေ့က နေဝန်းထွက်သည့်ပမာ'

ခဏကြာတော့မှ…

'နောက်ထပ် စာအုပ်တွေရှိရင် ကျွန်တော့်ကိုပေးပါဦး'

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားကြီးက တစ်ချက်ရယ်တယ်။ ပြီးတော့မှ စာအု တစ်အုပ် ထုတ်ပေးတယ်။ စာရေးဆရာနာမည်နဲ့ စာအုပ်နာမည်ကိုတော မကြည့်နိုင်တော့။ ပထမဆုံးစာမျက်နှာကို အငမ်းမရလှန်လိုက်တယ်။ နော တစ်မျက်နှာ။ နောက်ထပ်တစ်မျက်နှာ။ စာမျက်နှာပေါင်းများစွာ။ အ ပေါင်းများစွာ။

❖ ❖ ❖

လူတော်တော်များများအတွက်တော့ ထောင်ကျတယ်ဆိုတာ ကံ လို့လို့ ထင်ချင် ထင်လိမ့်ကြမယ်။ ငါ့အတွက်တော့ လုံးဝမဟုတ်ဘူ ထောင်ထဲမှာ ငါ့မျက်လုံးကို ငါ ပြန်ရှာတွေ့ခဲ့တယ်။

တကယ်ပြောတာ။ အရင်တုန်းက အရာရာကို မျက်လုံး တစ်ဆင့် မြင်တွေ့သိရှိတယ်လို့ ထင်ခဲ့ဖူးတယ်။ တကယ်တော့ မဟုတ် ကွ။ ဥပမာကွာ အုန်းသီးတစ်လုံးကို မင်းလက်ထဲ ထည့်ပေးလိုက်မ ဒါပေမဲ့ မင်းက အဲဒီအုန်းသီးထဲမှာ ချိုမြိန်အေးမြတဲ့ အရည်ပါမှန်း ဘူး။ အပြင်ပန်းသက်သက် အခွံမာကြီးကို တွေ့ပြီး လွှင့်ပစ်လိုက်ရင် ဘာ မလဲ။ မင်း အုန်းရည်သောက်ခွင့် ဆုံးရှုံးသွားပြီပေါ့။

မြင်သာ မြင်တယ် မတွေ့လို့ပဲ ပြောရမှာပေါ့ကွာ။ အမြင်သ သက်ပဲရှိတဲ့သူတွေကတော့ ဘယ်အရာမဆို စမ်းတဝါးဝါးပဲ သွားနေရ မယ်။ ဒါကြောင့် အမြင်ကန်းခြင်းထက် အသိမကန်းဖို့က သိပ်အရေးြ တယ်။

အသိမကန်းဖို့ရာအတွက်လည်း စာအုပ်တွေလိုအပ်တယ်ကွ။ ချိန်မှာတော့ ငါ့အိမ်က ငါ့အဖေစာအုပ်တွေကို လွမ်းသကွာ။

ငါကတော့ အုတ်တံတိုင်းကြီးအတွင်းကနေပဲ ကနောင်မင်းသ



ကြီးရဲ့ ဉာဏ်အမြော်အမြင်ကြီးမှုတွေကို တွေ့ခဲ့ရသလို ဟာစ်တလာရဲ့ ရက်စက် ယုတ်မာမှုများနဲ့ ဂန္ဒီကြီးရဲ့ စိတ်စေတနာကို နားလည်ကာ ချေကွေဗားရား ရဲ့ ပုန်ကန်မှုများကို အားကျပြီး ဆိုဗီယက်ပြည်ထောင်စုပြိုကွဲရခြင်းနဲ့ ဗိုလ် ချုပ်အောင်ဆန်းရဲ့ ရဲရဲတောက်မိန့်ခွန်းတွေကို မှတ်သားနာယူပြီး နှစ်နှစ်ခြိုက် ခြိုက်အိပ်ပျော်နိုင်ခဲ့ပြီ။

ဘာပဲပြောပြော ၈ ပေ × ၁၀ ပေ အခန်းကျဉ်းလေးထဲမှာ ငါ့ရဲ့ ကမ္ဘာသစ်တစ်ခုကို ရှာတွေ့ခဲ့ပြီလေ။ ကံအကောင်းဆုံးအချက်ကတော့ ဖတ်ခွင့်တင် မဟုတ်ဘူး။ စာရေးခွင့်ပါ ရနေတာပဲ။ ဒါကလည်း ငါတို့ ရှုက နှောင်တော်ကြီးတွေရဲ့ အနစ်နာခံတိုက်ပွဲဝင်ခဲ့တဲ့ အကျိုးကျေးဇူးတွေ ပေါ့ကွာ။ အဲဒီနှောင်တော်ကျောင်းသားကြီးတွေရဲ့ကျေးဇူးကို ပြန်ဆပ်နိုင်ဖို့ ဆန္ဒရှာန်ချထားတယ် သိလား။

ဒါတွေအားလုံးဟာ မင်းတို့ကို သတိရတာနဲ့ ငါတို့တစ်တွေ ကြောင်းကို စိတ်ထဲပေါ်လာသလို ချရေးလိုက်တာပါ။ အခုဆို ရေးရင်း ရင်းနဲ့ အတော်လေးကို ရှည်သွားပြီ။ ငါတို့တစ်တွေလုပ်ခဲ့တာတွေကို န်တယ်၊ မှားတယ်လို့ သုံးသပ်ချင်တဲ့သဘော မဟုတ်ပါဘူး။ ငါတို့တစ်တွေ ယ်တော့မှ ပြန်မရတော့မယ့် လူငယ်ဘဝလေးကို အလွမ်းပြေမှတ်တမ်း င်ရုံသက်သက်ပါပဲ။

မင်းတို့ သားသမီးတွေရလာတဲ့အခါကျရင် ပေးဖတ်ချင် ပေးဖတ် ိုက်ပေါ့။ ဒါမှ ငါတို့တစ်တွေရဲ့ အမှားတွေကိုကြည့်ပြီး ဆင်ခြင်သင့်တာ င်ခြင်နိုင်မှာပေါ့။ မဟုတ်ဘူးလား။

ထောင်ဆိုတာလည်းကွာ... ငါအမြဲတမ်းစားနေကျ လေးသီးပေါ့ လေးလိုပါပဲ။ ကျရက်တွေကို တပြွတ်ပြွတ်စုပ်ရင်း အချိုကုန်သွားတဲ့အချိန်

www.burmeseclassic.com

ကျတော့လည်း ထောင်ကြီးက ငါ့ကို လွှင့်ပစ်လိုက်မှာပါ။ အဲဒီအခါ
ငါတို့တတွေ အားရပါးရ ပြန်တွေ့ကြတာပေါ့။

ကျေးဇူးပါပဲကွာ။ ဒီနေရာထိရောက်အောင် စိတ်ရှည်လက်
ဖတ်ခဲ့တဲ့ ငါ့ကောင်တွေအားလုံးကို ကျေးဇူးပါ။ တကယ့်စာရေးဆရာကြီး
လိုတော့ ငါရေးတဲ့စာတွေက ပြေပြစ်လှပမှာ မဟုတ်ဘူး။ ငါကတော့
ရင်ထဲ ဖီးလ်လာရင် လာသလိုရေးလိုက်တာပဲ။ မင်းတို့ ဖတ်ဖြစ်တယ်ဆို
ပဲ ကျေနပ်ပါပြီ။

ထန်အုပ်၊ ဂေါ်ပြား၊ အာပုပ်၊ ဘီလူးတို့အတွ

မင်းတို့ရဲ့သူငယ်

နှင်း

❐ ❐ ❐

စာအုပ်ကို ပိတ်လိုက်သည်။

ရေးလက်စစာအုပ်ကို ပိတ်လိုက်သည်။

ကျေနပ်နှစ်သက်စွာဖြင့် ရေးလက်စစာအုပ်ကို ပိတ်လိုက်သည်။

ထို့နောက် ထောင်ဝင်စာတွေ့ရန် ရောက်ရှိလာသော မိခင်ဖြစ်သူ၏ လက်ထဲသို့ ပေါ့ပေါ့ပါးပါး ထည့်ပေးလိုက်သည်။

'မေကြီး ဒီစာအုပ်ကို ကျွန်တော့်သူငယ်ချင်းတွေစီ မိတ္တူတစ်စုံ စီဆွဲပြီး ပို့ပေးလိုက်ပါ'

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

'မူရင်းကိုရော သိမ်းထားရမှာလား'

မိခင်ဖြစ်သူ၏ အမေးကို နှင်းခါးက ခေါင်းခါပြသည်။

'မလိုပါဘူးဗျာ၊ မူရင်းဆိုတာ စာရွက်ထဲမှာ မရှိပါဘူး၊ ဟောဒီ ရင်ဘတ်ထဲမှာပါ'

သူ့စကား၏အဓိပ္ပာယ်ကို မိခင်ဖြစ်သူက နားလည်ချင်မှ နားလည်ပေမည်။ သူ့သွေးကြောထဲတွင်တော့ သူရေးခဲ့သော စကားလုံးများသည် အချိန်ပြည့်စီးဆင်းလျက်ရှိ၏။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

ဂေါ်ပြားသည် ဖတ်ရှုပြီးဆုံးသွားသော စာအုပ်ကို ပြန်မပိတ်နိုင်တော့ဘဲ ဝရန်တာသို့ထွက်၍ ပြင်ပသို့ ငေးငူလျက်ရှိသည်။ သို့သော် ပြင်ပရှုခင်းများကို တစ်ခုမှမတွေ့ရ။ အဘယ်ကြောင့်ဆိုသော် သူ့မျက်စိထဲ၌ အတိတ်ပုံရိပ်တို့သာ ပြေးလွှားနေသောကြောင့်ဖြစ်သည်။

ထန်အုပ်သည် သူဖတ်နေသည့်စာအုပ်ကို ပိတ်၍ မွေ့ရာပေါ်သို့ အသာပစ်တင်လိုက်သည်။ ခန္ဓာကိုယ်က မလှုပ်မရှား။ ခုတင်အစွန်းကွင် ထိုင်လျက်။ နှုတ်ခမ်းကို သွားဖြင့်တင်းတင်းကိုက်ထားသည်။

အာပုပ်သည် ဖတ်စရာ တစ်ရွက်မျှမကျန်တော့သည့် စာအုပ်ကိုသာ တွေတွေကြီးငေးလျက် မလှုပ်မယှက်ထိုင်နေမိသည်။ သူ့စိတ်ထဲ၌ နောက်ထပ်စာမျက်နှာများကို ဖတ်ရှုခွင့်ရရှိရန် အာသီသများ ပြင်းပြလျက်ရှိသည်။

ဘီလူးကတော့ စာအုပ်ကို ဘေးချကာ အဲယားကွန်းကို ပိတ်လိုက်သည်။ အဲယားကွန်းမှ လေအေးများသည် သူ့မျက်နှာသို့ တည့်တည့်ကျနေခြင်းကြောင့် ပိတ်လိုက်ရခြင်းဖြစ်သည်။ ထိုကဲ့သို့ မျက်နှာကို တည့်တည့်ကျနေခြင်းကြောင့် မျက်ရည်များကျဆင်းလာသည်ဟု ထင်မိ၍ဖြစ်သည်။

မဟုတ်ပါ။

အဲယားကွန်းလေကြောင့် မျက်ရည်များကျလာခြင်းဆိုသည်မှာ မဟုတ်ပါ။ ဘီလူးတစ်ယောက်တည်း မျက်ရည်များကျရသည် မဟုတ်ပါ။

www.burmeseclassic.com



မတူညီသောအချိန်၊ မတူညီသောနေရာများ၌ ဖတ်နေရသော်လည်း စာအု
အဆုံးတွင် သူတို့အားလုံးသည် မျက်ရည်များ တူညီစွာလိမ့်ဆင်းလာ
တော့သည်။

သံတိုင်များနောက်ကွယ်မှ ချစ်သူငယ်ချင်းနှင်းခါးကို လွမ်းဆွတ
စိတ်ဖြင့် အလိုလိုကျဆင်းလာသည့် ထိုမျက်ရည်များကိုတော့ သုတ်ဖယ်
ရန် တစ်ဦးတစ်ယောက်ထံတွင်မှာမှ စိတ်ကူးမရှိ။

❒ ❒ ❒

# အခန်းအပြင်သို့

www.burmeseclassic.com

www.burmeseclassic.com

လွတ်ငြိမ်းချမ်းသာခွင့်ဟူသော အမိန့်ဖြင့် လွတ်ရက်မစေ့ခင် သုံးလစော၍ ထောင်မှ ထွက်ခဲ့ရသည်။

'ကောင်လေး အပြင်မှာ အချိန်တွေမဖြုန်းနဲ့ကွာ'

ဆိုသည့် အခန်းဖော်ကျောင်းသားကြီး၏ စကားကို ထမ်းပိုးလျက် ရန်ကုန်မြို့သို့ ပြန်လာခဲ့ပါပြီ။

ရက်တရက် အိမ်သို့ပြန်ရောက်လာသော နှင်းခါးကို တွေ့လိုက်ရသည့်အခါ မိဘနှစ်ပါးစလုံး အံ့သြဝမ်းသာလျက်ရှိသည်။ သူတို့အိမ်လေးကတော့ ထူးထူးခြားခြား အပြောင်းအလဲမရှိ။ အိမ်ရှေ့ဆိုင်ကလေးမှာ ပုံမှန်ရောင်းဝယ်ဖောက်ကားနေသကဲ့သို့ သူ့အဖေ ရေဒီယိုလေးမှလည်း တစ်ကမ္ဘာလုံးမှ အသံများကို ဖမ်းယူနားသောတဆင်နေဆဲ။ အခုချိန်တွင်တော့ သူ့အဖေနှင့် သူ့ကြားထဲ၌ ပြောစရာစကားများ အများအပြားရှိလာလေပြီ။

'ညီမလေးရော မေကြီး၊ ကျောင်းသွားနေလား'

သူ အတွေ့ချင်ဆုံး ညီမလေးကို မတွေ့ရသဖြင့် မေးလိုက်သည်။ သူ အထဲမှာရှိစဉ်တုန်းကလည်း ညီမလေးအနေဖြင့် ကျောင်းစာများနှင့် အလုပ်ရှုပ်နေမည်ကိုသိသဖြင့် ထောင်ဝင်စာလာမတွေ့နိုင်ခြင်းကို နားလည်ပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'အင်း'

မိခင်ဖြစ်သူ၏ မျက်နှာမှာ ရုတ်ခြည်းပြောင်းသွားသည်ကို သတိ ထားမိသည်။

'ဟိုဒင်း.... ဟိုဟာ'

'ဘာဖြစ်လို့လဲ မေကြီး၊ ညီမလေး ဘာဖြစ်လို့လဲ'

နှင်းခါးက စိုးရိမ်တကြီး မေးလိုက်သည်။

'ကဲ... နေ... နေ... ငါရှင်းပြလိုက်မယ်၊ သား ဒီကိုလာဦး'

သူ့အဖေဘေးသို့ နှင်းခါး ဝင်ထိုင်လိုက်သည်။

'ဒီလို သားရေ'

'ဟုတ်'

လေးနှစ်ကျော်ဝေးကွာခဲ့သော သားဖြစ်သူ၏ပခုံးကို အဖေ တယုတယသိုင်းဖက်လိုက်၏။

'မင်းညီမလေးနှင်းချို အိမ်ထောင်ကျသွားပြီ'

'ဗျာ'

နှင်းခါးက အလန့်တကြား ထအော်သည်။

'သိပ်မအံ့သြပါနဲ့ သားရယ်၊ သီးချိန်တန် သီး၊ ပွင့်ချိန်တန် ပွ ဆိုတဲ့စကားလည်း ရှိသေးတယ်မဟုတ်လား'

'မဟုတ်သေးပါဘူး ဖေကြီးရာ၊ ညီမလေးက ကျောင်းမှမပြီးသေး တာ၊ ပညာရေးတိုးလိုးတန်းလန်းကြီးနဲ့'

မနက်စောစော ခြင်ထောင်လေးထဲမှ ပါးဖောင်းဖောင်းလေး ပြန်မြင်ယောင်လာသည်။ လိုချင်တာရတိုင်း တခစ်ခစ်နှင့် ကလေးတ ယောက်ကဲ့သို့ အပြစ်ကင်းစင်သော ညီမလေးနှင်းချို၏ ရယ်သံများ ကြားယောင်မိလာသည်။ အခုတော့...



'ယောက်ျားနောက်လိုက်ပြေးတာမဟုတ်လား ဖေကြီး'

သူ့အဖေက ဘာမှပြန်မဖြေ။ အိမ်ရှေ့သို့သာ မျက်နှာလွှဲထားသည်။

'ဟုတ်တယ်မဟုတ်လားဟင် မေကြီး'

နှင်းခါးက မိခင်ဘက်သို့ လှည့်၍ မေးရပြန်သည်။ သူ့အမေက ည်း ဘာမှပြန်မဖြေ။ သို့သော် သူ့အမေပါးပြင်ပေါ်သို့ လိမ့်ဆင်းလာသည့် က်ရည်များက ဟုတ်မှန်ကြောင်း ဝန်ခံနေသကဲ့သို့ပင်။

'တောက်'

နှင်းခါး၏ တောက်ခေါက်သံက တိတ်ဆိတ်နေသော တိုက်ခန်း လးထဲ၌ ဟိန်းထွက်သွားသည်။

'တော်တော်မိုက်တဲ့ဟာမပဲ၊ အကုန်လုံးကို သူ့ပညာရေးအတွက် အောပေးထားတဲ့ဟာကို၊ သင်းမို့လို့ လုပ်ရက်လိုက်တာ၊ ပြောပါဦး ဘယ် ကောင်နဲ့ လိုက်ပြေးသွားတာလဲ'

သူ့အမေက ဘာမှပြန်မဖြေ။ မျက်ရည်များ စို့ရွဲနေသည့်မျက်နှာ ဖြင့်သာ ဘယ်ညာယမ်းနေသည်။

'ကဲ... သားရယ်၊ အခုမှ ခရီးဝေးကြီးက ပြန်ရောက်တာ စိတ် င်းရဲစရာတွေ ပြောမနေပါနဲ့တော့လား၊ သွား... စိတ်ကြည်သွားအောင် ရေမိုးချိုးလိုက်ပါဦး'

'မရဘူး၊ ဘယ်လိုလုပ် ရေချိုးနိုင်မှာလဲ ဖေကြီးရယ်၊ ရေချိုးရုံနဲ့ ည်း စိတ်ကြည်နိုင်မှာ မဟုတ်ဘူး၊ ရေကိုလည်း ဖြောင့်ဖြောင့်ချိုးနိုင်မှာ ဟုတ်ဘူး၊ ကဲ... ပြောပါ၊ ဘယ်ကောင်နဲ့ လိုက်ပြေးသွားတာလဲဆိုတာ ဆိုပဲ အရင်ပြောပြပေးပါဗျာ'

သူ့ဘက်က တောင်းတောင်းပန်ပန်မေးမှသာ သူ့အမေက ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ဟန်ပြင်သည်။ သို့သော် ငိုသံများနှင့် ဆို့နစ်၍ ဘာစကားမှ ထွက်မလာ
သူ့အဖေက ဝင်ဖြေသည်။

'ကြီးမောင်နဲ့'

'ဘာ'

လျှပ်စီးတစ်ချက်လက်သွားသည်။

'ကိုကြီးမောင်နဲ့ ဟုတ်လား'

သူ လုံးဝမမျှော်လင့်ထားသည့် နာမည်တစ်ခု။ အလိုလို လက်
ဆုပ်မိသွားသည်။

'တောက်··· မိုက်ရိုင်းလိုက်တဲ့ကောင်'

သူ ထိုင်ရာမှ ထလိုက်သည်။

'ဟဲ့··· သား··· သား ဘယ်လဲ'

သူ့အမေ၏ အော်သံ။

'ဆွဲပါဦး ယောကျ်ား၊ သားကို ဆွဲပါဦး'

'ဟော့ကောင် ထိုင်စမ်း၊ မင်း ဘယ်သွားမလို့လဲ

နှင်းခါးအဖေက နှင်းခါးကိုဆွဲကာ ထိုင်ခုံ၌ ထိုင်စေသည်။

'အခုပဲ အထဲကထွက်လာတယ်၊ ဘာလဲ ပြန်ဝင်ချင်နေပြီလားဟ

သားသမီးကို အစဉ်အမြဲ ချိုချိုသာသာဆက်ဆံလေ့ရှိသည့် နှင်း
အဖေထံမှ အော်ငေါက်သံထွက်လာသည်။ နှင်းခါးအမေကတော့ ဘ
မပြောနိုင်။ တရှုပ်ရှုပ်နှင့်သာ ငိုကြွေးနေသည်။

နှင်းခါးပင် သူ့အမေငိုကြွေးနေပုံကိုကြည့်၍ အံ့သြမိသည်။ ယခ
ယခုကဲ့သို့ မဟုတ်။ သူ့အမေသည် အလွန်မာကျောသော အမျိုးသမီးဖြ
တစ်ယောက်ပါ။ သားက ထောင်ကျ၊ သမီးက လင်နောက်လိုက်သည့်အ
များကြောင့် မာန်စွယ်များကျိုးခဲ့ရပြီလား။



သူ ထောင်ကျစဉ်ကလည်း အဘယ်မျှငိုခဲ့ရသည် မသိ။ ယခု
ထောင်ကလွတ်လွတ်ချင်းလည်း မိခင်ကို ငိုအောင်လုပ်မိခဲ့ပြန်သည်။

'ဖူး'

လေပူများ မှုတ်ထုတ်လိုက်သည်။ စိတ်လျှော့၊ နှင်းခါး စိတ်လျှော့။
မိဘတွေတောင် မတတ်နိုင်လို့ လက်လျှော့ရသေးတာပဲ။ ငါလိုအစ်ကိုတစ်
ယောက်က ဘာတတ်နိုင်မှာလဲဟု စိတ်ဖြေလိုက်တော့မှသာ အတန်ငယ်
နေသာထိုင်သာရှိသွားသည်။

'သား ရေသွားချိုးလိုက်ဦးမယ်'

'အေး··· အေး··· ချိုး သား တဝကြီးချိုးပစ်လိုက်၊ မေကြီးလေ
သားအကြိုက် ချဉ်ပေါင်ရွက်ဟင်းချိုရယ်၊ ငါးပိရည်တို့စရာရယ်၊ ငါးဖယ်
ဆီပြန်ရယ် ချက်လိုက်ဦးမယ်၊ စိတ်အေးလက်အေးချိုး'

ဦးခေါင်းမှ ခြေဖျားအထိ တစ်ကိုယ်လုံးအေးစက်သွားအောင် ချိုး
လိုက်သည်။ အထဲတွင် ရှားပါးသည့်ဆပ်ပြာကို သုံး၊ လေးကြိမ် အားရပါးရ
တိုက်ကာ တဝကြီးချိုးလိုက်သည်။ ခြေဖဝါးနှင့် လက်ဖဝါးများ ပဲကြီး
ရေတွန့်သည်အထိ စိမ်ပြေနပြေချိုးလိုက်သည်။

ထို့နောက် မဆုံဖြစ်သည်မှာကြာပြီဖြစ်သည့် မိသားစုထမင်းဝိုင်း
လေးကို ပြန်လည်အသက်သွင်းလိုက်သည်။ နှင်းခါးအမေ၏ လက်ရာက
တော့ ဘာမှမပြောင်းလဲ။ ယခင်ကကဲ့သို့ နွေးထွေးလှိုက်မောဖွယ်ကောင်း
နေဆဲ။

ထမင်းစားနေရင်းနှင့်မှ သူ့အဖေက သူ့ကို စိတ်အေးလက်အေး
ရှင်းပြသည်။ ကိုကြီးမောင်နှင့် ခိုးရာလိုက်ပြေးသွားသည်ဆိုသော်လည်း
ကိုကြီးမောင်က လူကြီးလူကောင်းပီပီ လာရောက်အပ်နှံကြောင်း၊ မိသား
ဖသားပီပီ တရားဝင်တောင်းရမ်း၍ အကျဉ်းရုံးမင်္ဂလာဆောင်လိုက်ကြောင်း

www.burmeseclassic.com



ကိုကြီးမောင်က အိမ်ထောင်ရှင်ကောင်းပီသကာ အလုပ်အကိုင်အဆင်
ကြောင်း၊ ညီမလေးကို ဆရာဝန်ဘွဲ့ရသည်ထိအောင် ကျောင်းဆက်ထား
ပေးကြောင်း၊ နှင်းချိုသည် ယခုအခါ တွဲဘက်ဆရာဝန်ဖြစ်နေပြီဖြစ်ကြော
နှင်းခါးကို ဖြစ်ကြောင်းကုန်စင် ရှင်းပြသည်။ ထောင်ထဲတွင်ရှိသည့် သူ
စိတ်ဒဏ်ရာရမည်စိုး၍ အသိမပေးခဲ့ခြင်းဖြစ်ကြောင်းကို ထပ်လော
ပြောကြားသည်။

သူ့ဖခင်၏ ရှင်းပြချက် ကောင်းမွန်၍လော၊ သူ့မိခင်၏ မေ
ပြည့်ဝသော ထမင်းဟင်းကြောင့်လော၊ ရေတဝကြီးချိုးလိုက်ခြင်းကြောင့်လေ
မသိ။ ညီမလေးနှင်းချိုအပေါ် စိတ်ဆိုးဒေါသထွက်မှုများ အတန်ငယ်လျေ
ပါးသွားပါပြီ။

'ဒါနဲ့ ငါ့သား ရှေ့ဆက် ဘာလုပ်ဖို့စဉ်းစားထားလဲ'

နှင်းခါးအဖေ၏ ထိုမေးခွန်းကို သူ့အမေက ဝင်ရောက်ကန့်ကွ
သည်။

'ယောက်ျားကလည်းရှင်၊ အခုမှ သားလေးက အထဲကထွက်
ကာစပဲရှိသေးတာ၊ အေးအေးလူလူ နားပါစေဦး'

နှင်းခါး တစ်ချက်ပြုံးလိုက်သည်။ ထိုကဲ့သို့ပြုံးရခြင်းမှာ ၄င်းအ
ခွန်း၏အဖြေသည် နှင်းခါးထံ၌ တိတိကျကျရှိနေခဲ့ပြီးသောကြောင့် ဖြစ်သည်

'ကျွန်တော် ဘာလုပ်မလဲဆိုတော့…'

❐ ❐ ❐

လေးနှစ်ကျော်ဆိုသည့် အချိန်အတိုင်းအတာအတွင်း နှင်းခါး
ရုပ်ကွက်ထဲတွင် ဘီယာဆိုင် သုံးဆိုင်တိုးလာသည်မှအပ ထူးထူးခြားခြား
ပြောင်းလဲမှု မရှိ။ ပန်းဥယျာဉ်လက်ဖက်ရည်ဆိုင်တွင်လည်း နောက်ပေါက်
ငယ်များနှင့် စည်ကားနေ၏။ ထို့အတူ ထန်အုပ်၊ ဂေါ်ပြား၊ အာပုပ်
သည်လည်း သူတို့ထိုင်နေကျ ဘီယာဆိုင်တွင် ထိုင်နေမြဲ။

ပြောင်းလဲသွားသည်မှာ ယခင်ကကဲ့သို့ ဘီယာမသောက်တော့
ဲ အရက်ပြင်းများ သောက်နေကြခြင်းပင်။

'ကဲ… ဒီနေ့တော့ ကွဲကွာသွားတာ ကြာပြီဖြစ်တဲ့ ငါတို့ရဲဘော်ဒါ
ီး ခေါင်းအတွက် အထူးစပါယ်ရှယ်ဟေ့'

ဝိုင်းအလယ်၌ ဝင့်ကြွားစွာနေရာယူထားသည့် အနီရောင်ကျော်နီ
ာားပုလင်းကို လက်ညှိုးထိုး၍ ဂေါ်ပြားက အော်သည်။ အာပုပ်က
ါင်းညိတ်ထောက်ခံသည်။ ထန်အုပ်က ပုလင်းကို ဆတ်ခနဲဆွဲယူကာ
ဖွင့်၍ ခွက်ထဲသို့ ငှဲ့ထည့်ပေးသည်။

'မထည့်နဲ့၊ ငါ့ခွက်ထဲကို မထည့်နဲ့၊ ငါမသောက်တော့ဘူး'

'ဘာ'

သုံးကောင်စလုံး၏ အာမေဍိတ်သံများ ပြိုင်တူထွက်လာသည်။

'မသောက်လက်စနဲ့ မသောက်ဘဲနေမလို့ပါကွာ'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… မဟုတ်တာဘဲ၊ ငါတို့က မင်းကိုဂုဏ်ပြုချင်လို့ စပါ
ရှယ်ပြင်ဆင်ထားတာကို မင်းက မသောက်ဘူးဆိုတော့ ဘယ်အဓိပ္ပာယ်ရှိ
မလဲ'

'အဓိပ္ပာယ်'

စားပွဲပေါ်မှ ဖန်ခွက်ကို ပြောင်းပြန်မှောက်လိုက်ကာ နှင်းခါး
ခေါင်းဘယ်ညာယမ်းလိုက်သည်။

'ဘာဆိုင်လို့လဲကွ… အရက်သောက်ခြင်း မသောက်ခြင်း
အဓိပ္ပာယ်နဲ့ ဘာမှမဆိုင်ဘူး၊ အခုလို မင်းတို့အားလုံးနဲ့ သိုက်သိုက်ဝန်း
ပြန်တွေ့ရတာတင် အဓိပ္ပာယ်ရှိလှပြီ မဟုတ်ဘူးလား'

ထန်းအုပ်တို့သုံးယောက်စလုံးက နှင်းခါးကို အရက်သောက်ဖို့
တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းတိုက်တွန်းကြသည်။ မည်သို့မျှ ပြော
တော့မှ လက်လျှော့ပြီး သူတို့ဘာသာသူတို့ သောက်နေကြတော့သည်

နှင်းခါးက အမြည်းစားရင်း သူငယ်ချင်းများ၏ စကားများ
နားထောင်ပေးသည်။ သူ့သူငယ်ချင်းများကတော့ ထုံးစံအတိုင်း ပေါက်
များ ပြောဆိုပျော်ပါးနေဆဲ။ ခွက်အရေအတွက်များလာလေလေ အရက်
မှာ ပို၍စိုပြည် ဆူညံလာလေလေ။

'ဟေ့ကောင် ခေါ၊ မင်းက ထောင်ထဲကနေ သတ်မှတ်ရက်
သုံးလစောပြီးလွတ်လာတာဆိုတော့ မင်းကို ထောင်က နေ့မစေ့ လ
မွေးလိုက်တာပေါ့နော်'

ထန်းအုပ်က သူ့စကားကို သူသဘောကျကာ တဟားဟားရ
သည်။

'ဟုတ်မယ် ဟုတ်မယ်၊ အဲဒီလို နေ့မစေ့ လမစေ့မွေးခဲ့လို့



ကောင် ဂေါက်တောက်တောက်ဖြစ်ပြီး အရက်တွေ ဘာတွေမသောက်တော့
ာနေမှာ'

ဂေါ်ပြားကပါ ဝင်၍တွယ်ပြန်သည်။ နှင်းခါးမှာတော့ သူငယ်ချင်း
း ဘာပြောပြော သဘောကျကာ စိတ်လွတ်ကိုယ်လွတ် ရယ်နေမိသည်။
သူငယ်ချင်းတွေနှင့် ဒီလိုမဆုံရတာ အဘယ်မျှကြာသွားပြီလဲ။

'မင်းအထဲကနေ ရေးပြီးပို့လိုက်တဲ့ စာအုပ်ကို ငါတို့အားလုံး ဖတ်
ီးသွားပြီ'

စကားဝိုင်းထဲတွင် သိပ်မပါဘဲ ငြိမ်နေသည့်အာပုပ်က ပြောသည်။

'မင်းညီမလေးကို အဖမ်းခံရမှာစိုးလို့ တံတိုင်းပေါ် တွန်းတင်ပေး
ိုက်တဲ့နေရာရောက်တော့လေ ငါ ဆက်တောင်မဖတ်နိုင်တော့ဘူးကွာ၊
ိလား'

အာပုပ်က တကယ်စိတ်မကောင်းစွာဖြင့် ပြောသည်။ ကျန်နှစ်
ာင်လည်း မျက်နှာပိုးသတ်ကာ အာပုပ် စကားကို ထောက်ခံနားထောင်
းကြသည်။

'မင်းညီမလေးကို မင်း အရမ်းချစ်မှန်း ငါတို့အားလုံးသိပါတယ်၊
ါပေမဲ့ ငါ့အစ်ကို ကိုကြီးမောင်ကလည်း နှင်းချိုလေးကို တကယ်ချစ်၊
ဲ… တကယ်မြတ်နိုးတာပါကွာ၊ အခုလည်း သူတို့အိမ်ထောင်ရေးက
ာယာပါတယ်၊ အဲဒါလေ…'

'ကဲ… ကဲ… ဟေ့ကောင် အာပုပ်၊ အဲဒီလောက် စကားပလ္လင်
ိနေစေရာ မလိုဘူး၊ မင်းပြောချင်တာကို ပွင့်ပွင့်လင်းလင်းပြော၊ မင်းနဲ့
ါကြားမှာ အဲဒါတွေ မလိုဘူး'

နှင်းခါး၏စကားကို ကြားလိုက်ရမှ အာပုပ်သည် အတန်ငယ်
သက်ရှုချောင်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'အေး… အဲဒါလေ နှင်းချို့နဲ့ ကိုကြီးမောင်တို့က မင်းကို လာ... ချင်နေကြတာ၊ မင်း ဒေါသအရမ်းထွက်နေတယ်လို့ကြားလို့ မတွေ့ရဲဖြစ်... ကြတယ်'

'ဟုတ်တယ် ငခါး၊ ဟုတ်တယ်'

ကျန်နှစ်ယောက်ကပါ ဝင်ရောက်ထောက်ခံကြသည်။ နှင်းခါး... ဘာမှပြန်မပြောသဖြင့် စကားဝိုင်းမှာ ခေတ္တတိတ်သွားသည်။

'ကဲပါ ငခါးရယ်'

ခြောက်ကပ်တိတ်ဆိတ်သွားသော စကားဝိုင်းကို ပြန်လည်အသ... သွင်းရန် ထန်အုပ်က စကားစသည်။

'မင်းညီမလေးက အချိန်တန်အရွယ်ရောက်လို့ အိမ်ထောင်ကျသွ... တဲ့ဥစ္စာပဲ၊ ပြီးတော့ သူတို့နှစ်ယောက်က တစ်ယောက်ကို တစ်ယော... သစ္စာရှိကြတယ်၊ စီးပွားရေးလည်း အဆင်ပြေတယ်၊ အဲဒီလို အိမ်ထောင်... သာယာဖို့က အဓိကပဲမဟုတ်လား'

'အေး… ဟုတ်ပါတယ်၊ သူတို့ဘာသာသူတို့ အရွယ်ရောက်... ချစ်လို့ယူတာ ထားပါ၊ ငါ ဘာမှမပြောလိုပါဘူး'

နှင်းခါး၏စကားကို အားလုံးက ဂရုတစိုက် နားထောင်ပေး... သည်။

'ဒါပေမဲ့ ကိုကြီးမောင်က ငါတို့ကို စကားကြီးစကားကျယ်... ပြော၊ ငါ့အိမ်ကို လိုက်လာ၊ ငါ့ညီမလေးအထင်ကြီးအောင်လည်း အ... ကြီးကြီးတွေ ပြော၊ တကယ်တမ်း နဖူးတွေ့ ဒူးတွေ့တွေ့ကြတော့ ငါ့နော... လည်းမလိုက်ရဲဘဲနဲ့ ထားပါ၊ အဲဒါတွေလည်း မပြောချင်တော့ပါဘူး၊ ... ပြောချင်တာက ငါ့ညီမကို ကြောင်ချင်လို့ နဂိုကတည်းက ရည်ရွယ်ချ... ...နဲ့ ကိုကြီးမောင်က ငါတို့ကို လာရောတာဖြစ်မယ်၊ အဲဒါကို မခံချိမခံသာ ...ဖြစ်နေတာ'

'ဟာ… မဟုတ်ပါဘူးကွာ၊ ပေါက်ပေါက်ရှာရှာ မဟုတ်ပါဘူး'

အာပုပ်က ပျာပျာသလဲ ငြင်းတယ်။

'ငါ့အစ်ကိုအကြောင်း ငါ သိပါတယ်ကွာ၊ မင်းထင်သလို မဟုတ် ...ပါဘူး၊ မင်းမှာ ညီမရှိမှန်းတောင် မသိရှာပါဘူးကွာ၊ မင်းအထဲရောက်သွား ...တော့မှသာ မင်းညီမလေးကို ကျောင်းကြိုကျောင်းပို့လုပ်ပေးတာတို့၊ မင်းတို့ ...ိုင်အတွက် လိုအပ်တဲ့ပစ္စည်းတွေကို ကူညီဝယ်ပေးရင်းနဲ့ အနေနီးစပ်သွား ...တာဖြစ်ပါလိမ့်မယ်'

'အေးပေါ့ကွာ၊ မင်းကတော့ မင်းအစ်ကိုဘက်က ပြောမှာပေါ့၊ ...ငါ့မှာသာ ငါ့ညီမလေး ပေးလိုက်ရတာ'

'အဲဒီတော့ ဘာဖြစ်လဲကွာ၊ မင်းတို့နှစ်ယောက်က အစုဆို အမျိုး ...တောင်တော်သွားသေးတာပဲ၊ ပိုမကောင်းဘူးလား'

နှင်းခါးနှင့် အာပုပ်တို့ အပြန်အလှန်ပြောနေကြသည်ကို နားကြား ...ပြင်းကတ်လာကာ ထန်အုပ်က ဘုဝင်တော့သည်။

'ဖိတ်ခြင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်တော့ ပိုမကောင်းဘူးလားကွ'

ဂေါ်ပြားကပါ ဝင်ထောက်ခံသည်။ နှင်းခါး မထိန်းနိုင်တော့ ...ါးစပ်မှ လွှတ်ခနဲထွက်သွားသည်။

'ခွေးသူတောင်းစားတွေ'

နှင်းခါး၏ ဆဲသံအဆုံးတွင် တစ်ဝိုင်းလုံး ရယ်သံများနှင့် ပြန့်ပွင့် သွားသည်။ ခွေးခွေးထွေးထွေးဆက်ဆံရေးများ ပြန်လည်အသက်ဝင်သွား...

'ဒါနဲ့ ဟေ့ကောင် ငခါး၊ မင်း သင်္ဘောတက်ဖို့လုပ်ထား...တွေ အကုန်ပလုံသွားပြီပေါ့၊ ဟုတ်လား'

www.burmeseclassic.com

နှင်းခါးက ခေါင်းညိတ်ပြသည်။

'ဟင်… သွားပါပြီ၊ နှမြောစရာကြီး၊ ဒါဆို အခု မင်း ဘာဆ

လုပ်ဖို့ စဉ်းစားထားလဲ'

ဘာမျှပြန်မဖြေဘဲ နှင်းခါး တစ်ချက်ပြုံးလိုက်သည်။ ထိုကဲ့သို့ ပြုံးရခြင်းမှာ ငှင်းမေးခွန်း၏ အဖြေသည် နှင်းခါးထံ၌ ထင်ထင်ရှားရှားရှိ ပြီးသောကြောင့် ဖြစ်သည်။

ငါဘာလုပ်မလဲဆိုတော့…

❑ ❑ ❑

နှင်းခါးအဖေက ရေဒီယိုကို ပိတ်လိုက်သည်။ အမေက သူ့ဘေး၌ မယောင်မလည်လုပ်ရင်း လာထိုင်သည်။ မျက်နှာမာထန်နေသည့် နှင်းခါး ပါးစပ်မှ ဘာစကားသံမျှ ထွက်မလာ။ သူ့ရှေ့တွင်တော့ နှင်းချိုနှင့် ကိုကြီး မောင်တို့က ကျုံ့ကျုံ့လေးထိုင်နေကြသည်။ တစ်အိမ်လုံး ငြိမ်သက်တိတ် ဆိတ်နေသည်။

အမှန်တကယ်ဆိုလျှင် နှင်းချိုအနေဖြင့် အစ်ကိုဖြစ်သူကို တွေ့ပါက ကိုကြီးဆိုပြီး ပြေးဖက်လိုက်ရန် ရည်ရွယ်ထားပါသော်လည်း တကယ်တမ်း လက်တွေ့တွင်မူ အိုးတိုးရှန့်းတန်းဖြစ်ကာ ပြေးဖက်ဖို့နေနေသာ စကား တစ်ခွန်းမျှပင် ပြောမထွက်။

'ငခါး မင်းပိန်သွားတယ်နော်'

တိတ်ဆိတ်မှုကို စတင်ထိုးခွဲလိုက်သူမှာ ကိုကြီးမောင်ဖြစ်သည်။

'နှင်းချို နင့်ဗိုက်က ဘယ်နှလလဲ'

နှင်းခါးက ကိုကြီးမောင်ကို အရေးမလုပ်။ ဗိုက်ဖုံးအင်္ကျီနှင့် ညီမ လေးဗိုက်ကို လက်ညှိုးထိုး၍ မေးလိုက်သည်။ နှင်းချိုက ဘာမျှပြန်မပြော လက်ငါးချောင်းသာ ထောင်ပြသည်။

'ယောကျ်ားလေးလား၊ မိန်းကလေးလား'

www.burmeseclassic.com



'မသိဘူးလေ ကိုကြီး'

ပြန်တိတ်သွားပြန်သည်။ နှင်းခါးက တစ်စုံတစ်ခုပြောရန် ချင့်ချိန်နေသည်။ နောက်ဆုံးတွင် ထိန်းမထားနိုင်တော့ဘဲ ပြောချလိုက်သည်။

'အေးလေ… နင်တို့ဘာသာ ဘာလေးပဲမွေးမွေး ကလေးကိုတော့ ငါရွေးပေးတဲ့နာမည်ပဲ မှည့်ရမယ်၊ ကြားလား'

နှင်းချိုက ခေါင်းငုံ့ထားရာမှ တစ်ချက်မော့ကြည့်သည်။ ထို့နောက် ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာသော မျက်ရည်များနှင့်အတူ အစ်ကိုဖြစ်သူရှေ့တွင် ဒူးထောက်ထိုင်ကာ လက်အုပ်ချီလိုက်သည်။

'ကိုကြီး'

'ဟဲ့… ဟဲ့ ဘာလုပ်တာလဲ'

'ကိုကြီးရယ်၊ ညီမလေးကို ခွင့်လွှတ်ပါနော်'

ပြောပြောဆိုဆိုနှင့် နှင်းချိုက ဦးသုံးကြိမ်ချလိုက်သည်။

'ညီမလေးကြောင့် ကိုကြီး အခုလို အထဲကိုရောက်သွားရတာပါ ဒါကိုတောင် ကိုကြီး ပြန်ထွက်လာတဲ့အထိမစောင့်ဘဲ ယောကျ်ားယူသွားတဲ့ ညီမလေးကို ကိုကြီးကြိုက်တဲ့အပြစ်ပေးပါနော် ကိုကြီး'

'ကဲပါ… ထ… အဲဒီလိုကြီး ထိုင်မနေနဲ့လေ၊ ဗိုက်ထဲက ကလေးလေးကို ထိခိုက်သွားဦးမယ်'

နှင်းခါးက ညီမဖြစ်သူကို ညင်ညင်သာသာပွေ့ထူကာ သူ့အနား ဝင်ထိုင်ခိုင်းလိုက်သည်။

ထို့နောက် သူ့ညီမ၏ ပါးပြင်ပေါ်မှ မျက်ရည်စများကို ယုယုယယ သုတ်ပေး၏။

'ဩော်… ငါ့ညီမလေးက ဘာလိုလိုနဲ့ ကလေးအမေကြီးတော့ ဖြစ်တော့မှာပါလားနော်၊ ကလေးအမေလုပ်မယ့်သူကလည်း ဘာကိ ဒါလောက်မျက်ရည်လွယ်ရတာလဲ၊ ဘာလဲ ကလေးနဲ့အတူတူပြိုင်ငိုမလို့လား'

'ကိုကြီးနော်'

နှင်းချိုက ထိုင်နေရင်းနှင့် ခြေတစ်ချက်ဆောင့်လိုက်သည်။

'ဟော… ကြည့်… ကြည့်၊ ကလေးအမေက ခြေဆောင့်စရာလား'

'တော်ပြီ ကိုကြီးရာ၊ ကလေးအမေ ကလေးအမေလို့ ခဏခဏ မပြောနဲ့နော်၊ ညီမလေး ထွက်ပြေးသွားလိုက်မှာ၊ သိလား'

နှုတ်ခမ်းလေးစူကာ ပြောလိုက်သည့် နှင်းချိုပုံကိုကြည့်ရင်း နှင်းခါးက တဟားဟားရယ်လိုက်သည်။ နှင်းခါး၏ ရယ်သံကြားရမှသာ တစ်အိမ်လုံးရှိ လူများ သက်သောင့်သက်သာပြန်ဖြစ်သွားကြသည်။ နှင်းခါးထံမှ ဒေါသတကြီး အော်ဟစ်ဆူပူသံများ ထွက်လာမလားဟူသည့် စိုးရိမ်စိတ်များ လွင့်ပါးပျောက်ကွယ်သွားပါတော့သည်။

သူ့အဖေကလည်း ရေဒီယိုပြန်ဖွင့်လိုက်သည်။ သတင်းများ မဟုတ်။ မြည်တွင်းရေဒီယိုလိုင်းတစ်ခုမှ ထုတ်လွှင့်နေသည့် ခေတ်ပေါ်သီချင်းများ။

သီချင်းသံတငြိမ့်ငြိမ့်ကြားမှ မိသားစုစကားဝိုင်းလေးသည် ချိုချို လွှင်လွှင် ရယ်သံများဝိုင်းရံ၍ ပျော်ရွှင်နွေးထွေးဖွယ်ကောင်းနေပါသည်။ လေးနှစ်ကျော်ကွဲကွာခဲ့ရသည့် မောင်နှမနှစ်ယောက်၏ အသံများမှာ အရွှင်ဆုံးနှင့် အကျယ်ဆုံးဖြစ်သည်ကိုတော့ တကူးတကပြောရန် လိုမည်မထင်။

'ရှုပ်ပါတယ် ညီမလေးရယ်၊ ကလေးနာမည်ကို အခုပဲ ရွေးပေး လိုက်မယ်၊ မကောင်းဘူးလား'

www.burmeseclassic.com



'ကောင်းတယ် ကောင်းတယ်၊ ခဏနေဦး ခဏ၊ ဘောပင်နဲ့ စာရွက်ယူပြီး ရေးမှတ်လိုက်ဦးမယ်'

ဗိုက်တကားကားနှင့် နှင်းချိုသည် သွက်သွက်လက်လက်ထကာ ဘောပင်နှင့် စာရွက်ကို ယူလိုက်သည်။

'ကဲ… ပြောတော့ ကိုကြီး'

'အင်း'

နှင်းခါးက ခေတ္တခဏစဉ်းစားသည်။

'မိန်းကလေးဆိုရင် ငါ့ညီမရော ကိုကြီးနာမည်ရော ပါအောင် နှင်းဝတီလို့ပေးမယ်၊ မကောင်းဘူးလား'

'ကောင်းတယ်၊ ကောင်းတယ်'

နှင်းချိုက စာရွက်ပေါ်တွင် ရေးမှတ်ကာ ခပ်သွက်သွက်ပြန်မေး သည်။

'ယောကျ်ားလေးဆိုရင်ရော ကိုကြီး'

'အင်း… ယောကျ်ားဆိုရင်တော့'

နှင်းခါးက မေးစေ့ကို လက်ဖြင့်ပွတ်ကာ စဉ်းစားဟန်ပြုသည်။

'အာကာ… နှင်းအာကာလို့ ပေးမယ်ကွာ'

'မိုက်တယ်ဟော့၊ ငါ့အစ်ကိုပေးတဲ့ နာမည်တွေကတော့ အလန်းတွေချည်းပဲ'

'နေပါဦး၊ နေပါဦး'

ကိုကြီးမောင်က ဝင်ပြောသည်။

'ငါလည်း ကလေးအဖေပါပဲကွာ၊ ငါ့နာမည်လေးလည်း ပါရတာပေါ့'

'ဘယ်လိုပါချင်လို့လဲ'



နှင်းခါးအမေးကို ကိုကြီးမောင်က…

'အင်း'ဟု ခဏစဉ်းစား၍…

'ဒီလိုလေ… ဟို နှင်းဝတီဆိုရင် နှင်းဝတီမောင်လို့ ဖြည့်လိုက်ကွာ၊ နှင်းအာကာဆိုလည်း နှင်းအာကာမောင်ပေါ့၊ မကောင်းဘူးလား'

နှင်းခါးက ခေါင်းခါပြသည်။ နှင်းချိုက မျက်နှာကြီးရှုံ့မဲ့လိုက်သည်။ မောင်နှမနှစ်ယောက်စလုံး ပါးစပ်မှ ပြိုင်တူထွက်သွားသည်။

'မကောင်းဘူး'

နှင်းခါးက ထပ်ဖြည့်ပြောသည်။

'တကယ်ပြောတာ၊ ခင်ဗျားပြောသလို မောင်တစ်လုံးထပ်ဖြည့်လိုက်ရင် အရမ်းတောဆန်သွားလိမ့်မယ်'

နှင်းချိုကပါ ဝင်ပြောသည်။

'ဟုတ်တယ်၊ ဟုတ်တယ်၊ ကိုကြီးပြောတာ ဟုတ်တယ်၊ အဲဒီလိုမောင်ဆိုတာကြီးပါသွားရင် တိုက်ဂေါ်ကြီးဖြစ်သွားလိမ့်မယ်'

'ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ မင်းတို့မောင်နှမနှစ်ယောက်နဲ့တော့ ပြိုင်မငြင်းတော့ပါဘူး၊ ငါပဲ လက်မြှောက်အရှုံးပေးလိုက်ပါတယ်'

လက်မြှောက်ပြနေသော ကိုကြီးမောင်ပုံကိုကြည့်၍ မောင်နှမနှစ်ယောက်စလုံး ပြိုင်တူရယ်မိသွားပြန်သည်။ မောင်နှမနှစ်ယောက်၏ ရယ်သံများမှာ ကျယ်လွန်းလှသဖြင့် ပတ်ဝန်းကျင်တိုက်ခန်းများမှပင် အလန့်တကြား ထွက်ကြည့်ကြရ၏။

'ဒါနဲ့ ကိုကြီး ဒီမှာ ဘာဆက်လုပ်မယ်လို့ တွေးထားလဲ'

နှင်းခါး ဘာမှပြန်မဖြေခင် နှင်းချိုက ဆက်ပြောသည်။

'နိုင်ငံခြားတော့ မသွားပါနဲ့တော့ ကိုကြီးရယ်၊ ညီမလေး ကလေး မွေးတဲ့အခါ ညီမလေးဘေးမှာ နေပေးပါနော်'

www.burmeseclassic.com



နှင်းခါး တစ်ချက်ပြုံးလိုက်သည်။ ထိုကဲ့သို့ပြုံးရခြင်းမှာ ၄င်းမေး၏ အဖြေသည် နှင်းခါးထံ၌ ပြတ်ပြတ်သားသားရှိခဲ့ပြီးသောကြောင့်ဖြစ်သည်။

'ကိုကြီး ဘာလုပ်မလဲဆိုတော့…'

❒ ❒ ❒

ပုတ်သင်ညိုတစ်ကောင်ကို ရန်ကုန်မြို့ပေါ်၌ လွယ်လွယ်ကူကူ မြင်တွေ့နိုင်ရန် မဖြစ်နိုင်တော့။ ထို့ကြောင့် ခံယူချက်အမျိုးမျိုး ပြောင်းလဲတတ်သူကို နေရာဒေသအလိုက် အရောင်ပြောင်းလဲတတ်သော ပုတ်သင်ညိုနှင့်နှိုင်းနှိုင်းကာ 'ပုတ်သင်ညိုလို လူစား'ဟု ဥပမာပေးလျှင် အခုခေတ်လူငယ်များ သဘောပေါက်ရန် လွယ်ကူမည်မဟုတ်။ ပုတ်သင်ညိုထက် ပိုမိုနားလည်သဘောပေါက်လွယ်မည့် ဥပမာတစ်ခုကို နှင်းခါး တွေ့ထားသည်။

မီးပွိုင့်။

ပုတ်သင်ညိုကမှ အရောင်တစ်မျိုးမှ တစ်မျိုးသို့ပြောင်းရန် အချိန်ယူရဦးမည်။ မီးပွိုင့်ကတော့ စက္ကန့်အလိုက် အရောင်ပြောင်းနေသည်။ ထို့ကြောင့် မီးပွိုင့်လိုလူစားဟု ပြောင်းလဲခေါ်ဆိုသင့်သည်။

ဆူးလေလူကူးခုံးတံတားပေါ်မှနေ၍ မီးပွိုင့်ကိုကြည့်ကာ ပေါ်လာသည့် နှင်းခါး၏အတွေးများဖြစ်သည်။ နှင်းခါးဘေးမှ လူပေါင်းများစွာ ဖြတ်သန်းသွားလာနေကြသည်။ သူ့ခြေထောက်အောက်မှ မော်တော်ကားများ တဝီဝီမောင်းနှင်နေကြသည်။

'ဒိုင်း'

www.burmeseclassic.com

www.burmeseclassic.com



'ဒို့အရေး… ဒို့အရေး'

ဤဆူးလေလမ်းမကြီးပေါ်တွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များသည် သူ့အာရုံ၌ အလိုလိုပေါ်လာသည်။

ကြွေးကြော်သံများ၊ သေနတ်သံများ၊ နားထဲ၌ အလိုလိုကြားယောင်နေမိသည်။

ပြေးလွှားခဲ့ရသူများ။

ဒဏ်ရာသင့်ခဲ့ရသူများ။

အသက်စွန့်သွားရသူများ။

အဖမ်းခံလိုက်ရသူများ။

သည်လမ်းမကြီးပေါ်မှာပဲ ဖြစ်ပွားခဲ့ရခြင်း ဖြစ်သည်။ အခုတော့ ကြည့်ပါဦး။ လူတွေ၊ ကားတွေ ဖြတ်သန်းသွားလာနေလိုက်ကြတာ အရာရာကို မေ့လိုက်နိုင်ပြီလား။ မီးပွိုင့်လို ခဏလေးနဲ့ အရောင်ပြောင်းသွားကြပြီလား။

စုံးကျော်တံတားပေါ်မှ ဆင်းကာ ဆူးလေဘုရားကို တစ်ပတ်ပတ်၍ ဗိုလ်တထောင်ဘုရားအထိ နှင်းခါးတစ်ယောက်တည်း လမ်းလျှောက်သွားလိုက်သည်။

လေးနှစ်ကျော်ဆိုသည်မှာ ကြီးကြီးမားမား တစ်စုံတစ်ခုပြောင်းလဲဖို့ လုံလောက်သောအချိန်ကာလ မဟုတ်ပေဘူးလား။

ဗိုလ်တထောင်ဘုရားတွင်လည်း ပြောင်းလဲမှုတစ်စုံတစ်ရာ မရှိ ငှက်သည်များ၊ ပန်းသည်များက သူ့အနားသို့ ထုံးစံအတိုင်း ဝိုင်းအုံလာသည်။ အစာတစ်ခုကို ဝိုင်းဝန်းထိုးဆိတ်တော့မည့် ကျီးကန်းများနှယ်။

ဘုရားပေါ်သို့တက်ကာနီးတွင် အစ်မတော်မြစိမ်းနွယ်ကို နှုတ်ဆက်



ပူဇော်သွားပါဦးဆိုသဖြင့် ပြုံးရသေးသည်။ ဟိုတစ်ခေါက်ကလိုတော့ နိုင်ငံခြားသွားမလို့လားဟု အမေးမခံရတော့။ သူ့ရုပ်ရည်သည် နိုင်ငံခြားသွားနိုင်လောက်မည့်ရုပ် မဟုတ်တော့ခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

ဘုရားကို ဦးခိုက်ရှိခိုးပြီးသည့်အခါ ကမ်းနားသို့သွား၍ ထိုင်လိုက်သည်။ ငါးညှီနံ့တစ်ချက်တလေရသည်မှအပ မြို့ထဲမှ လထက်တော့ များစွာသန့်ရှင်းလတ်ဆတ်သည်။

သမ္ဗန်ဆိပ်ကလေးလည်းရှိသဖြင့် အတန်ငယ်စည်ကားနေသည်။ ခရီးသည်များသည် သမ္ဗန်ပေါ်တက်ကာ မြစ်ကို ဒေါင်လိုက်ဖြတ်ကူး၍ တစ်ဖက်ကမ်းသို့ သွားကြသည်။ သင်္ဘောကြီးများကမူ သမ္ဗန်လေးတွေကဲ့သို့မဟုတ်။ မြစ်ကြောင်းအတိုင်း အစုန်အဆန်မျော၍သွားရသည်။ ထိုကဲ့သို့ သင်္ဘောကြီးများပင် ရေစီးအတိုင်းမျောနေရသည့်အချိန်မှာ သမ္ဗန်လေးတွေက အခုလို ဒေါင်လိုက်ဖြတ်တာကို ခံနေရတဲ့မြစ်ကြီးခမျာ အတော်ကသိကအောက်နိုင်ရှာမှာပဲလို့ တွေးလိုက်မိသည်။

'ဘော်'

မြစ်ကြီး၏ ရင်ဘတ်ပေါ်မှ သင်္ဘောတစ်စင်းက နှင်းခါးစိတ်ထဲမှ အတွေးကို ထောက်ခံသည့်သဘောဖြင့် ဥဩတစ်ချက်ဆွဲသွားသည်။

'ဟာ… မိုးရွာပြန်ပြီဟေ့'

ခရီးသည်များကို စောင့်ဆိုင်းနေသည့် သမ္ဗန်များပေါ်မှ လုပ်သားတစ်စု ကမ်းပေါ်သို့ ပြေးတက်လာကာ မိုးလွတ်ရာ ဝင်ခိုကြသည်။ နှင်းခါးကတော့ ထိုင်ရာမှ မထ။ ထရန်လည်း စိတ်ကူးမရှိ။

မိုးဆိုတာ အချိန်တန်ရင် ရွာမှာပဲမဟုတ်လား။

မိုးရွာတာပဲ။ အက်ဆစ်တွေရွာချတာမှ မဟုတ်တာ။ အသည်းတကြား ထွက်ပြေးရန် လိုအပ်မည်မထင်။

www.burmeseclassic.com

www.burmeseclassic.com



မိုးစက်များက သူ၏အတွေးများကို အရည်ပျော်အောင် လုပ်နိုင်စွမ်း မရှိ။

'သူများတွေက မပြောင်းလဲဘူးဆိုရင် ငါကရော ဘာတွေပြောင်းလဲသွားပြီလဲ'

ကိုယ့်ဘာသာကိုယ် မေးခွန်းထုတ်လိုက်သည်။ ယခင်ကဆိုလျှင် ခန္ဓာကိုယ်၌ ဗုံးတွေပတ်ကာ ကိုယ်မကျေနပ်သည့်နေရာအား ဖောက်ခွဲပစ်လိုက်ခြင်းမျိုးကို နိုင်ငံရေးဟု ရူးရူးမိုက်မိုက် ထင်မှတ်ခဲ့ဖူးသည်။ ထိုအရာသည် နိုင်ငံရေးမဟုတ်။ အစွန်းရောက်ခြင်းပင်။ သို့ဆိုလျှင် ထစ်ခနဲရှိ လမ်းပေါ်ထွက်ခြင်းကရော။ ထိုအရာမှာလည်း နိုင်ငံရေးစစ်စစ်မဟုတ်။ ဆန္ဒပြခြင်းဖြစ်သည်။

နိုင်ငံရေးဆိုသည်မှာ လွန်စွာနက်ရှိုင်းသည်။ များစွာကျယ်ပြန့်သည်။ ထိုနက်ရှိုင်းကျယ်ပြန့်သည့် အရာတချို့ကို ထောင်ထဲ၌ သိရှိတတ်ကျွမ်းခဲ့သည်။ အခန်းဖော်နောင်တော်ကြီးများ၏ ကျေးဇူးဖြင့် စာအုပ်များမှတစ်ဆင့် ဗဟုသုတပေါင်းများစွာ ရရှိခဲ့သည်။

အထဲကထွက်လာသည့်နေ့မှစ၍ တွေ့သမျှလူတိုင်းက သူ့ကို ဘာဆက်လုပ်မလဲဟု တစ်မေးတည်း မေးခဲ့ကြသည်။ အမှန်တကယ်ဆိုလျှင် သူ့ထံ၌ လုပ်စရာတွေက အများကြီး။

နောက်တက်လာမည့် မျိုးဆက်သစ်များကို သူ့ကဲ့သို့ စမ်းတဝါးဝါး လမ်းပျောက်နေသည့်ဘဝမျိုး မရောက်စေချင်။ ပန်းတိုင်မဲ့နေသည့်လူငယ်များကို မမြင်ချင်။ ဆင်းရဲချမ်းသာမှု များစွာမကွာခြားစေချင်။ နယ်စပ်တွင် ကျည်ဆန်များ ပလူပျံကာ မွေးရပ်ကို စွန့်ခွာထွက်ပြေးရသည့် တိုင်းရင်းသားများ၏ဘဝကို အေးချမ်းစေချင်သည်။ အာဏာနှင့် အနိုင်ကျင့်ခြင်းမျိုး မရှိစေလိုတော့။



လုပ်စရာတွေက စဉ်းစားကြည့်လျှင် ကုန်ပင် ကုန်နိုင်မည်မထင်။ ထိုအရာများကို ပြုပြင်လိုလျှင် တိုင်းပြည်တိုးတက်ဖို့ လိုသည်။ တိုင်းပြည်တိုးတက်ဖို့ဆိုလျှင် နိုင်ငံရေးအသိလိမ္မာကြွယ်ဝသော လူငယ်များ များစွာလိုအပ်သည်။ အကြောက်တရားများဖြင့် ခေါက်ရိုးကျိုးနေသော လူကြီးများကို အားကိုးနေလို့ကတော့ အလုပ်မဖြစ်နိုင်။

သူ နိုင်ငံခြားသင်္ဘောတက်ရန် ချီတုံချတုံဖြစ်နေစဉ်က အာပုပ်သည် သူ့ကို ဘာဝါသနာပါသလဲဟု မေးခဲ့ဖူးသည်ကို သတိရမိသည်။ ထိုအချိန်က မဖြေနိုင်ခဲ့။ အခုတော့ သူ့ထံတွင် အဖြေပြတ်ပြတ်သားသားရှိလေပြီ။ သူ့မျက်လုံးများ ပွင့်ခဲ့ပြီ။ သူ့ဝါသနာမှာ...

'ဦးဦး... ဦးဦး'

အတွေးစ ပြတ်သွားသည်။ ကလေးလေးတစ်ယောက် ဂါဝန်ကားကားနှင့် ချစ်စဖွယ်။ လေး၊ ငါးနှစ်လောက်သာ ရှိဦးမည်။

'ရော့'

ဆိုပြီး နှင်းခါးလက်ထဲ ထီးတစ်ချောင်းထည့်ပေးသည်။ သူ သဘောကျသွားကာ ကလေးပေးသည့်ထီးကို ဖွင့်ဆောင်းလိုက်သည်။

'လိမ္မာလိုက်တာကွယ်၊ သမီးက ဘယ်သူနဲ့လာတာလဲ'

ကလေးကို သေချာငုံ့ကြည့်လိုက်သည်။ ဆံပင်ရှင်း၌ စုချည်ထားသော ပန်းရောင်ဖဲကြိုးစလေးကို အမှတ်တမဲ့ သတိပြုမိလိုက်သည်။

'အို...'

နှင်းခါးရင်ထဲ၌ ထိတ်ခနဲဖြစ်သွားသည်။

'ပန်းရောင်ဖဲကြိုးလေး'

ထိုအချိန်မှာပဲ ကလေးလေးက အနောက်ဘက်သို့ လှည့်ညွှန်ထိုးပြသည်။ ဇိမ်ခံကားကြီးတစ်စီး။ ဘယ်ဘက်တံခါး ပွင့်သွားသည်။ အမျိုး

www.burmeseclassic.com

www.burmeseclassic.com



သမီးတစ်ဦး ထွက်လာသည်။ မြင်ရုံနှင့် မှတ်မိသည်။ မေ့နိုင်စရာအကြောင်း
မှ မရှိဘဲ။

'မိုး'

မိုးရေထဲမှာပင် မိုးဆိုသည့် အသံက လွတ်ခနဲထွက်သွားသည်
ညာဘက်တံခါး ထပ်ပွင့်လာသည်။ ကားပေါ်မှ ထွက်လာသူသည် ပုဆိ
နှင့် ရှပ်အင်္ကျီကို သပ်ရပ်စွာဝတ်ဆင်ထားသည်။ မိုက်အနည်းငယ်ရွဲလ
သည်မှအပ ထိုသူကိုလည်း မမှတ်မိနိုင်စရာအကြောင်း မရှိ။

'ဘီလူး'

နှစ်ယောက်စလုံး သူ့အနားသို့ ရောက်လာသည်။

'မင်း… မင်းတို့'

ဘီလူးက နှစ်နှစ်ကာကာပြုံးသည်။ ထို့နောက် သူ့လက်ကို ဝေ
သာအားရဆုပ်ကိုင်ကာ…

'ဟုတ်တယ်၊ ငါတို့နှစ်ယောက် ယူဖြစ်သွားတယ်လေ'

'ဒါ… ဒါဆို ဒီကလေးလေးက'

မိုးက ကလေးလက်ထဲမှ ထီးကိုပိတ်ကာ ကောက်ယူပွေ့ချီလိုက်
သည်။ ထီးသုံးချောင်းအောက်မှ လူသုံးယောက် စကားသံများသည် မိုးေ
ကို ထွင်းဖောက်ကာ လိုက်မောတုန်ယင်လျက်။

'အေး… ဒီကလေးအသက်ကို မင်းကယ်ထားတာလေ'

'ဘယ်လို'

'ဟုတ်တယ်၊ မင်းကယ်ထားလို့ ဟောဒီလို ချစ်စရာကလေးလေ
တစ်ယောက် လူ့ပြည်မှာ တိုးလာခဲ့တာပေါ့၊ ဒါတင်မကသေးဘူး၊ မင်
ကျေးဇူးနဲ့ပဲ သာယာတဲ့အိမ်ထောင်ရေးတစ်ခု ပေါ်ထွန်းခဲ့တာပါ'



'ငါကယ်ထားတာ'

'ငါ့ကျေးဇူး'

နှင်းခါးက ဘီလူး၏စကားများကို နားမလည်နိုင်သလို ရေရွတ်
နေသည်။

'ကဲပါ သူရရယ်၊ အစကနေအဆုံး သေချာရှင်းပြလိုက်ပါ၊ အခုလို
ပြောနေလို့ နှင်းခါးက ဘယ်လိုလုပ်ဇာတ်ရည်လည်မှာလဲ'

အူလည်လည်ဖြစ်နေသည့် နှင်းခါးကို ကြည့်ရင်း မိုးက ဝင်ပြော
သည်။ ပြောလည်း ပြောချင်စရာပင်။ အခုချိန်ထိ နှင်းခါးမှာ မည်သို့မျှ
ဆက်စပ်တွေးခေါ်နိုင်ခြင်း မရှိသေး။

'ဒီလိုလေကွာ…'

နှင်းခါးသည် မိုး၏ကိုယ်ဝန်ကို ဖျက်ချရန်အတွက် လင်ယောကျ်ား
ဖြစ် ဟန်ဆောင်ပေးရန် သဘောတူခဲ့သည်။ သို့သော် အနားရောက်မှ
တ်ပြောင်းကာ ပြောသင့်သည်များကို ပြောခဲ့ပြီး မိုးကို တစ်ယောက်တည်း
ားရစ်ခဲ့သည်။

ထိုအချိန်က ပြောခဲ့သော နှင်းခါး၏ စကားများသည် မိုးအတွက်
ရောက်ပြင်းထန်လွန်းလှသည်။ ဆေးခန်းသို့ ခြေဦးလှည့်နိုင်ခြင်းငှာ မစွမ်း
တော့။ ဘာဖြစ်ဖြစ် ရင်ဆိုင်မည်ဟု ဆုံးဖြတ်ကာ ရင်သွေးလေးကို
ပွေ့ပိုက်မွေးခဲ့သည်။

ထိုအရာများမှာ မိုးဘက်မှအခြမ်းဖြစ်သည်။ ဘီလူးကျတော့…

'ငါတို့အကြောင်းတွေကို ရေးပြီးပို့လိုက်တဲ့ မင်းစာအုပ်ကိုဖတ်ပြီး
တော်တော်လေးကို စိတ်မကောင်းဖြစ်မိတယ်ကွာ၊ မိုးနဲ့ပတ်သက်လို့ ငါ့
ဖြစ်ရှိတဲ့သူတစ်ယောက်လိုလည်း ခံစားရတယ်၊ မင်း တကယ်ပြန်
သူတစ်ယောက်ကို ဖျက်ဆီးခဲ့တဲ့သူတစ်ယောက်လို့ ကိုယ့်ကိုယ်ကိုယ်

www.burmeseclassic.com



မြင်လာတယ်၊ ပိုဆိုးတာက ညတိုင်းလိုလို အိပ်မက်တွေ မက်လာတယ် ငါမက်တဲ့ အိပ်မက်တိုင်းလိုလိုမှာလည်း ကလေးလေးတစ်ယောက်ကိုပဲ ထ တလဲလဲမက်နေတယ်၊ မင်း မိုးကိုပြောခဲ့တဲစကားလိုပဲ လမ်းမှာ မြင်မြင်သ ကလေးတိုင်းကို ကြည့်ပြီး လိပ်ပြာမလုံသလို ခံစားရတယ်၊ အဆိုးဆုံး တော့ကွာ အိပ်မက်ထဲက ကလေးလေးက ငါ့ကို လက်ညှိုးထိုးပြီး အ တမ်းအော်ငိုနေတာပဲကွ၊ အဲဒီကလေးအော်သံကြားတိုင်း ငါလည်း လန့်လ နိုးရတာ၊ ကြာလာတော့ အိပ်တောင် မအိပ်ရဲတော့ဘူး'

ငယ်ငယ်က ဟာစ်ဟော့ဆိုခဲ့သည့် အကျိုးကျေးဇူးကြောင့်ပင်လေ မသိ။ ဘီလူးသည် စကားများကို အဆက်မပြတ်ပြောနေသည်။ တစ်ချ လေးမှပင် မနား။ နှင်းခါးကတော့ ကိုယ့်နားကိုယ်တောင် မယုံနိုင်။ ဘီ ပြောနေသည့် အကြောင်းအရာများမှာ သူ ထင်မှတ်မထားသည့်အကြော အရာများဖြစ်သည်။

'နောက်ပြီး မင်းကိုလည်း ပြောဖူးပါတယ်၊ တွေ့ရာကောင်မလေ တွေနဲ့ ပျော်ပါးရတဲ့ဘဝကြီးကို စိတ်ပျက်လာပြီဆိုတာလေ၊ ငါတို့အသို အဝိုင်းထဲက မိန်းမတွေကိုလည်း စိတ်ထဲထည့်လို့ မရဘူးကွာ၊ ငါ့အမေ တော့ တစ်ယောက်ပြီးတစ်ယောက် ဖွဲ့မလျှော့ဘဲ ငါနဲ့စပ်ပါသေးတယ် အကုန်လုံးကို ငြင်းခဲ့တာပဲ၊ အဲဒါ ဘာကြောင့်လဲ သိလား'

ဘီလူးက ပြောနေရင်းနှင့် မိုးကို တစ်ချက်ကြည့်လိုက်သည်။

'ငါ့ရင်ထဲမှာ မိုးက အပြည့်နေရာယူထားလို့ပဲ၊ နောက်တစ်ယော ကို ထပ်ထည့်လို့မရတော့ဘူး၊ အဲဒီအဖြေကိုသိသိချင်း ငါလည်း မိုးအိ ကို ပြေးသွားလိုက်တယ်၊ ဒါပေမဲ့ မိုးတို့တစ်မိသားစုလုံး အိမ်ရောင်း ပြောင်းသွားပြီတဲ့၊ ကံကောင်းချင်တော့ ငါတို့မြန်မာလူမျိုးတွေရဲ့ စပ်စု အကျိုးကျေးဇူးကြောင့်ပဲ မိုးတို့ဘေးခန်းက မိန်းမကြီးတစ်ယောက်က ပြော



သွားတဲ့ မိုးတို့အိမ်အသစ်ကို လမ်းညွှန်ပေးတယ်၊ ပိုပြီးကံကောင်းချင်ပြန် တော့ မိုးက ငါ့ရင်သွေးလေးကို မဖျက်ဘဲ မွေးခဲ့တယ်၊ ဖြူစုစောင့်ရှောက် တယ်၊ ကံအကောင်းဆုံးကတော့ အိမ်ထောင်မပြုဘဲ ငါ့ကို သစ္စာရှိရှိ စောင့်နေတာပါပဲ'

ဘီလူးက နှင်းခါးပခုံးကို တစ်ချက်ပုတ်လိုက်သည်။

'ဘာပဲပြောပြော ဒါတွေအားလုံး မင်းစာအုပ်ကိုဖတ်ပြီးမှ ငါ အမြင် တွေ ပြန်ရသွားတာ၊ အဲဒါကြောင့် မင်းကို ကျေးဇူးတင်တယ်လို့ပြောတာ'

'ရပါတယ်ကွာ၊ မင်းတို့ကို ဒီလိုမြင်ရတာပဲ ငါစိတ်ချမ်းသာလှ ပြီ'

နှင်းခါး၏ ရင်ဘတ်ကမ်းခြေဆီသို့ ပီတိလှိုင်းများ တလှိမ့်လှိမ့်တက် တ၏။

'ဘာပဲပြောပြော ငါရေးလိုက်တာတွေကတော့ အကျိုးမယုတ်တော့ ဘူးပေါ့၊ ဟုတ်လား၊ ဒါနဲ့ ဟောကောင် ဘီလူး၊ မင်းအမေကရော မိုးတို့ သားအမိကို ကြည်ဖြူရဲ့လား'

နှင်းခါးက စိုးရိမ်တကြီး မေးလိုက်သည်။ ဘီလူးက ပြုံး၍ ခေါင်း ညိတ်သည်။

'အစပိုင်းတော့ ပြဿနာရှာတာပေါ့ကွာ၊ အမွေဖြတ်မယ် ဘာမယ် ကဲကဲပေါ့၊ နောက်တော့လည်း တစ်ဦးတည်းသောသားအပြင် တစ်ဦး တည်းသောမြေးလေးပါ မြင်လိုက်ရတော့ ဘာပြောကောင်းမလဲ အခုဆို လေးကို ငါတို့လက်ထဲတောင် မထည့်တော့လို့ လုနေရတယ်ကွ သိလား ား… ဟား… ဟား… ဟား'

ရယ်မောပြုံးရွှင်နေသော ဘီလူးတို့မိသားစုလေးကို စည်းစည်းရုံး အခုလိုတွေ့မြင်ရသည့်အခါ ကိုယ့်ကိုယ်ကိုယ် ကျေနပ်မိသည်။ နှင်းခါး

www.burmeseclassic.com



အနေဖြင့် နောက်ဆုတ်ပေးခဲ့သည်မှာ မှန်သွားခဲ့သည်။ သူ ဆုတောင်း
သကဲ့သို့ ရယ်သံများ အခွန့်ရှည်နေလေပြီ။

'ကဲ… ကဲ… စကားအေးအေးဆေးဆေးပြောမယ်ဆိုလည်
တခြားတစ်နေရာရာသွားပါလား၊ ဟိုမှာ နှင်းခါးကလည်း မိုးရေတွေရွဲလ
နောက်ပြီး ဒီနေရာက လေတွေလည်း တအားတိုက်နေတာ၊ ကလေး
နှင်းခါးပါ ဖျားနေဦးမယ်'

စကားများ အားရပါးရပြောနေကြသည့် သူငယ်ချင်းနှစ်ယော
ကို မိုးက ဝင်ရောက်သတိပေးသည်။

'ဟာ… ဟုတ်သားပဲ၊ လာ… ကားပေါ်တက် သူငယ်ချင်း

ဘီလူးက ဆိုင်တစ်ဆိုင်တွင် နေ့လယ်စာစားဖို့ ခေါ်သည်။ နှင်း
ငြင်းလိုက်သည်။ ရေစိုနေ၍ ဖျားမှာကြောက်သည်ဟု အကြောင်းပြလို
သည်။ သို့သော် မဟုတ်။ အမှန်တကယ်တော့ နှင်းခါးထံတွင် လုပ်စ
တာဝန်ဝတ္တရားကြီးတစ်ခု ကျန်နေ၍ဖြစ်သည်။

'သူငယ်ချင်း… မင်း ရှေ့ဆက် ဘာလုပ်မယ်စိတ်ကူးထားလ

ကားပေါ်မှဆင်းကာနီး နှင်းခါးကို ဘီလူးက မေးလိုက်သည
အလုပ်အတွက် တစ်စုံတစ်ခုလိုအပ်ပါက အကူအညီပေးရန် အသင့်ရှိကြော
ဘီလူးက ကမ်းလှမ်းသည်။

'ကျေးဇူးပါပဲကွာ'

နှင်းခါး တစ်ချက်ပြုံးလိုက်သည်။ ထိုကဲ့သို့ပြုံးရခြင်းမှာ ဗ
မေးခွန်း၏ အဖြေသည် နှင်းခါးထံ၌ ခိုင်ခိုင်လုံလုံရှိနှင့်ပြီးသောကြေ
ဖြစ်သည်။

'ငါဘာလုပ်မလဲဆိုတော့…

❒ ❒ ❒

# နိဒါန်း

www.burmeseclassic.com

www.burmeseclassic.com

အိမ်ထဲသို့ ပြေးဝင်လိုက်သည်။ ရေစိုနေသောခေါင်းကို အမြန်သုတ်ကာ အဝတ်အစားလဲလိုက်သည်။ ထို့နောက် သူ့အဖေ၏ အဝတ်ဗီရိုကိုဖွင့်၍ တစ်စုံတစ်ခုကို သဲကြီးမဲကြီးရှာနေသည်။

'သားဘာရှာနေတာလဲ'

နောက်တွင် ရောက်လာသည့် ဖခင်ဖြစ်သူကိုပင် သတိမပြုမိ။ လှည့်ကြည့်လိုက်သည့်အခါ...

'ဖယ်... ဖယ်'

သူ့အဖေက ဗီရိုအပေါ်ဆုံးရှိ စက္ကူအိတ်တစ်အိတ်ကို ဆွဲထုတ်လိုက်သည်။

'ငါ့သားရှာနေတာ ဒါမဟုတ်လား'

နှင်းခါး တစ်ချက်ပြုံးလိုက်သည်။ သူ့အဖေ ဘယ်လိုလုပ်ကြိုသိနေပါလိမ့်။

'တစ်ခါတည်း ဝတ်သွားလိုက်၊ ငါ့သားအတွက် တစ်နေ့ကျရင် လိုအပ်မယ်ထင်လို့ သေသေချာချာသိမ်းထားတာ'

စက္ကူအိတ်ကို ဖယ်လိုက်သည်။ တရိုတသေဝတ်လိုက်သည်။

'ကွက်တိပဲ'

နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်သော်လည်း ယခုတိုင် သစ်လွင်

www.burmeseclassic.com

www.burmeseclassic.com



တောက်ပနေဆဲ။ ပင်နီတိုက်ပုံနှင့် ယောလုံချည်တစ်စုံ။ မှန်ထဲမှ ကိုယ်ပုံရိပ်ကိုကိုယ် ကျေကျေနပ်နပ်ကြည့်ပြီး အိမ်ထဲမှ ထွက်လိုက်သည်။ အိမ်ပေါက်ဝအရောက်တွင်…

'သား'

သူ့အဖေက လှမ်းခေါ်သည်။

'ရော့… ဒါလေးပါ ယူသွားလိုက်ဦး'

သူ့လက်ထဲသို့ ပစ္စည်းတစ်ခုထည့်ပေးသည်။ လက်ထဲ၌ဆုပ်ကိုင်လျက် လမ်းလျှောက်ထွက်လာသည်။ တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း…

သူလျှောက်လှမ်းသည့် လမ်းမပေါ်တွင် လူများစွာလျှောက်လှမ်းခဲ့ကြသည်။ နောက်ထပ်လည်း လူပေါင်းများစွာ ထပ်မံလျှောက်လှမ်းကြဦးမည်။ လမ်းလျှောက်ရင်း ခလုတ်တိုက်လဲကျသူများလည်း ရှိမည်။ ဖြယောင်းသွေးဆောင်မှုများကြောင့် ဦးတည်ရာသွေဖယ်ကာ လမ်းလွဲသွားသူများလည်း ရှိမည်။ ခြောက်လှန့်မှု၊ ညှဉ်းပန်းမှုများကြောင့် နောက်လှည့်ပြေးရသူများလည်း ရှိမည်။ ဖိနှိပ်မှုများအောက်တွင် ဒူးထောက်လက်မြှောက်လိုက်ရသည့်သူများလည်း ရှိမည်။

ထိုဒဏ်များကို ကြံ့ကြံ့ခံနိုင်ပြီလားဟု ကိုယ့်ကိုယ်ကိုယ် မညှာမတာမေးတတ်ပြီးမှသာ သည်လမ်းမပေါ်သို့ တက်လာသင့်သည်။ သူတော့ သေချာသည်။ သည်လမ်းမပေါ်၌ လျှောက်လှမ်းဖို့ရာ အားအင်အပြည့်ရှိခဲ့သလို အဆုံးစွန်သောယုံကြည်ချက်လည်း ရှိခဲ့ပါပြီ။ ခြေတစ်လှမ်းလှမ်းလိုက်တိုင်း ပန်းတိုင်နှင့် တစ်လှမ်းနီးသွားမည်သာ။ နောက်ပြန်မဆုတ်မိစေရန်တော့ အရေးကြီးသည်။ ခိုင်မာသောခြေလှမ်းများနှင့်အတူ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

ဆုပ်လိုက်သောလက်ထဲတွင် ခိုးလိုးခုလုဖြစ်သွားသဖြင့် သူ့အဖေ



ထည့်ပေးလိုက်သည့်အရာကို သတိရမိသွားသည်။ လက်သီးကို ဖြေကြည့်လိုက်သည်။

ရင်ထိုးလေးတစ်ခု။ အနီရောင်အောက်ခံပေါ်၌ အဝါရောင်ခွပ်ဒေါင်းတံဆိပ် ခတ်နှိပ်ထားသည်။

ဂုဏ်ယူဝံ့ကြွားစွာ ချိတ်ဆွဲလိုက်၏။

နှလုံးသားထက်မှာ။

မြေမှုန်လွှင်

၂၀၁၂၊ ဖေဖော်ဝါရီနောက်ဆုံးရက် (၂၉)

3:00 AM

www.burmeseclassic.com

www.burmeseclassic.com




## မြမှုန်လွှင်

၁၉၈၆ ခုနှစ်ဖွား၊ အမည်ရင်းစန်းမွန်အောင်
အကိုတစ်ယောက်၊ ညီတစ်ယောက်ရှိ၊
အခြေခံပညာအထက်တန်းကိုဒဂုံ (၁)
ကျောင်းမှအောင်၊ ဘွဲ့မရ
၂၀၀၃ခုနှစ်တွင်ငါတို့စာပေကိုတစ်ဦးတည်း
တည်ထောင်၊ "စီးမလား" ဟူသည့်ကာဗျာ
စာအုပ်ကို ၂၀၁၀ တွင်ထုတ်ဝေခဲ့၊
"နှစ်ပိုင်းတစ်ပိုင်း" ဆိုသည့် ပထမဆုံးလုံးချင်း
ဝတ္ထုထုတ်ဝေခြင်းနှင့် ပထမဆုံးအိမ်ထောင်
ပြုခြင်းတို့ကို ၂၀၁၁ တွင်ပြုလုပ်ခဲ့၊ ထို့နောက်
"ချုး"၊ "အရိပ်တကြည့်ကြည့်"၊ "ကျောက်စာကို
ခဲဖျက်နှင့်ဖျက်၍မရ" ဆိုသည့်လုံးချင်းစာ
အုပ်များထွက်ရှိခဲ့၊ "ကျောက်စာကိုခဲဖျက်နှင့်
ဖျက်၍မရ" စာအုပ်ထုတ်ဝေခဲ့ခြင်းကြောင့်
ငါတို့စာပေကို စာပေစိစစ်ရေးရုံးမှ စာအုပ်
ထုတ်ဝေခွင့် ယာယီပိတ်သိမ်းခဲ့၊
ယခုအခါ ငါတို့စာပေအနေနှင့်စာအုပ်များ
ထုတ်ဝေနေသကဲ့သို့ မြမှုန်လွှင်အနေဖြင့်
စာပေများရေးသားလျက်ရှိ၊




ISBN 978-99971-0-015-1

www.burmeseclassic.com